www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၃၆၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၉၀၆၀၉

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ ♦ ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၄ ၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ချစ်မျှားရှင်
အချစ်တော်တဲ့ ခေတ်ပေါ်ကောင်မလေး/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
၁၉၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) အချစ်တော်တဲ့ ခေတ်ပေါ်ကောင်မလေး


www.burmeseclassic.com

www.burmeseclassic.com

## အချစ်သို့

* မင်းအပြုံးနဲ့
ငါ့ကို ဖုန်းလိုက်စမ်းပါ

* ငါ့ဘဝက ညတစ်ညဆို
မင်းဟာ လျှပ်စစ်မီးလိုပဲ

* မင်းကိုချစ်ရတဲ့ ငါ့အဖြစ်က
ရေမရှိတဲ့ ချောင်းမှာ
နှာခေါင်းခေါ်ပြီး သေရသလိုပါပဲ

* အချိန်တိုင်း
ငါ့စိတ်လှိုင်းတွေ
အချစ်လမ်းခြေမှာ
ရိုက်ခတ်နေဆဲ
မင်းနှလုံးသားရဲ့ ကမ်းပါးရံတံတိုင်းတွေ
တစ်နေ့ပြိုကျ
ပြေမွသွားစေရမယ်…။

ထင်ခင်းခေါင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဘယ်လိုလုပ်ရမလဲ။ ထင်မင်းခေါင်တွေးရင်း ဦးနှောက်ခြောက်ချင်လာပြီ။ ရှေ့ခုံမှာ ထိုင်နေသော မိန်းကလေးကို သတိပေးရမလား။ တမင်ဝင်ရောသည်ဟု မိန်းကလေးက ထင်လာလျှင်လည်း အခက်။

တလွင့်လွင့် တိုးဝင်လာသော ဆံနွယ်စတွေကို လက်နှင့်တာကွယ်တိမ်းဖယ်နေရခြင်းမှာလည်း တစ်ဒုက္ခ။

မြို့ထဲသို့ မောင်းနှင်နေသော ၃၁ ဘတ်စ်ကားကြီးပေါ်မှာ ထင်မင်းခေါင်ထိုင်စရာနေရာ ရခဲ့သော်လည်း စိတ်ကသိကအောက်ဖြစ်စရာနှင့် ကြုံနေခဲ့ရ၏။

ထင်မင်းခေါင်၏ ရှေ့ခုံမှာ ထိုင်နေသော မိန်းကလေးမှာ ဆံပင်ရှည်ရှည်နှင့်ဖြစ်သည်။ ကားမောင်းနေစဉ် လေတိုးဝင်လာတိုင်း မိန်းကလေး၏ ဆံနွယ်တချို့က နောက်ကိုလွင့်ဝဲလျက် ထင်မင်းခေါင်မျက်နှာကို တို့ထိကျီစယ်နေသလို ဖြစ်နေသည်။

လွတ်အောင်ရှောင်လို့မဖြစ်အောင် ဘတ်စ်ကားကလည်း လူတွေပြည့်ကျပ်နေ၏။ ထင်မင်းခေါင်ကြိုးစားပြီး ဆံနွယ်စတွေကို ရှောင်တိမ်းကြည့်သေး၏။ ဘယ်လိုမှ ခရ။ ရှေ့ဘက်ကို မျက်နှာမူထားသော မိန်းကလေးကတော့ ဘာမျှသိလိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသည့်အဆုံးမှာ ဖွင့်ပြောရတော့၏။

'ဒီမှာ... ဒီမှာ'

မိန်းကလေးအနားမှာ ထိုင်နေသော မိန်းမလျာကြီးက လှည့်ကြည့်ပြီး...

'သူ့များကို ခေါ်တာလား'

'မဟုတ်ဘူး၊ ဒီမိန်းကလေးကိုခေါ်တာ'

ထိုအခါကျမှ မိန်းကလေးက လှည့်ကြည့်လာ၏။

'မင်းရဲ့ ဆံပင်ရှည်တွေကို ပြန်သိမ်းစုပေးပါလား၊ လေနဲ့ ပါပါလာပြီး မျက်နှာကိုလာကလိနေသလို ဖြစ်နေလို့ပါ၊ စိတ်မရှိပါနဲ့နော်'

'ဪ... ဟုတ်ကဲ့၊ ရပါတယ်'

မိန်းကလေးက ဆံနွယ်စကို သိမ်းစုပြီး ကျောဘက်မှ ပြောင်းယူကာ ရှေ့ဘက်ချထားလိုက်၏။ မိန်းမလျာကြီးက ထင်မင်းခေါင်ကို အဖြစ်သည်းရန်ကောဟူသော သဘောနှင့် မျက်စောင်းထိုးပြီး ရှေ့ဘက်မျက်နှာ ပြန်လှည့်သွား၏။

အခုမှပင် ကားစီးရတာ ဘဝင်ကျသလို ဖြစ်သွား၏။

ဘတ်စ်ကားကြီးမှာ မင်္ဂလာဈေး မီးပွိုင့်မိနေပြန်၏။ မနက်ပိုင်း မြို့ထဲသွားသူများပြားလှသဖြင့် ကားတစ်စင်းလုံးမှာ ခေါက်ထပ်ခြေချစရာ နေရာရှိနိုင်တော့မည်မထင်။

ကားစပယ်ယာကတော့ နင်းကန်အော်ပြီး ခရီးသည်တွေထပ်ခေါ်နေ၏။

ထိုင်စရာနေရာရသူတွေကမှ အသက်ရှူချောင်သေး၏။ မတ်တပ်ရပ်ပြီး ကြပ်ညပ်ခံနေရသော လူတွေခများအဖို့ မလွယ်။ ကြွေး ခေါင်မိုးဖောက်ပြီး အသက်ရှူရကိန်းပင် ဆိုက်နိုင်၏။

မင်္ဂလာဈေးမီးပွိုင့်မှ ကားထွက်လာစဉ် အမှုမဲ့အမှတ်မဲ့ဟန်ဖြင့် မိန်းကလေးဆံပင်တွေကို ကျောဘက်ချလိုက်တာ ထင်မင်းခေါင် သတိ

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်မိ၏။

ပုစွန်တောင်ရောက်ခါနီးသောအခါမှ မိန်းကလေး၏ ဆံပင်စ တချို့ လေနှင့်လွင့်ပါလာပြီး ထင်မင်းခေါင်မျက်နှာကို တို့ထိရိုက် ခတ်ပြန်၏။

'ဒုက္ခပဲ'

ထင်မင်းခေါင် ညည်းတွားပြီး ဆံပင်တွေကို ခေါင်းငုံ့ရှောင် ရပြန်၏။ ဆံပင်တွေက ထင်မင်းခေါင်လည်ပင်းကို တို့ထိလာပြန် သဖြင့် ယားကျိကျိဖြစ်နေပြန်သည်။ မိန်းကလေးကို ထပ်ပြောလျှင် ကောင်းမလား။ ယောကျ်ားတန်မဲ့ အဖြစ်သည်း အကဲပိုသည်ဟု ထင် သွားပြန်လည်းအခက်။

ထင်မင်းခေါင် အကြံတစ်ခုရသွား၏။ သူ့အိတ်ထဲမှ သော့တွဲ ကိုနှိုက်ယူလိုက်သည်။

သော့တွဲမှာ တွဲချိတ်ထားသော ခေါက်ချိုးထားသည့် စတီးလ် ကတ်ကြေးလေးကို ပြန်ဆန့်လိုက်၏။ မျက်နှာပေါ်ဝဲလာသော ဆံပင်စ တချို့ကို ဖမ်းကိုင်ပြီး ကတ်ကြေးနှင့် ညှပ်ပစ်လိုက်၏။

ထင်မင်းခေါင်နှင့် ကပ်ထိုင်နေသော တရုတ်အဘိုးကြီးမှာ အိပ်ငိုက်နေသဖြင့် မသိလိုက်။ ဆံပင်အနည်းငယ် ညှပ်ခံလိုက်ရသော မိန်းကလေးလည်း သိလိုက်မည်မဟုတ်။ ကားပေါ်မှာ မတ်တပ်စီး လာသော လူတွေကလည်း ကိုယ့်သောကနှင့်ကိုယ်မို့ ထင်မင်းခေါင်၏ လုပ်ရပ်ကို သတိပြုမိလိုက်ဟန်မတူ။

ထင်မင်းခေါင် ပြုံးလိုက်ပြီး လက်ထဲပြတ်ပါလာသော တစ်ပေ နီးပါး ဆံပင်ရှည်အနည်းငယ်အား လက်ချောင်းကြားမှာ လိမ်ပတ်လိုက် ၏။ ကတ်ကြေးကို ခေါက်ပြီး သော့တွဲကို အိတ်ထဲပြန်ထည့်လိုက် သည်။

ထင်မင်းခေါင် လက်ထဲမှာ ရှိနေသော ဆံပင်ရှည်လိုက်တလေး ကို ကားပြတင်းမှ လွှင့်ပစ်လိုက်ဖို့ စဉ်းစားလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပြား ကြည့်၍မဆိုးလှသော မိန်းကလေး၏ မျက်နှာကို မြင်ယောင်ပြီး ဆံပင်ကလေးကို လက်ထဲမှာ ပွတ်သပ်နေမိ၏။ အနားစွန်းမညီသလို ဖြစ်သွားသော မိန်းကလေး၏ ဆံပင်ရှည်တွေမှာ စောစောပိုင်းကလောက် ထင်မင်းခေါင်ကို ထပ်မံဒုက္ခမပေးနိုင်တော့။

မြို့ထဲရောက်သောအခါ ဆင်းရမည့်မှတ်တိုင်နားကို ရောက်လာ၍ ထင်မင်းခေါင် ထိုင်ရာမှ ထလိုက်၏။ အလို… ဆံစအနည်းငယ် ညှပ်ခံထားရသော မိန်းကလေးကလည်း ထိုင်နေရာမှ ထနေပါကောလား။

ဆင်းရမည့်မှတ်တိုင်ကိုရောက်ပြီ။ ခရီးသည်တွေကို တိုးဝှေ့ပြီး ထင်မင်းခေါင် ဆင်းလာလိုက်၏။ သူ့နောက်မှ မိန်းကလေးနှင့်လူတချို့ ဆင်းလိုက်လာကြ၏။

ကားမှတ်တိုင်မှာ ပုဆိုးကို ပြင်ဝတ်ပြီး ရပ်နေစဉ် ကားပေါ်မှာ ဆံပင်ညှပ်ခံခဲ့ရသော မိန်းကလေးက ကားနေ…က်မြီးမှဆင်းလာသည့် အဖော်မိန်းကလေးကို စောင့်ခေါ်နေတာတွေ့လိုက်ရ၏။ ထိုင်ခုံနေရာ ခွဲထိုင်ရ၍ အဖော်မိန်းကလေးမှာ နောက်မှဆင်းလာရခြင်းဖြစ်သည်။

ထင်မင်းခေါင် ပုဆိုးပြင်ဝတ်မှု နှစ်ကြိမ်မြောက်မှာ ဘတ်စ်ကားကြီး ရှေ့ဆက်ထွက်ခွာသွား၏။ ဆံပင်ညှပ်ခံလိုက်ရသော မိန်းကလေးနှင့် အဖော်ဖြစ်သူမှာ စကားမပြောပြောနှင့်လက်တွဲလျှောက်ထွက်သွားကြပြန်၏။

ထင်မင်းခေါင် သွားမည့်ဘက်ကို သွားနေကြခြင်းပင်။

မိန်းကလေးနှစ်ယောက် နောက်ပါးမှ ထင်မင်းခေါင်လိုက်ပါသွားပြီး လက်ထဲမှ ဆံပင်ကို ယွှင့်ပစ်ဖို့ စဉ်းစားသေး၏။

နှမြောသလိုလိုဖြစ်လာသည်နှင့် အိတ်ကပ်ထဲကို ထည့်လိုက်တော့သည်။

'ဟဲ့… ရှင်မွေး… နင့်ဆံပင်တွေ ကြွက်ကိုက်သလိုဖြစ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



လား၊ အနားတစ်ဘက်က မညီဘူးဖြစ်နေတယ်'

ဟိုက်ခနဲ အော်မိမတတ် ဖြစ်သွားသော ထင်မင်းခေါင်မှာ ရှေ့ဆက်ရခက်၊ နောက်ဆုတ်ရခက်။

အဖော်ဖြစ်သူက သတိပေးကြည့်မိပြီးပြောလိုက်သော စကားကြောင့် ဆံပင်ညှပ်ခံလိုက်ရသော ရှင်မွေးဆိုသည့် မိန်းကလေးက ကျောဘက်ချထားသော ဆံပင်ကို ရှေ့ဘက်ဆွဲယူမကြည့်ပြီး…

'အဲ… ဟယ်… ဟုတ်ပါရဲ့၊ ဒါ ဘယ်လိုဖြစ်သွားရပါလိမ့်'

'ဒါ… ကတ်ကြေးနဲ့ ညှပ်ထားသလိုပဲ၊ တိတိရိရိပြတ်နေတယ်၊ ရှင်မွေးဘာသာ ရှင်မွေး ညှပ်ထားတာ မဟုတ်ဘူး'

'ဘယ်ကလာ ဟုတ်ရမှာလဲ သင်းသင်းရယ်၊ ဒါ… ဒါ… ဟို… ကားပေါ်မှာဖြစ်တာနေလိမ့်မယ်၊ ဟုတ်တယ်၊ ကားပေါ်ကလူ အဲဒီလူလုပ်တာဖြစ်လိမ့်မယ်'

ရှင်မွေးက သင်းသင်းကိုပြောပြီး ကားထွက်သွားရာဘက်ကို မျှော်မချမ်း ကြည့်စဉ် သူ့ကိုမြင်သွားပြီး အံ့ဩသွား၏။ ရှင်မွေးက သင်းသင်းကို လက်ကုတ်ပြီး သူ့ကိုလက်ညှိုးထိုးကာ ပြောလာသည်။

'သူ… သူပဲ၊ ကားပေါ်ကလူက အဲဒီလူမှ ဒီလူအစစ်ပေါ့'

'ဗျာ… ဘာဖြစ်လို့လဲ'

'ဘာမသိချင်ယောင် ဆောင်နေတာလဲ၊ ဒီမှာကြည့်'

အူကြောင်ကြောင်ဖြစ်သလို နေပြသော ထင်မင်းခေါင်ကို ရှင်မွေးက ဆံပင်တွေ ထိုးပြလိုက်၏။

'ဩော်… ဆံပင်ရောင်းမလို့လား၊ မဝယ်ပါရစေနဲ့၊ တစ်ဦးသာ တစ်ထောင်နဲ့လိုက်အော်ဝယ်နေတဲ့ လူနဲ့တွေ့ရင် ဒီလိုဆံပင်မျိုးဆို ကျိန်းသေဝယ်မှာပါ'

'ဘာမဟုတ်တာတွေ လာပြောနေတာလဲ၊ ကျွန်မပြောတာမှာ ပြတ်နေတဲ့ ဆံပင်ရှင့်၊ ရှင် သက်သက်မဲ့ နောက်ကနေ ညှပ်ခဲ့တာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဪ... ဒါလား၊ ဟုတ်ပါတယ်၊ တို့မျက်နှာပေါ် ဆံပင်တွေ လာဆော့နေလို့ မဆော့နိုင်အောင် ညှပ်ပေးလိုက်တာပါ၊ မင်းအတွက် ဆံပင်ညှပ်ခတော့ သက်သာဦးမယ် မဟုတ်လား'

'သေချင်လို့လား၊ ပေါက်ကရစကားတွေ မပြောနဲ့၊ ရှင်လုပ်လိုက်တဲ့လုပ်ရပ်ဟာ ကျွန်မအတွက် ဘယ်လောက်ထိ နစ်နာသွားသလဲ၊ ရှင့်ကို နီးရာတရားရုံးမှာတိုင်ပြီး တရားစွဲမယ်'

'ဘာ... ဘာအမှုနဲ့လဲ'

'ဆံပင်ဖြတ်မှုနဲ့ တရားစွဲမယ်၊ မိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကားမှုမြောက်တယ်၊ ကာယိန္ဒြေမဲ့အောင် လုပ်တာလည်း ဟုတ်တယ်၊ ရှင် အခုလိုက်ခဲ့ တရားရုံးကို'

'ဆံပင်လေးတွေအထိပဲ လက်ရောက်ခဲ့တာပါ၊ ကာယိန္ဒြေမဲ့အောင်လည်း အဝေးကနေ အသံနဲ့မနှောက်ခဲ့၊ မပြောင်ခဲ့ပါဘူး၊ အနီးကပ်လာပြီး မင်းရဲ့ကာယကြီးကို ဣန္ဒြေမဲ့အောင် ကလိမထိုးခဲ့ပါဘူး'

'ရှင်... ကျွန်မ စိတ်တိုအောင် ထပ်မပြောနဲ့နော်'

အဖော်ပါလာသော မိန်းကလေးက ရှင်မွေးကို တံတောင်နှင့် မသိမသာတွတ်ပြီး သတိပေး၏။ ရှင်မွေးက ဂရုမစိုက်။

'လာလေ၊ နီးရာတရားရုံးသွားမယ်'

ထင်မင်းခေါင်က နောက်ပြန်ရှောင်ပြေးရန် ပြင်လိုက်၏။ ရှင်မွေးက သူ့လက်ကို အတင်းဖမ်းဆွဲထားပြီး ဒေါသမျက်နှာဖြင့် ပြော၏။

'ရှင်... ဘယ်ပြေးမလို့လဲ၊ ဒီလိုလုပ်လို့မရဘူး'

'မင်းဘာလို့ လက်ကို အတင်းဆွဲထားရတာလဲ'

'ရှင် ပြေးမှာစိုးလို့ပေါ့၊ ပြေးရဲပြေးကြည့်၊ ကျွန်မ အော်လိုက်မှာနော်၊ အသာတကြည်လိုက်မလား၊ မလိုက်ဘူးလားပြော'

'မင်းက တို့လက်ကိုဆွဲပြီး အော်မယ်၊ အော်ပေါ့၊ ဘေးလူတွေက ဘယ်လိုမြင်သွားမလဲ၊ စဉ်းစားကြည့်ဦး'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ… ရှင့်လက်ကိုဆွဲတာလား၊ အသားယူစေနဲ့ ကျွန်မဆံပင်ဖြတ်ပြေးသွားလို့ဆိုပြီး အော်လိုက်ရင် ရှင်သေပြီသာမှတ်'

'ဘေးလူတွေကြားရင် ဝိုင်းရယ်ကြမယ့်စကားပဲ၊ ပြန်စဉ်းစားပြီး အော်ပါဦး'

'ဘာမှပြောမနေနဲ့၊ ကျွန်မ အရမ်းဒေါသထွက်လာရင် ရှင်မလွယ်ဘူး၊ လာ… လိုက်ခဲ့'

'အတင်းဆွဲခေါ်မနေပါနဲ့၊ ဒီလိုလုပ်တာလည်း ယောကျ်ားလေးရဲ့ ဣန္ဒြေသိက္ခာကို ပျက်ပြားအောင်လုပ်ရာကျတယ်၊ မင်းကိုငါ တရားစွဲနိုင်တယ်'

'အောင်မာ… အရေးမပါတာတွေ လာပြောနေတယ်၊ သင်းသင်း နင် ဘာကြောင့်ကြည့်နေတာလဲ၊ ကျန်တဲ့လက်တစ်ဖက်ကို ကူဆွဲထားပါလား၊ ဒီလူ စော်ကားနေတာ နင်မို့ ကြည့်နေရက်တယ်'

သင်းသင်းက ခေါင်းကုတ်ပြီး ကျန်တဲ့သူ့လက်ကို လှမ်းဆွဲထားပြန်၏။

'ဟာဗျာ… လမ်းလယ်ခေါင်ကြီးမှာ လွှတ်ပါဗျာ၊ တောင်းပန်ပါတယ်၊ ရှက်စရာကြီး၊ တို့ကိုလိုချင်ရင် အိမ်ကလူကြီးတွေကို လာပြော၊ တို့သဘောနဲ့ မဆုံးဖြတ်ရဲဘူး'

'ဟယ်… ဒီလူ တော်တော်ပါးစပ်သရမ်းပါလား'

'တောင်းပန်ပါတယ်ဗျာ၊ မင်းတို့ကျေနပ်အောင် တောင်းပန်ပါ့မယ်၊ ဒီလိုတော့ မလုပ်ကြပါနဲ့၊ ဟိုမှာ လမ်းသွားလမ်းလာတွေ ထွက်ကြည့်ထွက်ကြည့် လုပ်နေကြကုန်ပြီ'

'ရှင်မွှေး… လူတွေကြည့်ကုန်ပြီဟ၊ ဒီလောက်အပြစ်ကလေးနဲ့ ဘာလုပ်လို့ရမှာလဲ၊ နင်မကျေနပ်ရင် ပါးတစ်ချက်လောက် ရိုက်ပြီး ဆုံးမလွှတ်လိုက်ပေါ့'

သင်းသင်း၏စကားကြောင့် ထင်မင်းခေါင် မျက်လုံးပြူးသွားမိ၏။ ရှင်မွှေးက…

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဝါးရိုက်တာ ဝါသနာမပါဘူး'

'ဒါဆိုရင်နှင် ဘယ်လိုဆက်လုပ်မလဲဟ၊ ငါ ရက်လာပြီ'

'ကားတားလိုက်ပါဆို၊ တိုင်ကိုကိုင်ရမှ ကျေနပ်မယ်'

'မင်းတို့နှစ်ယောက်စလုံး ငါ့ကို ခြိမ်းခြောက်တယ်နော်၊ နောက်တစ်မှတ်ပြီး မင်းတို့ကို တရားပြိုင်စွဲမယ်၊ ကဲ... တိုင်ချင်ရာတိုင်၊ အငှားကားပါ ကူငှားပေးရဦးမလား၊ ဒီနီးနိုးနားနားဆိုရင် တော့ကတ်တံတားရဲစခန်းတော့ရှိတယ်'

'ရှင်ပြောစရာ မလိုပါဘူး၊ ရှင်ပြောတဲ့စကားတွေလည်း တရားမဝင်ဘူး၊ ရှင် အပြစ်ဒဏ်ခံရမှာ ကျိန်းသေပြီးသား'

လူတွေရပ်ပြီး ဝိုင်းအုံကြည့်လာကြ၏။ ယောက်ျားလေး တစ်ယောက်ကို အာဂမိန်းကလေးနှစ်ယောက် တွန်းထိုးဆွဲကိုင်နေသည့် မြင်ကွင်းမှာ အခန်းတကြိယ်လို ဖြစ်နေ၍လားမသိ။

'လက်ကို လွှတ်ပါဦး၊ ဒီမှာ ပုဆိုးကျွတ်ကျတော့မယ်၊ ကားက လည်း ခရီးသည်ပါလာတာတွေချည်းပဲ၊ လွှတ်ဝဲ့အငှားကားလည်း မလာသေးပါဘူး'

သင်းသင်းက ထင်မင်းခေါင်လက်ကို လွှတ်ပေးလိုက်၏။ ရှင်မွှေးက မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်၏။

'စိတ်မရှိပါနဲ့၊ ဘယ်မှထွက်မပြေးပါဘူး၊ ဟိုဘက်ခဏလှည့်၊ မျက်နှာလှည့်ပေးပါလား၊ ပုဆိုးဝတ်ချင်လို့'

ရှင်မွှေးက မကျေမချမ်းနှင့် သူ့ကိုကြည့်ပြီး တစ်ဖက်သို့ မျက်နှာလှည့်၏။ သင်းသင်းက မျက်နှာကို လက်ကိုင်ပဝါနှင့်ကွယ်ပြီး စိတ်ညစ်တယ်ဆိုတဲ့စကားကို ဆယ်ခွန်းပြည့်မတတ်ပြောဆိုညည်းတွား နေ၏။

လူတွေကလည်း သူတို့သုံးယောက်ကိုကြည့်ကာ နီးရာလူချင်း လက်တို့ဝေဖန်ထင်ကြေးပေးနေကြ၏။

ထင်မင်းခေါင် ပုဆိုးပြင်ဝတ်ပြီးသည်နှင့် အိတ်ကပ်ထဲ လက်

www.burmeseclassic.com

www.burmeseclassic.com



နှိုက်ပြီး ဆံပင်ခွေလိပ်ကလေးကို ထုတ်ယူလိုက်၏။

'မရှင်မွေး… ဒီမှာ ပြန်လျှော်ပေးတာ'

'ဘာလဲ'

ရှင်မွေးက မာဆတ်ဆတ်အသံနှင့် လှည့်ကြည့်ပြီး ထင်မင်းခေါင်လက်ထဲမှ အရာကိုကြည့်၏။

'ဖြတ်ထားတဲ့ ဆံပင်လေးလေ့ပါ၊ ကျွန်တော် ပြန်ဆက်ပေးမယ်၊ ခဏလေး'

ထင်မင်းခေါင်က အကြောင်ရိုက်သောစကားကို ပြောပြီး တစ်ဖက်လမ်းကို လှမ်းခနဲ ဆင်းပြေးလိုက်၏။

'ဟေ့လူ… ဒါ ဘာလုပ်တာလဲ'

'ဆံပင်ပြန်ဆက်ပေးနိုင်တဲ့ ကိတ်ခွေလေး သွားဝယ်မလို့'

ကားအရှင်းမို့ ပလက်ဖောင်းကို အမြန်ရောက်ရှိသွား၏။ တစ်ဖက်ပလက်ဖောင်းပေါ်မှာ ရပ်ကျန်နေရစ်ခဲ့သောမိန်းကလေးနှစ်ယောက်မှာ အကြောင်ရိုက်ပြီး လစ်သွားသော ထင်မင်းခေါင်ကို အသည်းအသန်လှမ်းအော်နေကြ၏။ ထင်မင်းခေါင်က လမ်းကြားထဲမှာရှိသော ကားတွေလူတွေကြားထဲ တိုးဝင်ပျောက်ကွယ်သွားနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

'မင်း ဒီနေ့ ကားလာထုတ်တာ နောက်ကျလှချည်လား'

'မပြောပါနဲ့ ဦးလေးရာ၊ လမ်းမှာ ဟောင်ကောင်ဂျက်မနှစ်ယောက်နဲ့ တိုးနေလို့၊ လေသိုင်း၊ ခြေသိုင်းတွေသုံးပြီး အမြန်လစ်လာခဲ့ရတယ်၊ နို့မို့ဆိုရင်တော့ ကျွန်တော့်ကိုအဲဒီမိန်းကလေးနှစ်ယောက်ဝိုင်းဖွဲ့တာနဲ့ ချိုနဲ့သရေ ကျွန်ရင်တောင် ကံကောင်းပဲ'

တိုက်ခန်းထဲမှ ကားကို အပြင်ထုတ်ရပ်ပြီး ကြက်မွေးနှင့် ဖုန်သုတ်နေစဉ် ကားပိုင်ရှင် ဦးလေးတိုးက မေးလာ၍ ထင်မင်းခေါင် ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထင်မင်းခေါင်မှာ တက္ကစီကားကို အငှား မောင်းနေရသူဖြစ်သည်။ ဦးလေးတိုးက သူ့မှာ ကားနှစ်စီးဖြစ်သော ကြောင့် အပိုတစ်စီးဖြစ်သော တစ်ပဝ်ရစ် ဆူပါရှာဘင်ကလေးကို ထင်မင်းခေါင်အား အငှားလိုက်မောင်းခွင့်ပေးထား၏။ ကားစပေါ် မတင်ရသော်ငြား ဦးလေးတိုး သတ်မှတ်ထားသော နေ့တွက်ခကို ထင်မင်းခေါင် မှန်မှန်ပေးချေရ၏။ နေ့တွက်ခထက် ပိုသောငွေကို ခါတ်ဆီဖိုးနှုတ်ပြီး ထင်မင်းခေါင်အိတ်ထဲထည့်ရုံပင်။

ဦးလေးတိုးက ထင်မင်းခေါင်ပြောပြီးသွားသော စကားကို စဉ်းစား၍မရသော မျက်နှာဖြင့် လှည့်ကြည့်ရင်း မေးလာပြန်၏။

'မင်းပြောတာ ငါနားမလည်ဘူး၊ မင်းဘာဖြစ်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက်ထဲမှ တစ်ယောက်ကို ဆံပင်ညှပ်လာခဲ့မိ၍ ပြဿနာဖြစ်ကာ လေသိုင်းဖြစ်သော ပါးစပ်နှင့်တောင်းပန်ခဲ့ကြောင်း။ တောင်းပန်၍မရသောအခါ ခြေသိုင်းဖြစ်သော ခြေထောက်နှင့် ထွက်ပြေးလာခဲ့ရပုံတွေကို ဦးလေးတိုးအား ပြောပြလိုက်၏။

ထိုအခါမှ ဦးလေးတိုးက ရှေ့သွားနှစ်ချောင်းကျိုးနေတာကို ပေါ်အောင် ပြုံးနေ၏။

'မင်း အဖြစ်ကလည်း လေးထပ်တိုက်ပေါ်က အိပ်ပျော်နေသော တရုတ်ကြီးအား သူခိုးက သော့တူဖြင့် ဖွင့်သွားခြင်းဆိုတဲ့ သတင်းထက်တောင် ဆိုးနေပါလား'

ထင်မင်းခေါင်က ကားစက်ကို စမ်းနှိုးပြီးသွား၍ ကားထွက်ရန် အသင့်ပြင်သည်။ ဦးလေးတိုးက စကားပြန်မလာသော ထင်မင်းခေါင်ကို လှမ်းကြည့်ရင်းမှ ထပ်၍ ပြောလာပြန်သည်။

'နောက်လည်း ဆင်ခြင်ပေါ့ ငါ့တူရာ၊ ဒီခေတ်ကလေးမလေးတွေက ဆတ်ဆတ်ကြဲလေးတွေဗျ၊ တော်သေးတာပေါ့၊ မင်းနဲ့ ပြဿနာတက်ခဲ့တဲ့ ကလေးမလေးတွေ ဂျူဒို၊ ကရာတေးတွေ တတ်ထားလိုက်တာ၊ မင်းကံကောင်းသွားတယ်၊ ကဲ... သွား... မင်း ကားထွက်တာ နောက်ကျနေပြီ'

ထင်မင်းခေါင် ခေါင်းညိတ်ပြပြီး ကားလေးကို မောင်းထွက်လာလိုက်၏။ ကားထွက်စဉ်မှာပင် လမ်းထိပ်က ခရီးသည်အမျိုးသမီးကြီးတစ်ယောက် ရလိုက်၏။ လှည်းတန်းကို သွားမည်။ ဈေးညှိပြီး အဆင်ပြေသည်နှင့် ခေါ်တင်လာခဲ့လိုက်၏။

မြို့ထဲမှ ထွက်လာစဉ်မှာ လူစည်ကားရာ လမ်းတွေအပေါ် အကြည့်ကစားလိုက်မိ၏။ ပြဿနာတက်ခဲ့သော မချောနှစ်ယောက်ကို တွေ့လိုတွေ့ငြားမျှော်ကြည့်နေခြင်းပင်ဖြစ်သည်။ အမှန်တကယ် မချောနှစ်ယောက်ကိုတွေ့မိလျှင် ထိုနှစ်ယောက်နှင့် ဝေးသည့်နေရာမှ ကွင်းရှောင်မောင်းနှင်သွားမည်မှာ မလွဲသေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ကလေးကို ရှင်မွေးအားပေးထားခဲ့ပြီး ထင်မင်းခေါင် ထစ်ထွက်ပြေးခဲ့ပုံကို ပြန်တွေးမြင်ရုံနှင့် ရင်တုန်ချင်လာမိ၏။

အကယ်၍များ ထင်မင်းခေါင်ကို ရှင်မွေးတို့နှစ်ယောက် ပြန်ဖမ်းမိသွားလျှင်၊ လက်သုတ်စုံတစ်ပန်းကန်လို သူ အနယ်ခံလိုက်ရမှာ သေချာလွန်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

စံရိပ်ငြိမ်လမ်းသွယ်များ အလွန်မှာရှိသော အင်းစိန်လမ်းမကြီး ပေါ်ရှိ အိမ်တစ်လုံးရှေ့မှာ ခရီးသည်ဆန္ဒအရ ယာယီရပ်တန့်ပေးလိုက်ရ၏။

'အန်တီ ထပ်ငှားဦးမှာနော်၊ စောင့်နေ'

'ဟုတ်ကဲ့'

အသက်ငါးဆယ်ကျော်ခန့်လောက်ရှိမည့် အန်တီကြီးမှာ ခေတ်အဘွားကြီးပီပီ၊ နှုတ်ခမ်းနီရဲရဲ၊ မိတ်ကပ်ကလည်း အဖွေးသား နှင့် ဥပမိရုပ်ကို ပိုနုသွားအောင် ပြုပြင်ထိန်းသိမ်းထား၏။

မိနစ်နှစ်ဆယ်လောက်ကြာအောင် အိမ်ထဲဝင်ပြီး စကားပြော နေ၏။ ပြီးမှ ပြန်ထွက်လာပြီး ကားပေါ်ဝင်ထိုင်လိုက်၍ ရွှေတောင် ကြားဘက် မောင်းခိုင်း၏။

တစ်လမ်းလုံး လက်ပွေ့အိတ်အရွယ်ခန့်ကြီးသော စာအုပ်ထူ ကြီးတစ်အုပ်ကို ထိုင်ဖတ် လှန်လှောနေ၏။ မျက်စိကောင်းပုံရ၏။ မျက်မှန်တပ်သည်ကို မတွေ့ရ။

ရွှေတောင်ကြားကို ရောက်သောအခါ အန်တီကြီး ညွှန်ပြရာ သမ်းထဲမှ ခေတ်မီပုံစံဖြင့် ဆောက်ထားသော နှစ်ထပ်တိုက်သစ်တစ် လုံး၏ ခြံရှေ့မှာ ကားကိုရပ်တန့်ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကိုဖွင့်ရန်အတွက် ဟွန်းတီးပေးရ၏။ ခြံစောင့်လူကြီးတစ်ယောက်က ဖွင့်ပေးမှ ခြံထဲကို မောင်းဝင်၍ အိမ်၏ အပေါ်ထပ်ခိုးအောက်မှာ ကားရပ်ပေးလိုက်ရ၏။

ကားပေါ်က ဆင်းသွားသော အန်တီကြီးက အိမ်ရှေ့တံခါးဝမှ ဝင် အထဲကို လှမ်းခေါ်နေ၏။

'သမီးပွင့်ရေ… သမီး… သမီးပွင့်… ဘယ်မှာလဲ'

ကားခမရသေး၍ ထင်မင်းခေါင် ရပ်စောင့်ရင်း အိမ်ကြီးသားနားမှုကို မသိမသာကြည့်မိလိုက်၏။

'မေမေ… သမီးက ခြံထဲမှာ သူငယ်ချင်းတွေနဲ့ စကားပြောနေတာလေ'

အိမ်ကြီးကို ဦးစားပေးပြီး ငေးနေမိ၍ ခြံဝင်းအတွင်းသို့ သတိမပြုမိလိုက်ပေ။ ထင်မင်းခေါင်နောက်ကျောဘက်မှ ထွက်လာသော အသံကြောင့် အန်တီကြီးက အိမ်ဝင်အဝမှ ပြန်လှည့်ရပ်ကြည့်လာသလို ထင်မင်းခေါင်လည်း နောက်လှည့်ကြည့်လိုက်မိ၏။

ထင်မင်းခေါင် လန့်ဖျပ်ပြီး ထအော်မိမတတ် ဖြစ်သွား၏။ သမီးပွင့်ဆိုသော ကောင်မလေးကို မြင်လိုက်ရ၍ဖြစ်၏။ ထိုကောင်မလေးမှာ ရှင်မွေးမှ ရှင်မွေးအစစ်။ ဆံပင်ကုပ်ဝဲလေးဖြတ်ညှပ်ထား၏။ သူ လက်ဆော့လိုက်၍ ပျက်စီးသွားသော ဆံပင်ကို ဘယ်လိုဆိုင်မှာ အမြန်ညှပ်လာနိုင်ပြီး ဘယ်လိုဖြတ်၍ ဒီအိမ်ကြီးကို ပြန်ရောက်နေနိုင်ခဲ့သည်ကို ထင်မင်းခေါင် မတွေးတတ်တော့။

အလန့်တကြား ပြူးကြည့်နေသော ထင်မင်းခေါင်ပုံစံကို ကြည့်ပြီး သမီးပွင့်က မျက်မှောင်ကြုတ်သွား၏။

'ဟဲ့… သမီး၊ အမြန်လာစမ်း၊ မေမေ့ ဗီရိုထဲကငွေခုနှစ်ရာလောက် သွားယူပေးစမ်း'

အန်တီကြီးက အိမ်အဝင်ဝမှ လှမ်းပြောနေခြင်းဖြစ်၏။ သမီးပွင့်က ပြူးပြဲကြည့်နေသော ထင်မင်းခေါင်ကို မကြည်မလင် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အန်တီကြီးအနားမှာ သွားရပ်လိုက်သည်။

'ဘယ်လိုဖြစ်လာတာလဲ မေမေရဲ့၊ ဖေဖေ့ကားနဲ့ ပြန်လာမယ်ဆိုပြီး အငှားကားစီးလာရတယ်လို့၊ ဖေဖေကော ဘယ်မှာကျန်ခဲ့သလဲ'

'အို... အရေးထဲ မေမေ့ကို သမီးဖေဖေ လိုက်ပို့တုန်းက ကားသွားတာလေ၊ သုံးဆယ့်ငါးလမ်းထဲက မမသီတို့တိုက်ရှေ့ မေမေ့ကို ထားရပ်ပြီး ချထားပေးတုန်းက မေမေလေ ဖုန်းစာအုပ်ကို ပိုက်ဆံအိတ်အမှတ်နဲ့ မှားပြီး ချိုင်းကြားညှပ်လာခဲ့မိတယ်'

'မေမေတို့ကတော့ ဒီလိုချည်းပဲ'

'သတိပေါ့၊ မမသီတို့ကို စိန်တစ်ဆင်စာ ပြချင်လို့ ဆောင်နဲ့ လာကြီးပြီး မှားခဲ့တာလေ၊ မမသီတို့အိမ်ရောက်မှပဲ မှားလာတာပြောပြီး ပြင်းရယ်ကြရသေးတယ်၊ ငါ့နှယ် တကယ်ပဲ၊ သမီးဖေဖေက ထွက်သွားပြီး လာကြိုရမယ့်အချိန်ကျတော့လည်း ပေါ်မလာဘူး၊ ဘယ်အသိမိတ်ဆွေနဲ့တိုးလို့ ဘယ်နေရာမှာ လေကြောရှည်နေလဲ မသိဘူး၊ ကားငှားပြန်လာတာ လမ်းမှာမိတ်ဆွေလူနာတောင် ခဏဝင်သတင်းမေးဖြစ်လိုက်သေးတယ်၊ ကဲပါ ငွေမြန်မြန်သွားယူ၊ ဟိုသူငယ် စောင့်နေတာ အားနာစရာရယ်'

ထင်မင်းခေါင်က တမင်ကျောပေးပြီး ဆော့ချွေးပြန်နေရာမှ ကားပြန်မပြောဝံ့ဘဲ အသာငြိမ်နေလိုက်ရ၏။ အန်တီကြီးနှင့်သမီးတို့ အိမ်ထဲဝင်သွားကြသံကို ကြားလိုက်ရ၏။ ထင်မင်းခေါင်က အနံ့ခံထဲမှစကားပြောနေကြသော မိန်းမပျိုလေးသုံးယောက်ထံ အကြည့်ကို မရဲတရဲ ကစားလိုက်ပြန်၏။

ရှင်မွေးနှင့်အဖော်လိုက်ပါလာသော သင်းသင်းဆိုသည့် မိန်းကလေးကို မတွေ့ရ။ ခပ်ဟော့ဟော့နှင့် ဘောကကြီးကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းပျော်ရွှင်နေသည့် မိန်းကလေးသုံးယောက်၏ ပုံရိပ်ကိုသာ တွေ့ရ၏။ ထင်မင်းခေါင် အတွေးတွေ လည်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ ရှင်မွေးနှင့် သမီးပွင့်မှာ တစ်ယောက်တည်းပေပဲလား။ ရှင်မွေးဖြစ်နေပါက သူ့ကိုတမင်မသိချင်ယောင်ဆောင်နေတာများလား။ မဖြစ်နိုင်ဟု သူထင်၏' လမ်းမပေါ်မှာပင်လျှင် ပြဿနာရှာရဲသည့် ရှင်မွေးမှာ သူ၏ အိမ်မှာဆိုပါက သူ့ကို တစစီ ဖွဲ့ပစ်လိုက်နိုင်၏။ အကယ်၍ မဖြစ်နိုင်လျှင်…

ရှင်မွေးက သပ်သပ်တစ်ယောက်၊ သမီးပွင့်က သပ်သပ်တစ်ယောက်ဖြစ်နေလိမ့်မည်။ ရုပ်ရည်ချင်း၊ အရပ်အမောင်းချင်း စကားပြောလေသံချင်း ချွတ်စွပ်နီးပါး တူနေခြင်းမှာ အလွန်အံ့ဩဖို့ကောင်းနေပြန်သည်။

အမြွှာညီအစ်မများပေပဲလား။

ဖြစ်နိုင်သည်။ ရှင်မွေး၏ ဝတ်စားဆင်ယင်ပုံမှာ ရိုးရှင်းသပ်ရပ်ပြီး ခေတ်နှင့်ညီ၏။ သမီးပွင့်၏ ဝတ်စားဆင်ယင်မှုမှာ နိုင်ငံတကာယဉ်ကျေးမှုတွေ လွှမ်းပြီး အမြင်စူးတောက်ရဲရှင်းလွန်း၏။

နှစ်ယောက်စလုံးမှာ စွာကျယ်ကျယ်ဖြစ်တတ်ပုံ၌ တူမည့်ဟန်ရှိ၏။ ထင်မင်းခေါင်တွေးနေရင်းမှ ကျောချမ်းသွားချင်စရာကောင်းသော အကြောင်းတစ်ခုက ခေါင်းထဲဝင်လာ၏။

အမြွှာညီအစ်မနှစ်ယောက် ဖြစ်နေပါက ဤအိမ်ကြီး၌ရှင်မွေးပါနေထိုင်နိုင်သည်။ ထင်မင်းခေါင် အမြန်လစ်ထွက်နိုင်မှ ဖြစ်မည်။

မတော်၍ အပြင်က ဒေါသပုန်ထပြီး ပြန်လာသော ရှင်မွေးနှင့် ပက်ပင်းတိုးနေလျှင် သူ ဒုက္ခများသွားနိုင်၏။

ထင်မင်းခေါင် ကားထဲအမြန်ဝင်ထိုင်ပြီး ကားဦးကို ပြန်လှည့်လိုက်၏။ တစ်ဖက်ခြံတံခါးမှာ အသေပိတ်ထားပုံရသောကြောင့် ကားဦးကို ပြန်လှည့်လိုက်ရခြင်းပဲဖြစ်သည်။

အိမ်ထဲမှ သမီးပွင့် ပြန်ထွက်လာတာတွေ့၏။ အနက်တီရှပ်မှာ မောမောနှင့် ညှိခန်းဆက်တီဆိုဖာမှာ ထိုင်နားရင်း ကျန့်ရစ်ခဲ့ခန်တူ၏။

အကယ်၍များ သမီးပွင့်မှာ ရှင်မွေးဖြစ်နေလျှင်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



အတွေးကြောင့် ကားနားရောက်လာသော သမီးပွင့်ကို မော့၍မကြည့် ရဲဘဲ ကားထဲမှာရှိသော ရေဒီယိုလိုင်းတွေကို လျှောက်ကလိပြီး အလုပ် များနေဟန် ခေါင်းငုံ့ထားလိုက်မိသည်။

'ဒီမှာ တက်စီခ'

သမီးပွင့် ထိုးပေးလာသည့်ငွေကို ခေါင်းငုံ့ရင်းမှ ထင်မင်း ခေါင် လှမ်းယူသည်။

'ဘယ်လိုဖြစ်တာလဲ၊ ငွေကို မျက်လုံးနဲ့ကြည့်ပြီး ရေတွက်ယူ ပါလား'

မမြင်ဘဲ လှမ်းနေရသောလက်ကြောင့် သမီးပွင့် မာဆတ်ဆတ် ပြောလာခြင်းပဲ ဖြစ်ပါလိမ့်မည်။

ငွေကိုသာကြည့်ပြီး ထင်မင်းခေါင် လှမ်းယူလိုက်ရ၏။ ထင်မင်းခေါင်ရင်ထဲမှာ အခုရပ်နေသူမှာ သမီးပွင့်လား၊ ရှင်မွေးလား ဆိုတာကို အနီးကပ်ထပ်ကြည့်ပြီး သရုပ်ခွဲချင်လာမိ၏။ ထို့ကြောင့် ခေါ့မရဲမော့ကြည့်လိုက်မိ၏။

'ဘာကြည့်တာလဲ၊ သွားတော့လေ'

တင်းစီးသောလေသံဖြင့် သမီးပွင့်ပြောလာသဖြင့် ထင်မင်း ခေါင် နှာတင်းပြီး ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်ပစ်လိုက်၏။ နောက်ပါးမှ အပြစ်တင်သံသဲ့သဲ့ကို ကြားသော်လည်း ထင်မင်းခေါင် လှည့်မကြည့်တော့။ ခြံဝင်းထဲမှ ကားဦးထွက်ပြီးသည်နှင့် မြင်းစောင်း ချွန်ပေါက်လွတ်ထွက်လာသော မြင်းတစ်ကောင်နှယ် အပြေးနှင်လာ မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

မနေ့ညက မိန်းကလေးနှစ်ယောက်အကြောင်း ထင်မင်းခေါင် ခေါင်းစားခဲ့၍ ညဥ့်နက်မှ အိပ်ပျော်ခဲ့ရ၏။ ယနေ့မနက်လင်းပြီး ကား ထုတ်ကာ ခရီးနှစ်ကြောင်းလောက်အော်ဒါလိုက်ပေးပြီးသည်အထိ ခေါင်းထဲမှိုင်းရီနေမိသည်။ ရှင်ပါကူနားမှာ ကားကို အစွာ:ဂိတ်ထိုးထား ငှဲ့မှာပင် လမ်းကြောင်းတူ၍ မြို့ထဲခရီးပြန်ရှာတင်ရန် လာထောက်နား သော မင်းသူအောင်၏ အငှားကားကို တွေ့လိုက်ရ၏။

ထင်မင်းခေါင်၏ ကားဘေးမှာ လာရပ်နားသော မင်းသူ အောင် ကားပေါ်မှ လှမ်း၍ လက်ပြနှုတ်ဆက်၏။

'မနက်ပိုင်း အခြေအနေ ဘယ်လိုလဲ'

'နှစ်ကြောင်းပဲ ရသေးတယ်'

'ငါ လေးကြောင်းလောက်ရနေပြီ၊ မင်း ဒီမှာ သိပ်ထိုင်မနေ နဲ့ မင်းခေါင်၊ လမ်းပေါ်မှာလည်း ပြေးမေးဦးကွ၊ အခု ခရီးသည် တွေက အတော်နပ်နေပြီ၊ ဒီလိုအတိုင်းကားကိုငှားရင် ဈေးများတတ် မှန်းသိလို့ ကိုယ်သွားမယ့်ဘက်ကို ပြေးနေတဲ့ကားကိုပဲ တားကြတော့ တယ်၊ ပြေးနေတဲ့ ကကဆိုတော့ သွားမယ့်ဘက်ကိုလိုက်မယ့်လူရဲ့ ခရီးတူနေရင် ခရီးသည်ပေးနိုင်တဲ့ဈေးနဲ့ လိုက်ပေးတာများကြတယ် ခရီးသည်တွေကလည်း အဲဒီလိုကားဆို သူတို့ဆိုဈေးနဲ့ နီးစပ်လို့တမင်

www.burmeseclassic.com



တားပြီး လိုက်စီးကြတာများတယ်လေ'

'နံပါတ်အနက်တွေ ကြားဖောက်ဝင်ဝင်ချွဲတာ နည်းတာ မဟုတ်ဘူး မင်းသူအောင်၊ တို့က နံပါတ်အနီပဲကွ၊ စတိုင်လ်နဲ့ ထိုင်ပြီး ကြိုက်ဈေးတောင်းခွင့်ရှိနေတာပဲ၊ ပြေးနေတော့ ဓာတ်ဆီစားပြီး တာပေ ပါးတာပေါ့'

'မင်းသဘော မင်းခေါင်၊ ဒါကြောင့် နှစ်ကြောင်းတည်းရတာ၊ ငါကတော့ ဗိုက်ဖြည့်ပြီးတာနဲ့ ဆက်ပြေးလိုက်ဦးမယ်၊ မင်း မနက်စာ စားပြီးပြီလား'

'မင်း ဒကာခံမလို့လား'

'ဒီခေတ်ကြီးရဲ့ ပေါင်းသင်းဆက်ဆံရေးမှာ အဲဒီမေးခွန်းဟာ အတော်တွင်ကျယ်နေတာပဲ၊ လာပါ၊ လိုက်ခဲ့၊ ငါ ဒကာခံပါ့မယ်၊ လဒကို ပြုစုလည်း ကုသိုလ်ရပါတယ်'

'အပြောခံရတာနဲ့ ကာမိအောင် များများစားပေးရမှာပေါ့ကွာ'

အနီးအနားမှာရှိသော ဆိုင်သစ်မှာ လက်ဖက်ရည်သွားသောက် ဖြစ်ကြ၏။ စားသောက်ပြီးစီးသွားသောအခါ ခံတွင်းအချဉ်ပြေ စီး ကရက်လေးကိုယ်စီဖွာလျက် လက်ရှိကာလကားပေါက်ဈေး၊ အိမ် ပေါက်ဈေး၊ အက်ဖ်အီးစီနှင့် ဒေါ်လာဈေးအတက်အကျ၊ နိုင်ငံတကာ စီးပွားရေးရာတွေ လေသေနတ်ပစ်ကြ၏။

နာရီဝက်ခန့်ကျော်သောအခါ လက်ဖက်ရည်ဆိုင်မှ ပြန်ထလာ ကြ၏။ ခပ်လှမ်းလှမ်းမှာ ရပ်ထားသော ကားကို ထင်မင်းခေါင် အမှတ်မထင် လှမ်းကြည့်လိုက်ရာမှ သေသေချာချာ စူးစိုက်ပြန်ကြည့် လိုက်သောအခါ အံ့ဩထိပ်ပျာသွားမိ၏။

ပြဿနာရှင်မလေးမို့ အဝေးမှလှမ်းမြင်လည်း တပ်အပ်ရှု ပြောနိုင်ပါသည်။ ရှင်မွေးမှ ရှင်မွေးအစစ်၊ ဆံပင်ရှည်ကြီးတွေကို စုစည်းထား၏။ အရင်တစ်ခါလို ဖြန့်ချမထားဝံ့တော့လို့ထား။ အလှ နည်းနည်းပျက်သွားသော ဆံပင်ကို လူမြင်မှာစိုး၍ထားမသိ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဂါကူထဲမှ အဖော်တစ်ယောက်နှင့် ထွက်လာပြီး သူတို့ ကားနားမှာ ရပ်စကားပြောနေ၏။ အဖော်ဖြစ်သူမှာ သင်းသင်းဆိုသော မိန်းကလေးသာဖြစ်နေပါသည်။

'မင်းသူအောင် တို့ကားနားမှာ မိန်းကလေးနှစ်ယောက် ရပ်နေတယ်၊ ဟော… ကားထဲကို ကြည့်နေပြန်ပြီ၊ ကားပေါ်မှာ လူမတွေ့လို့ အနီးအနားကို လိုက်ကြည့်နေတယ် တွေ့လား၊ သေချာပေါက်ကား ငှားမယ့်သူတွေပဲကွ'

'မင်းအရင်ထိုးထားတာပဲ၊ မင်း ကားနားမှာလာရပ်နေတာ၊ မင်း မြန်မြန်သွားလိုက် မင်းခေါင်'

'ဟာ… မလုပ်နဲ့ ငါမသွားရဲဘူးကွ'

ထင်မင်းခေါင် မင်းသူအောင်နှင့် ခပ်ကွယ်ကွယ်ရပ်ပြီး ပျာပျာသလဲ ငြင်းဆိုလိုက်သဖြင့် မင်းသူအောင် ခေါင်းကုတ်ပြီး ထင်မင်းခေါင်ကို အူကြောင်ကြောင်ပြန်ကြည့်နေ၏။ ထင်မင်းခေါင်က မင်းသူအောင်ခါးမှ ကားသော့ကို လှမ်းဖြုတ်လိုက်ပြီး သူ့ကားသော့ကို မင်းသူအောင်အား ပေးလိုက်၏။

'ဘာလုပ်တာလဲကွ၊ မင်းခေါင်… မင်း ဘာဖြစ်နေတာလဲ၊ ငါ့ကားသော့ယူပြီး မင်းကားသော့ပေးတာ ဘာလုပ်မလို့လဲ'

'နောက်မှ ငါပြောပြမယ်ကွာ၊ ငါ့ကားကို မင်းမောင်းပြီး အဲဒီ မိန်းကလေးနှစ်ယောက်ကို လိုက်ပို့လိုက်၊ မင်းကားနဲ့ ငါဒီမှာပဲ စောင့်နေမယ်၊ မြန်မြန်သွားပါကွာ၊ ကဲ… ငါလည်း နောက်ကြောင်း ပြန်လှည့်ပြီး အမြန်လစ်တော့မယ်၊ ပြူးကြောင်ကြည့်မနေစမ်းပါနဲ့၊ ငါပြောသလိုသာလုပ်၊ သွားပြီ'

ပြောပြောဆိုဆို နောက်ပြန်လှည့်ပြီး သုတ်သုတ်လျှောက်သွားသော ထင်မင်းခေါင်ကို မင်းသူအောင် အံ့အားတသင့်ကြည့်နေရာမှ သတိပေးစရာကို သတိရ၍ လှမ်းအော်လိုက်၏။

'ဟေ့ကောင်… ငါ့ကားလိုင်စင်နဲ့ ဖြစ်ပါ့မလားကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဘဲဥရှောင်ရင် အိုတောင်မဆင်းရဲဘူး၊ ဖြစ်အောင်မင်းလုပ်တတ်ပါတယ်ကွာ'

လင်မင်းခေါင် နောက်လှည့်မကြည့်ဘဲ ပြန်အော်၍ လက်ဖက်ရည်ဆိုင်လေးရှိရာ သွက်သွက်လျှောက်ခဲ့လိုက်၏။ ဆိုင်လေးထဲရောက်ပြီး ခုံလွတ်တစ်ခုမှာ ပြန်ဝင်ထိုင်မိစဉ်မှာ နောက်ကြောင်းကို ပြန်ကြည့်ပြီး ဟင်းခနဲ သက်ပြင်းချလိုက်နိုင်တော့သည်။

ကျိန်းသေနေပါပြီ၊ ရှင်မွေးမှာ ဆံပင်ရှည်ရှည် နဂိုနေအတိုင်းပင်၊ ရှင်မွေးကတစ်ယောက်၊ သမီးပွင့်ကတစ်ယောက်၊ အမြွှာညီအစ်မနှစ်ယောက်ဖြစ်ရမည်မှာ ကျိန်းသေနေလေပြီ။

မင်းသူအောင် သွားပို့ပြီး ပြန်ရောက်လာ၍ ပို၍ပင်ကျိန်းသေသွားမည့်စကားကို ကြားရပါလိမ့်ဦးမည်။ ထင်မင်းခေါင်အတွေးမှာ ထူးဆန်းသော အကြောင်းပါးပါးလေးတစ်ခု ဖြစ်သွား၏။

တစ်နေ့တည်းပင်...

သူစိမ်းပြင်ပြင်ဖြစ်နေသော အမြွှာညီအစ်မနှစ်ယောက်ကို တစ်နေရာစီမှာ သက်ဆိုင်ပတ်သက်မှု အနည်းငယ်လေးနှင့် ထင်မင်းခေါင် ကိုယ်တိုင်တွေ့ကြုံခဲ့ရခြင်းမှာ ရှားပါးလှန်းသော တိုက်ဆိုင်မှုတစ်ခုသက်သက်ပမာ။

ထိုထူးဆန်းမှုကို အတိတ်ကောက်ပြီး ထီထိုးကြည့်လျှင်ကောင်းလေား။ အခြေအနေအရ ဒုတိယအကြိမ် ပြန်ထိုင်မိ၍ မသောက်ချင်ဘဲ မှာလိုက်ရသော လက်ဖက်ရည်တစ်ခွက်နှင့် ပယ်ပယ်နယ်နယ် ထိုင်စဉ်းစားမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

မင်းသူအောင် ပြန်မောင်းလာသော ထင်မင်းခေါင်၏ကားကို တွေ့မှ ထင်မင်းခေါင် ပင့်သက်ချလိုက်၏။ ကားထိုးပြီးသည်နှင့် မင်းသူအောင်က ကားသော့ကို လှမ်းပစ်ပေးသဖြင့် ထင်မင်းခေါင် ဖမ်းယူလိုက်ရ၏။

'ရတဲ့ငွေကတော့ တစ်ယောက်တစ်ဝက်နော်'

'ဆီဖိုးရရင် တော်ပါပြီ'

ရငွေကို အညီအမျှဝေခွဲပြီးသည်နှင့် မင်းသူအောင်က နဖူးမှ ချွေးကို လက်ညှိုးနှင့် သပ်သုတ်လိုက်ရင်း ထင်မင်းခေါင်ကို ကြည့်ကာ ပြောလေသည်။

'မင်း ဘာတွေရှုပ်ထားလို့ ဒီလောက်ပျာနေတာလဲ မင်းခေါင်ရာ'

ထင်မင်းခေါင် ပြန်လည်ပြောရတော့၏။ ထိုအခါကျမှ စာတ် ရှည်လည်သွားသော မင်းသူအောင်က ခေါင်းတခါခါနှင့် လှမ်းပြော၏။

'ဘာများလဲလို့ကွာ၊ ဘာမဟုတ်တဲ့အကြောင်းကလေးနဲ့ ဒီလောက် အဖြစ်သည်းနေတာ အမြင်ကတ်ဖို့ကောင်းလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာသိလို့လဲ မင်းသူအောင်၊ အဲဒီမိန်းကလေးနှစ်ယောက်လုံးက တကယ်တိုင်တန်းမှာကွ၊ ထပ်တွေ့ရင်လည်း ငါ့ကို ဖမ်းချုပ်ပြီးတိုင်ဦးမှာ၊ ကျိန်းသေတယ်'

'မှားလည်းအောင် ရှင်းပြပေါ့၊ အခုတော့ မဟုတ်ဘူးလေ၊ စိတ်ပြေလောက်တဲ့အခါပေါ့'

'လွယ်မယ်မထင်ပါဘူး မင်းသူအောင်ရာ' ဒါနဲ့ မင်း သူတို့ကို ဘယ်ပို့ပေးခဲ့ရတာလဲ၊ ရွှေတောင်ကြားထဲလား'

'မဟုတ်ဘူး၊ တောင်ဥက္ကလာ ဆယ်ရပ်ကွက်ထဲကို'

'ဪ… ကိစ္စရှိလို့ သွားကြတာနဲ့တူတယ်'

'ကိစ္စပြီးလို့ ပြန်လာကြတာပါကွ'

'ဘာလဲ၊ အဲဒီမိန်းကလေးအိမ်က ရွှေတောင်ကြားထဲမှာ၊ မင်းဆင်တာတွေ မှားနေပြီ၊ တောင်ဥက္ကလာကို သူတို့သွားစရာရှိလို့ သွားကြတာဖြစ်လိမ့်မယ်'

ထင်မင်းခေါင် ပြောစကားကို မင်းသူအောင်က ခေါင်းတခါခါလုပ်ပြရင်း ပြောလာသည်။

'ကားပေါ်မှာ သူတို့ချင်းပြောနေတာ ငါ့နားနဲ့ကို ဆတ်ဆတ်ကြားတယ်၊ အဲဒီဆယ်ရပ်ကွက်ထဲကအိမ်က မင်းပြောတဲ့ ရှင်မွေး၊ အဲ… ရှင်မွေးရဲ့အိမ်ကွ'

'မဖြစ်နိုင်တာကွ၊ ကဲ… မင်းဘယ်လိုကြားခဲ့တာလဲ၊ ပြောပါဦး'

'ရှင်မွေးနဲ့ပါလာတဲ့ ကောင်မလေးက စပြောတာ၊ ဘယ်လိုပြောလဲဆိုတော့ ရှင်မွေးအိမ်ကို အရင်ပို့ခိုင်းမယ်နော်တဲ့၊ ဒီတော့ ရှင်မွေးက အိမ်ထဲမဝင်တော့ဘူးလားလို့ ပြန်မေးတယ်၊ အဖော်ကောင်မလေးက မဝင်တော့ဘူး၊ ညကျမှ တစ်ခေါက်ပြန်လှည့်လာမယ်လို့ပြန်ပြောတယ်၊ အဲဒါနဲ့ ဆယ်ရပ်ကွက်ထဲက နှစ်ထပ်သစ်သားအိမ်ရှေ့မှာ ရှင်မွေးရပ်ခိုင်းပြီး ဆင်းသွားတယ်၊ သူ့အဖော်ကိုလည်း ညကျရင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လာဖြစ်အောင်လာနော်၊ အသုတ်သုတ်ထားမယ်လို့ ပြောပြီးမှာ လိုက်သေးတယ်၊ ပြီးတာနဲ့ အဖော်ကောင်မလေးရဲ့ အိမ်ကို ငါလိုက် ပို့ပေးရတာပဲ၊ ရှင်မွေးတို့လမ်းနဲ့ တစ်လမ်းခြားတဲ့ လမ်းထဲမှာ အဖော် ကောင်မလေးနေတာ၊ တစ်ထပ်တိုက်ခံအိမ်လေးနဲ့၊ ကဲ… မင်း ဘာ ပြင်းချင်သေးလဲ မင်းခေါင်'

ထင်မင်းခေါင် ဦးနှောက်စားသွား၏။ သမီးပွင့်အကြောင်းကို မင်းသူအောင်အား ဆက်၍ပြောလိုက်သည်။ ထိုအခါကျမှ မင်းသူ အောင်ပါ ဦးနှောက်စားသွားတော့၏။

'ရုပ်ချင်းတူလို့ နေမှာပေါ့ကွာ'

'အမြွှာလို ချွတ်စွပ်တူတာကွ၊ မင်းမြင်ရင် ခွဲလို့ရမှာတောင် မဟုတ်ဘူး မင်းသူအောင်'

'ဒါဆိုလည်း ဆွေမျိုးတွေ၊ အတိုးအသွားတွေအိမ် သွားနေပေး ကြလို့ တစ်ကွဲတစ်ပြားဖြစ်ချင်ဖြစ်နေမှာပေါ့'

'ငါတော့ မထင်ဘူး၊ အဲဒီအမြွှာနှစ်ယောက်ကြားမှာ တစ်ခုခု ထူးခြားနေသလိုပဲ'

'ဘာထူးခြားတာ ရှိလဲ၊ နှစ်ယောက်လုံး လှနေတာကိုမြင်လို့ မင်း စိတ်ဝင်စားပြီး တမင်ထူးခြားနေချင်တာမဟုတ်လား မင်းခေါင်'

'မဟုတ်ဘူးကွ၊ အမြွှာတွေက နာမည်ဆင်တူလေးတွေ ထပ် ကြတယ်၊ အဝတ်အစားလဲ အတူတူ၊ ဘယ်သွားသွား အတူတူ၊ အိမ် သာတက်တာချင်းကလွဲရင် အတူတူတွဲနေကြတာများတယ်၊ အခု အမြွှာ နှစ်ယောက်က နာမည်လည်း တခြားစီ၊ နေတာကလည်း သက်သက် စီ၊ ဆံပင်တောင်အတိုနဲ့အရှည်ထားတယ်၊ တစ်ယောက်က ခေတ်မီရုံ လေးဝတ်တယ်၊ တစ်ယောက်က ခေတ်လွန်အောင်ဝတ်တယ်၊ ဒါပေမဲ့ ရွာမယ့်နေရာမှာတော့ အတူတူပဲလို့ ငါထင်တယ်'

'အဲဒါ ထူးခြားတာတွေလား'

'အေးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်းပါကွာ၊ သူ့ဘာသာ မြွာမြွာ မမြွာမြွာ ကိုယ့် အလုပ်မဟုတ်ဘူး၊ ခေါင်းထဲထည့်မနေနဲ့၊ တို့ဒီနေ့လုပ်ရမယ့်အလုပ်က အငွေးအားစီးမယ့် ခရီးသည်များများရအောင် ဆုတောင်းဖို့ပဲ'

'ရှင်မွေး လိုက်ပို့တဲ့နေရာကို ငါအသေးစိတ် သိချင်တယ်'

'ရှပ်လိုက်တာ မင်းခေါင်ရာ၊ လိပ်စာတော့ ငါအငဲအကျမသိဘူး၊ အိမ်နံပါတ်လည်း မမှတ်ထားလိုက်မိဘူး၊ မင်းသိပ်သိချင်ရင်တော့ ဘောပင်နဲ့ စာရွက်အလွတ်ယူခဲ့၊ မြေပုံအကြမ်းဆွဲပြမယ်၊ အိမ်ပုံစံလည်း ပြောပြမယ်'

ထင်မင်းခေါင်သည် ဘောလ်ပင်နှင့် စာရွက်အလွတ်ယူပြီး မင်းသူအောင်ကို ပေးလိုက်၏။ မင်းသူအောင်က စိတ်မရှည်သလိုဘုကြည့်ကြည့်ပြီး မြေပုံအကြမ်းဆွဲကာ ပြောပြလေသည်။ ထင်မင်းခေါင် တေးမှတ်ထားလိုက်ပြီး မြေပုံအကြမ်းကို အိတ်ကပ်ထဲထည့်၍ သူ့ကားနားမှာ ပြန်လာရပ်ကာ မင်းသူအောင်ကို လှမ်းပေးလိုက်၏။

'ဟေ့… မင်းသူအောင် ရှင်မွေး ဘယ်နေရာမှာ ထိုင်သွားတာလဲ'

'ဘာလုပ်မလို့လဲ'

'သူထိုင်ခဲ့တဲ့နေရာမှာ ငါ ဝင်ထိုင်ပြီး ကျန်ခဲ့တဲ့ သူ့ကိုယ်သင်းရနံ့လေးတွေနဲ့ တို့တွေ့ခဲ့ကြပုံကို ပြန်တွေးကြည့်ချင်လို့ပေါ့ကွ'

'လူချင်းတွေ့တော့ ဒီလိုမဟုတ်ဘူး၊' ကြောင်ကိုတွေ့တဲ့ ခွက်လိုပဲ အခုကျတော့လည်း ကြွက်ကိုရှာတဲ့ကြောင်လိုကြွက်ကြောင်ကြီးဖြစ်နေပါလား'

'လူချင်းစစ်ခင်းနေရပေမယ့် မျက်လုံးချင်းနားလည်ခွင့်ရခဲ့တဲ့ နှလုံးသားတွေမှာ အပြစ်ကင်းသင့်ပါတယ် မင်းသူအောင်၊ အချစ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမုန်းဆိုတာ အမှတ်တစ်ခုပဲ ဖြစ်လာနိုင်တယ်၊ ဒါတွေ မင်း နားမလည်သေးပါဘူး၊ အချစ်နဲ့ပက်သက်ရင် မင်းဟာ မူကြိုအဆင့်မှာပဲ ရှိပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေးပါ၊ ထားလိုက်ပါတော့၊ အချစ်ပါရဂူကြီးရယ်၊ မင်းပဲ ဆရာကြီးပေါ့'

'ထားလိုက်ပါတယ်၊ ကဲ… ပြော၊ ငါ့ကားပေါ်မှာ ရှင်မွေး ဘယ်နေရာကနေ လိုက်စီးခဲ့တာလဲ'

မင်းသူအောင်က ဒေါ်ပွပွနှင့် စကားဖြင့်ပြန်အုပ်ထည့်လိုက်၏။

'ဘီးဖက်ပြီး လိုက်ခဲ့တာပဲလေ'တဲ့။ ကောင်းရော။

နှလုံးသား တောင်ကုန်းကို သိမ်းပိုက်ဖို့

အမုန်းအမြောက်နဲ့ ထုနေသလား။

မျက်ရည်အမြောက်ဆံမှာ

သက်သေထောက်ခံစာတွေပါတယ်။

အချစ်နဲ့ဖြန်းရင်

အမုန်းတွေ ငုန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

နောက်တစ်နေ့ နေ့လည်ဘက်မှာ လမ်းကြောင်းကြုံ၍ ဆောင်ဥက္ကလာ၊ ဆယ်ရပ်ကွက်ဈေးသို့ မောင်းလာခဲ့လိုက်၏။ မြေပုံ ဗြွမ်းကိုကြည့်ပြီးလမ်းကြားထဲ မောင်းဝင်လိုက်၏။

ခြောက်အိမ်မြောက်မှာပင် နှစ်ထပ်သစ်သားအိမ်တစ်လုံးကို တွေ့၏။ အိမ်ရှေ့မှဖြတ်စဉ် မသိမသာဖြင့် အိမ်တွင်းကို လှမ်းကြည့်ခဲ့၏။

လူမတွေ့ရ၊ အထဲမှာ ရှိချင်ရှိနေပါလိမ့်မည်။ အိမ်တံခါးဖွင့် ထား၏။ လိုက်ပြီး အနီးအနားကို ကြည့်လိုက်၏။ မနက်ပိုင်းကမုန့်ဟင်း ခါးဆိုင်ထွက်ခဲ့ဟန်တူသော ယာယီထိုင်ခုံလေးပေါ်မှာ ကလေးတစ် ယောက် ကာတွန်းဖတ်နေတာတွေ့ရ၏။ လူနေစိပ်သော ရပ်ကွက်မို့ လမ်းပေါ်မှာ လူသွားလူလာမပြတ်။

'ဟော့··· ချာတိတ်'

ကာတွန်းဖတ်နေသော ကလေးကို လှမ်းခေါ်လိုက်၏။ ထို ချာတိတ်ကလေးက စာအုပ်ပေါ်မှ ကျော်ကြည့်ပြီး သူ့ကိုသူ လက်ညှိုး ထိုးပြတာ ပြန်မေး၏။

'အနော့်ကို ခေါ်တာလား'

ခြောက်နှစ်ခန့်အရွယ်ရှိမည့် ချာတိတ်မှာ စကားပီချင်သေးပုံ ရ၊ သကြားလုံး၊ ပီကေတွေ အဝါးများ၍ ပါးစပ်ထဲမှာရှိသည့် ကျိုး နေသော ရှေ့သွားနှစ်ချောင်းမှာ လေသလပ်ခံထားရ၏။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ခဏလောက် ပြောစရာရှိလို့'

ချာတိတ်က ခုံပေါ်မှ ဆင်းလိုက်ပြီး ဘောင်းဘီကို ဖုတ်ခါထား ကာတွန်းစာအုပ်ချိုင်းကြားညှပ်လျက် ကားနားလျှောက်လာ၏။

'ဘာလဲဂျ'

'အစ်ကို မေးစရာလေးရှိလို့ပါ၊ ဒီလမ်းထဲမှာလေ မရှင်မွေး ဆိုတဲ့ အစ်မကြီးတစ်ယောက်ရဲ့အိမ်က ဘယ်အိမ်လဲ၊ အဲဒါ ချာတိတ် သိလား'

ချာတိတ်က ထွက်ကျလုလုသော နှပ်ချေးကို အားရပါးရ တစ်ချက်ရှုံ့သွင်းလိုက်ပြီး လူကြီးအိုက်တင်နှင့် စဉ်းစားနေ၏။

'မရှင်မွေးဆိုရင်တော့ တိဘူးဂျ၊ ဒီမှာရှိဘူး'

'ဆံပင်ရှည်ရှည် အသားလတ်လတ်နဲ့လေကွာ၊ အပျိုဖြစ်လိမ့် မယ်၊ အသက်က ဟိုးရှေ့က သွားနေတဲ့ မိန်းကလေးသိလား၊ အဲဒီ ပုံစံ အဲဒီအရွယ်လောက် ပဲရှိတယ်၊ ဒီလမ်းထဲက နှစ်ထပ်အိမ်မှာနေတာ ဟိုအိမ်လေ၊ ဟိုမှာတွေ့ရတဲ့ နှစ်ထပ်အိမ်မှာနေတဲ့ အစ်မကဲ့ပြောတာ'

ထင်မင်းခေါင်၏လက်တွေ မော်တော်ပီကယ်လို ရှေ့ပြနောက် ပြနှင့် ရှုပ်သွားသဖြင့် ချာတိတ်ကလေးမှာ ချာလည်လည်ပြီး စဉ်းစား နေရာမှ ရုတ်တရက် ပြုံးပြလာ၏။ ချာတိတ်ကလည်း လျှင်၏။ နှပ်ချေးကို ပါးစပ်ပေါ် ရောက်မခံ။ အောက်ကျမခံ၊ ရွတ်ခနဲ ပြန်ရှုံ့ သွင်းလိုက်နိုင်သည်။ ပြီးမှ နှာသံဖြင့် စကားပြောလေသည်။

'မယန်းရဲ့ နာမည်ကို တစ်ခါတလေ ရှင်မွေးလို့ခေါ်တာ ကြား ဖူးတယ်'

'မရှင်မွေးက နာမည်နှစ်မျိုးနဲ့လားကွ'

'ဒါတော့ တိဘူးဗျ'

'အစ်ကိုပြတဲ့အိမ်က မရှင်မွေးအိမ်ဆိုတာ သေချာပါတယ်နော်'

'ဟုတ်တယ်၊ အနော်သွားခေါ်ပေးမယ်'

'နေပါစေ ကျေးဇူးရှင်ရယ်၊ သိချင်တာလေး အစ်ကိုနည်း

www.burmeseclassic.com

www.burmeseclassic.com



သည်းလောက် ထပ်မေးချင်လို့ပါ၊ ပြီးရင် မုန့်ဖိုးပေးခဲ့မယ် ဟုတ်လား'

ချာတိတ်က ခေါင်းညိတ်ပြ၏။ ထင်မင်းခေါင်က ရှင်မွှေးတို့ အိမ်ဘက်ကို လူရိပ်လူယောင် အကဲခတ်ရင်း ဖြတ်သွားဖြတ်လာနှင့် အနီးအပါးမှ အိမ်မှာတွေ့ရှိသော လူတွေထဲ အကြည့်ဝေ့ရင်း အမှုရာယ် ရှင်း မရှင်းကို သိရမှ စကားစပြောလိုက်၏။

'ရှင်မွှေးမှာ မောင်နှမ ဘယ်နှယောက်ရှိလဲ'

'တူတစ်ယောက်ပဲ၊ တူ့အမေရှိတယ်၊ အပေါက်ချိုးမှချိုး'

'မင်းပြောတာ တကယ်လား'

ချာတိတ်က ခေါင်းညိတ်ပြပြန်၏။

'ရှင်မွှေးရဲ့ အဖေကကော'

'တေသွားပြီ'

'ရှင်မွှေးဒီမှာနေတာ အမြဲပဲလား၊ နေတာ မကြာသေးဘူး လား'

ချာတိတ်က နှပ်ရှုံ့ပြီး စဉ်းစားပြန်၏။

'မမပန်းရှိနေတာ တား မမွေးခင်ကတည်းကလို့ မဲမဲကြီးက ပြောဖူးတယ်'

'မဲမဲကြီး၊ ဘယ်သူလဲ မဲမဲကြီးဆိုတာ'

'တားရဲ့ မဲမဲကြီးလေ၊ ချိုချိုစိုရှိရတဲ့ မဲမဲကြီးကိုပြောတာ'

'သြော်... မင်းရဲ့ မေမေကြီးကိုပြောတာလား'

'ဟုတ်တယ်'

ထင်မင်းခေါင် အဖြေမှန်တွေးတက်သွား၍ ချာတိတ်ကလေး သဘောကျပြီး ရယ်၏။ နို့ဆီတွေ ထွက်လာပြန်၏။ ဤတစ်ခါထွက် သာခြင်းကို ချာတိတ်က သည်းခံနိုင်ဟန်မတူတော့။ ညာဘက်နှင့် အတင်းလိုက်ဆွဲပွတ်ပစ်လိုက်၏။

ထင်မင်းခေါင် တံတွေးပင် မျိုချ၍ မရတော့။ ချော့မေးနေ သော ကျေးရွာရှင်လေးမို့ စိတ်လိုလက်ရ ဖြေနေစဉ်အတွင်း မေးချင်

www.burmeseclassic.com

www.burmeseclassic.com



တာ အခြမ်းဆက်မေးရတော့သည်။

'ရှင်မွေးမှာ အမြွာညီအစ်မရှိတယ် မဟုတ်လား၊ မညာနဲ့ မှန်မှန်ပြောနော် ချာတိတ်'

'ရှိပါဘူး၊ ရှိဘူး၊ သား အညာဘူး'

'ဟုတ်လား၊ ဒါဆိုရင်တော့ စိတ်ဝင်စားဖို့ ပိုကောင်းလာပြီ'

ထင်မင်းခေါင် ရေရွတ်လိုက်သောအသံကြောင့် ချာတိတ်မှာ မျက်လုံးကလယ်ကလယ်နှင့် ရပ်ကြည့်နေရှာ၏။

'မင်း ဒီလောက်ကူညီတာ အစ်ကိုကျေးဇူးတင်တယ်၊ အစ်ကို ဒီလိုမေးတဲ့အကြောင်းတွေ မင်းရဲ့မမပန်းကို သွားမပြောပြနဲ့နော်'

ချာတိတ်က လေးလေးစားစား ခေါင်းညိတ်ပြ၏။

'မင်း သိပ်လိမ္မာတဲ့ ကလေးပဲ၊ ခုနကပေးတဲ့မုန့်ဖိုးက နည်းသေးတယ်၊ ရော့... ဒီမှာ ထပ်ယူဦး'

ထင်မင်းခေါင် ထိုးပေးလိုက်သော ပိုက်ဆံကို ချာတိတ်က လှမ်းယူပြီး ပြန်မလွှတ်၊ ထိထိမိမိ လက်ကိုနမ်းလိုက်ပြီးမှ ချာတိတ် ပြန်လွှတ်ပေး၏။

'ဘာလုပ်တာလဲကွ'

'ဥက သဘောကောင်းရို့၊ တားတားချစ်လို့ နမ်းတာ'

ထင်မင်းခေါင် စိတ်ဆိုးရခက်သွား၏။ လက်ခုံကို မယူကြည့်လိုက်သောအခါ နို့ဆီရောင် အငန်ခတ်တွေ ချွဲပစ်ပေကျံနေလေတော့သည်။

'ကျေးဇူးရှင်အချစ်ကလည်း တစ်မျိုး' ဟု ထင်မင်းခေါင် ရိုးရိုးလေးသာ မှတ်ချက်ချပြီး ကားကို ပြန်မောင်းထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို
ပန်းပွင့်အုပ်ဆောင်းနဲ့
'အပ်ချလောင်း' ဆိုပြီး ဖွင့်လိုက်ချင်တယ်။
မင်းဟာ လေးညှို့ရှင်ဆိုရင်
ကိုယ်ဟာ မြှားတစ်စင်းပါ။
နှစ်ယောက်ပေါင်းမှ လေးသည်တော်ဖြစ်ရတဲ့ဘဝ
ညအမှောင်မှာ အိပ်တန်းတက်နေတဲ့ကျီးကန်းကို
လိုက်ပစ်နေရသလိုပ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကားဝပ်ရှော့စ်ဝင်းထဲဝင်ပြီး နေရာလွတ်မှာ ကားကိုထိုးရပ်လိုက်၏။

ကားဟွန်းကပ်နေတာကို မြန်မြန်ပြင်ပေးနိုင်မည့်အလုပ်သမားတစ်ယောက်ကို လိုက်ရှာကြည့်လိုက်၏။ အော်ဒီကားတစ်စီးကို ရေဆေးပေးနေသော အလုပ်သမားလေးကို တွေ့ရသည်။ ဝပ်ရှော့ရုံးခန်းအဝင်နားမှာ ထိုင်နေသော ကောင်မလေးသုံးယောက်ကို လှမ်းတွေ့ရသည်။

ရုတ်တရက် ကြည့်မိရာမှာ သတိထားပြီး ပြန်ကြည့်မိလိုက်သောအခါ ကောင်မလေးသုံးယောက်ထဲမှ သမီးပွင့် ပါဝင်နေတာတွေ့ရ၏။ ထင်မင်းခေါင် တွေးစပ်ကြည့်လိုက်သောအခါ သမီးပွင့်တို့ ကားရေဆေးဆီထိုးလာလုပ်ကြတာ ဖြစ်နိုင်၏။

'အစ်ကို ဘာပြင်ချင်တာလဲ'

ဂက်ဆီတွေ ပေကျံနေသော အလုပ်သမားလေးတစ်ယောက်က လာမေး၏။

'ကားဟွန်းကပ်နေတာ ပြင်ချင်လို့ကွာ၊ ဟွန်းအသစ်လဲရင်လည်း လဲရအောင်လို့'

'ကျွန်တော် ဖွင့်ကြည့်လိုက်မယ်လေ၊ ရုံးခန်းမှာ နေလွတ်တွေရှိတယ်၊ ခဏစောင့်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



ထင်မင်းခေါင် ရုံးခန်းလေးထဲ လျှောက်သွားလိုက်၏။ သမီးပွင့်တို့က သူ့ကိုမသိမသာ လှည့်ကြည့်ပြီး သူမတို့အချင်းချင်း စကားတွေ ဆက်ပြောနေကြ၏။

ထင်မင်းခေါင် အတွင်းဘက်ကျသော နေရာမှာ ဝင်ထိုင်ပြီး စားပွဲပေါ်မှာ သတင်းစာဟောင်းတစ်စောင်ကို မျက်နှာကွယ်ပြီး ဖတ်နေလိုက်၏။

'အချိုအချဉ်လေး ဝါးချင်တယ်ဟာ၊ ဒီထိပ်နားက ဆိုင်မှာ ရမယ်နဲ့တူတယ်၊ သွားဝယ်ရအောင်'

'ပွင့်လွှာ မလိုက်တော့ဘူး၊ သက်လျာတို့ပဲ သွားတော့'

'ဒါဆို မိမြတ်လိုက်ခဲ့ဟာ၊ အဖော်ပါမှ သွားချင်တာ၊ အဲဒီနိုင်နားမှာ လက်ဖက်ရည်ဆိုင်ရှိတယ်၊ ဆင်ကြည့်ဘူးကြည့်ကောင်တွေ ရှိလို့'

'ပွင့်လွှာ အဲဒါကြောင့် မလိုက်ချင်တာ'

'ဒီမှာနေခဲ့ရင်လည်း ဟိ… ဟိ… တစ်ယောက်တည်းပဲ၊ ဒါပေမဲ့ ကြွက်စုတ်၊ အဲဒီကြွက်စုတ်ဒဏ်တော့ ခံရချင်ခံရမှာနော်'

ထင်မင်းခေါင် သဘောပေါက်လိုက်၏။ မထိခလုတ် ထိခလုတ်နှင့် ပြောဆိုရယ်မောပြီး ထွက်သွားသော မချောနှစ်ယောက် မရှိလေတော့မှ သတင်းစာကိုချပြီး သမီးပွင့်ကို မသိမသာကြည့်လိုက်၏။

သမီးပွင့်က ရုံးခန်းနံရံမှာ ကပ်ထားသော ကားတာယာကြော်ငြာ၊ ချောဆီကြော်ငြာပိုစတာတွေကို လိုက်ငေးကြည့်နေလေသည်။

သမီးပွင့်၏ နာမည်က ပွင့်လွှာ…။

ထင်မင်းခေါင် ထသွားပြီး ပွင့်လွှာကိုမေးကြည့်ချင်လာ၏။

'ဒီက ညီမက ဟိုတစ်ခါ အစ်ကို့ကားနဲ့ပါလာတဲ့ အသက်ကြီးသမ်းနဲ့တူတယ်'

ထင်မင်းခေါင် လှမ်းပြောလိုက်သော စကားကြောင့် ပွင့်လွှာ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီး…

'ဘယ်သူ့ကိုပြောတာလဲ'

'ညီမကိုပဲ ပြောတာပါ၊ ဟိုတစ်ခါက ညီမတို့အိမ်ထဲအထိ အစ်ကိုလိုက်ပို့ပေးဖူးတယ်လေ၊ အန်တီကြီးက ပိုက်ဆံအိတ်နဲ့ဖုန်းစာအုပ် ချိုင်းကြားမှာညှပ်လာခဲ့တာလေ'

'ဪ… သိပြီ၊ သိပြီ၊ အဲဒါ ဘာဖြစ်သလဲ'

ထင်မင်းခေါင် မထူးတော့ဟုတွက်ပြီး မေးချင်ဘာကို တဲ့တိုးပင် မေးလိုက်သည်။

'ညီမမှာ အမြွှာညီအစ်မရှိလားဟင်'

ပွင့်လွှာ ဇဝေဇဝါဖြစ်သွား၏။

'မရှိပါဘူး၊ ဘာဖြစ်လို့လဲ'

'ညီမနဲ့ ရုပ်ချင်းချွတ်စွတ်တူတဲ့ မိန်းကလေးတစ်ယောက်ကို အစ်ကိုတွေ့ဖူးလို့ မေးကြည့်တာပါ'

'ဟာ… မဖြစ်နိုင်တာ၊ ဘာတွေအကြောင်းလာရိုက်နေတာလဲ'

'အဟုတ်ပြောတာပါ၊ အဲဒီမိန်းကလေးက တောင်ဥက္ကလာ ဆယ်ရပ်ကွက်ဈေးနားမှာနေတယ်၊ ညီမနဲ့ ဘယ်လိုမှ ခွဲမရအောင် တူတယ်၊ ဆံပင်အရှည်၊ အတိုပဲ ကွာတာ'

'ဘာတွေလာပြောနေမှန်းလဲ မသိဘူး'

ပွင့်လွှာက မကြားတကြား ရေရွတ်ညည်းတွားရင်း မျက်နှာ ပြန်လွှဲလိုက်၏။

'ညီမ မယုံရင် အစ်ကိုလိုက်ပြပေးမယ်လေ၊ ညီမတို့ မိန်းကလေးနှစ်ယောက် ရုပ်ရှင်၊ ဗွီဒီယိုတွေထဲကလို ငယ်ငယ်လေးကတည်းက လူချင်းအကြောင်းအမျိုးမျိုးနဲ့ ကွဲသွားပြီး အခုထိ ပြန်မဆုံတွေ့ဖြစ်ကြတာမျိုးများ ဖြစ်နေမလားလို့ပါ'

ပွင့်လွှာ ပခုံးလေး တွန့်ပြလိုက်ပြီး လမ်းမဘက်သို့ ဆက်၍ အကြည့်လွှဲနေ၏။ ထင်မင်းခေါင် မရီးမရှုဖြစ်သွား၏။ ထိုစဉ်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



မချောနှစ်ယောက် ပြန်ရောက်လာ၏။ လက်ထဲမှာ အချည်ထုပ်တွေ ကိုယ်စီနှင့် ပွင့်လွှာဘေး တစ်ဖက်တစ်ချက်စီတွင် ဝင်ထိုင်ကြ၏။

ပွင့်လွှာက အဖော်နှစ်ယောက်ကို တီးတိုး တီးတိုးပြော၏။ ပြီးလျှင် ကျိတ်ဟားပြီး အဖော်နှစ်ယောက်က ထင်မင်းခေါင်ကို မသိ သောလှည့်ကြည့်၏။ ထင်မင်းခေါင် နားလည်လိုက်ပြီ။ အကြောင်းမဲ့ ဝင်ရောလာသော ငနဲတစ်ကောင်အဖြစ် ပွင့်လွှာက သတ်မှတ်ဟား လှောင်လိုက်ခြင်းပဲဖြစ်မည်။

ထိုစဉ်မှာပင် အလုပ်သမားလေးက ဝင်လာ၍ ထင်မင်းခေါင် အသက်ရှုပေါက် ရသွားးလေတော့သည်။

'ပွန်းပြင်ပြီးသွားပြီ အစ်ကို၊ လဲစရာမလိုတော့ဘူး'

ကျသင့်ငွေကိုရှင်းပေးပြီး ပွင့်လွှာတို့သုံးယောက်ရှေ့မှာ ရပ် လိုက်သည်။ သုံးယောက်စလုံးက သူ့ကိုမော့ကြည့်၏။

'အစ်ကို စေတနာနဲ့ ပြောတာပါ၊ ဒီက ညီမမှာ အမြွာတစ် ယောက်ရှိသေးတယ်၊ မယုံရင် အခုလိုက်ပြမယ်၊ အဖော်တွေပါတာပဲ၊ ကူညီတဲ့အတွက် အကျိုးဆောင်ခ မပေးရပါဘူး'

ပွင့်လွှာ၏မျက်နှာမှာ နီမြန်းသွားပြီး ထင်မင်းခေါင်ကို စေ့စေ့ ကြည့်ကာ ပြောလိုက်သည်။

'ရှင့်စကားက ကျွန်မအပြင် ကျွန်မမေမေကိုပါ စော်ကားသလို ဖြစ်နေပြီ၊ အမိပွားယ်တစ်စက်မှ မရှိဘူး၊ ရှင် ကိုယ့်လမ်းကိုယ် မြန်မြန် သွားရင် ကောင်းလိမ့်မယ်'

ထင်မင်းခေါင် အံ့သြသွား၏။ တွေးကြည့်ပြန်တော့လည်း ပွင့်လွှာတို့သားအမိကို သွယ်ဝိုက်စော်ကားသလို ဖြစ်နေ၏။

ခင်မင်မှုမရှိသော သူတစ်ယောက်ကို စေတနာပေါက်ပြီး အတင်းကာရော လိုက်ကူညီချင်လို့ မဖြစ်နိုင်မှန်း ထင်မင်းခေါင် နားလည်လိုက်၏။

'ဆောရီးဗျာ၊ တစ်နေ့ တို့စကားကို မင်း ယုံပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



အခုလို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောမိတဲ့အတွက် ခွင့်လွှတ်ပါ'

ထင်မင်းခေါင် လှည့်ထွက်လာခဲ့လိုက်သည်။

ထင်မင်းခေါင် ရင်ထဲမှာ မတင်မကျမှုမှာ ဘဝင်မကျမှုနှင့် ရောထွေးမွှန်းကျပ်သွား၏။

'ပန်း' ဟုလည်းခေါ်သော ရှင်မွေးဆိုသည့် မိန်းကလေးနှင့် ဖွင့်လှာဟုလည်းခေါ်သော သမီးပွင့်ဆိုသည့် ကောင်မလေးမှာတစ်ယောက်တည်းက နှစ်ကိုယ်ခွဲထားခြင်းများလား။ မဖြစ်နိုင်။

သူစိမ်းပြင်ပြင်လို နှစ်ယောက်က နှစ်ကိုယ်ခွဲထားသကဲ့သို့ ဖြစ်နေရခြင်းမှာ အကြောင်းရင်းတစ်ခုခု ကျိန်းသေရှိနေနိုင်၏။

ထိုအကြောင်းမှာ ဘာလဲဟု ထင်မင်းခေါင် တွေးကြည့်ရင်း ချာချာလည် မူးနောက်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

တာမွေအပိုင်းမှနေ၍ မင်္ဂလာဈေးနားမှာ ကားထောက်ရန်အတွက် မောင်းလာခဲ့စဉ် ရှင်ပါကူရှေ့မှာ ခရီးသည်တစ်ဦး လှမ်းတားနေ၍ ရပ်ပေးလိုက်၏။

ထိုင်နေသော ကားတွေ အော်ဒါရသွားကြ၍ ဆေးရုံ[illegible]မှာ အငှားကားရှင်းနေ၏။ ကားတားသော အမျိုးသမီးကို အနားရောက်လာမှပင် မော့ကြည့်လိုက်မိ၏။ ထင်မင်းခေါင် ချက်လုံးပြူးမတတ် ဖြစ်သွား၏။

'ခင်… ခင်ဗျား'

'ဟင်… ရှင်… ရှင်… ဟိုလူမဟုတ်လား'

သင်းသင်းမှ သင်းသင်းအစစ်၊ ရှင်မွေးနဲ့ တွဲပြီး ထင်မင်းခေါင်ကို ပြဿနာရှာခဲ့သော သင်းသင်းကို ပက်ပင်းတွေ့နေရခြင်းပင်။

'ခင်ဗျား လူမှားနေပြီနဲ့တူတယ်'

'အောင်မာ… ဘာလို့မှားရမှာလဲ၊ ရှင်မှရှင်အစစ်'

'ဘာလဲ၊ အခုထိ မကျေနပ်သေးဘူးလား'

'ကျွန်မကတော့ ဘာဖြစ်မှာလဲ၊ ကာယကံရှင်မှ မပျော်တာဒါနဲ့ ရှင်က တက္ကစီမောင်းနေတာလား

'ဟုတ်တယ်၊ ကျေနပ်မှ ငှားပါ'

www.burmeseclassic.com

www.burmeseclassic.com



'လာပြီး အသားယူနေပြန်ပြီ၊ ဒီမှာ ဆေးရုံကဆင်းမယ့်လူနာ တင်ချင်လို့၊ လူနာက ကျွန်မရဲ့အဘွား၊ ကျွန်မရယ်၊ ရှစ်နှစ်အရွယ် ကျွန်မ ညီမလေးရယ်လိုက်မယ်၊ ဝန်စည်စလွယ် အနည်းအပါးတော့ ပါတယ်၊ တောင်ဥက္ကလာအထိ သွားမှာ၊ ဘယ်လောက်လဲ'

'ကြည့်ပေးပါ၊ ကျေနပ်တဲ့လူ မကျေမနပ် ထပ်ဖြစ်အောင်တော့ ကျွန်တော် မတောင်းပါဘူး'

'ဒါဆိုလည်း ခဏစောင့်'

သင်းသင်းက ဆေးရုံထဲ ပြန်ဝင်သွား၏။ ဝန်စည်စလွယ်နှင့် ကလေးမလေးကို အရင်ကားပေါ်တင်လိုက်၏။ ပြီးသောအခါမှ အဘွားဖြစ်သူကို တယုတယတွဲပြီး ကားပေါ်တင်သည်။ နောက်ခန်းမှာ နာလန်ထစဖြစ်သော အဘွားဖြစ်သူနှင့် ညီမလေးအပြင် အသေးအမွှား ပစ္စည်းတွေ တင်ထားသဖြင့် နေရာပြည့်သွား၏။

ရှေ့ခန်းမှာ သင်းသင်းဝင်ထိုင်ပြီးသည်နှင့် ထင်မင်းခေါင်ကား ကို မောင်းထွက်လာလိုက်သည်။ ကားဦးကို ပြန်လှည့်ကွေ့ကာ တာမွေ အဝိုင်းဘက်သို့ ဦးတည်စဉ်မှာပင် သင်းသင်းက စကားစလာ၏။

'ရှင်··· အဲဒီနေ့က ဘာလို့ပြန်မလာတာလဲ'

'ပြန်လာရင် ခင်ဗျားတို့နှစ်ယောက်က တကယ်လုပ်မှာမဟုတ် လား'

'ကျွန်မကတော့ တကယ်မလုပ်ပါဘူး'

'မရှင်မွှေးကတော့ သေချာတယ်ပေါ့'

'သူ့နာမည်က ပန်းရှင်မွှေးပါ၊ မရှင်မွှေး မဟုတ်ပါဘူး'

'မသိဘူး၊ သင်းသင်းခေါ်ခေါ်ပြောနေတာ ကြားလို့'

'ကျွန်မတို့က သူငယ်ချင်းတွေမို့ အလွယ်ခေါ်တာလေ၊ အတော်ပဲ၊ ဟိုရောက်ရင် ရှင့်ကို ရှင်မွှေးလက်ထဲ အပ်ရမယ်'

'မလုပ်လိုက်ပါနဲ့ဗျာ'

'ဘာအခုမှ ကြောက်ပါပြီလဲ'

www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းက ရယ်ပွဲဖွဲ့နေပြီး နောက်ဘက်သို့ လှည့်ကြည့်သော အသွားဖြစ်သူကို ဂရုတစိုက်မေးနေသေး၏။ အသွားဖြစ်သူ နေ၍ ထိုင်၍သက်သာကောင်းမွန်ကြောင်းကို သိရမှ ရှေ့ဘက်ကို ပြန်လှည့်သော၏။ ထင်မင်းခေါင်က ဘောက်ထော် ပြည်သာယာရိပ်သာထဲကို မောင်းဝင်လိုက်၏။ ထိုမှ လမ်းကောင်းသော ဝေဇယန္တာလမ်းမကြီး အတိုင်း ဆက်၍ မောင်းသွားမည်။

'သင်းသင်းနဲ့ ရှင်မွေးက အတူတူနေတာလား'

ထင်မင်းခေါင် စကားဆွယ်သလို သိသိကြီးနှင့်မေးလိုက်သည်။ သင်းသင်းက ရှေ့ကိုကြည့်နေရင်းမှ ခေါင်းခါပြပြီး ပြန်ပြော၏။

'မဟုတ်ဘူး၊ သင်းတို့အိမ်နဲ့ တစ်လမ်းကျော်လောက်မှာ ရှင်မွေးတို့နေတာလေ'

'ငယ်သူငယ်ချင်းတွေလား'

'အင်း… ငယ်သူငယ်ချင်းတွေပါပဲ၊ တစ်ယောက်နဲ့တစ်ယောက်လည်း ညီအစ်မရင်းတွေထက်တောင် ချစ်ကြသေးတယ်'

'ပန်းရှင်မွေးမှာ တစ်အူတုံ့ဆင်း မောင်နှမတွေရှိလား'

'မရှိဘူး၊ ရှင်မွေးတစ်ယောက်တည်းပဲ'

'ဟိုလေ၊ အမြွှာညီအစ်မတွေကော မရှိနိုင်ဘူးလား၊ ရှိခဲ့ရင်လည်း ငယ်ငယ်ကတည်းက ကွဲသွားတာတို့ ဘာတို့ ဖြစ်ရင်ဖြစ်မှာပေါ့'

'ဘယ်ကလာပြီး ရှိရမှာလဲ၊ ကြဲကြဲဖန်ဖန် ရှင်မွေးကြောင်းတို ကကြီးကနေ အအထိ သင်းသင်း သိပြီးသားပဲ'

'ပန်းရှင်မွေးနှင့် ရုပ်ချင်းချွတ်စွပ်တူတဲ့ ကောင်မလေးတစ်ယောက်ကို ကျွန်တော် တွေ့ထားတယ်'

သင်းသင်းက လှည့်ကြည့်ပြီး…

'လာနောက်မနေနဲ့'

'ဟာဗျာ၊ တကယ်ပြောတာပါ၊ အဲဒီကောင်မလေးက ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဘောင်ကြားထဲမှာနေတယ်၊ ဆံပင်က ကုပ်ဝဲလေးနဲ့။ ခေတ်လည်း ဆော်တော်ဆန်တယ်၊ မာမာကြွပ်ကြွပ်လေး'

'သင်းတို့ကို တစ်ခါပဲ လှည့်စားလို့ရမယ်နော်၊ နှစ်ခါလှည့်စားဖို့ မကြိုးစားနဲ့၊ မှားသွားမယ်'

'ကျွန်တော်ပြောတာကို ဘယ်သူမှ မယုံကြဘူး၊ ခက်တာပဲ'

'ယုံစရာကောင်းတဲ့ အကြောင်းမှ မဟုတ်တာ'

'ယုံအောင် သက်သေပြပါရစေ၊ သင်းသင်းကိုယ်တိုင်အားတဲ့ နေ့တစ်နေ့လောက် လိုက်ကြည့်ပါလား၊ မြင်ရင် အရှမ်းအံ့သြသွားမယ်'

'ပြောပြီးပြီပဲ၊ နောက်တစ်ခါလှည့်စားဖို့မကြိုးစားပါနဲ့တော့လို့'

ဝေဖယန္တာလမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့သည်။ ထင်မင်းခေါင် ဒေါသဖြစ်ချင်လာ၏။

ထင်မင်းခေါင် အမှန်ပြောတာကို ဘယ်သူမှ မယုံကြ။ မိုးပြိုမှာကို ကြောက်လန့်ပြီး ပြေးနေသော ယုန်တစ်ကောင်လို့ အများက ထင်နေချင်ကြ၏။

'ပန်းရှင်မွှေးနဲ့တူတဲ့ ကောင်မလေးနဲ့ နာမည်က ပွင့်လွှာ၊ ပွင့်လွှာကို ကျွန်တော်ပြောပြတော့လည်း ပွင့်လွှာက မယုံဘူး၊ ဟားတယ်၊ ကောလွှတ်တယ်'

သင်းသင်းက ခါးဆန့်ပြန်ထိုင်ပြီး မဲ့ပြုံးကလေးနှင့် ထင်မင်းခေါင်ကို လှမ်းပြော၏။

'ရှင်ပြောရင် ယုံမယ့်သူတစ်ယောက်တော့ ရှိနိုင်တယ်၊ အဲဒီတစ်ယောက်ကို ရှင်ကိုယ်တိုင် လိုက်တွေ့ပြီး မေးကြည့်ပါလား'

'ဘယ်တစ်ယောက်လဲ'

'ပန်းရှင်မွှေးလေ'

ဟာခနဲ ထင်မင်းခေါင် ဖြစ်သွားသောအခါ သင်းသင်းအသံထွက်အောင် ရယ်မောပါတော့သည်။

'ပန်းရှင်မွှေးက ကျွန်တော့်ကို မကျေနပ်သေးဘူး၊ ပန်းရှင်မွှေး

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အောင် ကျွန်တော် တစ်ခုခုပြန်လုပ်ပေးချင်တယ်'

'သဘောရိုးနဲ့လား၊ မရိုးမဆန်းလား'

'အာမခံ ရိုးသားမှုနဲ့ပါ သင်းသင်းရယ်'

'ရှင့်နာမည်တောင် ကျွန်မက မသိရသေးဘူး၊ ကျွန်မနာမည်ကို ရှင်က စီးစီးပိုင်ပိုင် ခေါ်နိုင်လို့ပါလားနော်'

'ကျွန်တော့်နာမည် ထင်မင်းခေါင်ပါ၊ လိုအပ်ရင် ကားနံပါတ်ပါ မှတ်ထားလို့ရပါတယ်၊ လိပ်စာကတော့ အတည်တကျမရှိဘူး၊ အမျိုးအိမ်တွေမှာ လှည့်ပတ်နေထိုင်တတ်လို့ပါ၊ ကျောင်းတက်ရင် ဒီအလုပ်ကို အပိုဝင်ငွေရှာတဲ့သဘောနဲ့ လုပ်တာပေါ့၊ မိဘတွေက ဆေါင်းတည်ပေါ့၊ ပြည်ဘက်မှာနေတယ်၊ အခုကျောင်းယာယီပိတ်ထားတုန်း ဝင်ငွေများများစုမိအောင် ဒီအလုပ်ကို အချိန်ပြည့်လုပ်နေတာပါ၊ ဒီလောက်ဆို လုံလောက်ရဲ့လား'

'ရှင်မွေးကို ပြောပြကြည့်မယ်လေ'

'ဘာအတွက်လဲဗျ'

'သူ့မကျေနပ်မှုအတွက် လိုရမယ်ရပေါ့၊ မဟုတ်ဘူးလား'

'ကောင်းသလိုသာ လုပ်ပါတော့ဗျာ'

သင်းသင်းတို့ အိမ်ကိုရောက်သောအခါ ထင်မင်းခေါင် ဝန်စည်စလွယ်တွေကို ကူချပေးလိုက်၏။

သင်းသင်းက အိမ်ပေါ်ခေါ်ပြီး လက်ဖက်ရည်တိုက်၍ အားနာပါးနာ အားပေးလိုက်ရသေး၏။ သင်းသင်းပေးလာသော ကားခကို ထင်မင်းခေါင်က ငြင်းပယ်လိုက်၏။

'မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ မယူပါရစေနဲ့၊ စေတနာလို့ပဲ သတ်မှတ်လိုက်ပါ'

'ဘာလဲ ကျေနပ်နေအောင်လို့လား၊ ရှင်မွေးအတွက်တော့ အာမမခံရဲဘူးနော်'

'ဒီအတွက် သက်သက်ရယ်လို့လည်း သဘောမထားပါနဲ့ဗျာ'

www.burmeseclassic.com



သင်းသင်းနှင့် ရင်းနှီးမှု အစပျိုးနိုင်ခဲ့ပြီးသည်နှင့် ထင်မင်းခေါင်နှုတ်ဆက်ပြီး ပြန်မောင်းထွက်လာခဲ့လိုက်၏။

ပန်းရှင်မွှေးတို့ လမ်းထိပ်ကို ရောက်သောအခါ အမြွာပူးအကြောင်းကို ခေါင်းထဲဝင်ပြန်သည်။

ကိုယ်နှင့်ဘာဆိုင်တာမှတ်လို့ အနေသာကြီး၊ အလကား သက်သက်မဲ့ ဒုက္ခရှာနေသလို ဖြစ်နေပြီဟု ‌တွေးမိလိုက်သော်လည်း ထင်မင်းခေါင်အသည်းနှလုံးက သက်ဆိုင်ခွင့်အပေါ်မှာ ယဉ်ပါးသာယာလာသလို ဖြစ်နေလေပြီ။

အသည်းနှလုံးက အချိန်မရွေး မွေးဖွားလာနိုင်သော အရာစစ်စစ်သည်ကား ချစ်ခြင်းတရားဟု ထင်မင်းခေါင် နားလည်နေမိပြန်လေသည်။

အသဲနှလုံးသာ ပန်းသီးတစ်လုံးဖြစ်ပါစေ။
အဲဒီပန်းသီးကို ချစ်သူသည်သာ ကိုက်စားခွင့်ရပါလိမ့်မယ်။
မချစ်သောသူကိုက်လျှင်
ခါးသီးချဉ်တူးသော ပန်းသီးဖြစ်စေပြီး
ချစ်သောသူစားပါက
အေးစိမ့်ချိုမွှေးအရသာ လေးပါစေသား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ယုနေရှုပါမားကတ်ထဲကို ထင်မင်းခေါင်ရောက်လာခဲ့၏။ ထင်မင်းခေါင်ဝတ်နေသော အဝတ်အစားအချို့မှာ ဟောင်းနွမ်းသလို ဖြစ်နေ၍ အဝတ်အစားသစ်ဝယ်ရန် ယုနေထဲသို့ ရောက်လာရခြင်းပင်။

ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်ကြည့်သည်။ ဝယ်ချင်သော အင်္ကျီဒီဇိုင်းမျိုး ရှာ၍မရ။ စက်လှေကားနားမှာရှိသော ဆိုင်တစ်ဆိုင်ရှေ့အရောက်မှာ ထင်မင်းခေါင် မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။ မိန်းကလေးတစ်ယောက် ဈေးဝယ်နေ၏။

'ပွင့်လွှာ… မဟုတ်ဘူး၊ ပန်းရှင်မွေး… ဟုတ်တယ်၊ ပန်းရှင်မွေးမှ ပန်းရှင်မွေးအစစ်'

ဆံပင်အတိုအရှည်ကိုကြည့်ပြီး ခွဲခြား၍ ထင်မင်းခေါင် တစ်ကိုယ်တည်း ရေရွတ်ပြောကြားမိလိုက်ခြင်းဖြစ်သည်။

ထင်မင်းခေါင် နောက်ဆုတ် နောက်ဆုတ်နှင့် ကိုယ်ကို ရွှေ့လာရာမှာ တစ်စုံတစ်ယောက်ကို ဝင်တိုက်မိသွား၏။

ထင်မင်းခေါင် လှည့်ကြည့်လိုက်သောအခါ သူ ဝင်တိုက်မိသော မိန်းမကြီးမှာ အထည်ပုံထဲ ဟပ်ထိုးလဲနေရာမှ ရုန်းကန်ထနေသည်တွေ့၏။

'ဟာ… အန်တီ၊ မတော်လို့ပါနော်၊ မတော်လို့ပါ၊ ဦး… အဲ… မဟုတ်ပါဘူး၊ ကန်တော့နော်'

www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်ခံရသော မိန်းမကြီးမှာ မျက်နှာကြီး နီရဲပြီး ဒေါသတွေ ထွက်လွှန်းနေသဖြင့် ရုတ်တရက် စကားမပြောနိုင်။ အထည်ဆိုင်မှ ကောင်မလေးများနှင့် အနီးဝန်းကျင်မှ ဆိုင်များမှလူတွေက သူတို့အဖြစ်ကို တခွိခွိ ကျိတ်ရယ်နေကြလေ၏။

'နင့်မျက်လုံးက ဒီလောက်တောင် ကြောင်တောင်ကန်းရသလားဟဲ့၊ ငါ့ခန္ဓာကိုယ်ကြီး ဒီလောက်ဝနေတာတောင်မမြင်ဘူးလား'

ထင်မင်းခေါင် အန်တီကြီးကို လက်ကန်တော့ထိုးတောင်းပန်ပြီး ခပ်သွက်သွက် လစ်ပြေးရတော့၏။ အန်တီကြီးမှာ စလင်းဘတ်အိတ်ကြီးကို ဂုိုင်ကိုင်ဆောင့်ပြီး အော်ကြီးဟစ်ကျယ် ပြောဆိုကျန်နေရစ်ခဲ့၏။ ထင်မင်းခေါင်အတွက်မြန်၍ ခပ်လှမ်းလှမ်းမှာ ဈေးဝယ်နေသော ပန်းရှင်မွှေးခမျာ တွေ့လိုက်မည်မထင်ပါ။

ဘေးလူတွေ ဝိုင်းကြည့်နေကြသဖြင့် ဆိုင်ခန်းတွေထဲ ကွေ့ပတ်တိုးဝင်ကာ ကိုယ်ယောင်ဖျောက်လိုက်ရ၏။ ဆိုင်ခန်းတစ်ခုကိုကွေ့ချလိုက်သောအခါ နမော်နမဲ့နှင့် ထပ်မံဝင်တိုက်မိပြန်၏။

'အို… အမေ့'

'ဆောရီးဗျာ၊ ဆောရီး'

ထင်မင်းခေါင် ဝင်တိုက်မိသော ကောင်မလေးကို သေသေချာချာ မြင်လိုက်ရမှ ငယ်ထိပ်ပေါ် ထန်းသီးကြွေကျသလို ချာလည်သွားရ၏။

'မင်း… မင်း… သမီးပွင့်၊ ဟို… ပွင့်လွှာ'

'ရှင်… ကားမောင်းတဲ့လူ မဟုတ်လား'

ပွင့်လွှာ၏ အံ့သြအမေးကို ထင်မင်းခေါင် ခေါင်းညိတ်ပြပြီး ပွင့်လွှာလက်မှ လွတ်ကျထားသော စက္ကူအိတ်တွေကို လိုက်ကောက်ပေးနေ၏။

'ရှင် ဒီမင်ဝင်တိုက်ပြီး အကွက်ထွင်ဝင်ရောတာ မဟုတ်လား'

'မဟုတ်ဘူး၊ ရုတ်တရက်မို့ မမြင်လိုက်ဘဲ ဝင်တိုက်မိတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အို… မယုံပါဘူး၊ ဟိုတစ်ခါလည်း ဒီလိုပဲ'

'အဲဒီတစ်ခါက ကျွန်တော်ပြောတာတွေ မှတ်မိတယ် မဟုတ်လား၊ အတော်ပဲ၊ ပွင့်လွှာနဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ ပန်းရှင်မွေးဆိုတဲ့ မိန်းကလေး ဒီထဲမှာရှိတယ်၊ စက်လှေကားနားက ဆိုင်မှာ အခုလေးတင် ဈေးဝယ်နေတာတွေ့တာ၊ ဒီနားလေးမှာပါ၊ လာပါ၊ လိုက်ကြည့်ပါ၊ တကယ်ပြောတာ'

'တော်စမ်းပါ၊ လာပြန်ပြီလား၊ ဒီစကား ဖယ်ဖယ် ခေါင်းရှုပ်စိတ်ရှုပ်မခံနိုင်ဘူး၊ ရှင်နဲ့ ရန်ဖြစ်နေလဲ အပိုပဲ၊ လေကုန်တယ်၊ အလကားနေရင်း စိတ်တိုနေရလို့ ကြာရင် နှလုံးရောဂါရနိုင်တယ်၊ ကဲ ဖယ်… ဖယ်မလား၊ မဖယ်ဘူးလား'

'တို့ တကယ်ပြောနေတာပါ၊ မင်းကို တို့ပြောတာ မယုံရင် ကြိုက်သလိုလုပ်၊ ဘေးလူတွေ အများကြီးရှိတယ်၊ မင်းဘက်က ချည်းပဲ'

'အို… ဘာမှမလုပ်ချင်ပါဘူး၊ ဖယ်ဆိုဖယ်နော်၊ စိတ်တိုလာပြီ'

'မင်း စက်လှေကားဘက် သွားမှာလား'

'ဟုတ်တယ်၊ ဘာဖြစ်လဲ'

ထင်မင်းခေါင် ဖယ်ပေးလိုက်၏။ ပွင့်လွှာက သူ့ကိုမျက်စောင်းခဲ၍ ဆောင့်ကြွားကြွားလေး ဖြတ်သွားလျက်မှ…

'ပါလာတဲ့ အဖော်ပျောက်လို့ ခေါင်းတောက်အောင် ရှာနေရတဲ့အထဲ၊ သူကလည်း တမှောင့်'

ပွင့်လွှာနောက်မှ ထင်မင်းခေါင် ကပ်လိုက်သွား၏။ ပွင့်လွှာ လှည့်မကြည့်။ ထင်မင်းခေါင် ဝင်တိုက်မိသော အန်တီကြီးရှိရာလမ်းမှ သွားခြင်းမဟုတ်၍သာ တော်တော့၏။ စက်လှေကားနားအရောက်မှာ ထင်မင်းခေါင် ခေါင်းထောင်ကြည့်လိုက်၏။ ပန်းရှင်မွေးကို မတွေ့ရတော့။ ပွင့်လွှာက စက်လှေကားအတိုင်း အပေါ်ကိုတက်သွား၏။ ထင်မင်းခေါင်ခမျာ ပတ်ဝန်းကျင်ဆိုင်တွေကို ကျီးကန်းတောင်မှောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှင့် ပန်းရှင်မွေးကို လိုက်ရှာကြည့်နေ၏။

မျှော်လင့်ဘဲ ဆိုင်အကွယ်တစ်ခုမှ ဘွားခနဲ ပေါ်လာသော ပန်းရှင်မွေးကို လှမ်းအတွေ့မှာ ထင်မင်းခေါင် ပြုံးပျော်သွားပြီး စက်လှေကားပေါ် ပါသွားသည့် ပွင့်လွှာကို လှမ်းအော်ခေါ်လိုက်၏။

'ပွင့်လွှာ… ဒီမှာ ပွင့်လွှာ… ခဏလေးနောက်လှည့်ကြည့်လိုက်ပါ၊ သူပဲ မင်းနဲ့တူတဲ့ မိန်းကလေးက ဒီမှာလေ'

ပွင့်လွှာ ယောင်လို့မှ လှည့်မကြည့်။ စက်လှေကားအဆုံးမှ အပေါ်ထပ်ကို လျှောက်လှမ်းသွား၏။

ပွင့်လွှာ ကွယ်ဝေးသွားသောအခါ သူ့အနားကို ရောက်လာသည့် ပန်းရှင်မွေး မျက်နှာကို အနီးကပ် တွေ့လိုက်ရ၏။

'ရှင်… ကျွန်မ နာမည်ကို ခေါ်လိုက်သလားလို့၊ ဪ… လက်စသတ်တော့ ဒင်းကိုး'

'ဟုတ်ပါတယ်၊ နေကောင်းတယ်နော်၊ ကျွန်တော်လည်း ထူးဆန်းတာတစ်ခုကို ပြောပြမလို့ပဲ၊ ပန်းရှင်မွေး ကြည့်မလား'

'ဘာထူးဆန်းတာလဲ၊ ထပ်ပြီးအကြောင်းရိုက်လို့ရမယ်ထင်သလား၊ ရှင် အခုငြိမ်ငြိမ်လေးလိုက်ခဲ့၊ အပြင်မှာ ရှင်နဲ့ကျွန်မ စာရင်းရှင်းမယ်'

'ဗျာ'

'မဗျာနဲ့၊ လူကြားထဲမှာ နားရွက်လိမ်ဆွဲပြီး ခေါ်သွားတာ ခံချင်လို့လား'

'မခံချင်ပါဘူး၊ အပေါ်ထပ်မှာ သွားရှင်းရင် ပိုမကောင်းဘူးလား၊ လာပါ၊ အပေါ်ထပ်မှာ ဒီအောက်ထပ်လို လူသိပ်မရှုပ်ပါဘူး'

'အောင်မယ် သူခေါ်ရာတောင် လိုက်ပေးရမလိုဘဲ၊ မရဘူး၊ ဈေးအပြင်မှာ ရှင်းမယ်၊ လိုအပ်ရင် တွေ့တဲ့ရဲလက်ထဲ ရှင့်ကိုအပ်ရမယ်၊ အခုလိုက်ခဲ့၊ လျှာထပ်ရှည်ရင် ရှင် ပိုဆိုးသွားမယ်နော်'

ပန်းရှင်မွေး တကယ်လုပ်မယ့်ဟန်နှင့် စိုက်ကြည့်သောကြောင့် ထင်မင်းခေါင် ခေါင်းကုတ်သွားရ၏။ ပန်းရှင်မွေး၏ နောက်ဆောင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဈေးအပြင်သို့ ပြားဝပ်စွာ လိုက်ပါလာလိုက်ရ၏။

ဈေးပြင်ရောက်သောအခါ ပန်းရှင်မွေးက အနီးဝန်းကျင်ကို လှည့်ပတ်ရှာနေ၏။ ထင်မင်းခေါင်က…

'ဘာလဲ၊ တက္ကစီ ငှားမလို့လား၊ တို့မှာ ကားပါလာတယ်'

'ဘာတက္ကစီ ငှားရမှာလဲ၊ ရဲလက်အပ်မလို့ သိလား'

'ရဲလက်အပ်ရအောင် တို့က ဘာဥပဒေချိုးဖောက်ထားလို့လဲ'

'ဒီမှာလေ၊ ကျုပ်ဆံပင်ကို ညှပ်ထားတာ၊ လက်ရာမပျက်သေးဘူး'

'ဒါ… သက်သေရှိမှ ရှင်းလို့ရတာပါ'

'မပူနဲ့၊ ရှင် ရဲလက်ထဲရောက်မှ သက်သေခေါ်ခဲ့မယ်'

'သင်းသင်းကိုလား'

'ဟုတ်တယ်'

'သင်းသင်းနဲ့ ကျွန်တော်က ခင်နေတာ ကြာပြီ'

'မဟုတ်တာတွေ မပြောနဲ့၊ အပိုတွေ မကြားချင်ဘူး'

'သင်းသင်းက တောင်ဥက္ကလာ ဆယ်ရပ်ကွက်ထဲမှာနေတယ်လေ၊ ဟိုတစ်ရက်လောက်ကပဲ သင်းသင်းအသွားတောင် ရှင်ပါကူက ဖြန်ဆင်းလာလို့ ကျွန်တော့်ကားနဲ့ ပို့ပေးရသေးတယ်'

'ရှင့်ကားက ပလတ်စတစ်ကားလား'

'မဟုတ်ဘူး၊ မီးသတ်ကား၊ အဲ… အငှားကား'

'အခု ပါလာတယ်ဆိုတာ ဘယ်မှာလဲ'

'ဒီရှေ့နားမှာတင် ထိုးထားတယ်၊ အပေါ်ကိုမတက်ဖြစ်မှာစိုးလို့ အလွတ်ထိုးထားတာ၊ ဟိုမှာတွေ့လား၊ ပရာဒိုကား၊ ပရာဒိုကား…'

'အံ့ပါရဲ့၊ အဲဒါ ရှင့်ကားလား'

'မဟုတ်ဘူး၊ အဲဒီကားဘေးက ဗင်ကား'

'အဲဒါ ရှင့်ကားပေါ့'

'မဟုတ်ဘူး၊ ဗင်ကားဘေးက ခပ်ရွဲ့ရွဲ့စုပါရှသ်ကားလေး'

'အဲဒီကားလေးဘေးက အက်စ်အီးသန့်သန့်လေးဟာ ရှင့်ကား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ပေါ့၊ ဒီလိုလား'

'မဟုတ်ဘူး၊ အဲဒီဗင်ကလေးက တို့ရဲ့ကားပဲ'

ပန်းရှင်မွှေး နှာခေါင်းရှုံ့လိုက်ပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားရသော ပစ္စည်းအိတ်တွေကို သူ့ရင်ဘတ်ထဲ ပစ်ထည့်လိုက်၏။

'ခဏကိုင်ထား'

ပန်းရှင်မွှေး ပြောပြီး ထဘီကို ချပ်ချပ်ရပ်ရပ် ပြုပြင်ဝတ်ဆင်လိုက်၏။ အထုပ်တွေကို ပြန်မယူ။

'ရှင့်ကားနဲ့ သွားမယ်'

'ဘယ်ကိုလဲ'

'တိုင်လို့ရမယ့်နေရာကိုပေါ့'

'စိတ်မလျှော့သေးပါလား'

'ဘာလို့ စိတ်လျှော့ရမှာလဲ၊ ကျွန်မ စိတ်ဆင်းရဲထားရတာကိုလည်း ပြန်တွေးကြည့်စမ်းပါဦး'

'ဒါဆို ဗျူတီပါလာကို သွားမယ်လေ၊ အခု ဆံပင်ပြန်ဆက်လို့ရတဲ့နည်းစနစ်တွေ ပေါ်နေပြီ၊ ကုန်ကျစရိတ် တို့ ခံပါ့မယ်'

'လျှာဖျားမှာဖြစ်တဲ့စကား နားခါးတယ်၊ ရှင် ကျွန်မကို ဒုက္ခပေးခဲ့သလို ကျွန်မလည်း ရှင့်ကို ဒုက္ခပြန်ပေးရမှ ကျေနပ်မယ်၊ နားလည်လား'

'ဒါဆို ဒီလိုလုပ်ပါလား၊ ဒီပစ္စည်းတွေကိုလည်း ကူသယ်ပေးမယ်၊ အိမ်တိုင်ယာရောက်ကားနဲ့လိုက်ပို့ပေးမယ်၊ ကားခမယူပါဘူး'

'ဒီနေ့နေ့တွက်ကိုက်ပြီးသားပါ၊ ဘယ်လိုလဲ ဒီလောက်ဆို မင်း ကျေနပ်လား'

'ရှင်က ကျွန်မဆံပင်ကို တန်ဖိုးဖြတ်လိုက်တာလား'

'ဆံပင်တစ်ဆယ်သားမှ တစ်ထောင်ပါ၊ မင်းဆံပင်က နှစ်ကျပ်ခွဲသားလောက်တောင်မရှိဘူး'

'ဘာ'

ပန်းရှင်မွှေး ထအော်၍ ထင်မင်းခေါင် တွန့်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြောင်တာပါ၊ ဒီလိုလည်း သဘောမထားပါနဲ့၊ ကိုယ်ပြောတဲ့နည်းကိုမှ မကျေနပ်လည်း မင်းကြိုက်သလိုသာ စီရင်ပါတော့'

ပန်းရှင်မွေး မျက်ခုံးတွန့်ပြီး စဉ်းစားသွားပြန်၏။ ဒေါသတကြီးလွယ် ဝင်လွယ်သော သူမကို ကြည့်၍ ထင်မင်းခေါင် လိပ်ခေါင်းကိုပြေးမြင်ယောင်နေမိ၏။ လိပ်၏ ဦးခေါင်းမှာလည်း ထွက်လွယ်ဝင်လွယ် မဟုတ်ပါလား'

'ဒီမှာ'

'လိပ်ခေါင်း'

'ဘာရှင့်'

'အဲ··· အို··· ယောင်သွားလို့ပါ၊ မင်း စဉ်းစားလို့ရတာပြောပါ၊ အားမနာပါနဲ့၊ လူကြီးစုံရာနဲ့ လာတောင်း···'

'တိတ်'

ပန်းရှင်မွေး၏ ငေါက်ဆတ်သံအဆုံးမှာ ထင်မင်းခေါင် နှုတ်ခမ်းတင်းတင်းပိတ်ထားလိုက်ရ၏။

'ဘာသဘောနဲ့ လူကြီးစုံရာနဲ့ လာတောင်းမှာတွေ တာတွေပြောနေရတာလဲ'

'ပါးစပ်ဖွင့်ပြီး ပြောလို့ရမလား'

'ပြော'

'မင်းက ဒီကပြောနေတဲ့စကားကိုမှ ဆုံးအောင်နားမထောင်တာ၊ လူကြီးစုံရာနဲ့ လာတောင်းပန်ပေးရဦးမလားလို့ ဒီက ပြောနေတာကို တလွဲထင်နေတယ်'

'မလိုဘူး၊ ရှင့်အပြစ်ကို ရှင်ပဲခံရမယ်'

'ခံပါ့မယ်၊ မင်း ဘာဖြစ်စေချင်သလဲ'

'ရှင်ပြောတဲ့နည်းနဲ့ ရှင့်ကို ဒဏ်ခတ်တာ အကောင်းဆုံးပဲ'

'ဒါများ စောစောကတည်းက ခေါင်းညိတ်လိုက်ရင်ပြီးရော'

'စောစောက မပြောချင်လို့ ပြောတာ'

'အခုကော'

www.burmeseclassic.com

www.burmeseclassic.com



'ပြောချင်လို့ ပြောတာ၊ ရှင်းလား'

'ရှင်းသလား မမေးနဲ့၊ ကတုံးမကို ခေါင်းလိမ်းဆီလူးပေးထားသလိုပဲ'

'ရှင် ကျုပ်ကို ကတုံးမလို့ စောင်းပြောတာပေါ့လေ'

'မဟုတ်ဘူး၊ ကျွန်တော် မစောင်းတတ်ပါဘူး၊ ရှင်းတယ်ဆိုတဲ့စကားကို တင်စားပြောလိုက်ရုံသက်သက်ပါ'

ပန်းရှင်မွေး မေးလေးငေါ့ထိုးပြီး ရှေ့မှ ကြွကြွရွရွလေး လှမ်းထွက်သွား၏။ အထုပ်အပိုးတွေ ပွေ့ပိုက်ပြီး ထင်မင်းခေါင်နောက်မှ လိုက်သွားရ၏။

ကားပေါ်ရောက်သောအခါ…

'ကားတင်ပြေးမှာ မကြောက်ဘူးလား'

'ကျွန်မ သွားတွေက သိပ်ထက်တာ၊ လက်သည်းတွေကလည်း ခက်မာသန်စွမ်းတယ်၊ ဘာလဲရှင့်နားရွက်တွေ၊ ရှင့်လည်ပင်းတွေနဲ့ မျက်လုံးတွေက အဲဒီဒဏ်ကို ခံနိုင်ရည်ရှိနေပြီတဲ့လား'

'ပန်းရှင်မွေးက ကိုက်တတ် ကုတ်တတ်တယ်နော်'

'ရှင်နောက်တစ်ခွန်း ဆက်ပြောရင် သက်သေပြမယ့် နမူနာတွေ ရောက်လာစေရမယ်'

ထင်မင်းခေါင် မျက်ဖြူဆိုက်ဟန် လုပ်ပြပြီး စက်နှိုးကာ မောင်းထွက်လာခဲ့၏။ ဘေးတိုက်ကြည့်လည်း လှနေသော ပန်းရှင်မွေးကို မသိမသာ ခိုးကြည့်လိုက်မိ၏။ ဆံညှပ်ကလေးနှင့် သိမ်းစုထားသော ဆံပင်တွေထဲမှာ ကတ်ကြေးကိုက်ရာလေးကို သူ လိုက်ရှာကြည့်မိသေး၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

'ရောက်ပြီ၊ ရှေ့ကအိမ်ပဲ'

ပန်းရှင်မွှေး ညွှန်ပြသော အိမ်ရှေ့မှာ ထင်မင်းခေါင်ကားကို ထိုးရပ်လိုက်၏။

'မင်း ဒီအိမ်မှာနေမှန်း တို့သိတာ ကြာပြီ'

ပန်းရှင်မွှေး ထင်မင်းခေါင်ကို အလေးမထားဟန်ဖြင့် ကားခေါ်က ဆင်းပြီး အထုပ်တွေ ပွေ့ယူနေ၏။ အထုပ်တွေပွေ့ပြီးသွားသောအခါ...

'အိမ်ထဲမဝင်တော့နဲ့နော်၊ အားနာလို့၊ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်တော့မယ်၊ သဘောတူလား'

ပန်းရှင်မွှေး မထိတထိရယ်လျက် လှမ်းပြောလိုက်ခြင်းပင်ဖြစ်သည်။ ထင်မင်းခေါင် နှုတ်ခမ်းတစ်ဖက် တွန့်ကွေးပြုံးပြပြီး ခေါင်းညိတ်၏။

ပန်းရှင်မွှေး ချာခနဲ အိမ်ထဲလှမ်းဝင်သွား၏။ ထင်မင်းခေါင် သက်ပြင်းချရင်း ကားခေါင်းပြန်လှည့်လိုက်၏။ ပန်းရှင်မွှေးတို့အိမ်ရှေ့ ကားပြန်လှည့်ထွက်ရန် အပြင်မှာပင် အိမ်ထဲမှာ အံစောပိုင်းသာတည်းက ရောက်နေသော သင်းသင်းထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ ကြေစေ အေးစေပဲလား'

သင်းသင်းက လက်ကလေးနောက်ပစ်ပြီးလှမ်းမေး၏။ ထင်မင်းခေါင် မချိသွားဖြုလေးနှုတ်ဆက်လိုက်၏။

'သွားမယ်နော်'

'နေဦးလေ၊ အိမ်ပေါ်တက်ဦးမှ^ပါ့'

'အိမ်ရှင်က နှင်နေပြီလေ'

'ရှင်မွေးက စိတ်ဆိုးပြေကာစမို့ပါ၊ နားလည်ပေးနိုင်တယ် မဟုတ်လား၊ လာပါ၊ အိမ်ထဲဝင်'

'အိမ်ရှင့်သဘောကိုလည်း မေးကြည့်ပါဦး'

'သူခေါ်ခိုင်းလိုက်တာ'

'ရှင်မွေးလား'

'ဟုတ်တယ်၊ ဘာလဲ၊ မယုံဘူးလား၊ အိမ်ထဲရောက်မှ ရုက်ရုက်နဲ့ သင်းသင်းကို လှမ်းပြောပြီး လာခေါ်ခိုင်းတာ၊ ရှင်မွေးအဝတ်လဲပြီးရင် အအေးလောက်တော့ သောက်ရမှာပေါ့၊ ဘာလဲ၊ ကျွန်မကိုရိုင်းတယ်ထင်သွားပြီလား'

'မထင်ပါဘူး၊ လည်လွန်းလို့ လန့်နေတာ'

'ဒီထက်ပိုလန့်ချင်ရင် ကားပေါ်ကဆင်း၊ အိမ်ပေါ်တက်'

ထင်မင်းခေါင် ကားပေါ်မှဆင်းပြီး အိမ်ထဲလှမ်းဝင်လိုက်၏။ ကျွန်းသားဆက်တီခုံပေါ်မှာ နေရာချပေး၍ အသာငြိမ်ထိုင်နေလိုက်၏။ သင်းသင်းက ပြုံးနေသောမျက်နှာဖြင့် ထင်မင်းခေါင်ကို ကြည့်ပြီး ပြောလိုက်၏။

'ကြည့်ရတာ ယုဇနမှာတွေ့လာတာ ထင်တယ်၊ ဒါမှမဟုတ် လမ်းပေါ်မှာလား'

'ယုဇနမှာတွေ့လာတာ၊ တွေ့တွေ့ချင်း ဟိန်းဟောက်လိုက်တာ ည်နေတာပဲ၊ ပန်းရှင်မွေး စိတ်ပျော့သွားအောင် ကျွန်တော် စိတ်လျှော့ပေးလိုက်ရသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဘယ်လိုစိတ်လျှော့ပေးတာလဲ'

'သင်းသင်းကလည်း ဘာမဆို အစကနေအဆုံး အားလုံးသိ...င်နေတာပဲ'

'စပ်စုရမှာ မိန်းမတွေအလုပ်တစ်ခုပဲဟာ၊ မဟုတ်ဘူးလား'

'စပ်စုတော့ ငရုပ်သီးပေါ့'

'အောင်မာ... ငရုပ်သီးဆိုတော့ကော ဘာဖြစ်လဲ၊ ကောင်း...ဘဲ'

'မကောင်းဘူး၊ ငရုပ်သီး မကောင်းဘူး'

'ဘာဖြစ်လို့'

'ငရုပ်သီးက အဝင်မှာလည်း ပူတယ် စပ်တယ်၊ အထွက်မှာ...ည်း အချုပ်တံခါးကို မီးနဲ့ရှို့သွားသေးတယ်၊ တကယ်ကို မကောင်း...း'

'အဲ... မညစ်ပတ်နဲ့နော်'

ထင်မင်းခေါင်နှင့်သင်းသင်း စကားလက်ဆုံ ပြောဖြစ်နေကြ...ည့်မှာပင် ပန်းရှင်မွှေးရောက်လာ၏။ လက်ထဲမှာ အအေးရည်တစ်ခွက်...ကို ဗန်းပေါ်တင်ပြီး ကိုင်လာ၏။

ပန်းရှင်မွှေးက ခွက်ကို ထင်မင်းခေါင်ရှေ့မှ စားပွဲပေါ် ချပေး...င်း မျက်နှာမဲ့ပြ၏။ ထင်မင်းခေါင်က စကားစတင်ပြောလိုက်၏။

'စေတနာရှိလို့ပေါ့နော်'

ပန်းရှင်မွှေးက သင်းသင်းအနားမှာ ဝင်ထိုင်ရင်း ဆံပင်ရှည်ကို ...င်ရှေ့ဆွဲယူဆော့ကစားရင်း ပြန်ပြော၏။

'မကောင်းတတ်လို့ပါနော်'

'ရှင်မွှေးက ပွင့်ပွင့်လင်းလင်းသမား၊ သင်းအတွေ့အကြုံ...ပြောရရင် မကောင်းတတ်လို့ဆိုပြီး အအေးတိုက်တဲ့အထိ လိုက်လျော...သေးတာ ရှင့်တစ်ယောက်ပဲ ရှိသေးတယ်'

ထင်မင်းခေါင်က ရယ်ကျဲကျဲ မျက်နှာဖြင့် ခေါင်းတညိတ်

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လုပ်ပြ၏။ ပန်းရှင်မွှေးက ဆံပင်ကိုဆော့ကစားနေရင်းမှ ထင်မင်းခေါင်ကို ကြည့်ရင်း လှမ်းပြော၏။

'သောက်လေ၊ အအေးမကြိုက်ဘူးလား'

'ကြိုက်ပါတယ်'

ပြောပြီး ထင်မင်းခေါင် အအေးယူသောက်လိုက်၏။ အအေးထုံ့သွားသောအခါ ခွက်လွတ်ကလေးကိုကိုင်ပြီး ပန်းရှင်မွှေးကို ကြည့်ရင်း ပြောလိုက်သည်။

'သီချင်းစာသားတစ်ခု သွားသတိရတယ်'

သင်းသင်းက စိတ်ဝင်စားဟန်ဖြင့် မေးလာ၏။

'ဘာတဲ့လဲ'

ထင်မင်းခေါင် ပန်းရှင်မွှေးမျက်နှာလေးကို စေ့စေ့ကြည့်လိုက်ရင်းမှ ပြောချလိုက်၏။

'အမေပြောတဲ့ အမောပြေဆိုတာ... သူ့မျက်နှာလေးပါ'

'ဘာရယ်'

ပန်းရှင်မွှေးက မျက်မှောင်ကြုတ်ပြီး ထင်မင်းခေါင်ကိုလှမ်းမေး၏

'စိတ်မရှိပါနဲ့၊ သီချင်းစာသား မှားသွားလို့ပါ၊ သီချင်းစာသားပြောင်းလိုက်မယ်၊ အမေပြောတဲ့ အမောပြေဆိုတာ အအေးခွက်ကလေးပါ၊ ကဲ ဒါဆိုရင် အိုကေသွားပြီမဟုတ်လား'

ပန်းရှင်မွှေး ထင်မင်းခေါင်ကို မျက်စောင်းလှလှလေးထိုးပြီး တုံ့ပြန်၏။ ပြီးလျှင် သင်းသင်းကို မျက်နှာမူ၍ပြော၏။

'တွေ့လား သင်းသင်း၊ ဒီလူက သိပ်မလွယ်ဘူးလို့၊ စောစောကတည်းက သူ့စရိတ်နဲ့သူ လွှတ်ပေးထားလိုက်ရင် အကောင်းသား'

သင်းသင်းက ခစ်ခနဲ ရယ်ပြီး ပြန်ပြော၏။

'ခုလည်း ဘာဖြစ်လဲ၊ ကုသိုလ်ရပါတယ်'

ထင်မင်းခေါင်က ဝင်ပြောလိုက်၏။

'ယခုပြုရ ကုသလကြောင့် အသက်ရှည်စွာ၊ အနာမဲ့ကင်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းလည်း ဝေးပါစေလို့ ကျွန်တော် ပြန်ပြီးဆုမွန်ခြွေပေးရဦးမှာလား'

'ညှော်သည်က အိမ်ရှင်ကို မစရဘူးလေ'

သင်းသင်းက အမပြော၊ ရှင်မွေးက ခပ်မောမောဟန်လေးဖြင့် သက်ပြင်းရှိုက်၏။ သင်းသင်းက...

'ဒါနဲ့ ပြောဦးမယ်၊ ရှင်မွေးမှာ အမွှာညီအစ်မ တကယ်ရှိမရှိ သိချင်တယ်ဆို၊ ရှင်မွေးကို အခု ကိုယ်တိုင်မေးလို့ရပြီပေါ့'

'ဟာ... ဟုတ်တယ်၊ အဲဒါပြောတာ၊ တကယ်... ပန်းရှင်မွေးနဲ့ ချွတ်စွတ်တူတဲ့ ကောင်မလေးကို ကျွန်တော် တွေ့ထားတယ်၊ သူ့လိပ်စာကိုလည်း ကျွန်တော် သိတယ်၊ ပန်းရှင်မွေး လိုက်ကြည့်မလား'

'မဟုတ်မဟပ်တွေ မပြောနဲ့'

'ခက်တယ်ဗျာ၊ ဘယ်လိုသက်သေပြရမှန်းကို မသိဘူး'

သင်းသင်းက ပန်းရှင်မွေးဘက်လှည့်ပြီး ပြော၏။

'သူပြောတာ ဒီတစ်ခါ အမှန်နဲ့တူပါတယ် ရှင်မွေးရယ်၊ ဟုတ်လိုဟုတ်ငြား တို့တွေလိုက်ကြည့်ကြရင် မကောင်းဘူးလား'

'မကြည့်ချင်ပါဘူး၊ သူ့ကို ဘယ်တော့မှမယုံဘူး'

'ကဲ... ကိုထင်မင်းခေါင် ကြားတဲ့အတိုင်းပဲ'

'အေးလေ တစ်နေ့တော့ တကယ်ယုံအောင် ကျွန်တော် လုပ်ပြရမှာပေါ့၊ ဒီအကြောင်း ကိုယ်နဲ့မဆိုင်ပေမယ့်လည်း စိတ်ဝင်စားမှု အားပြင်းနေတဲ့အတွက် အလိုလို ဆိုင်နေပြန်တယ်၊ ပန်းရှင်မွေးမှာ တကယ် ညီအစ်မအရင်းမရှိတာ သေချာပါတယ်နော်'

'မေမေ အပြင်သွားတယ်၊ ပြန်လာမှ မေးကြည့်ပါလား၊ တစ်ခုတော့ ရှိတယ်နော်၊ မေမေက သူ့ကို မဟုတ်မဟက်တွေ ပြောမလားဆိုပြီး ရန်ထောင်နေရင်တော့ ရှင့်အပြစ်ကို ရှင်ပဲခံစားသွားရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထင်မင်းခေါင် စိတ်မောလူမော ဖြစ်သွားမိ၏။

သူနှင့်ပန်းရှင်မွေး၏ ဆက်ဆံရေးမှာ တစ်ဆင့်တိုးတက်လာသော်လည်း သူစိတ်ဝင်စားသော အမြွှာညီအစ်မနှစ်ယောက်ကိုပေးရေးအစီအစဉ်မှာ လွဲချော်နေမြဲ။ အချိန်တန်၍ နှုတ်ဆက်ပြီး အိမ်ပြန်လာခဲ့ရသော်လည်း မိန်းကလေးနှစ်ယောက်၏ ရုပ်သွင်မှာ အတွေးထဲမှ ဝဲချာလည်ပြီး ပါလာ၏။

တစ်နည်းနည်းနှင့် ကွဲကွာနေကြသော အမြွှာညီအစ်မ။

တစ်ယောက်ကိုတစ်ယောက် မမြင်ဖူး။ မတွေ့ဖူးကြသော အမြွှာညီအစ်မနှစ်ယောက်။

နောက်ခံအကြောင်းအရင်းကြီးတစ်ခုခု ရှိနေနိုင်သည့် အမြွှာညီအစ်မအကြောင်းကို ထင်မင်းခေါင် လက်မလျှော့စတမ်း စုံစမ်းလေ့လာချင်လာ၏။

သူ၏ စုံစမ်းလေ့လာချင်စိတ်မှာ သူ့နှလုံးသားပေါ်မှာ တိတ်တိတ်ကလေး ထွက်ပေါ်လာသော အာသီသဟု သူကိုယ်တိုင် ပါးပါးလျလျကလေး နားလည်မိသောအခါ တစ်ကိုယ်တည်း ကျိတ်ပြီးပြုံးနေလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

'အဲဒီလူကို ငါ ဘယ်လိုယူဆရမှန်းတောင် မသိပါဘူး မြတ်ရာ'

ပွင့်လွှာက ခပ်ညည်းညည်းလေး ပြောချလိုက်ပြီး ဒန်းခုံကို မှီတင်လိုက်၏။ မြတ်က ခြေဖျားလေးထောက်ပြီး ဒန်းကို လွှဲလိုက်ကာ

'နင့်ကို လာကြောင်နေတာပဲဖြစ်မှာပါ ပွင့်လွှာရယ်'

'ငါတော့ သိပ်မထင်ဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲ၊ ဘာတစ်မျိုးလည်းလို့ မေးရင်လည်း ငါမဖြေတတ်ဘူး'

ပွင့်လွှာ စကားကြောင့် ဆီးတော်ဖီစားနေသော သက်လျှာက မျက်လုံးပြူးသွားပုံ လုပ်ပြ၏။

'လူတစ်ယောက်က ကိုယ့်အရေးမဟုတ်ဘဲနဲ့ ဒီလောက်ကြီး အရေးတယူ အသည်းအသန်ဖြစ်ပြနေတာကြတော့လည်း စဉ်းစားကြည့်စရာပဲ'

'ငါပြောပြီးပြီကော၊ အခုခေတ်ကောင်လေးတွေ အသစ်ထွင်ထားတဲ့ နည်းသစ်ပဲဖြစ်မှာပါ၊ လက်ကိုင်ပဝါကျနေလို့ ကောက်ပေးရင်း ခင်မင်သွားတာတို့၊ လူချင်းဝင်တိုက်မိလို့ ဘုဘောက်ချင်း အဆင်မပြေရာက အဆင်ပြေပြီး ချစ်သူဘဝရောက်အောင် မြန်တီးဆေး

www.burmeseclassic.com



တာတို့၊ ဒီလိုနည်းကောင်းတွေကို တို့မိန်းကလေးတွေက နပ်နေတော့ နည်းသစ်ထွင်လာတာဖြစ်မှာပေါ့၊ မဟုတ်ဘူးလား'

မြတ်၏ စကားကို ပွင့်လွှာက ပြန်မဖြေ။ သက်လျာကတော့ လက်ခုပ်လက်ဝါးတီးပြီး…

'ဟုတ်တယ်ဟေ့၊ မြတ်ပြောတာ အမှန်ပဲ၊ ဒီခေတ်ကောင်လေးတွေက ညာတာပါတေးနဲ့ ဝင်ရောတဲ့နေရာမှာ သိပ်တတ်ကြတာ၊ ဟိုတစ်လောတုန်းကတောင်မှ သက်လျာကို ကောင်လေးတစ်ယောက် အတင်းဝင်ရောသေးတယ်၊ မြတ်ပြောသလို အသစ်ထွင်ထားတဲ့ နည်းနဲ့ ဝင်ရောတာပေါ့၊ ဟ… ဟ.. ပြန်ပြောရင်ရယ်စရာကြီး'

'ဩော်… ပေါ်ပြီ၊ မိန်းမ ဒါမျိုးကို လျှို့ထားတယ်၊ ဘာလို့ အစက တို့တွေကို မပြောပြရတာလဲ'

ပွင့်လွှာက မျက်နှာတည်တည်လေးနှင့် မာန်လိုက်သောအခါ သက်လျာကော်ပုသွား၏။ ပြီးမှ…

'ငါလည်း ပြောမလို့ပါ၊ မယ်ပွင့်လွှာရယ်၊ ပြောမယ်ကြံတိုင်း ကိုယ့်ဘာသာကိုယ် ပြန်ရှက်နေလို့ ဟီဟိ'

မြတ်က စိတ်ရှည်ချင်ပုံမရ။

'ကဲပါ မိန်းမကလည်း အူမြူးနေလိုက်တာ၊ ပြောမှာသာ ပြောစမ်းပါ၊ ရှင်ကြုံခဲ့ရတဲ့နည်းကို'

'ပြောမယ်၊ ပြောမယ်၊ ဒီလိုဟ ကောင်လေးတစ်ယောက်က ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး အဝေးကြည့် အနီးကြည့်နဲ့ လိုက်ပိုးပန်းနေတာပေါ့ဟာ၊ ငါကလည်း သိလျက်နဲ့ မသိချင်ယောင် ဆောင်နေလိုက်တယ်၊ တစ်နေ့တော့ အဲဒီကောင်လေးက ငါ့ကားရှေ့မှာ ပိတ်ရပ်ပြီး သူ့ကိုဝင်တိုက်သွားပါတဲ့၊ ငါ့ကို စွဲလမ်းတဲ့စိတ်နဲ့ သူ သွေးပျက်သွားလိမ့်မယ်တဲ့၊ ငါက သူ့ကိုပြန်ချစ်မယ် မထင်ဘူးဆိုတာ သူသိပါတယ်၊ ဘာညာဆိုပြီး အသနားခံတာပေါ့ဟာ'

'တယ်ဟုတ်ပါလားဟေ့'

www.burmeseclassic.com

www.burmeseclassic.com



မြတ်က ဝင်နောက်၏။ ပွင့်လွှာက ပြုံးပြီး နားထောင်နေ၏။ သက်လျှာက ရင်ကော့ပြီး ဆက်ပြောပြန်၏။

'အဲဒီလောက်နဲ့ ငါ့ကိုလာခြေလို့ ငါ ဘယ်ကြွေမှာလဲ၊ အဲဒီကောင်လေးကို ငါဟိန်းဟောက်ပစ်လိုက်တာပေါ့၊ ဒီတော့မှ ကောင်လေးက မလွတ်တလွတ် ဖယ်ပေးတယ်၊ ငါလည်း အမြင်ကတ်တာနဲ့ ကားမောင်းကျင်လည်တဲ့ပညာကိုပြပစ်တယ်'

ပွင့်လွှာက ဝင်၍

'ဘယ်လိုပြလိုက်တာလဲ'

သက်လျှာက

'အဲဒီကောင်လေးရဲ့ ဒူးကို ကားဘော်ဒီနဲ့ ပွတ်ဆွဲပစ်တာပေါ့'

'ဟယ်... ရက်စက်လိုက်တဲ့မိန်းမ'

မြတ်၏ မှတ်ချက်စကား။ သက်လျှာက အလေးမထားသလို ဆက်ပြောနေပြန်သည်။

'အဲဒီမှာ ကောင်လေးနာသွားတယ်နဲ့တူတယ်၊ နောက်ဆို လမ်းမှာ ငါ့ကိုတွေ့ရင် စေ့စေ့လှမ်းကြည့်ပြီး ဖိနပ်အမြန်ချွတ်၊ ပုဆိုးခါးကြားထိုးပြီး လာရာလမ်းကို ခြေကုန်သုတ်ပြေးတော့တာပဲ'

'ဟင်... နင့်ကောင်လေးကလည်း ဘယ်လိုကြီးလဲ'

ပွင့်လွှာက ဝင်ထောက်လိုက်ခြင်းဖြစ်သည်။ သက်လျှာက

'အဲဒီလိုလုပ်ပြတာ ငါ ရှူ့ကိုစိတ်ဝင်စားအောင် ဆွဲဆောင်တဲ့နည်းသစ်တစ်မျိုးပေါ့'

'ဒါနဲ့ပြီးပြီလား'

မြန်၏အမေး သက်လျှာက ခေါင်းခါပြီး ဆက်ပြော၏။

'ဘယ်ပြီးမှာလဲ၊ အဲဒါနဲ့တစ်နေ့တော့ အဲဒီကောင်လေးနဲ့ ထပ်ဆုံတယ်၊ လမ်းပြင်နေတဲ့ လမ်းသွယ်ထဲက အဲဒီကောင်လေး လမ်းလျှောက်ထွက်လာတုန်းမှာ ငါ့ကားနဲ့ ရောက်သွားတာ တည့်တည့်တိုးသလိုဖြစ်သွားတာပေါ့၊ ဒီမှာတင် ကောင်လေးက အရှင်ပုံစံမျိုး

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကားကို စေ့စေ့ကြည့်တယ်၊ ဒီမှာတင် ငါ့ကိုလည်းမြင်ရော သွေးဆုတ်ဖြူရော်သွားတဲ့ မျက်နှာမျိုးနဲ့ သူလျှောက်လာခဲ့တဲ့ လမ်းအတိုင်း ဖိနပ်ချွတ် ခါးကြားထိုးပြီး အမြန်ခြေကုန်သုတ်ပြေးတော့တာပဲ၊ အဲဒီမှာတင် ကံဆိုးချင်တော့…'

'အဲဒီကောင်လေးပေါ့၊ သူလာခဲ့တဲ့လမ်းကွေ့နားမှာ ရပ်ထားတဲ့ လမ်းကြိတ်စက်ကြီးနဲ့ တည့်တည့်ဝင်တိုးမိတာလေ၊ ပတ်လက်ကို လဲရော၊ ငါလည်းလန့်သွားတယ်၊ ဘေးမှာ လမ်းခင်းနေတဲ့လူတွေဝိုင်းအုံလာတယ်၊ ငါ့ကြောင့် ဒီလိုဖြစ်သွားရတာဆိုပြီး ငါတော်တော် ဝမ်းနည်းသွားတယ် သိလား၊ ဒါကြောင့် နဖူးကွဲပြီး သွေးအိုင်ထဲမှေ့လဲနေတဲ့ ကောင်လေးကို ငါ့ကားနဲ့ဆေးရုံကြီးကို အမြန်ခေါ်သွားပေးလိုက်တယ်၊ ကောင်လေးကို အရေးပေါ်ကုသနေတုန်းမှာ အချိန်မရလို့ ငါပြန်လာခဲ့လိုက်တယ်၊ အိမ်ရောက်တော့လေ ငါ့ရင်ထဲ ဘယ်လိုမှ ဖြေလို့မရ၊ နေလို့မရနဲ့ အဲဒီကောင်လေးကို အရမ်းသနားပြီး ငါ… ငါ… တကယ်ချစ်သွားမိတယ်'

သက်လျှာ မျက်လုံးလေး ညှိုးနွမ်းသွား၏။ မြတ်က…

'နင့်ဇာတ်လမ်းက ရယ်ရမယ်ဆိုပြီး ဘယ်လိုဖြစ်ပြီး အလွမ်းဇာတ်ဖြစ်သွားရတာလဲ'

သက်လျှာက မျက်နှာလေး ညှိုးနေသော အချိုးပြန်ပြင်ပြီး ရွှင်လာသော မျက်နှာအမူအရာဖြင့် စကားဆက်၍ ပြောလေသည်။

'နောက်နေ့ကျတော့ ငါ ဘယ်လိုမှ စိမ်းနေလို့မရတာနဲ့ ဆေးရုံကို သွားတွေ့တယ်၊ ကောင်လေးရဲ့ မိဘဆွေမျိုးတွေလည်း ဆေးရုံထဲမှာ ရောက်နေကြပြီ၊ ညှို့သည်တွေ့ချိန်မှာ ငါဝင်တွေ့တော့ ကောင်လေးက ငါ့ကို လုံးဝမမှတ်မိတော့ဘူး'

'ဘုရားရေ… အင်္ဂါတ်မေ့သွားပြီ မဟုတ်လား'

ပွင့်လွှာက ဘုရားတ၍ ပြောလိုက်ခြင်းဖြစ်သည်။ သက်လျှာက ခေါင်းခါပြပြီး စကားဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'အတိတ်မမေ့ဘူး၊ အဲဒီကောင်လေး အတိတ်ကို ပြန်သတိရသွားတာ ပွင့်လွှာရဲ့၊ ငါနဲ့တွေ့နေတဲ့အချိန်က အဲဒီကောင်လေးက အတိတ်မေ့ပြီး နည်းနည်းကြောင်နေတာ၊ အဲဒီလို ဝင်တိုက်ခံလိုက်ရပြီးကတည်းက သူ့အတိတ်ဟောင်းကို အားလုံးပြန်သတိရသွားတယ်၊ ငါနဲ့ဖြစ်ခဲ့တဲ့ အတိတ်သစ်က နည်းသစ်တွေကိုတော့ သူ အားလုံးမေ့သွားတယ်'

'ဟာ… နင့်ဟာကြီးကလည်း ဘယ်လိုကြီးလဲ'

မြတ်က ဝင်မေးလိုက်ခြင်းဖြစ်သည်။ သက်လျှာက…

'အဲဒီ ဘယ်လိုကြီးလဲကြောင့် ငါ့မှာ ချစ်တတ်တဲ့ဝေဒနာတွေ အဖက်တင်ကျန်ရစ်ခဲ့ရတာပေါ့ဟာ၊ ငါ့အဖြစ်က ပြန်တွေးမိပြောမိရင် အံ့ဩစရာလည်းကောင်း၊ ရယ်ဖို့လည်းကောင်း၊ စိတ်ညစ်ဖို့လည်းကောင်းတယ်၊ ဒီထက်ပြောရရင် ရှက်ဖို့ကောင်းတယ်၊ အဲဒါကြောင့် ရင့်နှုတ်ပိတ်နေခဲ့တာပေါ့၊ အခုကြုံကြိုက်လို့ သူငယ်ချင်းအရင်းအချာတွေကို ပြောပြတာ၊ ဘယ်သူ့ကိုမှ ရှင်တို့ ပြန်မပြောရဘူးနော် ဒါပဲ'

ပွင့်လွှာက ဟဟလေးပြုံးရယ်နေရာမှ…

'မပြောပါဘူး သက်လျှာရယ်၊ တို့လမ်းထဲမှာ အိမ်ပေါက်စေ့အဝတ်လိုက်ဖွတ်ရင်း အတင်းပြောတတ်တဲ့ ဒေါ်အံမီနာတစ်ယောက်တည်းကိုသာ ပြောပြရုံလေး ပြောပြမှာပါ'

'ဟယ်… ပွင့်လွှာ မညစ်စုတ်နဲ့၊ သက်လျှာ စိတ်ညစ်အောင်သွားပြောရင် သက်လျှာ အရမ်းငိုမှာနော်'

သက်လျှာ၏ စကားအဆုံးမှာ မြတ်ကဝင်၍ ပြောလာ၏။

'မငိုပါနဲ့ သက်လျှာရယ်၊ နင်ငိုရင် နင့်နှုတ်ခမ်းကြီးက အာပြဲခြောက်နဲ့ တူလွန်းလို့ပါ'

'အာ… မိမြတ် မကောင်းဘူးကွာ၊ ကဲ… ကဲ…'

သက်လျှာက မြတ်ကိုထုရိုက်ဆွဲဆိတ်နေ၏။ မြတ်မှာ အလူးအလဲကာကွယ်ရင်း ပွင့်ပွင့်လင်းလင်းရယ်မောနေလေ၏။ ပွင့်လွှာက

www.burmeseclassic.com



'သက်လျာရဲ့ ကောင်လေးလိုများ ငါ့နောက်ကိုအတင်းလိုက်တယ်ပြီးပြောနေတဲ့ ဟိုလူဖြစ်နေမလား မသိဘူးနော်'

သက်လျာက ထုရိုက်ခြင်းကို ရပ်တန့်လိုက်၏။ ပြီးမှ…

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့နော်'

မြတ်က သဘောညီသလို လှမ်းပြောလိုက်၏။ မြတ်က…

'ဒါဆို နင်တို့နှစ်ယောက် ဘဝတူတွေပဲ၊ ဒီနေ့ကစပြီး နင်တို့နှစ်ယောက်ကို ငါတစ်မျိုးပြင်ခေါ်ရမယ်၊ အယားမရှူး၊ အရှူးမယားတွေဟေ့… ဟေး… ဟေး'

ပွင့်လွှာနှင့်သက်လျာတို့၏ ဝိုင်းဝန်းထုနှက်မှုအောက်မှာ မြတ်၏ ရယ်သံ ပျောက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

'မင်း ဒီနေ့ ကားလာထုတ်တာ စောသားပဲ၊ ဝီရိယရှိတာ ကောင်းတယ်၊ အဲ··· မကောင်းတာကတော့ မင်းအဖေ အိမ်ထဲရောက် နေတယ်၊ ကြည့်ရတာတော့ ထုံးစံအတိုင်း မှန်လာပုံရတယ်၊ ဒါပေမဲ့ သူ့ဟူငွေ့ကို သူ ထိန်းနိုင်ပါတယ်'

တိုက်ခန်းဝမှ ဆီးပြောလိုက်သော ဦးလေးတိုးစကားကြောင့် သူ မျက်လုံးပိုကျယ်သွားမိ၏။ ဦးလေးတိုးကို အသိအမှတ်ပြု နှုတ်ဆက် ပြီး တိုက်ခန်းထဲကို ဝင်လိုက်သောအခါ ဧည့်ခန်းမှာ ထိုင်နေသည့် မွေးစားဖခင်ဖြစ်သူကို တွေ့လိုက်ရ၏။ ဦးလေးတိုးပြောစကားကို ဖခင် ဖြစ်သူ အားလုံးကြားသိနိုင်သော်ငြား ထိုစကားအပေါ်မှာ ဂရုထားဟန် မပြ။

သူ့ကို လှမ်းပြုံးပြနေသော မွေးစားဖခင်၏ အပြုံးကို သူ့ ထုံးသားနှင့် နားလည်လက်ခံယူလိုက်ရ၏။ ဘဝရဲ့ခါးသီးမှုတွေ လိမ်း သပ်ပွတ်ကျံထားသော အပြုံး၊ ရှိသည့်အရွယ်ထက် ပို၍ရင့်ရော်နေသော အရော်နွမ်းပါးသည့် အပြုံး။

'အဖေ ငွေလိုလို့လား'

www.burmeseclassic.com

www.burmeseclassic.com



သူ လိုရင်းကို မေးလိုက်၏။ သူ့ကို ရီဝေစွာပြန်ကြည့်နေသော ဖခင်က စိတ်မပါတပါ ခေါင်းညိတ်ပြ၏။ လူတစ်ယောက်၏ဘဝမှာ ထံကြုံမှာတစ်မျိုး ခံလိုက်ရသည်နှင့် ပြောင်းပြန်အချိုးကျအောင် ပြောင်းလဲသွားသောအဖြစ်အပျက်။ ထိုသည်၏ သက်သေဖြစ်သော ဖခင်ဖြစ်သူကို သူ စိတ်မကောင်းစွာ ငေးကြည့်ရင်း အိတ်ထဲမှ ပါသမျှငွေကို ထုတ်ပေးလိုက်မိ၏။

'နှစ်ထောင်ရှိတယ် အဖေ၊ လောက်ရဲ့လား'

အော့ခနဲ လေချဉ်တက်ရင်း ခေါင်းညိတ်ပြရှာသော မွေးဖခင်ကို သူ အားယူ၍ ပြုံးပြလိုက်၏။

'အဖေ ဒီလိုပဲ နေသွားတော့မှာလား'

သူ့စကားကြောင့် မျက်နှာမော့ကြည့်လာသော ဖခင်ဖြစ်သူကို သူ ဆက်ပြောရန် ခွန်အားချို့ငဲ့သွားရ၏။

'တစ်နေ့နေ့တော့ ငါ ပြန်လာမှာပေါ့ကွာ'

ဖခင်ဖြစ်သူ၏ စကား။ ဝမ်းနည်းစိတ်နှင့် သူ နားကြားခဲ့၏။

'အသက်အရွယ်ရလာပြီဆိုတော့ ကျွန်တော် စိတ်ပူလို့ပြော တာပါ'

'အဖေ နားလည်ပါတယ်၊ ဒီနေ့ စိတ်နောက်ကိုယ်ပါ လိုက် နေပေမယ့် တစ်နေ့နေ့တော့ ကိုယ်နောက်စိတ်ပါ လိုက်နေရမှာ အဖေ့အတွက် မပူပါနဲ့၊ အဖေ အရက်ဖြတ်ဖို့ ကြိုးစားနေပါပြီ၊ တစ် ဖြတ်ရင် ခံနိုင်မယ်မထင်လို့ တဖြည်းဖြည်းမျှင်းဖြတ်နေတာပါ၊ အ အရက်ပြတ်သွားတဲ့နေ့မှာ သားအိမ်ကို ပြန်ခဲ့မယ်'

'ကျွန်တော် အမြဲတံခါးဖွင့်ထားပါတယ်'

သူ့စကားကို ဖခင်ဖြစ်သူ အားယူပြုံးပြကာ ခေါင်းညိ ညိတ် လှုပ်ခါရင်း ထိုင်ရာမှ ထ၏။ ဖခင်ဖြစ်သူ လက်ကို သူအ လှမ်းဆွဲပြီး သူ့နဖူးမှာ ကပ်ယိလားလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဖေ သွားတော့မယ်'

ဖခင်ဖြစ်သူ၏ လက်ဖဝါးကို ဆုပ်ကိုင်ထားသော သူ၏ ခွန်အားတွေ လျော့ရဲသွား၏။ ဖခင်ဖြစ်သူ၏ စကားကို ခေါင်းညိတ်နားယူလိုက်ရင်း ခေါင်းငုံ့ထားလိုက်မိ၏။

သူ့အပေါ်းမှ ထွက်ခွာသွားသော ဖခင်ဖြစ်သူ၏ လုံချည်အနားတော်သံကို ကြား၏။ ရုတ်ခနဲ ပျောက်ကွယ်သွားသော ဖခင်၏ ခြေအစုံကို သူ အာရုံဖြင့် ကန်တော့လိုက်ပါသည်။

ခဏအကြာမှာ ဦးလေးတိုး ရောက်လာ၏။

'ဘယ်လိုလဲ၊ မင်းအဖေကို ဒီလိုပဲ နေခိုင်းတော့မှာလား'

'ဒီလိုမနေဖြစ်အောင် ကျွန်တော် အကြိမ်ကြိမ် ကြိုးစားတောင်းပန်ခဲ့တာပဲ ဦးလေးရယ်၊ အဖေက ကလေးမဟုတ်ဘူး၊ ကျွန်တော့်ကို ငါးနှစ်သားလောက်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တာ ဒီအဖေပါ၊ အမေဆုံးပြီးတဲ့နောက်မှာ အဖေ စိတ်ဓာတ်အကြီးအကျယ် ကျနေပေမယ့် ကျွန်တော့်ကို ဒီလိုအခြေအနေ မဆိုးအောင် အဖေ မြေတောင်မြှောက်ပေးခဲ့ပြီး ကိုယ့်ဘဝကို ရပ်တည်နိုင်အောင် ပြင်ဆင်ပေးခဲ့တဲ့ ဒီအဖေပါ၊ ကျွန်တော့်ထက် အဖေက လောကအကြောင်း လူတွေအကြောင်းကို ပိုသိပါတယ်၊ အဖေ အမြင်အသိနဲ့ကန်ပြီး အိမ်ပြန်ရောက်လာမယ့်အချိန်ထိ စောင့်ရုံကလွဲရင် အခုလို အဖေ ငွေလိုတိုင်း ထောက်ပံ့နေရုံကလွဲရင် ကျွန်တော်တို့သားအဖ ဒီလိုပဲ နေသွားကြရတော့မှာပေါ့ ဦးလေးတိုးရာ'

ဦးလေးတိုးက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပြီး

'အေးပေါ့လေ၊ လူကြီးကို ကလေးဆုံးမလို့မှ မရတာ၊ မင်းပြောသလို အဆင်ပြေတာမျိုးပဲ ကောင်းပါတယ်'

'ဟုတ်ကဲ့ ကျွန်တော် ကားယူသွားတော့မယ်နော်'

'အေး… အေး… ကားကိုလည်း ဂရုစိုက်မောင်းနော်၊ ဒီသနား တကတ်တတ်တဲ့ ကောင်မလေးတွေကို ရှောင်ပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတို့ စကားကြောင့် အမြွာညီအစ်မလို ရုပ်ချင်းတူသော မချောနှစ်ယောက်ကို ပြေးအမှတ်ရလိုက်၏။

ပန်းရှင်မွေး…

မွှင့်လွှာ…

သူမတို့နှစ်ယောက်သာ ကောင်းကင်နှင့်မြေလွှာဖြစ်မလာ သရွေ့ သူမတို့ဆုံစည်းနိုင်မယ့်တစ်နေရာကို သူတွေ့အောင် ကြိုးစား ရှာဖွေဖန်တီးပေးနိုင်စေရမည်။

တွေးကြည့်လျှင် သူနှင့်အနေသာကြီးဖြစ်သော်လည်း အိမ်မငံ ပန်းကို စိတ်ကူးဖြင့် ထုဆစ်ရခြင်းအပေါ် သူ ရင်ခုန်မွေ့လျော်တာ သည်မှာ သူ့ပင်ကို ဝါသနာ။

သူ ကားပေါ်ရောက်လာသည်နှင့် သူ့အသိတရား လက်ခံ ပေါ်သွားသော အတွေးပါးပါးကို ပြန်လည်အာရုံထားမိလိုက်၏။

သူ့ဝါသနာက ဖခင်နှင့်ပတ်သက်သော စိတ်ညစ်နွမ်းကြေ မှုကို လျော့ပြေပါးလျကျသွားစေနိုင်စွမ်းရှိစေသည်မှာ အမှန်တကယ် ပင်။

ငြိမ်သက်ခြင်းဌာ မစွမ်းနိုင်သော စိတ်မီးလောင်မှုကို ပြေ လျော့ခြင်းဌာ စွမ်းနိုင်သော အာရုံလဲလှယ်မှုနှင့် ကုစားခွင့်ရှာလည်း ရောက်နေသည့်အတွက်…

ရုပ်ချင်းခွဲမရအောင်တူသော မချောနှစ်ယောက်၏ အရေး သည် သူနှင့်လည်း နွေးထွေးစွာ သက်ဆိုင်နေပါသည်။

အနည်းဆုံးဖြင့် မချောနှစ်ယောက်၏ မမြင်နိုင် မသိနိုင်သော အတိတ်ဘဝကို တွက်ချက်အဖြေထုတ်ရာ၌ သူသည် အစားသွင်း ပံ့ပိုးပေးနိုင်သော မသိကိန်းတစ်ခုလည်း ဖြစ်နေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

မျှော်လင့်တောင့်တခဲ့သော အလိုဆန္ဒသည် မမျှော်လင့်သော တိုက်ဆိုင်မှုတစ်ခုကြောင့် ရုတ်တရက် ပြည့်ဝလာခဲ့စေသော နေ့တစ်နေ့၏ စက္ကန့်အပိုင်းအခြားတစ်ခုမှာ သူရောက်ရှိလာခဲ့၏။

သိပ်မထူးဆန်းသော အကြောင်းတစ်ခုမှာ ရွှေတိဂုံဘုရားဖူးပြန်လာသော ပန်းရှင်မွှေးနှင့် သင်းသင်းကို ကားမှတ်တိုင်မှာတွေ့၍ သူ့ကားနှင့်ခေါ်တင်လာခဲ့ခြင်းပဲဖြစ်သည်။ ထိုသည်နှင့်ဆန့်ကျင်သော အလွန်ထူးဆန်းသော အကြောင်းတစ်ခုမှာ လမ်းကြုံ၍ သူ့ကားအဝ‌ောက် ခါတ်ဆီဝင်ထည့်စဉ်မှာပင် ထိုခါတ်ဆီဆိုင်ရှေ့မှာ တန်းစီနေသော ပွင့်လွှာတို့ကားကို တည့်တည့်ကြီး သွားတိုးမိခြင်းဖြစ်၏။ ရှေ့ဆင့်နောက်ဆင့်ရပ်ထား၍ ပွင့်လွှာတို့ကို လှမ်းမြင်နေရ၏။

'တွေ့ပြီ၊ တွေ့ပြီ၊ ပန်းရှင်မွှေး ခဏလေး အောက်ကိုဆင်းပေးလိုက်ပါလား'

'ဘာဖြစ်လို့လဲဟင်'

'အရေးတကြီး ပြောစရာရှိလို့ပါ'

ပန်းရှင်မွှေးကိုခေါ်ပြီး ပွင့်လွှာတို့ကားနားမှာ ရပ်လိုက်၏။ ယာဉ်မောင်းနေရာမှာ ထိုင်နေသော ပွင့်လွှာက မော့ကြည့်သည်။

'ပွင့်လွှာ… မင်းနဲ့တူတဲ့ ပန်းရှင်မွှေးဆိုတာ ဒီမှာ'

www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် အကြည့်မှာ အံ့ဩမှု လှိုင်းတွေ လက်လက်ယှက်ဖြာနေသယောင်ယောင်။

သူမတို့ နှစ်ယောက်စလုံး၏ မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုကို ဖေည်းတွန်းလှန်နေရသော အရိပ်လက္ခဏာတွေ။

မယုံကြည်နိုင်ခြင်း အရိပ်တွေ တိတ်ဆိတ်စွာ လွင့်ပြယ်သွားသည်အထိ သူ ငြိမ်ပြီး စောင့်နေလိုက်၏။

'အံ့ဩစရာပဲ၊ တူလိုက်တာနော်'

ပန်းရှင်မွှေးထံမှ ထွက်ပေါ်လာသော စကား။

သူခေါင်းညိတ်ပြလိုက်ပြီး အသိမဲ့နေသလို မော့ကြည့်နေသော ပွင့်လွှာအား…

'ယုံပြီလား'

ပွင့်လွှာက သူမ၏ သူငယ်ချင်းများဘက် လှည့်ကြည့်၏။ ပွင့်လွှာ သူငယ်ချင်းတွေကလည်း ပါးစပ်အဟောင်းသားနှင့်ပွင့်လွှာကို တစ်လှည့်၊ ပန်းရှင်မွှေးကိုတစ်လှည့် ကြည့်နေကြ၏။

သူက…

'ကိုယ်တို့ခတ်ဆိပြည့်ပြီးတာနဲ့ တစ်နေရာရာမှာ ဆုံပြီး စကားပြောကြရအောင်လား'

ပွင့်လွှာ ခပ်ဆဆ စဉ်းစားနေရာမှ သူ့ကိုခေါင်းညိတ်ပြလိုက်၏။ ပန်းရှင်မွှေးမှာ ပွင့်လွှာကို စိုက်ကြည့်နေရာမှ သူမမျက်နှာကို သူမဘာသာ လက်ဖြင့်အသာစမ်းကြည့်နေ၏။

●

ပြည်သာယာလမ်းထိပ်မှာရှိသော စားသောက်ဆိုင်လေးတစ်ခုမှာ အားလုံးဝိုင်းဖွဲ့မိကြ၏။

တစ်ဦးမျက်နှာကိုတစ်ဦး အသေးစိတ် လေ့လာအကဲခတ်နေကြသော ပန်းရှင်မွှေးနှင့် ပွင့်လွှာတို့ကို တိတ်ဆိတ်ငြိမ်သက်စွာ။

သူမတို့နှစ်ယောက်၏ ရုပ်ပုံလွှာတူညီလွန်းသူအပေါ်မှာ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက် သူငယ်ချင်းတွေက ရေပက်မဝင်အောင် ဝေဖန်ဆွေးနွေးနေကြ၏။

သူက...

'လူတူမရှား၊ နာမည်တူမရှား ရှိနိုင်တယ်ဆိုတဲ့အားလုံးရဲ့ သုံးသပ်မှုအမြင်တွေ မှားနေတယ်၊ ပွင့်လွှာနဲ့ ပန်းရှင်မွှေးဟာ ကျိန်းသေ အမြွှာညီအစ်မပဲ၊ ရုပ်ချင်းခွဲမရအောင် တူလွန်းတာ အမြွှာညီ ာစ်မတွေပဲ ဖြစ်မှာမဟုတ်လား'

သင်းသင်းက ပန်းရှင်မွှေးလက်ကို ဆုပ်ကိုင်လိုက်ပြီး...

'ဖြစ်နိုင်တယ်နော်'

ပန်းရှင်မွှေး ဘာမှပြန်မတုံ့ပြန်၊ ထို့နည်းတူ ပွင့်လွှာမှာလည်း ငြိမ်သက်လျက် မြတ်က ပွင့်လွှာပခုံးကို သူမပခုံးနှင့်တိုက်လိုက်ပြီး...

'ရှင်... ဒီလိုပဲ ဆွံ့အနေတော့မှာလား'

ပွင့်လွှာက မြတ်ကို မကြည့်၊ ပန်းရှင်မွှေးနှင့်သူ့ကို မျက်လုံးလေးလှန်ပြီး ကြည့်ကာ...

'ဒီက မမက အသက်ဘယ်လောက်ရှိပြီလဲ'

ပန်းရှင်မွှေးက ပွင့်လွှာကို အပြုံးနှင့်တုံ့ပြန်ပြီး...

'နှစ်ဆယ်ထဲဝင်နေပါပြီ'

သူမတို့နှစ်ယောက်၏ မွေးရက်ကို တိုက်ကြည့်သောအခါ တူညီနေ၏။ မွေးနာရီ အတိအကျကိုဖြင့် နှစ်ယောက်စလုံး မသိကြ။

သူက နှစ်ဖက်စလုံးကို ရင်းနှီးရဲရင့်စွာ စကားပြောလာနိုင်စေရန် အလိုက်သင့်ဟာသလေးတွေဖောက်ပြီး ပေါင်းကူးပေးနေ၏။

အတန်ကြာမှ နှစ်ဦးနှစ်ဖက် နှုတ်မှုရေးရာ ရဲသွက်လာကြပေသည်။ ပွင့်လွှာက...

'ကျွန်မတို့ နှစ်ယောက်ရဲ့ အကြောင်းတွေကို တိုက်ဆိုင်မှု များလာတော့ အံ့ဩရတာများပြီး ယုံသွားတယ်နော်'

'မမလည်း ညီမလေးလိုပါပဲ၊ မမတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ချက်အတော်များများ ရှိကိုရှိလိမ့်မယ်လို့ မထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ညီမလည်း အဲဒီလိုမြင်တယ်'

သူကဝင်၍…

'ဒီလိုလုပ်ပါလား၊ ကိုယ့်အကြောင်းကိုယ် စုံစမ်းပြီး ပြန်တိုက်ညှိကြည့်ပေါ့၊ ပန်းရှင်မွေးကလည်း ပန်းရှင်မွေးရဲ့ မိဘတွေကို ပြန်မေးကြည့်၊ ပွင့်လွှာကလည်း ပွင့်လွှာရဲ့ မိဘတွေကိုပြန်မေးကြည့်၊ ဒါဆိုရင် လျှို့ဝှက်မှုရဲ့ သဲလွန်စတွေ ရလာမှာပေါ့၊ ကံကောင်းရင် အကြောင်းစုံတောင် သိရဦးမယ်'

ပန်းရှင်မွေးက…

'ရှင့်အကြံ မဆိုးဘူး၊ မမ သဘောတူတယ်၊ ညီမကော ဘယ်လိုသဘောရသလဲ'

'သမီးရဲ့ မိဘတွေကတော့ အမှန်အတိုင်း ပြောပြလိမ့်မယ် မထင်ဘူး၊ ဘာလို့လဲဆိုတော့ သမီးကို ဖေဖေကော မေမေကော အရမ်းချစ်တာ၊ ပြီးတော့ သမီးကတစ်ဦးတည်းသော သမီးလည်းဖြစ်နေတယ်လေ'

သူက

'မေးတော့ မေးကြည့်ပေါ့၊ မဖြေရင်တောင်မှ ပွင့်လွှာရဲ့မိဘတွေ ပွင့်လွှာ ဒီအကြောင်းသိတာကို အလွန်အံ့သြသွားကြမှာပဲ၊ အဲဒီအခါကျမှ စိတ်ကောင်းဝင်ပြီး ပြောချင်ပြောလာနိုင်တယ် မဟုတ်လား'

မြတ်က…

'ရှင်ပြောတာက ပွင့်လွှာဟာ သမီးရင်းမဟုတ်ဘူးဆိုတာ ပိုင်သေတွက်ထားသလိုပါပဲလား၊ ဟုတ်မှလည်းလုပ်ပါ၊ တော်ကြာ မြတ်တို့ပါ ပြဿနာတက်လိမ့်မယ်၊ မြတ်တို့က ပွင့်လွှာနဲ့တတွဲတွဲတွေလေ'

'ကျွန်တော် ပိုင်သေပြောရဲလို့ ပြောတာပါ၊ ပွင့်လွှာဘက်က အဖြစ်မှန်မသိရရင်တောင်မှ ပန်းရှင်မွေးဘက်က တစ်ခုခုသိလာရနိုင်တယ် မဟုတ်လား'

'ဒါတွေ ရှင်မွေး အတတ်မပြောနိုင်ဘူး၊ ရှင်မွေး အမေက အပေါက်နည်းနည်းဆိုးပေမယ့် စိတ်ရင်းကောင်းပါတယ်၊ ရှင်မွေးကို

www.burmeseclassic.com

www.burmeseclassic.com



ည်းချစ်တယ်၊ ရှင်မွေးကို ဘယ်တော့မှ ညာမပြောခဲ့ဖူးဘူး'

သင်းသင်းက…

'ဒါတော့ တကယ်ပဲ၊ သင်းသင်း အသိဆုံးပါ'

'ကဲ… ဒါဆိုရင်လည်း မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ စားသောက် ကြရအောင်၊ မနက်ဖြန် ဒီဆိုင်မှာပဲ ဆုံမှတ်လုပ်ပြီး ပြန်တွေ့ကြ ယ်၊ အဲဒီနေ့မှာ ပန်းရှင်မွေးနဲ့ ပွင့်လွှာတို့ရဲ့ အဖြေတွေ ပြန်ပါလာ ယ်လို့ ယုံကြည်ထားရအောင်လား၊ ဘယ်လိုအဖြေပဲဖြစ်ဖြစ်ပေါ့'

သူ့စကားကြောင့် အားလုံးငြိမ်ဆိတ်သွားကြ၏။ ပွင့်လွှာက ငိုးငယ်မှု ငေးရီနေရာမှ…

'ရှင်က ဘယ်လိုဖြစ်ပြီး အကျိုးဆောင်ဖြစ်သွားရတာလဲ၊ ပွဲခ တော့ မရနိုင်ဘူးနော်'

'ကိုယ်က မင်းတို့နှစ်ယောက်ရဲ့ကြားက အကြောင်းတရားကို စိတ်ဝင်စားတာပါ၊ စိတ်ချ၊ မင်းတို့နှစ်ယောက်ရဲ့ အကျိုးဆောင်ခအဖြစ် မင်းတို့ရဲ့ သတ်မှတ်မှုကို ကိုယ်ရထားပြီးပါပြီ၊ ပွဲခမလိုတော့ဘူး'

'ဘယ်လိုသတ်မှတ်မှုလဲ'

'အကျိုးဆောင်အဖြစ် သတ်မှတ်မှုလေ'

သင်းသင်းက ပန်းရှင်မွေးကို တံတောင်နှင့်အသာတွတ်ရင်း

'အကျိုးဆောင်ကြီးကလည်း ဒီပိုင်းကို ရှင်းသင့်တယ်ထင်တာ ပဲ'

မြတ်က လက်ဖျစ်လေးတစ်ချက်တီးပြီး မေးလေးမော့ကာ

'အဲဒီအစ်မရဲ့ အကြံကို မြတ် ထောက်ခံတယ်'

မြတ်၏ စကားကိုကြားပြီး အားလုံး ပြုံးရယ်ဖြစ်သွား၏။ ပွင့်လွှာက သူ့ကို ပခုံးလေးပင့်ချီကြည့်ရင်း…

'အများအကျိုးဆောင်ရင် ကိုယ့်အကျိုးလည်း အောင်တတ် တယ်နော်'

သူက…

'အများအကျိုးဆောင်မှ ကိုယ့်အိတ်ကလေး ပြားရတာလဲ မှတ်

www.burmeseclassic.com



သွားရောပါပဲနော်'

အမျိုးသမီးလေးယောက်၏ ရယ်သံအောက်မှာ သူ့မျှော်လင့်မှုတွေ တောက်ပသွား၏။ ယခု ပုံစံအတိုင်းသာဆိုလျှင်…

မနက်ဖြန် ဆုံမှတ်သည် သူမျှော်လင့်သော လျှို့ဝှက်သံစဉ်များကို စိတ်ဝင်စားကြားနာရပေလိမ့်မည်။

◆

ချိန်းဆိုထားသောနေ့၊ သတ်မှတ်ထားသော နာရီ၊ ဆုံမှတ်ထားသော နေရာမှာ သူ နာရီဝက်လောက် ကြိုစောရောက်နေခဲ့၏။

ငါးမိနစ်အလိုမှာ ပန်းရှင်မွေးနှင့် သင်းသင်းရောက်လာ၏။ သတ်မှတ်နာရီတိုင် ပွင့်လွှာ မရောက်လာသေး၊ ကိုယ်ပိုင်ကားရှိလျက်နှင့် နောက်ကျနေ၏။ မီးပွိုင့်တွေ မိနေ၍လား။

သုံးယောက်သား အအေးမှာသောက်ပြီး လမ်းမပေါ် အရိပ်တကြည့်ကြည့် မျှော်နေမိကြ၏။ ရောက်လာလေပြီ။ ချိန်းဆိုထားသောချိန်ထက် ဆယ်မိနစ်နောက်ကျ၏။

ပွင့်လွှာက သူမ နောက်ကျမှုကို တောင်းပန်စကားဆိုဖို့ စဉ်းစားမိပုံမရ။ ပန်းရှင်မွေးက ပွင့်လွှာကို ထပြီး နှုတ်ဆက်ရာ၏။

ကာယကံရှင်ရောက်လာမှ ပြောပြမည်ဆိုသဖြင့် ကြိုတင်ရောက်ရှိနေသော ပန်းရှင်မွေးကို ထပ်မမေးမိ။

သူတို့နှစ်ယောက် မျက်နှာချင်း ဆုံမိကြသောအခါ…

'တို့ဆီမှာ ဝမ်းသာစရာအဖြေ ပါလာတယ်၊ ညီမကော ဘယ်လိုလဲ'

ပန်းရှင်မွေး၏ တက်ကြွဟန်ချီထားသောစကား၊ ပွင့်လွှာက နှုတ်ခမ်းလေးတစ်ဖက်ကို မဲ့ပြီး ပခုံးတစ်ဖက်ကို တွန့်ပြလိုက်က…

'သမီးရဲ့ အဖြေကတော့ ဝမ်းနည်းစရာပဲ၊ မိဘနှစ်ပါးစလုံးက ခါးခါးသီးသီးကို ငြင်းတယ်၊ မဖြစ်နိုင်ဘူးတဲ့၊ သမီးဟာ ဖေဖေမေမေတို့ရဲ့ သမီးအရင်းအစစ်ပါတဲ့၊ သမီးနဲ့တူတယ်ဆိုတာကလည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်အံ့ဩဖို့ကောင်းတဲ့ တိုက်ဆိုင်မှုပဲ ဖြစ်ပါလိမ့်မယ်တဲ့'

ပွင့်လွှာနှင့်မြတ်ကလွဲလျှင် အားလုံး ကြက်သေသေသွားမိ၏။ ခိုက်အတန့် အလွန်မှာပင် ပွင့်လွှာက စဟင်လာပြန်၏။

'မမရဲ့ အဖြေကကော ဘယ်လိုတဲ့လဲ'

အားလုံး၏ အာရုံတွေက ပန်းရှင်မွှေးထံ စူးရောက်သွား၏။ ပန်းရှင်မွှေးက အနည်းငယ် အားယူထားသော လေသံဖြင့်…

'မမရဲ့ အမေကတော့ ဝန်ခံလိုက်တယ်၊ မမဟာ သမီးအရင်း မဟုတ်ဘူးတဲ့'

ပွင့်လွှာနှင့်မြတ်တို့ အနည်းငယ် အံ့အားသင့်သွား၏။ သူငြိမ်စောင့်နေလိုက်စဉ် ပန်းရှင်မွှေးက…

'တစ်ခုတော့ရှိတယ်၊ မမှာ အမြွှာညီအစ်မရှိတယ်၊ မရှိဘူး ဆိုတာတော့ အမေလည်း အသေအချာသိပုံမရဘူး၊ မမကို တစ်ဆင့်ခံ သူလက်ထဲက မွေးစားခဲ့တာလို့ ပြောတယ်'

သူက…

အဲဒါ သဲလွန်စပဲ

သင်းသင်းက…

'အဲဒီဇစ်မြစ်ကို လိုက်လေ့လာနိုင်ရင် အဖြေမှန် သိရမှာပဲနော်'

သူ ခေါင်းညိတ်ပြလိုက်၏။ ပွင့်လွှာက နှုတ်ခမ်းကိုက်ငုံ့စဉ်းစားနေဆဲ။ မြတ်က ထပ်မံထွက်ပေါ်လာမည့် စကားအပေါ် စိတ်ဝင်စားနေ၏။

ပန်းရှင်မွှေးက…

'အမေက တို့ကိုမွေးစားဖို့ တောင်းယူခဲ့တဲ့လူကြီးက သုံးနှစ်သာ အခုထိရှိသေးတယ်လို့ အမေကပြောတယ်'

ပွင့်လွှာ တွန့်ခနဲ ထိတ်ပျာပျာဟန်ဖြင့်…

'အဲဒီလူကြီးက မမရဲ့အဖေလား'

'မဟုတ်ဘူး၊ အဲဒီလူကြီးကလည်း တစ်ဆင့်မွေးစားတဲ့သူဆိုတာ အမေတို့သိတယ်၊ မသိတာက အဲဒီလူကြီး ဘယ်သူဘယ်လို

www.burmeseclassic.com



မွေးစားခွင့် ရသလဲဆိုတာကိုပဲ'

ပန်းရှင်မွေးက စကားအဆုံးမှာ သူဝင်ပြောလိုက်၏။

'ဒါဆို အဲဒီလူကြီးလိပ်စာ သိသလား'

'သိတယ်၊ လိုရမယ်ရ အမေ့ဆီက တောင်းထားတယ်'

'မမရဲ့အမေက မမကို သိပ်မချစ်ဘူးလား'

'ချစ်ပါတယ် ဘာဖြစ်လို့လဲ'

'နှစ်ပေါင်းနှစ်ဆယ်လောက် လျှို့ဝှက်ထားတဲ့အကြောင်းကို ခဏလေးနဲ့ ဖွင့်ပြောလိုက်လို့ တစ်မျိုးထင်မိတာ စိတ်မရှိနဲ့နော်'

'အမေ့ရဲ့ဘဝမှာ အဲဒီတစ်ခါပဲ အစ်မပေါ် ညာခဲ့တယ်ဆိုတာ အမေ ဝန်ခံပြီး ဖွင့်ပြောပြခဲ့တာပါ၊ ဒါကလည်း သမီးအရင်းလိုမချစ်တဲ့ သဘောထားကြောင့် မဟုတ်ပါဘူး၊ အဖြစ်မှန်ကို အစ်မက မရမက မေးလာလို့ ဖွင့်ပြောပြခဲ့တာပါ'

'ရှင်မွေးကို အဲဒီအကြောင်း ဖွင့်ပြောပြီးကတည်းက အဒေါ်လည်း စိတ်မရွှင်လန်းဖြစ်သွားလိုက်တာ ရှင်မွေးရော သင်းသင်းပါ မနည်းချော့မော့ပြောယူရတယ်၊ ရှင်မွေးက အဖြစ်မှန်သိလည်း အမေရင်းလို ဆက်ပြီးချစ်ခင်နေသွားမယ်ဆိုတဲ့ ကတိစကားကို အထပ်ထပ် ပြောပေးခဲ့တော့မှ အဒေါ် နေသာထိုင်သာရှိသွားရရှာတယ်လေ၊ သင်းသင်းဖြင့် ဒေါ်ဒေါ့်ကို သနားလိုက်တာ'

'ပန်းရှင်မွေးရလာတဲ့ သဲလွန်စနဲ့ ဇစ်မြစ်ကို လိုက်ဖော်ရင် အဖြစ်မှန်သိရလိမ့်မယ်၊ သုံးခုကို အခုနေ့ချင်းပြန်သွားရင် မှီသေးတယ် သွားကြမလား'

ပန်းရှင်မွေးနှင့် သင်းသင်းက ခေါင်းညိတ်ပြ၏။ ပွင့်လွှာနှင့်မြတ် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး နားလည်မှုရယူကာ--

'ပွင့်လွှာတို့ဘက်က မဖြစ်နိုင်ဘူးဆိုမှတော့'

ပွင့်လွှာ စကားကို ဆက်မဆို၊ သူမရင်ထဲမှာ ခံအားမှုကို လျှို့ဝှက်သိုသိပ်နေဟန်တူ၏။

'ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်က ကိုကြီးသေ ညီအစ်-

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်'

မြတ်က...

'တစ်ဖက်သတ်ကြီးပါလား၊ အကျိုးဆောင်ကြီးကလည်း ဖွတ်မဲ့ အခုအရေးက ဖြစ်တော့ဖြစ်ပဲလေ၊ ရောဝတီနဲ့သံလွင်ဆိုတဲ့ အကြောင်းက ရှိသေးတယ်လေ'

သူ့စိတ်ထဲမှာ ရှာသူဝင်နှောက်ပြီဟု အလိုလိုသိလိုက်၏။

'ကဲပါ ရှင်မွေးတို့လိုက်မယ်ပြောတယ်၊ ပွင့်လွှာတို့အနေနဲ့လည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ဝင်စားစရာတစ်ခုအနေနဲ့ လိုက်ကြည့်ပါလား'

ပွင့်လွှာနှင့်မြတ်တို့ အကြည့်ချင်းဆုံပြန်၏။ သူ စိတ်မရှည်တော့...

'လိုက်မယ် မဟုတ်လား'

ထပ်မေးလိုက်မှ ပွင့်လွှာခေါင်းညိတ်ပြ၏။ ထိုအခါမှ မြတ်က

'ဒီလိုဆိုတော့လည်း လိုက်ကြည့်ရမှာပေါ့'

ကာယကံရှင်ထက် ပိုကဲနေသော လူတချို့၏ အကျင့်စရိုက်ကို မြတ်၌ တွေ့ရ၏။

'ဒီလိုလုပ်ပါလား၊ မြတ်နဲ့သင်းသင်းနဲ့ နေခဲ့ကြပေါ့၊ အရေးပါတဲ့လူပဲ ခေါ်သွားမယ်လေ'

သူ့စကားအဆုံးမှာ မြတ်နှင့်သင်းသင်းထံမှ ပူညံပူညံအသံတွေ လျှံထွက်လာ၏။

'သူများတို့ကတော့ အရေးမပါတာကျနေတာပဲ'

'ဟုတ်ပ၊ တို့လည်းသိချင်တာပေါ့'

'ကောင်းပြီလေ၊ လူပိုပါလည်း ကောင်းပါတယ်၊ ကျွန်တော့်စားလမ်းမှာ ကျန်းမာရေးမကောင်းရင် ဆင်းတွန်းခိုင်းရတာပေါ့'

သူ့စကားအဆုံးမှာ မြတ်နှင့်သင်းသင်းမျက်လုံးတွေ ပူစွပ်စွပ်ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

သုံးခွမြို့သို့ ရောက်သောအခါ ပန်းရှင်မွေးလိပ်စာအတိုင်း
လိုက်ရှာ၏။ ဟိုလူမေး၊ ဒီလူမေးဖြင့် ဦးမောင်ထိုက်ဟု အမည်ရသော
တွေ့လိုသူ၏ မဟာတဲနန်းကို ခြေလျင်မြန်းရဆိုက်ရ၏။ ကားဝင်
မရသော လမ်းကျဉ်းကလေးမို့ ကုန်းကြောင်းလျှောက်ဝင်ရခြင်းဖ
ထိုကဲ့သို့ ခြေကျင်လျှောက်ဝင်ခြင်းမှာ သူနှင့်ပန်းရှင်မွေး
အတွက် စိတ်အနှောင့်အယှက်မဖြစ်မိသော်လည်း ပွင့်လွှာအဖွဲ့
အနည်းငယ် ညည်းညူစရာဖြစ်လို့နေပါသည်။

သူ တမင်ချန်ထားရစ်ခဲ့သော သင်းသင်းနှင့်မြတ်တို့သာ
လာလျှင် ပွင့်လွှာပို၍ အဖြစ်သည်းနေမှာ အသေအချာ။

ဦးမောင်ထိုက်ဆိုသော လူနှင့် တွေ့ဆုံဖြစ်သောအခါ ပန်းရှ
မွေး၏ မိခင် အမည်အရင်းခံ၍ စကားစရ၏။

အသားညိုညို၊ အင်္ကျီပိုသီပတ်သီနှင့် အသက်လေးဆယ့်
နှစ်အရွယ်ရှိ ဦးမောင်ထိုက်မှာ အလုပ်ကြမ်းဒဏ်မိနေသော ရောဂါသ
တစ်ဦးနှင့် ပိုတူ၏။ ရုပ်ချင်းတူလွန်းသော ပန်းရှင်မွေးနှင့် ပွင့်လွှာတို့
ကိုကြည့်၍ ဦးမောင်ထိုက် ဇဝေဇဝါဖြစ်နေဟန်တူ၏။

'ကျွန်မ ဒေါ်စိမ်းမြရဲ့ သမီးပါ၊ သူတို့က ကျွန်မရဲ့ မိတ်ဆွေ
တွေ'

www.burmeseclassic.com

www.burmeseclassic.com



ပန်းရှင်မွှေးစကားကြောင့် ဦးမောင်ထိုက် တအံ့တသြဖြစ် သွား၏။

'မစိမ်းမြရဲ့ သမီးက ဘယ်နှစ်ယောက်လဲ၊ ဒီတစ်ယောက်နဲ့ ချင်းတူလှချည်လား၊ သမီး··· သမီးကော ဦးကို မှတ်မိလား၊ သမီးလသားအရွယ်တုန်းက သမီးကို ဦးအရင် မွေးစားခဲ့တာလေ'

'အဲဒီအရွယ် ဘယ်မှတ်မိပါ့မလဲ၊ အမေ ပြောပြမှ သိရတာ ပါ၊ အခု သမီးတို့လာတာလဲ အဲဒီကိစ္စပဲ'

'အို··· ဟုတ်လား၊ နို့နေပါဦး၊ မမြစိမ်းကော နေကောင်းရဲ့ လား၊ ပျောက်ချက်သားကောင်းသွားလိုက်တာလည်း လွန်ပါရောလား၊ အဆက်အသွယ်မှကို မရတော့တာကလား၊ ကြည့်စမ်းပါဦး၊ သမီး ကောင် ဒီအရွယ်ရောက်နေပြီ၊ အေးကွယ် အဘပဲဖြစ်ဖြစ် သမီးကို တွေ့ရတာ ဝမ်းသာတယ်ကွာ'

'အမေ နေကောင်းပါတယ်'

ဦးမောင်ထိုက်နှင့် ပန်းရှင်မွှေးတို့ လေကြောရှည်နေချိန်၌ မျက်နှာမှာ သူမထိုင်နေရသော ဖျာကြမ်းလေးကိုပင် မထိုင်ချင်ချင်ဖြစ် နေ၏။ တဲအိမ်လေး၏ နွမ်းပါးမှုကို သူမ နှစ်လိုပုံမရ။

'သမီး··· ဦးကို အရေးကြီးတာ မေးချင်လို့ပါ၊ ဦး အမှန် အတိုင်းဖြေပေးစေချင်တယ်၊ တစ်မျိုးတော့ မထင်နဲ့နော်၊ ဒီငွေက ဦးကို သမီး ကန်တော့တာ'

ပန်းရှင်မွှေးက သူမ စလင်းဘတ်အိတ်ထဲမှ ငွေအနည်းငယ် ကို ထုတ်ပြီး လက်အုပ်ကလေးချီကာ ဦးမောင်ထိုက် လက်ထဲ ငွေ ထည့်ပေးလိုက်၏။ ဦးမောင်ထိုက်က မချိုပြုံးလေးနှင့် သာဓုခေါ်ရှာ၏။ အတန်ကြာမှ···

'သမီးရဲ့မိဘအရင်းတွေ ဘယ်သူဘယ်ဝါဆိုတာ ဦးပဲပြောနိုင် ပါ၊ သမီးကို စာနာထောက်ထားသောအားဖြင့် ဦး အမှန်အတိုင်း ပြောပြပေးပါနော်'

www.burmeseclassic.com

www.burmeseclassic.com



'မစိမ်းမြက သမီးကို မပြောဖူးဘူးလား'

'ဟင့်အင်း… ဦးက သမီးနဲ့ပတ်သက်ပြီး ဘာတစ်ခွန်း ပြောမပြခဲ့ဘူးတဲ့၊ နောက်ကြောင်းပြတ်သွားအောင်လို့ မပြောပြခဲ့ဘူး လို့လည်း အမေက ပြန်ပြောပြတယ်'

'အင်း… ဟုတ်သားပဲ၊ နှစ်တွေကကြာတော့ အဲဒီအချိန် ပြောမိသလား၊ မပြောမိဘူးလားဆိုတာတောင် ဦး မမှတ်မိဘူးဖြစ်သွား တယ်၊ ဟုတ်ပါလိမ့်မယ်၊ အားလေ အဲဒီအချိန်တုန်းကလည်း ပြော မသင့်ပါဘူး၊ ဒါပေမဲ့ ဒီနေ့တော့ ပြောသင့်ပြီထင်ပါရဲ့၊ မပြောစေချင် သူတွေလည်း ခုလောက်ဆိုရှိမယ်ထင်တော့ပါဘူး၊ အင်း ဒီလိုကွယ့်…'

ဦးမောင်ထိုက် ပြောပြသော အကြောင်းအရာတွေထဲမှာ သူ့ သုံးဦး၏ အာရုံတွေ ပျော်ဝင်နစ်မွန်းသွား၏။

'သမီးရဲ့ ဖေဖေဟာ လူချမ်းသာတစ်ယောက်ရဲ့ သားသမီး သမီးရဲ့ အဘိုးအဘွားတွေက ဂုဏ်ပကာသနကို သိပ်မက်ကြတဲ့ တန်းစားတွေပေါ့ကွယ်၊ အဲဒီခေတ်၊ အဲဒီအခါက ပည်း ခေတ်စား သားကွယ့်၊ ရှင်းရှင်းပြောရရင် သမီးအဖေဟာ သမီးအမေဖြစ်လာမ မခင်သုန်နဲ့ ဖူးစာဆုံပါလေရော၊ မခင်သုန်က သမီး အဘိုးအဘွား တွေရဲ့ အိမ်ဖော်ပေါ့၊ မိမဲ့ဖမဲ့ ဆွေမျိုးမရှိတဲ့ မခင်သုန်ရဲ့ ဘဝ ကြောင်းတော့ ဦးလေးလည်း အတိအကျမသိပါဘူး၊ မခင်သုန် ရုပ်ကလေးပြေပြစ်တယ်၊ ရိုးတယ်၊ အေးတယ်၊ အပြုအစုကောင်း တယ် သမီးအဖေနဲ့ တိတ်တိတ်ပုန်းချစ်သူဖြစ်ကြရာက ခိုးရာလိုက်ပြေးကြပါ ရော၊ သမီးရဲ့ အဘိုးအဘွားတွေဆို ဒေါသထွက်လွန်းလို့ ဆွေ့ဆွေ့ခုန် ကြတာပေါ့၊ ခက်တာက သူတို့ရဲ့တစ်ဦးတည်းသောသားကို မပစ်ရက် ချွေးမကိုလည်း မနှစ်သက်၊ နောက်ဆုံး ချွေးမကို ကိုယ်ဝန်ရှိခါ အချိန်သတ်ပြီး အိမ်ပေါ်ခေါ်တင်ထားတယ်၊ ချွေးမ ဖွားခါနီး သမီး အဖေကို စီးပွားရေးအကြောင်းတစ်ခုပြပြီး နယ်ကို ညာပြီးလိုက်ကြ တယ်၊ ဒီလိုနဲ့ မခင်သုန်က သမီးကိုလည်း မွေးရော ဂုဏ်ပကာသန

www.burmeseclassic.com



ခတ်မောသူတွေရဲ့ ဘီလူးဇာတ်ကိုပြကြတော့တာပဲ၊ တစ်ဦးတည်းသော သားအပေါ်မှာ မျှော်လင့်ချက်ကြီးမားကြတဲ့ မိဘနှစ်ပါးဟာ မွေးလာတဲ့ ကလေးကို သူတို့ရဲ့သွေးသားလို့ မှတ်မထင်နိုင်ကြဘူးလေ'

'မွေးပြီးတဲ့ကလေးကို ဦးလေးလက်ထဲ အပ်ပြီး သင့်ရာတစ်နေရာရာမှာ သူတို့ထုံးစံအတိုင်း စွန့်ပစ်ခိုင်းတာပေါ့၊ ဦးလေး ဘယ်လုပ်ရက်ပါ့မလဲ၊ ကဲ... ဒီလောက်ဖြစ်နေရင် ဦးလေးမွေးမယ်၊ ဒီတော့ မွေးတဲ့ ငွေကြေးအတော်များများ ဦးလေးကို ပေးလိုက်ပြီး ဘယ်တော့မှ ဒီကိုပြန်မလာဖို့ ကတိတောင်းတယ်၊ ဒီအကြောင်းကိုလည်း ရေငုံနှုတ်ပိတ်ခိုင်းထားတယ်၊ ပေးလိုက်ပါတယ်၊ သမီးကိုပိုက်ပြီး ဒီလို လူစားတွေနဲ့ဝေးတဲ့နေရာမှာ ဦးလေး ဇာတ်မြုပ်နေလိုက်တယ်'

ခဏနားလိုက်သော ဦးမောင်ထိုက်ကို ပန်းရှင်မွေး အားမလို အားမရဖြင့် ကြည့်ရင်း ဆက်မေး၏။

'သမီးအမေကိုကော သူတို့ဘယ်လို'

ပန်းရှင်မွေး စကားမဆုံးခင်မှာပင် ဦးမောင်ထိုက် ဖြတ်ပြော၏။

'နောက်ပိုင်းအကြောင်းတွေကိုတော့ အဆက်အသွယ်ပြတ်သွားလို့ ဦးလေး မသိဘူးကွယ်၊ ဦးလေးက အဲဒီအိမ်ကခြံစောင့်အလုပ်သမားဆိုတော့ မေးပိုင်ခွင့်မရှိဘူး၊ ကတိလည်းပေးခဲ့ပြီးပြီလေ၊ ဒါနဲ့ ယောက်ျားရင့်မာကြီးက မွေးကင်းစကလေးကိုမွေးရတာ အတော် ကသိလင်တနိုင်သားကလား၊ အဲဒီမှာတင် ဒီသုံးခွကိုပြောင်းလာတော့ သမီးရဲ့ မွေးစားအမေ မစိမ်းမြနဲ့ တွေ့တာပဲ၊ မစိမ်းမြက အပြောဆိုးပေမယ့် စိတ်ရင်းကောင်းတယ်၊ ဦးနဲ့သမီးတို့ရဲ့ ဒုက္ခကိုမြင်ပြီး မနေနိုင် မထိုင်နိုင် ဝင်ကူညီစောင့်ရှောက်ပေးရာက သမီးလေးကို သမီးအရင်းလို ချစ်သွားရှာတာပါကွယ်၊ နောက်တော့ အပြီးအပိုင် မွေးစားဖို့တောင်းတာနဲ့ ဦးလေးပဲ ပေးလိုက်တယ်၊ ဦးလေးက ဆင်းရဲတော့ ... တော်ဘူးလေ၊ မစိမ်းမြက အထိုက်အလျောက် ...

www.burmeseclassic.com



ဘဲ့ ...သမီးကိုလည်း သိပ်ချစ်တဲ့သူမဟုတ်လား၊ ဒီတော့...'

'ဒီလောက်ဆို သမီး သဘောပေါက်ပါပြီ၊ နောက်တော့ အမေ ဒီကနေ ရန်ကုန်ပြောင်းသွားဖြစ်ရော မဟုတ်လား'

'ဟုတ်တယ်ကွယ်၊ စီးပွားရေးလုပ်ကောင်းမယ်ထင်တဲ့နေရာကို ပြောင်းသွားတာပေါ့၊ ပြီးတော့ နောက်ကြောင်းမရှင်းလို့တဲ့ သမီးလေးကို သူ့ရင်ခွင်ထဲက လာလုမှာစိုးရှာတယ်လေ၊ ဒါကြောင့် အပြီး ခြေရာဖျောက်သွားတာပေါ့'

ထိုစဉ်မှာပင် ပွင့်လွှာကဝင်၍...

'အဲဒီတုန်းက မွေးခဲ့တာ သမီးမိန်းကလေးတစ်ယောက်တည်းလား'

ပွင့်လွှာ စကားကြောင့် ဦးမောင်ထိုက် တွေခနဲဖြစ်သွား၏။ ပြီးမှ...

'မွေးပြီးပြီးချင်း ကလေးကို ဦးလက်ထဲထည့်ပြီး အားချင်းထွက်သွားခိုင်းတော့ နောက်ပိုင်း ဘာဖြစ်တယ်ဆိုတာ ဦး မသိရဘူး။ ဦးအထင်တော့ တစ်ယောက်တည်းလို့ ထင်တာပဲ၊ အခု သမီးတို့နှစ်ယောက်ဟာ တကယ့်အမြွှာပူးလိုလိုပါပဲလား၊ အဲဒါကို ဦးလည်း စဉ်းစား ကြည့်နေတာ၊ ဦး မသိနိုင်တဲ့အကြောင်းတစ်ခုခုကြောင့်များ ဖြစ်နေမလားလို့'

သူက ဝင်၍...

'ဒါဆို အဲဒီမိသားစုကြီး အခုရှိနေဦးမှာပေါ့'

'ဒါလည်း ဦးလေး အသေအချာမသိဘူး၊ လူကြီးတွေမရှိနိုင်တော့ပေမယ့် သမီးရဲ့အဖေရင်းနဲ့ အမေရင်းတွေကတော့ ရှိနေနိုင်တာပေါ့ကွယ်၊ ဘယ်မှာ သူတို့နေကြတယ်ဆိုတာ ဦးလေး ပြောပြနိုင်ကယ်'

'အဲဒါ သဲလွန်စပဲ၊ ဖခင်အရင်းနဲ့ မိခင်အရင်းရဲ့ နာမည်နဲ့ ...စာကို ပြောပြပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖခင်အရင်းရဲ့ နာမည်က ကိုရွှေမိုးတဲ့၊ မိခင်ကတော့ စောစောကပြောခဲ့တဲ့ မခင်သုန်တဲ့၊ သူ့အဘိုးအဘွားတွေရဲ့ နာမည်ကတော့ ဦးဘတူနဲ့ ဒေါ်ရွှေဥတဲ့၊ အထည်အလိပ်ကုန်သည်ကြီးတွေပေါ့ကွယ်'

ဦးမောင်ထိုက်စကားကြောင့် ပန်းရှင်မွှေးနှင့် ပွင့်လွှာတို့ထက် သူပို၍ စိတ်ဝင်စားသွားမိ၏။ ဆက်ပြောရန် ပြင်နေသော ဦးမောင်ထိုက်အား...

'ခဏလေးနော် ဦးလေး၊ ကိုရွှေမိုးဆိုတာ အသားလတ်လတ် ချက်ခုံးကောင်းကောင်း၊ နောက်ပြီး အရပ်က ဦး အရပ်လောက်ပဲရှိမယ်၊ သူ့လည်ပင်းမှာ မှဲ့နှစ်လုံးပါတယ်လေ၊ ထင်သာမြင်သာအောင် လည်တိုင် ဟိုဘက်ဒီဘက်ပေါက်နေတဲ့ မှဲ့တွေပေါ့၊ အဲဒီလိုပုံစံရှိကဲ့ သူများလား'

သူ့စကားကြောင့် ဦးမောင်ထိုက် မျက်လုံးတွေ တောက်ပသွား၏။ သူ့ကိုလက်ညှိုးထိုးရင်း...

'ငါ့တူပြောတာ ကိုရွှေမိုးပဲ၊ ဟုတ်မှဟုတ်ပေါ့ ငါ့တူရာ၊ ဘယ်မှာလဲ၊ သူအခုဘယ်မှာလဲ'

'သူရှိပါတယ်၊ ဦးလေးကိုယ်တိုင် လိုက်ကြည့်မလား'

'ကြည့်မယ်၊ ကြည့်မယ်၊ ဆရာတို့မိသားစုနဲ့မဆုံဖြစ်တာ နှစ်ကြာတာဖြင့် နည်းမှတ်လို့၊ အခု ဆရာတစ်ယောက်တည်းပဲလား၊ ဆရာကတော်ရော'

ဆက်ပြောရန် ပြင်နေသော ဦးမောင်ထိုက်ကို ခေါင်းညိတ်ပြရင်း...

'သူတစ်ယောက်တည်းပါပဲ၊ သူ့မိဘတွေလည်း မရှိကြတော့ဘူး၊ ရှိလည်း ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ သူ ပြောမှာမဟုတ်ဘူး၊ သူက ဓာတ်မြုပ်နေတာ၊ သူ့ဇနီးသည်လည်း မရှိတော့ဘူး'

'ဟေ'

ဦးမောင်ထိုက် ကဲ့ပြန်သံ၊ ပန်းရှင်မွှေးနှင့် ပွင့်လွှာတ သူ

www.burmeseclassic.com

www.burmeseclassic.com



ကောအပေါ် မယုံမရဲဟန်ဖြင့် ကြည့်နေကြ၏။ သူက…

'ကြာပါတယ်၊ အချိန်မီ ကျွန်တော်တို့ သွားကြရအောင်၊ တွေ့ကြပြီးရင် ဦးလေးကို ဒီပြန်ပို့ပေးမယ်'

'အေးကွယ်၊ ကောင်းသား'

ဦးမောင်ထိုက်ကို ခေါ်ပြီး သူတို့အားလုံး ကားဖြင့် ရန်ကုန်ပြန်မောင်းလာခဲ့ကြ၏။

လမ်း၌…

'နေပါဦး၊ ရှင် တကယ်ပြောနေတာလား'

ပန်းရှင်မွေးက မေးသော၏။ သူ ခေါင်းညိတ်ပြလိုက်သည်။

'ဒါဆို အဲဒီ ဦးရွှေမိုးဆိုတာ ဘယ်သူလဲ၊ ရှင်နဲ့ဘယ်လိုသိဘာလဲ'

'ဦးရွှေမိုးဆိုတာ တို့ရဲ့ မွေးစားအဖေပါ၊ သူ့အတိတ်ဘဝကို ခေါင်ကျကျ ပြားကျကျ ဘယ်တော့မှ ပြန်ဖော်ဖို့ မကြိုးစားခဲ့တဲ့ လထူးလူဆန်းကြီးတစ်ယောက်ပေါ့'

အံ့သြခြင်းစုရပ်မှာ အားလုံး အာရုံတွေ ပြေးကပ်သွား၏။ နရပ်ဗဟိုကျသော သူက အားလုံးထက်ပို၍ အံ့သြနေရပါသည်ဟုဆိုလျှင် မယုံချင်စရာဟု ထင်မြင်သွားမှာ အလွန့်အလွန်ကို သေချာ၏။ သို့ဖြစ်ငြား…

ရန်ကုန်ရောက်လျှင် သူ၏ မွေးစားဖခင် သွားလာများတတ်သော နေရာအတော်များများကို လိုက်ရှာရလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့၏။ ရှိလိုရှိငြား သူနေထိုင်သော အိမ်ဘက်ကို ကားဖြင့်ပတ်လှည့်၍ ကြည့်စဉ် အိမ်ရှေ့ လေသာဆောင်လေးမှာ ထိုင်မှီနေသော ဖခင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

အိမ်ရှေ့ကားထိုးရပ်ပြီး ကားပေါ်မှဆင်းနေကြစဉ်မှာပင် သူ့ဖခင်က သူ့ကိုလှမ်းမြင်ပြီး လေချဉ်တဝေ့ဝေ့တက်လာကြ၏။ လက်ထဲမှာ ငွေပြတ်သွား၍ သူ့ကိုလာစောင့်နေခြင်းပဲ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆော့ရှိသော မျက်လုံးများဖြင့် သူ့ဖခင် သူ့ကို လှမ်းကြည့်နေရာမှ အတူပါလာသူတွေဘက်ကို လှည့်၍ အကဲခတ်လိုက်၏။

'ဆရာ… ဆရာ မဟုတ်လား၊ ဆရာကိုမိုး မဟုတ်လား'

ဦးမောင်ထိုက်က တဆတ်ဆတ်တုန်ယင်နေသော လက်ညှိုးဖြင့် သူ့ဖခင်ကိုထိုးရင်း အနားကို တုန်တုန်ယင်ယင် ကပ်သွား၏။

ဇရာဖိစီးလာသော အရွယ်ကျတွေမို့ တစ်ဦးကိုတစ်ဦး ရုတ်တရက် မမှတ်မိကြ၊ သူ့ဖခင်က အရောင်ပြောင်းသွားသောမျက်နှာဖြင့်

'မောင်… မောင်ထိုက်၊ မင်း… မောင်ထိုက်နော်'

'ဟုတ်ပ ဆရာ၊ ကျုပ် မောင်ထိုက် အစစ်ပေါ့'

သူ့ဖခင်က ဦးမောင်ထိုက်လက်ကို လှမ်းဆွဲရင်း…

'လာ… တက်ကွာ အပေါ်ကို၊ မင်းကွာ မသေသေးလို့ တွေ့ရတယ်၊ ရုပ်ကို မနည်းဖမ်းယူရတယ်'

•

'ဆရာလည်း ဒီလိုပါပဲ၊ ဘယ်လိုဖြစ်ပြီး ဆရာ့အခြေအနေက ဒီလောက်တောင် ဖြစ်ပျက်သွားရတာလဲ ဆရာ'

'လောကဓံပေါ့ကွာ၊ ဘဝဆိုတာ ဒုက္ခသစ္စာလေ၊ အမြင့်ကနေ အနိမ့်ရောက်တယ်၊ ဒီလိုမှတ်ပေါ့ကွာ၊ ဒါနဲ့မင်းကို ငါလိုက်ရှာလိုက်ရတာ၊ နှစ်ပေါင်းနှစ်ဆယ်မကတော့ဘူး၊ ဘယ်မှာမှ မတွေ့ဘူး၊ တွေ့ခယ့်တွေ့တော့လည်းကွာ၊ ငါ ဝမ်းသာဝမ်းနည်းဖြစ်လွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး'

အဘိုးကြီးနှစ်ယောက် လေပေးဖြောင့်နေစဉ် ပန်းရှင်မွေးနှင့် ဖွင့်လှာကို သူကိုယ်တိုင် နေရာချပေးလိုက်ရ၏။

ပန်းရှင်မွေး၏ မျက်လုံးများမှာ ဦးရွှေမိုး မျက်နှာပေါ်၌ မွေး ဖွင့်လှာကမူ နွမ်းပါးသော အဝတ်အစားနှင့်ဦးရွှေမိုးကို ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နေသော အိမ်စုတ်ကလေးကို ကြည့်လိုက်နှင့် တစ်ဖက်ကို မျက်နှာလွှဲပြီး နှာခေါင်းရှုံ့နေလေသည်။

'မောင်ထိုက်… မင်းနဲ့ ငါ့သမီးကလေးတစ်ယောက် ပါသွားတာလေ၊ အဲဒါ… အဲဒါ ဘယ်မှာလဲ'

'ဒီမှာပါ ဆရာ၊ ဟော့ဒီက ကလေးမလေးပါ'

အနှစ်နှစ်ဆယ်လုံးလုံး ကွဲကွာခြားပြီးမှ တွေ့ချင်ရသော သမီးနှင့်ဖခင်၏ အကြည့်တို့မှာ တစ်ဦးရင်ကို တစ်ဦး နက်ရှိုင်းစွာထိုးဖောက်ဆွဲငင်လွန်းထိုးနေကြဟန်တူ၏။

'ဒါ… ဒါ… ငါ့သမီး'

ဦးရွှေမိုးက မယုံရဲစွာဖြင့် ဦးမောင်ထိုက်ကို ထပ်၍မေး၏။

'တကယ် အစစ်ပါ၊ ကျုပ် မညာဝံ့ပါဘူး'

'သမီး'

မခေါ်ဝံ့ဝံ့လေသံဖြင့် ဦးရွှေမိုး ခေါ်လိုက်ခြင်းပင်။ ပန်းရှင်မွှေးမှာ ဝမ်းနည်းဝမ်းသာ မျက်နှာကို လက်နှစ်ဖက်နှင့်ကာရင်း ရစ်ဝဲလာသော မျက်ရည်စတွေကို ခိုးသုတ်နေရာမှ…

'ဖေ… ဖေ'

ဦးရွှေမိုးက လက်နှစ်ဖက်ကမ်းလာ၏။ ပန်းရှင်မွှေးက သူ့မျက်နှာပေါ်မှ လက်နှစ်ဖက်ကို ပြန်ဆန့်ပေးလိုက်သည်။ တားဆီးမရသော မျက်ရည်များဖြင့် ဖခင်ဖြစ်သူ၏ လက်ကို မြတ်နိုးယုယစွာဆုပ်စည်းထားလေသည်။

'ဒါ… ဒါ… ငါ့သမီးဟုတ်တယ်၊ ဒီတစ်သက် ပြန်တွေ့တော့မယ် မထင်တဲ့ ငါ့သမီးပါလား'

ဖခင်ဖြစ်သူက မျက်ရည်ရစ်ဝိုင်းပြီး ရင်ထဲက ခံစားမှုစကားထုံ့ပိုင်းထုံ့ပိုင်း ဖွင့်အန်နေ၏။ သမီးဖြစ်သူက ဖခင်၏လက်နှစ်ဖက်ကို သူ့မပါးနှစ်ဖက်နှင့်ကပ်ရင်း ရှိုက်ကြီးတငင် ငိုချ၏။

အနည်းငယ် ရပ်ရှင်ဆန်သော လက်တွေ့ဘဝ မြင်ကွင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အသဖြင့် သူနှင့်ပွင့်လွှာတို့ မှင်တက်ငေးမောနေမိကြ၏။ ဝမ်းသာပီတိဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေသော ဦးမောင်ထိုက်က…

'တိုက်ဆိုင်မှုကတော့ အံ့မကုန်ပါပဲလားကွယ်၊ ဒီသမီးလေးက ဒီနေ့ပဲ သူ့ဘဝအမှန်ကိုသိအောင် ဂျူပ်ဘီကို တပင်တပန်းနဲ့ စုံစမ်းပြီး လိုက်ရှာတာလေ ဆရာရဲ့၊ ဆရာကလည်း သမီးပျောက်အရှာဖွင့်တာ နှစ်မနည်းရင်ကြာပြီ၊ ခုခါမှလာတွေ့ရှာသပေါ့'

ဦးရွှေမိုးနှင့် ပန်းရှင်မွှေးတို့ကိုယ်စီ ဣန္ဒြေသိမ်းသပ်နိုင်သော အခါမှ အတိတ်ဇာတ်ထုပ်ကို ချခင်းဖြန့်ဖြေရေးအတွက် မျက်နှာချင်းဆိုင် ဆွေးနွေးဖြစ်ကြတော့၏။

'ငါခရီးထွက်ရာက ပြန်ရောက်တော့ ခင်သုန် မရှိတော့ဘူး၊ နေ့စေလစေ ကိုယ်ဝန်လည်း ဖွားပြီးသွားပြီလို့ အိမ်က အလုပ်သမလေးတွေက ပြောပြကြတယ်'

ဦးရွှေမိုး စကားပြောနေရင်း ပွင့်လွှာဘက်ကို မကြာမကြာ အကြည့်ရောက်၏။

'ဒီသမီးလေးက'

ဦးရွှေမိုး မနေနိုင်၍ စကားဖြတ်မေးလိုက်ခြင်းပင် ပန်းရှင်မွှေးက…

'သမီးရဲ့ အသိမိတ်ဆွေပါ ဖေဖေ'

'အို… သမီးနဲ့တူလှချည်လား၊ ဒါ… ဒါဆို ဟုတ်ပါပြီ၊ ဘကယ့်ကို အံ့သြစရာကောင်းလောက်အောင် လာပြီး ကြုံကြိုက်တိုက်ဆိုင်လွန်းလို့ ဘယ်လိုကစပြီး ပြောရင်ကောင်းမလဲတောင် မသိတော့ပါဘူး'

အားလုံးအကြည့်မှာ ပွင့်လွှာအပေါ် ယှက်ဖြာသွား၏။ ပွင့်လွှာက နားမလည်ဟန်ဖြင့် ဦးရွှေမိုးကို ပြန်ကြည့်ရင်း…

'သမီးတို့က အသိမိတ်ဆွေတွေနော်၊ အမြွာညီအစ်မ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမိုး ပါးစပ်အဟောင်းသား ပွင့်သွားပြီး ပွင့်လွှာကို ငေး ကြည့်နေ၏။ ဦးမောင်ထိုက်က...

'ဆရာ့ အကြောင်းကို ဆက်ပြောပါဦး'

ဦးရွှေမိုးက မျက်နှာကို အားယူ၍ အလိုက်သင့်ပြင်ဆင်လိုက် ရင်း...

'ငါ့မိဘတွေရဲ့ ငါ့အပေါ်ထားတဲ့ စေတနာလွဲမှားမှုကြောင့် ငါ့ဇနီးနဲ့ငါ့သမီးလေးဟာ ငါ့ကွယ်ရာမှာ ငါနဲ့ဝေးရာကို စွန့်ခွာခဲ့လိုက် တယ် မောင်ထိုက်'

'ဆရာ့သမီးကို ကျုပ်ခေါ်သွားပြီး ကျုပ်ဇာတိမပြန်ဘဲ သုံး ဘက်မှာ အခြေချမိသွားတယ်၊ ကျုပ်မှာက ဆရာ့သမီးလေးကို ပြု စောင့်ရှောက်ဖို့ရလာတဲ့ ငွေသားလေးကလည်း ရှင်နေတယ် မဟုတ် လား၊ နေရာအသစ်မှာ ဘဝအသစ်စမယ်ဟဲ့ဆိုတဲ့ လောဘစိတ်ဆိုး တွေနဲ့ပေါ့၊ အဲဒီအကြောင်း ဆရာ့ကို ကျုပ် တောင်းပန်ပါတယ် တကယ်တော့ ဦး စေတနာဆိုးက ဦးကို ဒဏ်ပြန်ခတ်သွားလို့ ဒုံရင်း ထက် ပိုဆင်းရဲတဲ့ဘဝကို အခုလို ဦး ရောက်နေရတာပေါ့'

ဦးမောင်ထိုက်ကို ဦးရွှေမိုး ဖွေယူချင်ဟန်မရှိ။ သို့ဖြား တောင်း ပန်မှုကို ခေါင်းမညိတ် ခေါင်းမခါ။ ထိုနည်းနှယ်ပင် ပန်းရှင်မွေးလည်း အပြစ်တော်တင်ချင်ဟန်မပြ။ ငြိမ်သက်စွာ ခွင့်လွှတ်မှုအပေါ်မှာ ကြ ဖန်စိတ်သက်သာမှု ရှာဟန်တူသော ဦးမောင်ထိုက်...

'ကျုပ်ဇာတိကို ဆရာအခေါက်ခေါက်အခါခါ ရှာလည်း ဘယ်တွေ့နိုင်တော့မှာလဲ၊ ကျုပ်အမှားကြောင့် ဆရာတို့သားအဖ ယောက် ဒီလောက်ကြာအောင် မဝေးသင့်ဘဲ ဝေးခဲ့ကြရတာပေါ့၊ ကျုပ်အပြစ်ပါ၊ ကျုပ်မိုက်ပြစ်ပါ'

'တော်ပါတော့ မောင်ထိုက်ရာ၊ ဖြစ်ပြီးသွားတာ ပြန်ပြင်လို လို့မှ မရနိုင်တာဘဲ၊ ဘာပဲဖြစ်ဖြစ်တို့သားအဖ အခုချိန် ပြန်ဆုံ ကြရရုံနဲ့ အားလုံးကို နားလည်ခွင့်လွှတ်နိုင်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဦးရယ်၊ သမီးစိတ်ထဲမှာ ဘယ်လိုမှ မထား ပါဘူး'

ဦးမောင်ထိုက် မျက်ရည်လေး စမ်းစမ်း စမ်းစမ်းပြုရင်း နှင်းရှင်မွေးကို ကြိုးစားမွေးကျွေးရသော ကာလအား အတိုချုံး၍ ပြော ပြ၏။ ပြီးလျှင် ဦးရွှေမိုးက…

'ငါကတော့ မင်းနဲ့သမီးလေးကို လိုက်ရှာရင်း နောက်ပြီး ခင်သုန်တို့သားအမိကို လိုက်ရှာရင်းနဲ့ ဘဝတစ်ခုလုံးချာချာလည်ခဲ့ရ တယ်၊ ငါ့အိမ်ပေါ် ငါ ပြန်မရောက်နိုင်တာ ဆယ်နှစ်လောက်ကြာလိမ့် မယ်နဲ့တူတယ်၊ အဲဒီအတောအတွင်းမှာ ဟော့ဒီသားလေး ထင်မင်း ခေါင်ကို မိမဲ့ဖမဲ့ဖြစ်နေတာတွေ့တော့ ကောက်ယူမွေးစားခဲ့တယ်၊ ငါ တို့သားအဖ ရောက်တဲ့အရပ်မှာ တွေ့တဲ့အလုပ်နဲ့ ဝမ်းစာရှာစား အသက်ဆက်ပြီး ပျောက်သောသူကို တွေ့ရမယ်ဆိုတဲ့ ခံယူချက်နဲ့ သဲကြီးမဲကြီး ရှာခဲ့မိကြတာပေါ့၊ ဒါကြောင့် ဘယ်လိုမှ မတွေ့နိုင်တဲ့ အဆုံးမှာ အတိတ်က ခံစားမှုတွေကို မေ့ဖျောက်အောင် ကြိုးစားရင်းနဲ့ ငါလည်း ယစ်ထုပ်ကြီးလုံးလုံး ဖြစ်လာတယ်၊ ဒီသားက ငါ့ကို ဆယ် နှစ်သားလောက်ကတည်းက အလုပ်စုံလုပ်ပြီး ပြန်ကျွေးလာတာပေါ့ ကွာ'

'ဆရာ့မိဘတွေအိမ်ကို ပြန်မသွားဘူးလား'

'ငါ့မိုက်ပြစ်တွေပေါ့၊ ငါ့ခွတ်တရွတ်ထွက်သွားတာ၊ ကြာလွန်း လို့ ငါ့အမေလည်း ငါ့စိတ်နဲ့ဆုံးတယ်၊ ငါ့အဖေကလည်း ငါ့ကို အတော်စိတ်နာပြီး အိမ်နဲ့လက်ငုတ်လက်ရင်း စီးပွားရေးတွေ အကုန် ဖြုတ်ရောင်းပြီး မော်လမြိုင်ဆိုလား၊ မန္တလေးဆိုလား၊ တောင်ကြီးဆို လား၊ အဲဒီမရေမရာ သတင်းတွေနဲ့ ပျောက်သွားတယ်တဲ့၊ အရပ်တင် ပါးကို ပြောင်းရွှေ့သွားတာပါပဲကွာ၊ အဲဒီကတည်းက နီးစပ်ရာ ဆွေမျိုး တွေ ဝိုင်းပြစ်တင်ရှုတ်ချတဲ့ ဒဏ်ကို မခံနိုင်တာနဲ့ ငါ့ဘယ်တိုင် ဆွေဆက်မျိုးဆက်ဖြတ်ပြီး ဘဝဇာတ်မြုပ်လေလွင့်နေလိုက်တော့တယ်

www.burmeseclassic.com



တကယ်ဆို ဒီအကြောင်းတွေကို ငါ့သားတောင် ငါမပြောပြခဲ့ဘူး၊ ဟော့ဒီ ငါ့သမီးလေးကို မြင်မှ ငါ့ရင်တွေ အလိုလိုပွင့်ကျကုန်တာ တာပါပဲ မောင်ထိုက်ရာ'

ဦးရွှေမိုး လက်ဘက်ဖက်ကို လှတ်လိုက်သော်လည်း ကျန်လက်တစ်ဖက်ကို ဆုပ်ထွေးထားဆဲရှိသည့် ပန်းရှင်မွေးက…

'အခု ဖေဖေ ဘာမှအားမငယ်နဲ့တော့၊ သမီးရှိနေပြီလေ၊ သမီးဖေဖေ့ကို တစ်သက်လုံး စောင့်ရှောက်ပြုစုသွားနိုင်ပါတယ်'

ဦးရွှေမိုးက ပန်းရှင်မွေးကို တွေတွေကြီး စိုက်ကြည့်ရင်း မျက်ရည်ဝဲစို့လာပြန်၏။ ပြီးလျှင် ပွင့်လွှာထံ အကြည့်ရွှေ့ပြီး…

'အဲဒီတုန်းက ခင်သုန်ဟာ အမြွှာပူးမွေးခဲ့တာလေ'

အားလုံးအံ့အားသင့်သွားကြ၏။ ပွင့်လွှာ မျက်နှာမှာ ရဲခနဲဖြစ်သွားရာမှ ကွက်ခနဲမျက်နှာပျက်သွား၏။

'ဘယ်လို ဆရာ၊ ဆရာကတော် အမြွှာပူးမွေးခဲ့တာလား'

'ဟုတ်တယ် မောင်ထိုက်၊ ဟော့ဒီသမီးကြီးကို မွေးပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို သမီးငယ်ကို မွေးခဲ့တယ်၊ တိတ်တိတ်ပုန်းလက်သည်က ချက်ကြိုးဖြတ်ပေးပြီးတာနဲ့ မင်းလက်ထဲကို သမီးကြီးကို ထည့်လိုက်တာပဲ၊ သမီးငယ်ကို အရပ်လက်သည်နဲ့ မျက်နှာလွှဲပြီး မွေးစားခိုင်းဖို့ ကြိုးစားကြတယ်လေ၊ မွေးဖွားပြီးစမို့ အားအင်ဖျော့ဖျော့ပဲကျန်တော့တဲ့ ခင်သုန်က ဒီစကားတွေကြားပြီး အားမရှိတဲ့ကြားက သူ့သမီးငယ်ကို အတင်းလုပြီး ငိုတော့တာပဲ၊ သမီးကြီးကို အတင်းပြန်တောင်းပေမယ့် မင်းလက်ထဲပါတာ မြန်သွားလို့ မမီလိုက်တော့ဘူး၊ ဒီမှာတင် ခင်သုန်က ကျူကျူပါအောင် ငိုပြီး ဒီလိုမလုပ်ဖို့ အတင်းတားတယ်၊ သူကိုယ်တိုင် သမီးတွေကို ပွေ့ပိုက်ပြီး အိမ်ပေါ်က ဆင်းသွားမယ်လို့ ကတိပေးတယ်၊ တိုတိုပြောရရင်တော့ ခင်သုန်ဟာ အားလုံးကို စိတ်နာပြီး တကယ်ကို ဝေးရာမှာ ဇာတ်မြှုပ်ဖို့ ထွက်ခွာသွားတော့တာပါပဲ၊ ဒီအကြောင်းတွေကို အိမ်အလုပ်သမားတွေကတော့

www.burmeseclassic.com



ဆင့် ခိုးတွေ့ပေးတဲ့ အရပ်လက်သည် ဒေါ်စာက ပြောပြလို့ ငါ သိခဲ့တာပါပဲကွာ'

'ဒါ··· ဒါဆိုရင် ဆရာနဲ့ နောက်သမီးတစ်ယောက်ဟာ'

ဦးမောင်ထိုက် ပြောလက်စစကားကိုရပ်ပြီး ပွင့်လွှာကို ပြုံး၍ကြည့်၏။ သူနှင့်ပန်းရှင်မွှေးလည်း ပွင့်လွှာကို ပြိုင်တူလိုလို ကြည့်လိုက်မိသည်။

ပွင့်လွှာမှာ နှုတ်ခမ်းကိုက်ပြီး မယုံကြည်နိုင်စရာ ကောင်းလှန်းသောစကားကို ကြားလိုက်ရသည့်နှယ် ခေါင်းကို ဘယ်ညာခါယမ်းနေသည်။

'ကျွန်မ မဖြစ်နိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒေါ်ခင်သုန်ဆိုတာ ကျွန်မ မွေးလာကတည်းက အခုအချိန်ထိသိဖို့နေသာသာ နာမည်တောင် မကြားဖူးဘူး၊ ကျွန်မနဲ့ပန်းရှင်မွှေးဟာ ရုပ်တူလွန်းလို့သာ ဖြစ်ပါလိမ့်မယ်'

'ဦးကတော့ သမီးလို့ပဲ အလိုလိုယုံနေတယ်၊ အသွေးအသားဆဲကကို အလိုလိုယုံကြည်နေတာပါ သမီးရယ်'

'အို··· ဘယ်လိုလဲ၊ ဒီလိုအတင်းကြီး မပြောပါနဲ့၊ သမီးရဲ့မိဘတွေက ဦးမောင်မောင်လတ်နဲ့ ဒေါ်ခင်ခင်ကြီးပါ၊ ဒီအကြောင်းကို ဟုတ်လိုဟုတ်ငြား အနေနဲ့ မိဘတွေကို သမီးကိုယ်တိုင်မေးကြည့်ပြီးပြီ၊ လုံးဝမဟုတ်နိုင်ဘူး၊ သမီးဟာ ဒေါ်ခင်ခင်ကြီးရဲ့ ဝမ်းနဲ့လွယ်မွေးထားတဲ့ သမီးရင်းပါဆိုတာပဲ ထပ်ထပ်ပြောကြတယ်'

'ဒါဆိုရင်တော့ နောက်ဆုံးသက်သေပြစရာ တစ်ခုပဲရှိတော့တယ်၊ မခင်သုန်ကို မွေးဖွားပေးတဲ့ အရပ်လက်သည်ဒေါ်စောပြောပြတဲ့ စကားအရဆိုရင် သမီးငယ်ရဲ့ ခါးလယ်မှာ အမှတ်နက်ကြီးပါတယ်တဲ့၊ ဒီအမှတ်ပါမပါဆိုတာကို သမီးကိုယ်တိုင် သိနေမှာပါ'

ဦးရွှေမိုးစကားကြောင့် ပွင့်လွှာ အံ့သြထိတ်လန့်သွား၏။

'ဟင့်အင်း··· အမှတ်ဆိုတာတော့ တချို့တလေတည်း ပါ

www.burmeseclassic.com

www.burmeseclassic.com



တတ်ကြတာပဲ၊ ဒီအချက်နဲ့တော့ ရှင်တို့သမီးဟာ ကျွန်မလို့ သက်သေပြလို့ မရနိုင်ပါဘူး'

သူ မနေနိုင်တော့…

'ကိုယ်နားမလည်တော့ဘူး၊ ပွင့်လွှာကိုယ်တိုင် ပွင့်လွှာရဲ့ ဇစ်မြစ်ကို သံသယရှိလို့ ကိုယ်ပါ စုံစမ်းခဲ့ပြီးခါမှ အခုလောက် ခါးခါးသီးသီး ငြင်းဆန်ဖို့ ကြိုးစားနေဟာ အဓိပ္ပာယ်သိပ်မရှိတော့ဘူး'

'ဘာဆိုင်လို့လဲ၊ ကျွန်မမှာ မိဘရင်းတွေရှိနေတာပဲ၊ မိုးတိမ်ကို မြေပေါ်မှာရွှေ့လျားသွားခိုင်းလို့ ရရိုးလား၊ ထုံးစံမရှိဘူး'

'ဒါဆို ကိုယ့်အဖေပြောသလို မင်းကျောဘက်မှာ အမှတ်တကယ်ကို မပါဘူးလား'

'ပါတော့ပါတယ်၊ ဒါပေမဲ့ တကယ်အံ့ဩဖို့ကောင်းတဲ့ တိုက်ဆိုင်မှုလို့ ပြောလို့ရတာပဲ'

ဦးရွှေမိုး မျက်နှာပေါ်မှာ ဝမ်းနည်းရိပ်တွေ စိမ့်စိမ့်ဖြာသွား၏။ ပန်းရှင်မွေးမှာ ပွင့်လွှာလက်ကလေးတစ်ဖက်ကို လှမ်းဆုပ်ကိုင်ကြည့်ဖို့ ကြိုးစား၏။ ပွင့်လွှာက အကိုင်မခံ။ ဦးမောင်ထိုက်က--

'ကလေးမ… မိဘရင်းဆိုတာ မပြစ်မှားထိုက်ဘူးကွ…၊ စဉ်းစဉ်းစားစားနဲ့ မင်းမိဘများကို နောက်တစ်ခါ ပြန်မေးကြည့်ပါဦးလား'

ပွင့်လွှာ ပြန်ပြောဖို့အပြင်မှာပင် ဦးရွှေမိုးက ကြာဝင်ဖြတ်ပြောလာ၏။

'မေးသင့်တယ်၊ အမှန်ကို ဝန်ခံလာတဲ့အထိ မေးသင့်တယ်၊ ဦးသိချင်တာက သမီးရဲ့အမေ မခင်သုန် ဒီအတိုင်းဆိုရင် ဘုရား-ဘုရား၊ မခင်သုန်တစ်ယောက် သက်ရှိထင်ရှားမှ ရှိနိုင်ပါဦးမလား မသိဘူး'

'ဟုတ်တယ် ဆရာ၊ မခင်သုန်ကတော့ ကျုပ်တို့ခွဲးစား ဘယ်လိုအခြေရောက်ရောက် ထိုးပေးလိမ့်မယ်မထင်ဘူး၊ မခင်သုန် ဘယ်လိုများ ဖြစ်သွားပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



'သမီးလည်း သမီးမေမေကို အရမ်းတွေ့ချင်တယ်၊ လိုက်ရှာရအောင်နော် ဖေဖေ၊ အခုလို လိုက်စုံစမ်းရင်းနဲ့ တွေ့ချင်တွေ့လာမှာပါ'

ပန်းရှင်မွှေး စကားကို ဦးရွှေမိုး နားစိုက်နားထောင်ရင်း

'ရှာရမှာပေါ့ကွယ်၊ မတွေ့တွေ့အောင်ကို ရှာရမှာပေါ့၊ ဟောဒီ သမီးအငယ်က ဒီအဖေ လူဆင်းရဲကြီး အမွဲတွင်းနက်တာကို မနှစ်မြို့နိုင်လို့လား မသိပါဘူး၊ အဖေ မတော်ချင်ရှာဘူးနဲ့တူတယ်၊ အေးလေ ရှိပါစေတော့၊ ခင်သုန်အကြောင်းသိရဖို့ ဒီသမီးငယ်လေး ငြင်းနေသလို ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူနဲ့ဆိုင်ရာ လူကြီးမိဘ တွေဆီ တိုးလျှိုးတောင်းပန်ပြီး စုံစမ်းကြည့်ကြတာပေါ့'

ပွင့်လွှာ မျက်လုံးပြူးသွားပြီး သူမ ရင်ဘတ်ကို သူမ ပြန်ဖိလျက်...

'အို... အားလုံးရှုပ်ကုန်တော့မှာပဲ၊ ဒီလိုလုပ်ဖို့ ကျွန်မ သဘောမတူနိုင်ဘူး၊ ကျွန်မ မိဘတွေက ဒီလိုလုပ်မယ့်အပေါ်မှာ နည်းနည်းလေးမှ သည်းခံကြမှာမဟုတ်ဘူး၊ ကျွန်မပြောတာ ယုံကြပါရင်၊ ဘယ်လိုတောင်းပန်ပြီးမေးမေး မေးလို့မရတဲ့အပြင် ဇာတ်လာရှုပ်လို့ ခြံပြင်တောင် အတင်းနှင်ထုတ်ခံရလိမ့်မယ်'

ဦးမောင်ထိုက်က...

'ကွယ်... ကလေးမ မိဘတွေက ဒီလောက်တောင် ဆိုးကြသလား'

ပွင့်လွှာမျက်နှာလေး ငယ်သွားပြီး ခေါင်းညိတ်ပြရင်း...

'သမီးကို သနားသောအားဖြင့် ဒီလိုမလုပ်ဖို့ တောင်းပန်ပါတယ်၊ တကယ်လို့များ သမီးဟာ ဒီကဦးရဲ့သမီးဖြစ်နေရင်တောင် သမီး ထည်ထည်ဝါဝါနေရတဲ့ဘဝလေးကို နားလည်မှုနဲ့ ကြည့်ရှုကျေနပ်မပေးနိုင်ကြဘူးလား၊ သမီးအိမ်က အဖေနဲ့အမေတို့ သမီးပဲ ဖြစ်ချင်တယ်၊ သမီး ငယ်ငယ်ကတည်းက လိုချင်တာတော်များများ

www.burmeseclassic.com



ရခဲ့တဲ့ ဘဝလေးကို ဘယ်လိုအကြောင်းနဲ့မှ အဖျက်အဆီးမခံနိုင်ဘူး။ သမီးရဲ့မိဘတွေက ဟုတ်သော်ရှိ မရှိ ပတ်သက်လာတဲ့ဒီအကြောင်းတွေကြောင့် စိတ်အနှောင့်အယှက် ကြီးကြီးမားမားဖြစ်ပြီး သမီးကို အပြစ်မြင်ပြီး အချစ်လျှော့ကုန်ကြမှာ အရမ်းစိုးတယ်၊ သမီးအခုလို စပ်စပ်စုစု ပတ်သက်ခဲ့တာကိုက သမီးရဲ့မဟာအမှားကြီးတစ်ခုဖြစ်နေပြီလေ၊ အဲဒီအပေါ်မှာ သမီးမိဘတွေ ငြိုငြင်စိတ်ကွက်သွားမှာ သမီးအရမ်းကြောက်တယ်၊ ဒါကြောင့်မို့ သမီးကို စာနာနားလည်စိတ်နဲ့ မီးခိုးကြွက်လျှောက် တက်လာမယ့် ပြဿနာကြီးကို ရှောင်လွှဲပေးကြပါ၊ မိဘတွေကို သွားမမေးမြန်းကြပါနဲ့ ဦးတို့ရယ်'

အားလုံး ငိုင်တွေကုန်ကြ၏။ ဦးရွှေမိုးမှာ ပွင့်လွှာကို ငေးငေးရီရီကြည့်၍…

'ဦး နားလည်ပါတယ်ကွယ်၊ သမီးလေး စိုးရိမ်နေသလို မဖြစ်စေရအောင် ဦး ရှောင်ပါ့မယ်'

ဦးမောင်ထိုက်က…

'ဆရာ ဒါဆိုရင် ဆရာကတော်ကို ဘယ်ကစရှာ စုံစမ်းကြမလဲ'

ဦးရွှေမိုး စဉ်းစားသွားပြန်၏။ ပန်းရှင်မွှေးက ပွင့်လွှာကို စိုက် ကြည့်ပြီး သက်ပြင်းသဲ့သဲ့ချမိ၏။ ပွင့်လွှာက ဦးရွှေမိုး မျက်နှာပေါ်မှ ပြောင်းလဲမှုအရိပ်အကဲကို စိတ်ဝင်တစား ဖတ်ရှုနေ၏။ သူက ထိတွေ့ကိုင်တွယ်ခြင်းမှာ မစွမ်းသာသော ဘဝနှစ်ခု၏ သမုဒယ။

အဘယ်သို့သော တန်ခိုးရှင်၏ အစွမ်းအစဖြင့် မလွှမ်းရသော ဆုံမှတ် ဖြစ်လာနိုင်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

နောက်တစ်နေ့ နေ့လည်ပိုင်းမှာ စိတ်မောလူမောဖြင့် စောင့်မျှော်နေသော သူတို့ထံသို့ ပွင့်လွှာရောက်ရှိလာ၏။ မနေ့ညနေစောင်းက ပွင့်လွှာနှင့် ပန်းရှင်မွေးတို့ အိမ်တိုင်ရာရောက် သူကိုယ်တိုင်လိုက်ပို့ပေးခဲ့ပြီး ဦးမောင်ထိုက်ကို သူ့အိမ်မှာပင် တစ်ညအိပ်ဖြစ်၏။

အဘိုးကြီးနှစ်ယောက်မှာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပြီး သံဝေဂသက်ပြင်းတွေ တချချဖြင့် ညည်ဥ့်နက်တိုင် မအိပ်နိုင်ခဲ့ကြရှာ။

ပြန်တွေ့ဆုံရန် ချိန်းဆိုထားသော နေ့လယ်ပိုင်းကာလမှာ ပန်းရှင်မွေးက ဦးစွာအလျင် အငှားကားဖြင့် ရောက်ချလာခဲ့၏။

ရောက်မဆိုက်ပင် ပန်းရှင်မွေးက ဖခင်ဖြစ်သူကိုယူဆောင်လာသော ဟင်းမျိုးဖွယ်ဖွယ်ရာရာ တည်ခင်းပေးပြီး…

'အမေက သိပ်နေမကောင်းလို့ လိုက်မလာတာ ဖေဖေ၊ အမေကပြောတယ်၊ သမီးကိုမခွဲနိုင်ဘူးတဲ့၊ ဖေဖေ သမီးတို့နဲ့ တစ်သက်လုံးလာနေပါလို့ မေမေက တဖွဖွမှာလိုက်တယ်'

'နေချင်ပါတယ် သမီးရယ်၊ ဒါပေမဲ့ ဘယ်သင့်တော်ပါ့မလဲ သမီးနဲ့ ဖေဖေတို့ အခုလိုတွေ့ခွင့်ရတာကိုပဲ မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ ကျေးဇူးကြီးမားမှုလို့ အောက်မေ့ကြည်ညိုကြည်နူးရပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူပင် ကြားဝင်ပြောခဲ့သေး၏။

'အဖေက အခုလို ယစ်ထုပ်ကြီး မဟုတ်တော့ဘူး ပန်းရှင်မွေးရဲ့၊ ဒီအိမ်ပေါ် ပြန်မတက်ခင် ဆယ်ရက်လောက်ကတည်းက ဆရာတော်ကြီးတစ်ပါးရဲ့ ဆုံးမစကားကြောင့် အရက်ကို ရာသက်ပန် ဖြတ်လိုက်ပြီး အရက်ဖြတ်တဲ့ဒဏ်ကို နည်းနည်းပါးပါးတော့ ခံရတယ်ပေါ့'

'ဟယ်… ဟုတ်ကယ်၊ ဒါဆို ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သမီး ဘယ်လိုဝမ်းသာရမှန်းကို မသိတော့ဘူး'

'စိတ်ချကြပါ သားနဲ့သမီးရယ်၊ ဖေဖေ့ရဲ့ ကျော်လင့်ချက်တွေ ပြန်တွေ့နေရပြီပဲ၊ အကြီးမားဆုံးနဲ့ အလိုအပ်ဆုံးဖြစ်တဲ့ တရားမမွှဆို တဲ့ မျှော်လင့်ချက်ကြီး ရှိနေမှတော့ ဖေဖေ့ရဲ့အသိမှာ ဖုံးနေတဲ့ အမှောင်တိုက်တွေကို သတိနဲ့လောင်မြိုက်ပစ်နိုင်စွမ်းရှိနေပါပြီ'

'ဖေဖေ သမီးတို့အိမ်မှာ လိုက်မနေရင်လည်း ဖေဖေ့အတွက် သမ်းတစ်ခုတော့ စီစဉ်ပေးရမှာပဲ'

ပန်းရှင်မွေးတို့ သားအဖ စကားကောင်းနေစဉ်မှာပင် ပွင့်လွှာ ရောက်ရှိလာခဲ့ခြင်းပင်။ ကားပေါ်မှဆင်းပြီး အိမ်ပေါ်တက်လာသော ပွင့်လွှာမျက်နှာပေါ်မှာ ခန့်မှန်းရခက်သော အရိပ်လက္ခဏာတွေ ယှက်ဖြာရောထွေးနေ၏။

ပွင့်လွှာ ဝင်ထိုင်ပြီးပြီးချင်းမှာပင် ပန်းရှင်မွေးက…

'ညီမလေးဟာ မမရဲ့ ညီမအရင်း ဟုတ်တယ်လို့ ပြောလိုက်တယ် မဟုတ်လားဟင်၊ ပြောလိုက်တယ် မဟုတ်လား'

ပွင့်လွှာက ပန်းရှင်မွေးကို နွမ်းလျရီဝေစွာ ငေးကြည့်ရင်း…

'သမီး အမေမြို့ကို မနည်းဖျောင်းဖျပြီး မေးနိုင်ခဲ့ပါတယ်၊ အဖြစ်မှန်ကို အမေမြို့စကားအတိုင်း သမီး ပြန်ပြောပါမယ်၊ သမီး မိဘတွေ နယ်မြို့ကြီးတစ်မြို့မှာရှိတဲ့ ဆွေမျိုးဆွေဆီ ခဏသွားလည်ရင်း နဲ့ အဲဒီနယ်မြို့လေးမှာ ရှိုးရှိုးသားသား ဈေးရောင်းသားနေတဲ့ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်နဲ့ မမျှော်လင့်ဘဲ တွေ့ဆုံပတ်သက်မိခဲ့ကြတယ်၊ အဲဒီတုန်းက မေမေဟာ ကိုယ်လေးလက်ဝန်ကြီးနဲ့ပေါ့၊ ဖြစ်ချင်တော့ သွားလည်ပတ်တဲ့ နယ်မြို့လေးမှာ နေ့မစေ့ လမစေ့ဘဲ ကောက်ခါ င်ခါ ကလေးမွေးခဲ့တယ်၊ အဲဒီကလေးက အသေလေးဖြစ်နေတယ်၊ ဒါကို မေမေ မသိခဲ့ဘူး၊ ကလေးအသေလေးမွေးမှန်း သိရင် စိတ် အရမ်းနုတဲ့ မေမေ တစ်ခုခုဖြစ်သွားမှာကို ဖေဖေ အရမ်းစိုးရိမ်ခဲ့တယ်၊ အချိန်မှာပဲ ဆေးရုံမှာ အမျိုးသမီးရောဂါနဲ့ လာတက်နေတဲ့ အမျိုးသမီး က ဒီသတင်းကိုကြားပြီး သူ့ရဲ့လသားအရွယ် သမီးလေးကို ယာယီ န်သိမ့်မှုပေးတဲ့အနေနဲ့ မေမေ့ကလေးဆိုပြီး ဟန်ဆောင်ထားဖို့ ပရိ အသမီးတောက်လောင်နေတဲ့ ဖေဖေ့ကို အကြံပေးကူညီလာရှာတယ်၊ ဖေဖေလည်း အရမ်းကျေးဇူးတင်ပြီး မေမေ့ဆီကို အဲဒီကလေးခေါ်လာ တယ်၊ နို့တိုက်ချိန်တွေဘာတွေတော့ သူနာပြုဆရာမလေးတွေက မိခင် ထွက်မကောင်းသေးလို့ နွားနို့နဲ့ ယာယီတိုက်ကျွေးတယ်ဆိုပြီး မိခင် င်းဖြစ်တဲ့ အမျိုးသမီးမှာ ပြန်တိုက်ရတာပေါ့၊ ဒီလိုနဲ့ ဆေးရုံမှာ က်သတ္တပတ်တစ်ပတ်လောက်ကြာတော့ ဆွေမဲ့မျိုးမဲ့ဖြစ်နေတဲ့ အဲဒီ အမျိုးသမီးဟာ သူ့ရောဂါပြင်းထန်လာမှုကြောင့် အသက်သေဆုံးသွား ရှာတယ်'

ဦးရွှေမိုးက ဖြတ်ဝင်၍

'အဲဒါ မခင်သုန်မဟုတ်လားဟင် သမီး၊ အဲဒါ မခင်သုန်၊ ဒါဆို မခင်သုန် တိမ်းပါးရှာခဲ့ပြီပေါ့'

အသံတုန်အက်အက်ကြီးဖြင့် ဝမ်းနည်းပက်လက်ပြောလိုက် သော ဦးရွှေမိုးကို ပန်းရှင်မွေးကြည့်ရင်း မျက်ရည်တွေ ကျလာပြန်၏ န်းရှင်မွေး မျက်ရည်သိမ်းနေစဉ်...

'ဟုတ်ပါတယ်၊ အဲဒါ ကျွန်မရဲ့ အမေရင်း ဒေါ်ခင်သု... ပွင့်လွှာစကားကြောင့် အားလုံးငိုင်တွေရီမောသွား...

'တကယ်တော့ ဒီနေ့အထိ မေမေ ဒေါ်ခင်...ကြီးဟာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ဘာမှမသိရှာပါဘူး၊ တကယ်သိတာက ဖေဖေနဲ့ခင်း ထွက်တုန်းက တစ်ပါတည်းပါပြီး မေမေ ဆေးရုံတက်တော့လည်း အနားကမခွာဘဲ ပြုစုပေးခဲ့ရတဲ့ အမေမြိုင်ပဲ သိခဲ့ကြတာပါ၊ ဖေဖေ့ ဆွေမဲ့မျိုးမဲ့ဖြစ်သွားရှာတဲ့ ကလေးကို ရာသက်ပန်မွေးစားဖို့ ဆုံးဖြတ် လိုက်တယ်၊ သမီးရင်းထင်ပြီး ကလေးကိုချစ်မြတ်နိုးနေတဲ့ မေမေ့ စိတ်ဆင်းရဲမှု မပေးချင်တော့တာနဲ့ ဖေဖေ ရေငုံနှုတ်ပိတ်နေခဲ့လိုက် တာ အခုအချိန်ထိပါပဲ၊ အမေမြိုင်ကိုလည်း နှုတ်လုံအောင် ဖုံးဖိခိုင်းခဲ့ တာပေါ့၊ အဲဒီအဖြစ်ဟာ ဘယ်လောက်အထိ ပိရိသေသပ်သလဲဆိုရင် အဲဒီနယ်က ဆွေမျိုးတွေတောင် အဖြစ်မှန်ကို လုံးဝမသိလိုက်ကြဘူး ဒေါ်ခင်သုန်ရဲ့ နောက်ဆုံးခရီးကို ဖေဖေကိုယ်တိုင်ပဲ ဦးဆောင်စီစဉ် ပြီး သင်္ဂြိုဟ်ပြီးစီးစေခဲ့တယ်၊ ဒီအတိုင်းဆိုရင် သမီးဟာ အဖေရင်း ဦးရွှေမိုး၊ အမေရင်း ဒေါ်ခင်သုန်တို့ရဲ့ သမီးဆိုတာ ကျိန်းသေထင်ရှား နေပါပြီ'

'ဝမ်းသာလိုက်တာ သမီးငယ်ရယ်၊ သမီးငယ်ကို ပြန်တွေ့ရ လို့ ဝမ်းသာသလို အနှစ်နှစ်အလလ ချစ်ခဲ့ရတဲ့ မခင်သုန်အကြောင်း ကြားရလို့ အဖေ မချိတင်ကဲ ဝမ်းနည်းရပြန်တယ်၊ အေးလေ ဘယ် တတ်နိုင်ပါ့မလဲ၊ လောကတတ္တသိလ်ရဲ့ ဘဝကျောင်းသားတွေပဲ အတိတ်ပစ္စုပ္ပန်မှာ မိမိပြုလုပ်တဲ့ ကံကို မိမိကိုယ်တိုင် သင်ယူလေ့လာ မှု အကျိုးဆက်တွေ ခံစားကြရတော့မှာပေါ့ကွယ်'

ဦးရွှေမိုးထံမှ အက်ရှသော စကားသံထွက်ပေါ်လာပြီး ပွင့်လွှာက…

'သမီးထပ်ပြီး တောင်းပန်ချင်ပါတယ်'

ပွင့်လွှာထံမှ ထွက်ပေါ်လာမည့် စကားကို အားလုံးအရိပ်အကဲ နားလည်နေကြ၏။ ဦးရွှေမိုးက…

'သမီး ပြောပါ'

'ဒီအကြောင်းတွေကို သမီးရဲ့မေမေ ဒေါ်ခင်ခင်ကြီး လုံး

www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး၊ သမီး အခုလို ဘဝမှန်ကို သိနေတာလည်း ဖေဖေ ဦးခောင်မောင်လတ်ကိုယ်တိုင် မရိပ်မိသေးပါဘူး၊ အရှင်းဆုံးပြောရရင် အမြိုင်တောင် သမီးဘယ်ကဘယ်လိုသိထားတယ်ဆိုတာ အသေချာ မသိရှာပါဘူး၊ သမီးဘက်က လုံအောင်ဖုံးပိတ်ပြီးအဖြစ်မှန်သိအောင် ဖော်ထုတ်ခဲ့မိတာပါ၊ သမီးအနေနဲ့ အဓိကတောင်းပန်ချင် တာက အကြောင်းတွေကို ဒီကလူတွေကလွဲရင် ဘယ်သူ့ကိုမှ မသိချင်ပါဘူး၊ အထူးသဖြင့် သမီးရဲ့မိသားစုနဲ့တစ်ဆင့်ခံဆက်နွယ် ပတ်သက်နေသမျှ လူတွေအားလုံးကိုပေါ့'

ပန်းရှင်မွှေးက…

'ညီမလေး ဘယ်လိုပြောလိုက်တာလဲကွယ်၊ ညီမလေးက မမနဲ့ အဖေဦးရွှေမိုးကို အစ်မရင်းနဲ့အဖေရင်းလို့တောင် မသတ်မှတ် နိုင်တော့ဘူးလား၊ မသတ်မှတ်နိုင်တော့ဘူးလား'

'သတ်မှတ်လိုက်တော့ကော အားလုံးပြန်စုနေကြဖို့ မမ ရည်ရွယ်ထားလို့လား၊ အခြေအနေမခိုင်မာတဲ့ မိသားစုဘဝအသစ်တစ်ခု ဆိုကို ကျွန်မ ဖြုန်းစားကြီးပြောင်းလဲမဝင်စားနိုင်ဘူး၊ အို… နောက်ဆုံး ကုန်ကုန်ပြောရရင် တိတ်တိတ်ပုန်း မိသားစုလေးဆိုတဲ့ သတ်မှတ်ချက် အလွဲလို့ ကျွန်မ ဘာကိုမှ လိုက်လျောပေးနိုင်မှာမဟုတ်ဘူး'

ပွင့်လွှာထံမှ တင်းပြတ်သော စကားကို ကြားရ၍ ဦးရွှေမိုး ငိုချင်သွားရ၏။ သူနှင့်ဦးမောင်ထိုက်မှာ ပွင့်လွှာကို အလျှင်အမြန်နားချ ဖို့အကြောင်းအရာ ရွေးချယ်နေကြဆဲအခိုက်မှာ…

'ပြောလိုက်ရတာ ညီမလေးရယ်၊ တို့တွေဟာ သွေးရင်းသား ချင်းတွေပါ၊ အခုမှ တွေ့ခွင့်ရတဲ့ ဖေဖေ စိတ်မကောင်းဖြစ်သွားရပြီ မပြောသင့်ပါဘူးကွယ်၊ စိတ်ချပါ၊ ဖေဖေကလည်း ညီမလေးကို ရွှေဘုံပေါ်က ဆွဲချခေါ်ယူမှာမဟုတ်ပါဘူး၊ မမနဲ့တိုင်ပင်ပြီး ပြ ရင်နေမြဲအိမ်မှာ အုပ်ထိန်းမြဲမိဘတွေနဲ့နေပြီး ဆန္ဒရှိသလို ဖေဖေ့ တွေ့ဆုံအရိပ်အငွေ့မှာ လာရောက်ခိုလှုံကြရမှာပါ၊ သားသမီးတွေအား

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုယ်စွမ်းသလောက် ဖေဖေ့ကို ပြုစုသွားကြရမှာပါ'

ပန်းရှင်မွေးက စကားအဆုံးမှာ သူက ဝင်၍…

'ခေါင်းအေးအေးထားပြီး စဉ်းစားပြောပါ ပွင့်လွှာ၊ မင်း…
ဖေဖေက သမီးအတင်းတော်နေတာ မင်းနဲ့ ဆက်နွယ်နေတဲ့ ပိုင်…
ကြွယ်ဝမှုတွေကို သရေကျနေတယ်လို့များ မင်းထင်နေသလား၊ သူ…
စမ်းပါ၊ အဝေးကြီး၊ ယောင်လို့တောင် မစဉ်းစားဘူး'

'သား… သမီးငယ်ကို ဒီလိုမပြောပါနဲ့၊ သမီးငယ် …
သင့်လို့ ပြောနေတာပါ သားရယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီး…
က ရွှေပင်မှာနားခဲ့ရတဲ့ ရွှေကျေးလေးဖြစ်နေပြီကိုး'

ဦးရွှေမိုးစကားကြောင့် သူ ငြိမ်နေလိုက်ရသော်လည်း စိတ်…
မှာမူ ပွင့်လွှာကို ရွှေပင်မှာနားသော ကျီးကန်းဟု ပြင်ဆင်သတ်မှ…
သမှုပြုမိလိုက်၏။ ဦးရွှေမိုးက…

'သမီးက ဖေဖေ့ကို ဖခင်တစ်ယောက်လို့ တိတ်တိတ်က…
သတ်မှတ်ရင်လည်း ဖေဖေ ကျေနပ်ပါတယ် သမီးရယ်၊ ဖေဖေ က…
ပေးပါတယ်၊ ငါ့သမီးလေး စိုးရိမ်သလို မဖြစ်စေရပါဘူး၊ အား…
နှုတ်လုံအောင် ဖေဖေ တာဝန်ယူပါ့မယ်'

ဟန်နှင့်ပြောနေကြား တုန်အက်ပါးလှသော စကားသံက ဦး…
မိုးရင်ထဲက ခံစားမှုအမှန်ကို တုံ့ပြန်ပေးနေသလိုလို ပန်းရှင်မွေးက…

'သင်းသင်းနဲ့ မြတ် သိသွားတာကို ပွင့်လွှာ ဘယ်လိုလုပ်မ…

'မြတ်ကို ပွင့်လွှာက တာဝန်ယူပြီး နှုတ်လုံခိုင်းမယ်၊ သ…
သင်းကိုတော့ မမလည်း တာဝန်ယူလိုက်ပေါ့'

'တို့မေမေလည်း သိသွားပြီ'

'ဒါကိုလည်း မမပဲ ဖုံးဖိပေးပါ'

'တို့မိဘဆွေမျိုးတွေနဲ့ မင်းတို့မိဘအသိုင်းအဝိုင်းမှာ သ…
မဆိုင်ဘူးနဲ့တူတယ်'

'ဘယ်လိုပဲဖြစ်ဖြစ် ဖုံးနိုင်သမျှ ဖုံးထားတာ…ကောင်းဆုံးပါ…

www.burmeseclassic.com

www.burmeseclassic.com



'တို့ ကြိုးစားကြည့်မယ်လေ၊ မင်းကကော တို့ကိုအစ်မတစ်ယောက်လို့ သတ်မှတ်ရဲ့လား'

'သတ်မှတ်ချက်အတိုင်း သတ်မှတ်ပါတယ်'

'ရင်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်လာတဲ့ ငါးရာနှစ်ဆယ့်ငါးခုတွေ့ ဘာမျိုးနဲ့ မသတ်မှတ်နိုင်ဘူးလား'

'အင်း… တစ်နေ့တော့ ဖြစ်လာလိမ့်မယ်ထင်တယ်၊ အခုတော့ မမပြောသလို ကြိုးစားကြည့်ပါဦးမယ်'

'ပွင့်လွှာရယ်… နားလည်ရအတော်ခက်လိုက်တာ၊ မင်းကိုညီလေးလို့ ခေါ်ရမှာတောင် တို့ လိပ်ပြာမလုံသလို ဖြစ်နေရပြီ'

'အဆင်ပြေသလိုသာ ကျင့်သုံးလိုက်ပါ မမပန်းရှင်မွှေးရယ်'

'အင်းပေါ့လေ၊ မမကို သတ်မှတ်သလို ဖေဖေ့ကိုလည်း သတ်မှတ်ချက်အတိုင်းပဲပေါ့'

'ဟုတ်ပါတယ်'

သူ မနေနိုင်…

'မင်း မှားနေပြီ၊ အတော်ကြီးကိုမှားနေပြီ ပွင့်လွှာ'

'ဒါ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာပါ'

'သား… မင်း ဝင်မပြောပါနဲ့ကွယ်၊ သမီးကို ဖေဖေပဲပြောပါရစေ'

သူငြိမ်ပြီး ငိုင်ဝင်သွား၏။ ဦးရွှေမိုးက ပွင့်လွှာကို အပြစ်မရှာသော မျက်နှာဖြင့်ကြည့်ကာ နာကျင်စွာ ကြည့်လိုက်၏။

'သမီးလေး… သမီးငယ်လေး စိတ်ချမ်းသာသလို သတ်မှတ်ပါ၊ ဖေဖေ ကျေနပ်ပါတယ်၊ ဖေဖေက မိဘဝတ္တရားမှ မကျေခဲ့ရတာ၊ ငယ်ရွယ်မှာ ရှာတွေ့ခဲ့ရတာပဲ ဖေဖေ နောက်အကျကြီးကျခဲ့ပြီးပါပြီ သမီး၊ သမီးဆီက အဖေဆိုတဲ့ သတ်မှတ်ချက်လေးကို ရရုံနဲ့ပဲ ဖေဖေ ကျေနပ်ရင်းတင်းတိမ်နိုင်ပါပြီ'

'ဘယ်ဟုတ်မလဲ၊ ဖေဖေက မိဘဝတ္တရားမကျေတာ မဟုတ်ဘူး၊ ကျေကိုကျေခဲ့တာ၊ ဖေဖေဟာ လူပီသတဲ့အသိတရားနဲ့ နှစ်ပေါင်း

www.burmeseclassic.com



နှစ်ဆယ်လုံးလုံး ဘဝတိုးတက်ရေးမှန်သမျှကို ပစ်ပယ်ပြီး ဇနီးနဲ့သမီးကို လိုက်ရှာနေခဲ့တာ၊ မိဘဝတ္တရား ကျေပွန်လွန်းရာတောင် ရောက်ပါတယ်လေ'

ဦးရွှေမိုး တစ်ဖက်ကို မျက်နှာလွှဲပြီး မျက်ပေါင်ခတ်၍ မျက်ရည်စတွေဖယ်သိမ်းနေ၏။ ပန်းရှင်မွှေးက…

'ဆွေမျိုးဆိုတာ မခေါ်ချင်နေလို့ရပေမယ့် မတော်ချင်ဘဲနေလို့ မရပါဘူးကွယ်၊ ခုတော့ ညီမလေးက ခေါ်ချင်ပေမယ့် မတော်ချင်သလို နေပေးနေစေချင်မှတော့ မမတို့ နားလည်ပေးရမှာပေါ့၊ ဖေဖေ့ကို ညီမဆန္ဒရှိရင် လာတွေ့ပါ၊ ဆန္ဒရှိရင် ပြုစုပါ၊ ဆန္ဒရှိရင် ဖေဖေလို့ ခေါ်ပါ၊ ရှေ့ဆက်ပြီး မမကိုလည်း ဆန္ဒရှိသလိုပေါ့'

ပွင့်လွှာ ငြိမ်ဆိတ်နေ၏။ ဦးခေါင်းထိုက်မှာ ရုပ်ထုတစ်ခုပမာ ဦးရွှေမိုးမှာ အဝေးသို့ ငေးရီလျက်။ ပန်းရှင်မွှေးက ခေါင်းကိုပြန်၍ ငုံ့လျက်ထား၏။ သူက ဟိုကြည့်ဒီကြည့်…

'သမီးကို နားလည်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ အခု သမီးပြန်လိုက်ပါဦးမယ်၊ ဆန္ဒရှိတဲ့ တစ်နေ့နေ့တော့ တွေ့ချင်တဲ့သူကို လာတွေ့ပါဦးမယ်'

ပြောပြီး ပွင့်လွှာ အသာထရပ်၏။ ချာခနဲလှည့်ထွက်သွားသော ပွင့်လွှာ၏ကျောပြင်ကို မည်သူမျှ လိုက်ငေးမောမနေကြတော့။

ခြံဝင်းထဲမှာ ပွင့်လွှာ၏ ကားစက်သံလေး တိုးသဲ့ပျောက်ကွယ်သွားသည်အထိ အားလုံးနီးနီး ကျောက်ရုပ်။ ထိုမှစဉ်းငယ်ခန့်အလွန်

'ဖေဖေ'

ပန်းရှင်မွှေး ခေါ်သံကြောင့် ဦးရွှေမိုး လှည့်ကြည့်လာ၏။

'ဘာမှအားမငယ်နဲ့နော် ဖေဖေ၊ သမီးကြီးတစ်ယောက်လုံးရှိတယ် သိလား'

ဦးရွှေမိုး ကြိုးစားပြုံးလိုက်ပြီး…

'သမီးကြီးလည်း ဘာမှအားမငယ်ပါနဲ့၊ ဖေဖေတစ်ယောက်လုံး ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အားလုံးစိတ်နှလုံး ညှိုးနွမ်းနေချိန်မို့ သူ အသောဝင်ဖောက်ပြီး ယာယီခဏ စိတ်နှလုံး ရွှင်ပျစေလိုက်ချင်၏။

'အဖေ ကျွန်တော်လည်း ကျန်သေးတယ်လေ'

'ငါ့သားက ယောက်ျားပဲကွ၊ ဘာအားငယ်စရာရှိမှာလဲ'

'အားမငယ်ပေမယ့် ကျွန်တော့်ကို ခွဲခြားချန်ထားတာ မှားတယ်လို့ထင်တယ်'

ပန်းရှင်မွှေးက…

'ဘာလဲ၊ အခုကတည်းက ဖေဖေ့အချစ်တွေ သမီးအပေါ်စုပုံကျသွားမှာ မနာလိုဖြစ်နေပြီလား'

'သဘောရိုးနဲ့ မေးတာပါ'

'လုပ်မနေပါနဲ့ ထင်မင်းခေါင်၊ တို့နဲ့မင်းက အခုဆို မောင်နှမတော်သွားပြီ၊ သဘောရိုးနဲ့မမေးနဲ့တော့၊ ဖေဖေက တစ်ပြေးညီပဲချစ်မှာပါ၊ ဟုတ်တယ်မဟုတ်လား ဖေဖေ'

ဦးရွှေမိုးက ကြည်ကြည်လင်လင်ပြုံးပြီး ခေါင်းညိတ်ပြ၏။ ဦးမောင်ထိုက်က ပြုံးကြည့်နေ၏။ သူက…

'ကျွန်တော်နဲ့ ပန်းရှင်မွှေးက ရုပ်မတူတော့ မောင်နှမဆိုရင်အားလူတွေ မယုံကြည်လို့ သိပ်အဆင်ပြေမှာ မဟုတ်ဘူး'

'ဒါကြောင့် ဘေးလူတွေအမြင်မှာလည်း တင့်တယ်သွားအောင်ကျွန်တော်တို့သားအဖသုံးယောက်လည်း မခွဲမခွာအတူနေရအောင်ကျွန်တော်အဆင်ပြေတဲ့နည်းနဲ့ အမျိုးစပ်လိုက်တော့မယ်'

'ထင်မင်းခေါင်… ရှင်နော်… ရှင်… လူကြီးရှေ့မှာ မဟုတ်ဟောပ်မပြောနဲ့'

'မဟုတ်မဟပ်မပြောပါဘူး၊ ဟုတ်ဟပ်တာပဲ ပြောမယ်၊ ကျွန်တော်နဲ့ ပန်းရှင်မွှေးက…'

ပန်းရှင်မွှေးက သူ့ပေါင်ကို လှမ်းဆွဲဆိတ်လိုက်သောကြောင့် သူ အားခနဲအော်ပြီး တွန့်လိမ်သွားလျက်မှ…

'ဘကြီးယောက္ခမ တော်ပါတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လွှာ အိမ်ပြန်ရောက်သည်နှင့် အခန်းတံခါးပိတ်ပြီး အိပ်ယာ ပေါ် ခြေပစ်လက်ပစ်လှဲကာ ရင်ထဲမှ ဖြစ်ပေါ်လာစေသော ခံစား ကို ပြန်လှန်စဉ်းစားနေမိ၏။

ဘဝမှန်၏ ပွင့်လွှာအနေနှင့် ယောင်မှား၍ပင် တွေးမိခဲ့ဖူးခြ မရှိသော ဘဝဇစ်မြစ်ဖြစ်မှန်။

မွဲတေနုံချာလှသည့် ဦးရွှေမိုးမှာ ဖခင်အစစ်အမှန်တဲ့။ အ အဆွေမဲ့သော ဆင်းရဲနိမ့်ပါးလွန်းသည့် ဒေါ်ခင်သုန်မှာ မိခင်အ အမှန်ကေန်ဖြစ်နေပါသတဲ့လား။

အိပ်ရာပေါ်မှာ ပွင့်လွှာ လူးလိမ့်ရုန်းကန်ပစ်လိုက်မိ၏။

'ဟူး… ငါ ဘယ်ဟာရွေးရမလဲ၊ ဦးနှောက်ခြောက်လို တာ၊ စိတ်ညစ်လာပြီ၊ အဖေအရင်း၊ အစ်မအရင်းကို မချစ်ဖူးဆို ကတော့ မရှိဘူးပေါ့၊ ဒါပေမဲ့ ဆင်းရဲချို့တဲ့ဒဏ်ကိုတော့ တစ်သက် မခံစားနိုင်ပါဘူးနော်၊ သိပြီ၊ သိပြီ၊ တော်ပြီး သိပ်ရှုည်ရှည်ဝေး စဉ်းစားမနေတော့ဘူး၊ မွေးစားမိဘတွေနဲ့ ဒီလိုအခြေ၊ ဒီလိုအနေ လျှို့ဝှက်သိုသိပ်ပြီးနေသွားမယ်၊ လိုအပ်လို့ ဆန္ဒရှိရင်တော့ အဖေအ နဲ့အစ်မအရင်းကို သွားတွေ့မယ်၊ သူတို့ကိုမတွေ့လို့မဖြစ်ဘူး၊ သူ ကို အဆက်အသွယ်ဖြတ်ထားရင် သူတို့ဘက်က ခံစားမှုတွေ ပေါ ပွင့်လာပြီး တစ်နည်းနည်းနဲ့ အိမ်ကမိဘတွေသိအောင် ရင်ဖွင့်ပ မှ အခက်ရယ်၊ အဲဒါမှထိချက်ပြင်းထန် ဆိုးဝါးသွားမှာလေ၊ ဒီ ဒီလိုဘဝပေါင်းနဲ့ပဲ အတိတ်ပေါင်းက ဖြစ်ပေါ်လာတဲ့ဘဝသ လိုအပ်သလို ဒိုင်ယာရီမှတ်ချက် ရေးခြစ်ပစ်လိုက်တော့မယ်၊ ယ တယ်၊ ဒါ အကောင်းဆုံးပဲ၊ တော်ပြီ၊ ဆက်မတွေးချင်တော့ဘူး၊ ရင်ထဲ ခံစားမှုကို သီချင်းတွေနားထောင်ပြီး ဖျောက်မယ်၊ သူငယ် ချင်း လျှောက်လည်ပြီးဖျောက်မယ်၊ ကိုယ့်ကိုစိတ်စိုင်စားနေတဲ့ သူ ခပ်များများအကြောင်းစဉ်းစားပြီး ဖျောက်မယ်၊ သိပ်လွန် လာရင်တော့ မျက်ရည်တစ်စက်မကျန်အောင် ငိုးရအောင်

www.burmeseclassic.com

www.burmeseclassic.com


မျောက်မယ်၊ ကဲ… ဒါဆိုရင် အမည်ဖော်မရတဲ့ ခံစားမှုကြီး ဘယ်လောက်အထိ တင်းခံနေနိုင်မှာတဲ့လဲ'

ခေါင်းအုံးနှစ်လုံးကြားမှာ ပွင့်လွှာ ခေါင်းတိုးဝှက်ရင်း အိပ်ပျော်အောင် ကြိတ်မှိတ်ကြိုးစားလိုက်၏။

အိပ်မရ ဆတ်ခနဲ ထထိုင်ပြီး ခေါင်းအုံးတစ်လုံးကို မယူ၍ ကျန်ခေါင်းအုံးတစ်လုံးအပေါ်ကို အားရပါးရ ထုချပစ်လိုက်၏။

'ဟင်… မှတ်ပြီလား'

ပွင့်လွှာ၏ အာရုံအမြင်ထဲမှာ အထုခံလိုက်ရသော ခေါင်းအုံးတစ်လုံးခမျာ ထင်မင်းခေါင်မျက်နှာ ဖြစ်နေရှာ၏။

ယခင် ခြောက်သွေ့ပျင်းရိစရာ ကောင်းနေခဲ့သော သူ့အိမ်တလေးမှာ ယခုအခါ သာယာစိုပြေလာခဲ့၏။ သူတစ်ဦးတည်းလိုလို နေထိုင်လာခဲ့ရာမှ တေလေလိုလွင့်နေသော ဖခင်ဖြစ်သူ ပြန်ရောက်လာ၍ အဖော်သစ်၊ အားသစ်၊ မျှော်လင့်ချက်အသစ်ချက်ချွတ်တွေ ပြန်လည်ဖြစ်ထွန်းဝေဆာလာခြင်းပင်။

ဖခင်ဖြစ်သူ၏ အတိတ်ဘဝ…

ထိုဘဝမှ ဆက်နွှယ်သိခွင့်ရသော အဖြစ်သနစ်…

အကြောင်းအရာ…

ယင်းအကြောင်းချင်းရာမှာ စိတ်ဝင်စား တွယ်တာဖွယ်ရာ ကောင်းသော စာမျက်နှာလေးဖြစ်၊ ဖတ်ရှုလေ့လာခွင့်ရခဲ့သော အချိန်ပိုင်းများစွာ… များစွာ… များစွာ…။

များစွာထဲမှ ရက်တချို့တိုင် ဖခင်၏ လက်ရည်းတပည့် ဦးမောင်ထိုက်ကို အိမ်ပေါ်တင်ကျွေးထားဖြစ်ခဲ့သည်။

ဦးမောင်ထိုက်မှာ သုံးခွမှာပင် ခေါင်းချဖို့ ရည်ရွယ်ရင်းနှီး

www.burmeseclassic.com



သည့်အတိုင်း ဖခင်နှင့်သူ့အား နှုတ်ဆက်ထွက်ခွာသွားခဲ့၏။

စာချုပ်နှာလေးအဖြစ် တင်စားဖတ်ရှုခွင့်ရသော ပန်းရှင်မွှေး မှာ အချိန်အားရသည်ထက် အချိန်များများရောက်ဖြစ်အောင် ရောက် သာကာ ဖခင်ဖြစ်သူကို အစစအရာရာ ပြုစုပေးရှာသည်။

ဖခင်ဖြစ်သူကို သူမ၏ မိခင်ဖြစ်သူထံ မကြာခဏ အလည် ခေါ်သွားတတ်သေး၏။ သူမတို့သားအမိနှစ်ယောက်နေသော အိမ်မှာ ပင် ဖခင်ဖြစ်သူကို ထားချင်နေသော်လည်း ဖခင်ဖြစ်သူက ပတ်ဝန်း ကျင်အမြင် မှသင့်တော်၍ သားဖြစ်သူနှင့်သာဆက်၍နေထိုင်လေသည်။ ပန်းရှင်မွှေးက ခေါ်မရသည့်အတွက် အခွင့်အခါသင့်တိုင်း ဦးရွှေမိုး အား စကားနာထိုးတတ်သေး၏။

'ဖေဖေက သမီးရင်းထက် မွေးစားသားကို ပိုချစ်လို့ပါနော်၊ ဟုတ်တယ် မဟုတ်လား'

'မဟုတ်တာ သမီးရယ်၊ အတူတူပဲချစ်ပါတယ်၊ ဒီသားက လည်း လုပ်ကျွေးတယ်၊ ဒီသမီးကလည်း ပြုစုတယ်၊ အတူတူပဲပေါ့'

သူသည် အမြဲလိုလို ဝင်နှောက်တတ်သော စကားဖြင့်…

'အဲဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ ကျွန်တော်ပြောသလို သာလုပ်ရင် အားလုံးအဆင်ပြေသွားပြီ'

'တော်စမ်းပါ၊ တစ်ခါလာလည်း မင်း ဒါပဲပြောနေတယ်၊ သမီးအမေကြားမှ ထဆူလို့ မင်းပဲအရှက်ခံထိစယ်'

'အေးလေ၊ သူက တဆိတ်ရှိ ဖေဖေနဲ့အမေ့ကို အတင်းပေး စားနေချင်တာပဲ၊ အသက်တွေကြီးနေမှတော့ မဟုတ်မဟပ်တဲ့စကား ကို ဘယ်သူက အလေးထားမှာလဲလို့'

'အောင်မာ… ယောကျ်ားတွေက ဖွဲတစ်ဆုပ်နိုင်တဲ့အချိန် အမျိုး သမီးတွေက ဝဲကုပ်နိုင်တဲ့အချိန်ထိ အချစ်စိတ်ဟာ နုပျိုနေတဲ့ ကိုယ်ပြောတာ'

'ဟာ… တော်ကွာ သား… တော်…'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ ဆူပစ်လိုက်စမ်းပါ၊ သူ့အလုပ်က ကားမောင်းဖို့ရယ်၊ ဒီလိုသူများကို လိုက်စဖို့ရယ်၊ အရေမရ အဖတ်မရတွေပြောဖို့ရယ်ပဲ တတ်တယ် မဟုတ်လား'

'ဟော့… ဟော့… မှားနေပြီ၊ ကားမောင်းရင်း စီးပွားရှာတယ်၊ ဒီဘက်ကို လုပ်ကျွေးတယ်၊ အခု မိန်းမယူဖို့ပဲ ကျန်တော့တယ်၊ အဲဒါ ကိုယ့်အလုပ်အစစ်ပဲ'

'ဟယ်… ကြည့်… ဖေဖေ၊ ပြောလေ လွန်လာလေပဲ၊ ဒီလိုလူနောက်မျိုးကို ယူမယ့်မိန်းမမျိုးတော့ ဒုက္ခ… ဒုက္ခ'

သူ နေ့လည်ပိုင်း နားချိန်လွန်ပြီမို့ ကားပြန်ထွက်ရန် ပြင်ဆင်ရင်းမှ သွားလေးဖြဲပြလျက်…

'သား တကယ်သဘောကျတဲ့မိန်းမဆို အဖေက သဘောတူမှာလား'

'တူမှာပေါ့ကွာ'

'တကယ်လို့ ကောင်မလေးက သဘောမတူဘူးဆိုရင်ကော အဖေ ဘယ်လိုကူညီမှာလဲ'

'မင်းစကားကလည်း နှစ်လုံးတည်းနဲ့ ဘောင်းဘီကျပ်၊ အဲ… နှစ်လုံးတည်းနဲ့ မူးနေလို့ ရှုပ်ကုန်ပြီ'

'ဒီလိုပါ အဖေရာ၊ ကျွန်တော့်ဘက်ကတော့ သေချာနေပြီ၊ ကောင်မလေးဘက်ကတော့ မူနေတုန်းပဲ၊ ခေတ်လွန်အိုက်တင်တွေပေါ့ဗျာ'

'ဒါ ဘယ်လိုလုပ် ချစ်သူဖြစ်မလဲကွ'

'မကြာခင်ဖြစ်သွားမှာပေါ့၊ အဖေသာ ကူညီပေး'

'ဟော… အေး… အေး… အေး ငါနည်းနည်းသဘော ပေါက်လာသလိုပဲ'

ဦးရွှေမိုးက ပန်းရှင်မွှေးဘက် လှည့်ကြည့်ရင်း ခေါ်လိုက်ခြင်း ဖြစ်သည်။ ဦးရွှေမိုးအကြည့်ကြောင့် ပန်းရှင်မွှေးမျက်နှာမှာ ပန်းသွေး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖြာသွား၏။ ပန်းရှင်မွေးက ရေနွေးခွက်အလွတ်နှင့် သူ့ကိုလှမ်းပေါက်ဖို့ အသင့်ချိန်ရွယ်ထားရင်းမှ…

'နင် ဘယ်သူ့ကိုပြောတာလဲ'

'အရမ်းမလုပ်လိုက်ပါနဲ့၊ ကိုယ်ပြောတဲ့သူက မင်း… မင်း… မင်း'

'ဘာပြောတယ်'

ပန်းရှင်မွေးလက်ကို လွှဲ၍ အားယူစဉ်…

'အား… မပေါက်နဲ့၊ တစ်မျိုးမထင်ပါနဲ့၊ ကိုယ်ပြောတဲ့လူက မင်းမဟုတ်ဘူးလို့ ပြောမလို့ပါ'

'ဒါ… ဒါဆို… ဘယ်သူလဲ'

'ဒါက ကိုယ့်ကိုယ်ရေးကိုယ်တာနော်'

'အောင်မာ… ဒီကလည်း စပ်စုနေတယ်လို့ ထင်သလား'

'ဒါဆို ထပ်မမေးနဲ့ပေါ့'

'မမေးဘူး'

ပန်းရှင်မွေး ခွက်ကိုဆောင့်ချပြီး နှုတ်ခမ်းစူပြနေ၏။ ဦးရွှေမိုးက သမီးဖြစ်သူ၏ ဟန်ဆောင်ဒေါသကို ပီတိတမြမြနှင့်ကြည့်ရင်း

'ငါ့သမီးကလည်း အထက်သား'

'ဖေဖေ့ရှေ့မှာ မဆင်ခြင်မိတာ ကန်တော့နော် ဖေဖေ'

'ရပါတယ်ကွယ်၊ မောင်နှမတွေ စကြနောက်ကြတာပဲ'

'အဖေ ဒါဆိုရင် သူက ကျွန်တော့် ညီမလေးပေါ့'

ပန်းရှင်မွေးက ကြားဝင်၍…

'ဟုတ်တာပေါ့ အစ်ကိုကြီးရဲ့'

'ညီမငေး'

'အတိုကြီး… အတိုကြီး'

ဦးရွှေမိုးပင် မနေနိုင်၍ ကြားဝင်ကာ…

'ကဲ… တော်ကြ၊ တော်ကြ၊ မင်းတို့နှစ်ယောက်တွေ့တာ ဒီလိုချည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူက အသာထပြီး ကားသော့ကိုယူ၍ အိမ်ပေါ်မှဆင်း

'အခုတလော ကျွန်တော့်နားတွေ သိပ်မကောင်းတော့ဘူး'

'ဟော... ဘာဖြစ်လို့လဲ၊ နားကိုက်လို့လား'

'မဟုတ်ဘူး အဖေ၊ တယောသံကြားလို့၊ နားစည်တွေ ပေါက်ကျပြီး နားလေးချင်လာတာ'

'ဘယ်က တယောသံလဲကွ၊ ငါ့အရက်ဖြတ်ထားလို့ ခဏခဏ လေချဉ်တက်သံပဲ သားကြားမှာပါ'

'အဲဒါ သမီးကိုစောင်းပြောနေတာ၊ သမီးက ဖေဖေ့ကို စကားပြောရင် ခပ်ချွဲချွဲနိုင်တယ်လို့ သူ ထင်ပြီး စကားပတ်ပြောနေတာ၊ ရှင်နော်၊ ဒီတစ်ခါ တကယ်စိတ်တိုလိုက်တော့မှာ'

'စိတ်တိုတာကို စိတ်ရှည်အောင် ပြန်ကြိုးစားလို့ရတယ်၊ ဆံပင်တိုသွားတာကိုတော့ ဆံပင်ပြန်ရှည်အောင် ကြိုးစားလို့မရဘူးနော်'

ဦးရွှေမိုးက ဘုမသိ၊ ဘမသိနှင့် သူတို့ကိုလှမ်းကြည့်နေရာမှ

'မင်းကား ထွက်မှာသာ သွားထွက်စမ်းကွာ၊ မင်းကိုယ်မင်း ခေတ်ရှင်မင်းသားနဲ့ ပြဇာတ်မင်းသမီးပေါင်းကျထားတဲ့ ဆိုက်ဂိုက်တွေ လာထုတ်ပြီးပြောမနေနဲ့၊ ဒီတစ်ခါ စိတ်တိုမယ့်သူက ငါပဲဟေ့'

ဦးရွှေမိုးလက်သံကို ငယ်ငယ်ကတစ်ခါခံစားဖူး၍ သူ ပခုံးတွန့်ပြပြီး ခပ်ယို့ယို့လေး အိမ်ပေါ်မှ ဆင်းလာခဲ့လိုက်၏။ အလစ်မှာ ပန်းရှင်မွေးကို သူ လက်သီးဆုပ်ပြလိုက်၏။

(မဟောသဓာ သုခမိန်အထာနှင့်)

ပန်းရှင်မွေးက သူ့ကိုလက်ဝါးထောင်ပြမလိုနှင့် ကလေးတွေလို ကရော် ကရော်ရက်ပါတယ်ဆိုသည့် လက်အမူအယာနှင့် ပြန်သုပ်ပြနေ၏။ (ဘယ်လိုအထာမှန်းလဲ မသိ)။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

'မင်းကို အားလုံးမျှော်နေကြတယ် ပွင့်လွှာ'

'ဘာအတွက်လဲ'

အေးစက်စက် တုံ့ပြန်စကား။ ပွင့်လွှာထံမှ ကြားလိုက်ရ၏။

'ဖြူစင်သန့်ရှင်းတဲ့ မျှော်လင့်မှုမှာ သက်ဘာမကောင်းတဲ့မေးခွန်းတွေအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိဘူး'

'မျှော်လင့်မှုဆိုကတည်းက တစ်ခုခုတော့ လားရာရှိရမှာပေါ့၊ ဝတ်ဖြူစင်ကြယ်ဝတ်တိုင်း သူတော်စင်လို့ ထင်ရတော့မှာလား'

'သွားပြီ ပွင့်လွှာ၊ မင်း အမြင်တိမ်းစောင်းမှုတွေက မင်းကို ဝါးမျိုသွားပြီ'

'ဒါ ရှင့်အမြင်ပဲ ထင်မင်းခေါင်၊ ရှင်ဖြစ်စေချင်တာ ဦးရွှေမိုးနဲ့ ကျွန်မကို တွေ့ပေးချင်တာ မဟုတ်လား၊ ဒီအချိန်မှာ ဝေခွဲစဉ်းစားနေရလို့ ကျွန်မ ဆန္ဒမရှိသေးဘူး'

'အဖေ့ရဲ့မေတ္တာ မင်းအပေါ်မှာ သက်ရောက်နေတာ မင်းမခံစားရသလိုပါပဲလား'

'လက်ရှိ မိဘတွေရဲ့အချစ်က ကျွန်မ ဆံဖြားကနေ ခြေမတစ်ဆုံး အားလုံးပြည့်နေတယ်၊ ခံစားမှုဆိုတာ ရှင်ပြောမှ သိလာရမယ့်အရာလိုလိုပါပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ဘယ်လိုချွတ်ချွတ် မကျွတ်တဲ့ တချွေလို ဝေလေလေပဲ မှတ်လိုက်ပါတော့မယ်'

သူ့စကားကြောင့် ပွင့်လွှာ၏ နှုတ်ခမ်းပါးတွေ ကွေးညွတ်သွား၏။ စဉ်းငယ်ခန့် ငြိမ်ဆိတ်အပြီး…

'ဖေဖေ နေကောင်းလား'

'ဘယ်အဖေကိုမေးတာလဲ'

'ကျွတ်… ဦးရွှေမိုးကိုမေးတာ'

'မင်းကြောင့် စိတ်ထိခိုက်ရှာရတာကလွဲရင် အားလုံးကောင်း ပါတယ်'

'မမကော'

'သူလည်း ထိုနည်းလည်းကောင်းပဲ'

'ဒီလောက်ဆို ကျွန်မဘက်က ဝတ္တရားကျေပါတယ်နော်'

သူ စိတ်မသက်မသာဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။

'ဒီအကြောင်းတွေ မြတ် အားလုံးမသိသွားအောင် မနည်း လှည့်စားလိုက်ရတယ်'

'ဘာလဲ၊ မင်းသူငယ်ချင်းတွေကြားမှာ မင်းဖခင်အရင်းဟာ ဆင်းရဲနုံချာတဲ့'

'ဆက်မပြောနဲ့တော့၊ ရှင်ထင်သလောက် ကျွန်မ မဆိုးဝါး ဘူး၊ ဒါပေမဲ့ အခြေအနေအရ ဆိုးဝါးတယ်ထင်အောင်နေပြရတာ၊ ကျွန်မအကြောင်းနဲ့ ကျွန်မပါပဲ၊ ကဲ… ရှင်နဲ့မမျှော်လင့်ဘဲ လမ်းမှာကြုံ လို့ တွေ့ရတဲ့အချိန်မှာ ဒီစကားတွေ သက်သက်နဲ့တင် လုံလုံလောက် လောက်ရှိသွားပြီ ထင်နေလား'

'လာမယ့် တနင်္ဂနွေနေ့မှာ ဖေဖေ့အသက်ကံကို ဆက်[illegible] မယ့် အကျဉ်းရုံးမွေးနေ့လေး လုပ်ချင်တယ်၊ ပန်းရှင်မွေးရယ် [illegible] ရယ်၊ ကိုယ်ရယ် သုံးယောက်တည်းကျင်းပရမယ့်ပွဲမှာ မင်း[illegible] တယ်၊ မင်းအိမ်ကမသိအောင်ပေါ့၊ ပြောမယ့်သာပြော[illegible] ဒီအချက်

www.burmeseclassic.com


ကို သေရေးရှင်းရေးလောက် မင်းအရေးထားမှာပါ'

'အင်း… အဲဒီနေ့ ကျွန်မ လာဖြစ်ချင်လည်း လာဖြစ်မယ်၊ မလာဖြစ်ချင်လည်း မလာဘူး'

'တို့တစ်တွေရဲ့ မျှော်လင့်ချက်တွေတော့ အဲဒီနေ့ဝာစ်နေ့လုံး ကုန်သွားတဲ့အထိ အိမ်တံခါးဝမှာ ချိတ်ဆွဲထားမယ်'

သူ့စကားကြောင့် ပွင့်လွှာ မျက်စောင်းပါးပါးပစ်၏။ ပြောစရာစကားမရှိတော့၍ နှုတ်ဆက်စကားဆိုရန် သူ စဉ်းစားနေစဉ်မှာပင် ပွင့်လွှာက မျက်လုံးရွဲကြီးနှင့် ညို့ဆွဲ၍ငင်နေ၏။ သူ့ရင်တွေ တအား လှုပ်ရှားလာသဖြင့်…

'ကျေးဇူးပြုပြီး မင်းမျက်လုံးတွေ ခဏလောက် ပိတ်ထားပေးပါ'

သူ့စကားကြောင့် ပွင့်လွှာ ရက်အံ့အားသင့်သွား၏။

'ဘာဖြစ်လို့လဲဟင်'

'ကိုယ် အရေပျော်ကျသွားမှာစိုးလို့'

ဟာခနဲ ပွင့်လွှာ ဆိုမည်ပြီး ရက်ပြာသွားသော အမူအရာဖြင့် လက်မောင်းကို အဆက်မပြတ် ထုနှက်လေတော့သည်။ ပြီးလျှင်…

ပွင့်လွှာ ရက်မွန်းပြီး စိတ်ဆိုးတင်းမာသွားကာ ချာခနဲ လှည့်ထွက်သွား၏။

'ပွင့်လွှာ'

'ရှင် လိုက်မလာနဲ့နော်၊ ရှင့်ကို စိတ်ဝင်စားနေတယ်များထင်နေလို့လား၊ ဟွန်း… ဒီကဖြင့် လူပဲရွေးမှာမှတ်ထား'

'ထန်းပင်ပေါ်ကလူလား၊ ဇရက်တောင်ထိပ်က လူလား'

ပွင့်လွှာ နောက်မှ သူလိုက်သွားပြီး ပြောလိုက်ခြင်းပင်။

'ရှင့်ခေါင်းပေါ်က လူ'

'အတော်ပဲ၊ အဲဒီလူကို ကွင်းပြင်ထီးထီးမှာ ပေါက်နေတဲ့ ကုက္ကိုပင်ပေါ် သွားတင်ပေးထားလိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ဘာလဲ၊ ရှင့်ထက် အဆပေါင်းများစွာ အဆင့်မြင့်အောင်လို့လား’

‘မဟုတ်ဘူး၊ မိုးတွေအရမ်းရွာတဲ့အခါကျရင် မိုးကြိုးပစ်ခံရအောင်လို့’

ပွင့်လွှာ စိတ်ဆိုးရာမှ ရုတ်တရက် ရယ်ချလိုက်၏။ အပူအအေး ရုတ်တရက် ပြောင်းလဲခြင်းကြောင့် ဆက်နွယ်ရာ မခိုင်မာသော အရာဝတ္ထုတို့ အက်ကွဲသွားတတ်သလို၊ လျှို့ဝှက်ရင်ဖိုနေသော သူ့ရင်အရပ်တစ်ပါးသို့ ပွင့်လွှာ ပြောင်းလဲအက်ကွဲပေးလိုက်ပုံမှာ မြန်ဆန်လွန်းလှ၏။ သူ့ရင်ဘတ်ကို သူ ငုံ့ကြည့်လိုက်သောအခါ...

နှလုံးသားပန်းသီး၊ အရာဝတ္ထု၊ ရင်ဘတ်

ရင်ဘတ်အက်ကြောင်းအတိုင်း မူလပုံစံပြောင်းလဲသွားသော ပန်းသီးလေးတစ်လုံးက သူ့ကို ပြန်၍ ပြုံးပြနေ၏။

တနင်္ဂနွေနေ့မှာ ကျင်းပသော ပကာသနမဲ့ မွေးနေ့ပွဲလေးမှာ သားအဖသုံးယောက် ဝိုင်းထိုင်နေမိကြ၏။

မနက်ပိုင်းက ဖခင်ဖြစ်သူအတွက် ဇီဝိတဒါနပြုလုပ်ပေးခဲ့၏။ ညောင်ထောက်၊ တံတားခင်းပေးခဲ့၏။ အလှူဒါနပြု၍ အကျင့်သီလဆောက်တည်ပေးခဲ့၏။ နေ့လည်ပိုင်းမှာ သတ်သက်လွတ်စား၊ ဝိုင်းထိုင်ကာ ပွင့်လွှာအလာကို စောင့်မျှော်နေမိကြသည်။

‘သူ လာမှာပါလေ’

ပန်းရှင်မွေးထံမှ စကားသံ၊ ဦးရွှေမိုးက ခြံဝကို အမြင်အာရုံအားယူကြည့်ပြီး...

‘သား သေသေချာချာ ပြောထားတာပဲကွယ်၊ သမီးလေးလာမှာပါ’

www.burmeseclassic.com

www.burmeseclassic.com



သူက ငြိမ်သက်စွာပင် ထိုင်နေလိုက်၏။ နေ့လည်တစ်နာ ခွဲမှာ ထမင်းစားချိန်ကျော်လွန်နေချိန်၊ ထိုအချိန်အထိ ပေါ်မလာသူကို ခွဲနှင့်စောင့်နေကြသောအဖြစ်။

သီလခံယူနေစဉ် ငါးပါးသီလသာ ခံယူခဲ့သဖြင့် နေ့လွဲညစာ စားချိန် အကန့်အသတ်မရှိ၍သာ ဒီ ညနေ်းငယ် သက်သာရာရခြင်းဖြစ် ၏။

ကားသံကြားရ၏။ ခြံထဲကို မောင်းဝင်လာသည်။ ကားပေါ်မှ ဆင်းလာသူမှာ ပွင့်လွှာ။

ပန်းရှင်မွေး ဆတ်ခနဲ ထရပ်လိုက်၏။ ဦးရွှေမိုးမှာ ထရမည် လို ဆက်ထိုင်ရမလိုလို သူက အသာငြိမ်ထိုင်နေဆဲ။ ပန်းရှင်မွေးက အိမ်ပေါ်မှ ဆင်းပြီး ပွင့်လွှာကို သွားကြို၏။

ပွင့်လွှာက နေကာမျက်မှန်ကို ခေါင်းပေါ်ချိတ်တင်လိုက်ပြီး ပန်းရှင်မွေး တတွတ်တွတ်ပြောလာသော စကားတွေကို ခပ်တည်တည် လေး နားထောင်နေ၏။

အိမ်ပေါ်ရောက်ပြီး စားပိုင်းမှာ ဝင်ထိုင်သည်အထိ ပွင့်လွှာ၏ မျက်နှာလေးမှာ မပြောင်းလဲ။

'သမီးငယ်လေးရောက်လာတာ အဖေ သိပ်ဝမ်းသာတယ်'

ဦးရွှေမိုးက ခွင့်လွှတ်နားလည်စိတ်နှင့် ပြောလိုက်ခြင်းဖြစ် သည်။ ပွင့်လွှာက…

'အချိန်တော့ သိပ်မရဘူးနော်၊ နာရီဝက်ပဲရမယ်၊ ဒီပွဲမှာ ပွင့်လွှာရောက်လာပြီလေ၊ ပွင့်လွှာ ဘာလုပ်ပေးရမလဲ'

'မွေးနေ့လက်ဆောင်အဖြစ် ဖေဖေလို့ ခေါ်လိုက်ပါလား ညီမ လေးရယ်'

'ဟုတ်ကဲ့'

'ဖေဖေ'

'လိုက်လှဲမှုမရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လွှာက…

'ဘယ်လိုလိုက်လုပ်မှုနဲ့ ခေါ်ရမှာလဲ သင်ပြပါလား'

'သားရယ် သမီးလေး အခက်တွေ့အောင် မလုပ်ပါနဲ့၊ သူကြိုက်သလိုသာ ခေါ်ပါစေ'

'မမခေါ်သလို ဖေဖေလို့ခေါ်ပေါ့'

'အင်းလေ၊ ပွင့်လွှာက စာလုံးပေါင်းမှားခေါ်နေလို့လား၊ ဒီတစ်ခါနားထောင်ကြည့်၊ ဖေဖေ… ဖေဖေ… ဖေဖေ၊ ဘယ်လိုလဲဖြစ်ရဲ့လား'

အားလုံး ငြိမ်သက်စွာ ပွင့်လွှာကို ကြည့်နေကြ၏။ ပွင့်လွှာက ရှုမပြုမိဟန်ဖြင့် စားပိုင်းကို ဝေ့ဝဲကြည့်လိုက်ပြီး…

'ဟင်းတွေကလည်း စုံလှပါလား'

'အေးကွယ်၊ တို့များသမီးငယ်နဲ့ ပျော်ပျော်ပါးပါးစားသောက်ကြရအောင်လား၊ သမီးငယ်လည်း ဗိုက်ဆာလှရောပေါ့'

ဦးရွှေမိုး ဝင်ပြောလိုက်၍ အားလုံးစားသောက်ဖြစ်သွားကြ၏။ ဦးရွှေမိုး ပန်းကန်ထဲကို သူနှင့်ပန်းရှင်မွေးက ဟင်းတွေခပ်ထည့်ပေးနေကြသောအခါ မနေသာတော့ ပွင့်လွှာက ဟင်းကောင်းတစ်ဇွန်းခပ်၍ ဦးချပေးလိုက်၏။

အားလုံးအတွေးကိုယ်စီဖြင့် စားသောက်ပြီးစီးသွားသောအခါ အမင်းလုံးစီရင်း အေးအေးလူလူ စကားပြောဖြစ်ကြ၏။

'သမီးငယ် ဘွဲ့ရတော့မယ်ဆို'

'ဟုတ်တယ်'

'သမီးကြီးခမျာ မအေကို တစ်ဖက်တစ်လမ်းကူနေရတော့ ဆယ်တန်းတစ်နှစ်ကျတာနဲ့တင်ကျောင်းထွက်လိုက်ရရှာတယ်ပေါ့'

'ပွင့်လွှာက ကံကောင်းတယ်လို့ ပြောရမှာပေါ့နော်၊ ချမ်းသာတဲ့မိဘတွေဆီမှာ သမီးသွားဖြစ်လို့လေ၊ ဘာမှပူစရာမရှိဘူး'

ပွင့်လွှာက သူမကိုယ်သူမ ကိုယ်ရည်သွေးသလို ပြောလိုက်

www.burmeseclassic.com


ခြင်းပင်။ ပန်းရှင်မွေးက...

'မမကတော့ ကံဆိုးတယ်လို့ ဘယ်တော့မှ မမြင်ပါဘူး၊ အမေရဲ့ အေးမြတဲ့ အရိပ်မှာ ခိုလှုံခွင့်ရခဲ့တာပဲ၊ ပစ္စည်းဥစ္စာဆိုတာ လိုတာထက်လည်း ပိုမမက်မောဘူး၊ အမေရှိနေရင် ကျေနပ်ကြည်နူး ရတာပါပဲ၊ အခုဆို အဖေပါ ရှိလာပြီ၊ ပိုပြီးကျေနပ်ကြည်နူးနေပြီးသား ပဲ'

'မမလို့ ပန်းရှင်မွေးကို ခေါ်လိုက်ပါဦးလား ပွင့်လွှာ'

'အင်း... မမ... မမ'

'မင်းရဲ့မမလို့ မင်းရင်ထဲက သတ်မှတ်ပြီးမှ ခေါ်ပါနော်'

'သတ်မှတ်တယ်၊ ကဲ... ဘဝင်ကျပြီလား'

'မကျသေးဘူး၊ ကိုယ့်ကိုလည်း အစ်ကိုလို့ခေါ်လေ'

'အောင်မယ်... သူနဲ့ဘာတော်လို့လဲ'

'မွေးစားသားလေ၊ ဘာလို့မတော်ရမှာလဲ'

'မခေါ်ချင်ပါဘူး၊ အဖေသိလား၊ သူနဲ့သမီးက သိပ်အကြေ တည့်တာမဟုတ်ဘူး၊ မမနဲ့လည်း ဒီအတိုင်းပဲ၊ ဟုတ်တယ်နော်မမ'

ပွင့်လွှာစကားကြောင့် ပန်းရှင်မွေး ပါးပါးလေး ပြုံးသွား၏ ဦးရွှေမိုးက ပြုံး၍ကြည့်နေရင်းမှ...

'ဖေဖေ့ရင်ထဲမှာ ဆန္ဒတစ်ခုရှိတယ်'

'ဘာလဲ ဖေဖေ'

ပန်းရှင်မွေး မေးလိုက်ခြင်းပင်။ ဦးရွှေမိုးက မျက်နှာကို အသေ တည်ယူလိုက်ပြီး...

'သမီးတို့နှစ်ယောက်တည်းက တစ်ယောက်ယောက်နဲ့ သား ကို နေရာချပေးချင်တယ်'

သုံးယောက်သား အံ့အားသင့်သွားကြ၏။ ပွင့်လွှာက...

'အို... သမီးတော့ ဘယ်လိုမှဖြစ်နိုင်မှာ မဟုတ်ဘူး၊ သမီး အုပ်ထိန်းသူ မိဘတွေရှိတယ်၊ ပြီးတော့ တော်ရုံတန်ရုံယောက်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက သဘောတူကြမှာမဟုတ်ဘူး'

'စိတ်ချပါ၊ မင်းတို့လို ကွင်းကျယ် အနံလွှန် အသိုင်းအဝိုင်းထဲမှာလည်း ငါမဝင်ချင်ပါဘူး'

ပွင့်လွှာက မထီတရီမျက်နှာလေးနှင့် အသံတိတ်နေ၏။ ဦးရွှေမိုးက…

'သမီးငယ်ကို ဖေဖေ နားလည်ပါတယ်၊ သမီးငယ်ဆန္ဒမပါဘဲ ဘယ်တော့မှ မဖြစ်စေရဘူး'

ပန်းရှင်မွှေးက…

'ဒါဆိုရင် သမီးပဲ ကျန်တော့တာပေါ့'

သူက…

'အဖေ အဲဒီအစီအစဉ်ကောင်းတယ်၊ အမြန်ဆုံးသာ အကောင်အထည်ဖော်ပါ'

'ရှင်နော်… ရှင်'

ပန်းရှင်မွှေး မျက်နှာသွေးရဲကာ သူ့ကို လှမ်းရိုက်ဖို့ ပြင်လိုက်၏။ ပွင့်လွှာက…

'ကဲ… 'သိပ်မြူးမနေကြနဲ့၊ အချိန်နာရီဝက်ပေးထားတာ၊ ခုနာရီဝက်မကတော့ဘူး၊ ပွင့်လွှာပြန်တော့မယ်၊ ကဲ… ဖေဖေအရင်းနဲ့ မမအရင်းကို နှုတ်ဆက်ပါတယ်နော်'

ပြောပြီး ပွင့်လွှာထရပ်ကာ အိမ်ပေါ်မှ ဆင်းသွား၏။ သူတွေးကြည့်နေရာမှ…

'ဟေ့… ဟေ့… ကိုယ့်ကို ဘာလို့နှုတ်ဆက်မသွားတာလဲ'

ပွင့်လွှာက ဆံပင်လေးဝဲခနဲခါသွားအောင် ပြန်လှည့်ကြည့်ပြီး သွမ်းအော်ပြောသွား၏။

'အမြင်ကတ်လို့ နှုတ်မဆက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လွှာ အိမ်ထဲသို့ ဝင်လိုက်စဉ်မှာပင် ဧည့်ခန်းဆောင်ဆိုဖာ ဆက်တီပေါ်မှာ ထိုင်မှိုင်နေသော မိခင်ဖြစ်သူကို လှမ်းတွေ့လိုက်ရ၏။ ပွင့်လွှာ ရင်ထဲ စိုးရိမ်စိတ် အနည်းငယ် ဝင်သွားပြီး မိခင်ဖြစ်သူ အပါးမှာ အသာအယာ ဝင်ထိုင်လိုက်ရင်း…

'မေမေ ဘာဖြစ်လို့လဲဟင်'

ဒေါ်ခင်ခင်ကြီးမျက်နှာမှာ သွေးဆုတ်ဖြူလျော်ပြီး နှုတ်ခမ်းတွေ ခြောက်သွေ့အက်ရှနေ၏။

'မေမေ မျက်နှာမကောင်းဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ မေမေ အရမ်းစိတ်ညစ်နေတဲ့ပုံပဲ'

ပွင့်လွှာ စိုးရိမ်စိတ်နှင့် အတင်းကာရော မေးနေမိ၏။ သူမ အကြောင်းတွေများ မေမေ သိသွားလေပြီလား။ မဖြစ်နိုင်။ သိထား ပြီးပါက ခုလောက်ဆို မေမေ မျက်ရည်ဖြိုင်ချင်ဖြိုင်မည်။ ဒေါသထွက်လျှင် ထွက်မည်။ သမီးကို ကြည့်၍ မချိတင်ကဲ ဝမ်းနည်းမှု၊ မလိုလားမှု၊ မနှစ်လိုတော့မှုတွေ တစ်ခုမဟုတ် တစ်ခုဖြင့် မျက်နှာမှာ ရောင်ပြန်သင့်နေလိမ့်မည်။ ယခုဖြင့်…

ဧည့်ခန်းနံရံမှ မေမေ့မိဘနှစ်ပါးပုံကို မေမေ စူးစူးစိုက်စိုက် ကြည့်ရင်း မျက်နှာညှိုးပျက်နေခြင်းဖြစ်၏။

'မေမေ ဘာဖြစ်နေတာလဲ၊ သမီးကို ပြောပြပါ မေမေရယ်၊ သမီး ရင်ထိတ်လွန်းလို့ပါ'

ဒေါ်ခင်ခင်ကြီး ဆက်၍ရှောင်သွေလွှဲဖယ်ရန် အင်အားမရှိတော့။ ဝဲစို့လာသော မျက်ရည်ကို မျက်တောင်ခတ်၍ ကြိုးစားဖျောက်ရင်း စကားသံကို တုန်ခါမထွက်သွားအောင် သတိဂရုပြုလျက်…

'သမီးရဲ့ ဖေဖေလေ၊ တစ်သက်လုံး ရှာဖွေစုဆောင်းထားတဲ့ လေးတွေကို ဂျင်ရှုံးပစ်လိုက်တယ်၊ ဒီကတော့ စီးပွားရေးအစွမ်းနဲ့ သုံးလေးရက်ခရီးထွက်စရာရှိတယ် ပြောသွားလို့ အဟုတ်မှတ်နေတာ သူက သုံးလေးရက် ကျိုတ်ဝိုင်းမှာ ချွက်ချွက်လန်အောင် ရှုံးပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ အဲဒီဂျင်ဝိုင်းကိုလည်း အဖမ်းခံရတယ်၊ သမီးအဖေ ပါသွား ဘယ်လေ၊ အခု ရဲစခန်းမှာ ဒီအတွက်တွေကို မေမေ ကျန်းမာရေး ကောင်းလို့ မလိုက်နိုင်ဘူး၊ အခု စိတ်ခတ်ပါကျလို့ ဘာမှမလုပ် ချင်၊ မကိုင်ချင်အောင် စိတ်အညစ်ကြီး ညစ်နေတာနဲ့ ရှေ့နေအောင် မြင့်ကို အကူအညီတောင်းထားရတယ်'

'ဒါတွေ ဒီလောက်တောင် ဆိုးဝါးခဲ့တာ တကယ်ဟုတ်ရဲ့ သား မေမေ၊ တကယ် ဟုတ်လို့လား'

'သမီး စိတ်ကို ငြိမ်အောင်ထိန်းနော်၊ အဲဒီလောက်ကြီး ရင် ထဲမှာ မခံစားနဲ့လေ၊ သမီးကပါ တစ်ခုခုထပ်ဖြစ်ရင် မေမေ စိတ် ဆင်းရဲတာကနေ လဲသေသွားလိမ့်မယ်'

ပွင့်လွှာ ရင်ထဲမှာ သောကငရဲ။

'ဖေဖေ··· ဖေဖေ့ကို ဘယ်လိုလုပ်ကြမလဲ၊ မေမေ ဒီအတိုင်း ဆို ဖေဖေ တရားရုံးတော်က ချမှတ်တဲ့ ပြစ်ဒဏ်ကို ခံရ··· ခံရ'

'ဘယ်တတ်နိုင်မလဲ၊ သူ့မိုက်ဒဏ် သူခံရမှာပေါ့၊ သူက မိသားစုရဲ့ ဦးခေါင်းချုပ်ဖြစ်ပြီး ဆင်ခြင်တုံတရားအပေါ်မှာ သတိနဲ့ ထားနိုင်တာ သူချောက်ထဲကျတာနဲ့ မိသားစုပါ အားလုံးရောဂါရခဲ့ ပြီလေ၊ တစ်သက်လုံးကြိုးစားခဲ့သမျှ အချိုကြီးကြီး တစ်ချက်လောက် စားတာနဲ့ အားလုံးသွားကုန်ပါပြီ သမီးရယ်'

ဒေါ်ခင်ခင်ကြီး ပြောပြီးသည်နှင့် ပေါက်ခနဲကျလာသော မျက်ရည်ကို လက်မနှင့် အမြန်သပ်သိမ်းလိုက်၏။ သမီးလေး ပို၍ စိတ်နည်းနွမ်းညှိုးသွားမှာ ဒေါ်ခင်ခင်ကြီး မလိုလားနိုင်။ ဘယ်လိုမှ မနိုင်းမရသော တုန်အက်အက်စကားသံတွေကြောင့် နောက်ထပ်စကား ပြောဖို့ကိုပင် အတတ်နိုင်ဆုံး ရှောင်ချင်လာမိ၏။

'သမီးတို့ရဲ့ အတွင်းပစ္စည်းတွေပါ ပါသွားပြီလား မေမေ'

'မီးခံသေတ္တာထဲကဟာတွေက သူခိုးဓားပြဘေးကြောင့် အနှစ်ခံတွေ သမီးရဲ့ ရှိသမျှကို မင်းဖေဖေလုပ်ငန်းတိုးချဲ့ဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အကုန်ထုခွဲပြီး ပုံအောပစ်လိုက်တာ၊ အခုတော့ အမြတ်မပြောနဲ့ အရင်းတောင် ဘဲဥအစရှာမရသလို ဖြစ်နေပြီ၊ မိုက်လုံးကြီးလိုက်တဲ့ ကိုမောင်မောင်လတ်ရယ်၊ ရှင်မို့လို့ ကျွန်မတို့ သားအမိကို မျက်နှာလွှဲခဲပစ်လုပ်ရက်လေခြင်း'

ပွင့်လွှာက မိခင်ဖြစ်သူကို သိမ်းကျုံးပွေ့ဖက် နှစ်သိမ့်လိုက်၏။ မိခင်ဖြစ်သူက မျက်ရည်သုတ်သင်ပြီး ပွင့်လွှာကို ပြန်ဖက်ကာ တစ်ဖန်နှစ်သိမ့်ရပြန်၏။ မိခင်ပါးမှာ ပွင့်လွှာပါးလေးကပ်ရင်း မျက်ရည်စီးကြောင်းချင်း ရောယှက်ဖူးနွှယ်ကာ သံသရာအပူကို ညီတူဝေမျှ တင်းကြိတ်ခံစားနေမိကြ၏။

'မေမေ… ဖေဖေ့ရဲ့ လုပ်ငန်းတွေတော့ ကျန်ခဲ့ဦးမှာပါနော်'

'အဲဒါတွေအားလုံး အရင်ကတည်းက တိတ်တိတ်ပုန်းတွေ တတိတိပြုန်းနေတာ ကြာပြီလေ၊ လုပ်ငန်းတစ်ခုလုံးကို ဘဏ်မှာ အပေါင်ထားပြီး ငွေတွေထုတ်ဖြုန်းခဲ့တာ၊ ခုတော့ လုပ်ငန်းလည်း ဘဏ်တိုးနဲ့ ပြုတ်ပြုတ်ပြုန်းမယ့်အခြေကို ဆိုက်နေပြီ၊ မေမေတို့မှာ လက်ကျန်ရှိတာဆိုလို့ ကိုယ်ပေါ်က တစ်ဆင်စာလေးရယ်၊ ကားတစ်စင်းရယ် ဒါပဲရှိတော့တယ်'

'ဟင်… ဒါ… ဒါဆိုရင် ဒီအိမ်ကြီးကတော့ ဒီအိမ်ကြီးက'

'လုပ်ငန်းကိုတောင် ဘဏ်ပေါင်တဲ့လူက အိမ်ကိုကော ထားမယ်ထင်သလား၊ ဒါ မေမေတို့အိမ်မဟုတ်ဘူး သမီးရဲ့၊ ဘဏ်က သတ်မှတ်ပေးတဲ့ ရက်အတွင်းမှာ မေမေတို့သားအမိ ဒီအိမ်ပေါ်က အပြီးဆင်းပေါ်ရတော့မယ်'

ဒေါ်ခင်ခင်ကြီး၏ စကားအဆုံးမှာ ပွင့်လွှာ ထိုင်နေရာမှ မေ့ခဲ ဖြစ်ကာ အရုပ်ကြိုးပြတ် ပုံလဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

'ဟယ်…ဟုတ်ရဲ့လား၊ ဖေဖေ ပျောက်နေတာ တကယ်ဟုတ်ရဲ့လား'

အလန့်တကြားဟန်ဖြင့် ပန်းရှင်မွေး ပြန်မေး၍ သူ ခေါင်းညိတ်ပြလိုက်ပြီး…

'ဟုတ်တယ်၊ မနေ့က မနက် ဆယ်နာရီလောက်ကတည်းက ရွှေတိဂုံဘုရား သွားဖူးမယ်ဆိုပြီး ထွက်သွားလိုက်တာ၊ ဒီမနက်အထိ ပြန်ရောက်မလာဘူး၊ ကိုယ်လည်း လိုက်ရှာသေးတယ်၊ နေရာတော်တော် နှံ့တယ်၊ ဘယ်မှာမှ မတွေ့ဘူး'

'ဒုက္ခပါပဲရှင်၊ ဖေဖေ ဘာများဖြစ်လို့ပါလိမ့်'

'ဖြစ်နိုင်တာ တစ်ခုတော့ ရှိတယ်၊ အရင်ပေါင်းဟောင်း သင်းဟောင်း မိုးသမားတွေနဲ့တွေ့ပြီး စိတ်လည်သွားတာနဲ့ အရက် ပြန်သောက်နေပြန်ပြီလား မသိဘူး၊ သူ အရက်သောက်မိရင် လေနေတော့တာပဲ၊ တော်တော်နဲ့ အိမ်ပြန်မလာတတ်ဘူး'

'မေမေကတော့ ဒီနေ့ ဈေးထွက်နေတယ်၊ သင်းသင်းလည်း ဒီအချိန်ဆို သူ့အလုပ်နဲ့သူ အားမှာမဟုတ်ဘူး၊ ကဲ… ရှင်ရယ် ကျွန်မရယ် အတူလိုက်ရှာကြရအောင်၊ ဒီနေ့တော့ ရှင် ကားမောင်းဖြစ်မယ် မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ... ပြဿနာ မဟုတ်ပါဘူး၊ ပျောက်သောသူကို ရှာတွေ့ဖို့ပဲ အရေးကြီးတယ်၊ အိမ်မှာ စုငွေဆောင်းငွေလေးရှိပါတယ်၊ ဒါဆို ကိုယ်တို့သွားရအောင်၊ ဒါနဲ့မင်း အဝတ်အစားလဲဦးမှာလား'

'ဟင့်အင်း... ကျွန်မ အရမ်းစိတ်ပူနေတယ်၊ ဒီအတိုင်းပဲ လိုက်မယ်'

'အိမ်ကိုသော့ပိတ်ဦးလေ'

'ရတယ်၊ ဘေးအိမ်ကို အပ်ခဲ့မယ်'

ပန်းရှင်မွှေးက ဘေးအိမ်ကို ကသုတ်ကရက် သွားပြောပြီး ကားထဲဝင်ထိုင်လိုက်၏။

'မင်းအဖေက မင်းကို ပစ်သွားမှာ တော်တော်စိုးရိမ်သလား'

'ပစ်သွားတာက အကြောင်းမဟုတ်ပါဘူး၊ ဖေဖေ ဘာမှ မဖြစ်ဖို့သာ အရေးကြီးဆုံးပါ၊ ဖေဖေ သွားတတ်တဲ့နေရာတွေ ရှင်သိတယ်မဟုတ်လား'

'မြို့ထဲက ဘုံဆိုင်အိုလေးတွေတော့ နံ့နေပြီ၊ ဒီနေ့တစ်ခေါက်လောက် သွားပတ်ကြည့်တာပေါ့၊ မရှိရင်တော့ သုံးခွက ဦးမောင်ထိုက်ဆီကို လိုက်သွားမယ်'

'ဖေဖေ အဲဒီကို သွားမယ်လို့ ရှင် ထင်သလား'

'သွားနိုင်တာပဲ၊ ဒါမှမဟုတ် ပွင့်လွှာတို့အိမ်က အမေမြို့င်ဆီမှာ စုံစမ်းပြီး သူ့ချစ်ဇနီးမြေပုံကို လိုက်ရှာပြီး သွားငိုချင် ငိုနေနိုင်တယ်'

'ပွင့်လွှာတို့အိမ်တောင် ဖေဖေ သိချင်မှသိမှာ၊ အမေမြို့င်ဆို ပိုတောင်မဖြစ်နိုင်သေးတယ်'

'ကဲ...ဒါဆို ခင်ဗျားပဲခန့်မှန်း၊ ဘယ်ကိုသွားမယ် ထင်သလဲ'

'ရှင့်အိမ်ကို အရင်တစ်ပတ်ပတ်ပြီး သွားကြည့်မယ်၊ ပြန်ရောက်ချင်ရောက်နေမှာပေါ့'

'အဲဒီကပြီးရင်ကော'

'ရှင်ပြောတဲ့အတိုင်း လိုက်ပတ်ကြည့်ရုံပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အားကိုးလောက်သော ထင်ကြေးစကားကြောင့် သူခေါင်းခါပြီး ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ပစ်လိုက်မိ၏။

ပန်းရှင်မွေးက ဗုဒ္ဓဘုရားရှင်တော်မြတ်ကို အာရုံပြု ဦးညွတ်ပြီး မြင့်မြတ်အစွမ်းထက်သော တန်ခိုးကြီး ဂါထာတော်များကို စတင်ရွတ်ဖတ်သရဇ္ဈာယ်နေလေပြီ။

မြတ်ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရိုကျိုးပူဇော်ရင်းနှင့် ရင်ပြင်တော်မှာ နံ့အောင်ရှာကြည့်သည်။ မတွေ့။

သူနှင့် ပန်းရှင်မွေးတို့ နေရာအနှံ့ လိုက်ရှာသော်လည်း ဦးရွှေမိုး၏ အရိပ်အယောင်ကိုသော်မျှ မတွေ့ရ။ ဦးရွှေမိုးနှင့် ခင်မင်ရင်းနှီးသူများကို စုံစမ်းကြည့်သော်လည်း အားလုံးခေါင်းတခါခါ လက်တစ်ခါခါ။

ညနေစောင်းမှ သူ့အိမ်ကို တစ်ခေါက်ပြန်လာကြည့်ဖြစ်၏။ ခရီး။ စိတ်မောလူမောဖြင့် နှစ်ယောက်သား ခြေပစ်လက်ပစ်နားမိကြ၏။

'စိတ်မလျှော့ပါနဲ့၊ နောက်နေ့ ဆက်ရှာကြတာပေါ့'

ပန်းရှင်မွေးက သောကမျက်နှာနှင့် နားထောင်နေ၏။

'အချိန်လည်းမရှိတော့ဘူး၊ မင်းအိမ်ကို ပြန်ရအောင်၊ မင်းအမေ စိတ်ပူနေလိမ့်မယ်၊ ဘေးအိမ်တွေကို ဘယ်သွားမယ်ဆိုတာ မှာခဲ့ဘူး မဟုတ်လား၊ တော်ကြာ ယောက်ျားနောက် လိုက်သွားတယ် ထင်နေဦးမယ်'

'အရေးထဲ ရှင်ကတစ်မျိုး'

'အခု မင်းဘာဆက်လုပ်ချင်သေးလို့လဲ'

'နာရီဝက်လောက် ဒီကထပ်စောင့်ကြည့်ချင်သေးတယ်'

'ဘာမှတော့ ဖြစ်မှာမဟုတ်ပါဘူးကွာ၊ အရမ်းလည်း စိတ်ပူမနေပါနဲ့'

www.burmeseclassic.com



'ရှင်က ပြောနိုင်တာပေါ့'

'ကိုယ်က သားအရင်းထက် ပိုချစ်တဲ့သူပါ၊ တကယ်လို့ အိမ်ပြန်ရောက်နေရင်လည်း မင်းအိမ်ဘေးက ဖုန်းနံပါတ်ကို လှည့်ပြီး အကြောင်းကြားပေးမယ်၊ ဖုံးနံပါတ်ပေးထား'

ပန်းရှင်မွေးပြောပြတော့ ဖုန်းနံပါတ်ကို သူ အလွတ်ရွတ်မှတ်ထားလိုက်၏။

'ဘယ်အချိန် ရှင့်ကားသိမ်းမှာလဲ'

'ည ရှစ်နာရီ'

'ဒါဆိုလည်း ကျွန်မ ပြန်မယ်၊ တကယ် ပြန်ရောက်ရင် ဖုန်းဆက်ဖြစ်အောင် ဆက်နော်၊ ရှင့်ဖုန်းသံမကြားရမချင်း ကျွန်မ နေလို့ရမှာ မဟုတ်ဘူး'

'မင်းတို့ညီအစ်မနှစ်ယောက်က အမြွှာပူးတာဆိုတယ် တစ်ယောက်ကို စရိုက်တစ်မျိုးစီ ခံစားမှုတစ်မျိုးစီပဲ၊ များသောအား ဖြင့် အမြွှာဆိုတာ စိတ်တူကိုယ်တူ၊ ဆန္ဒတူကြတာများတယ်၊ မင်းက တော့ မင်းအဖေကို သူမတူအောင်ချစ်ပြီး ပွင့်လွှာကျတော့ မင်းအဖေ ကို သူမတူအောင် စိမ်းရင့်လွန်းတယ်၊ ဒါ ဘာကြောင့်လဲ'

'ထူးဆန်းမှုတစ်ခုလို့ပဲ ယူဆလိုက်တော့၊ ဩော်... ဒါနဲ့ မနက်ဖြန် ပွင့်လွှာတို့ဘက်ကို သွားလိုသွားငြား သွားစုံစမ်းကြည့် အောင်လား၊ ပွင့်လွှာ အိမ်သားတွေ မသိအောင် စုံစမ်းတာပေါ့'

'မင်းပဲ အဲဒီအချက် မဖြစ်နိုင်ဘူးဆို'

'သုံးခွသွားဖို့နဲ့ အဲဒီသွားဖို့ပဲ ကျွန်တော့တဲ့ဟာ ဟုတ်သည်ရှိ မဟုတ်သည်ရှိပေါ့'

'အမျိုးမျိုးပဲ'

ပန်းရှင်မွေး ဘာမှုပြန်မပြောဘဲ ကားပေါ်ကို နှမ်းလျှမျက်နှာ ဖြင့် ဝင်ထိုင်နေလေ၏။ သူ ဝင်ထိုင်လိုက်ပြီးသည်နှင့် ကားကိုမောင်း လိုက်သည်။ ကားကိုစတင်မောင်းထွက်လာစဉ်မှာပင်...

'ပွင့်လွှာကို သွားမေးရင် ပွင့်လွှာ အနည်းနဲ့အများ စိတ်ဆိုး သွားမလားဘဲ၊ သူ့လျှို့ဝှက်ချက်ပေါ်မှာစိုးလို့လေ'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ပန်းရှင်မွေး ခန္ဓာကိုယ်လေး ဆတ်ခနဲဖြစ်သွားပြီး…

'စိတ်ဆိုးပြီး လဲသေလည်း မေးကိုမေးရမှာပဲ'

သူ ဘာမျှ ထပ်မပြောလိုတော့။

'ဟင့်အင်း… မေမေ… သမီး လက်မခံနိုင်ဘူး'

ပွင့်လွှာ ပြတ်သားစွာ ငြင်းလိုက်မိ၏။ ဒေါ်ခင်ခင်ကြီးက သဘောမကျသောမျက်နှာဖြင့်…

'ဘာဖြစ်လို့လဲ သမီးရယ်၊ မောင်ဘခန့်သော်က သမီးထက် ဆယ့်ငါးနှစ်လောက်ပဲ ကြီးတာ၊ ကြီးရင်မှို၊ ငယ်ရင်ချိုတဲ့၊ သူက သမီးကို ဖူးဖူးမှုတ်ထားမှာပါ'

'သူက လူရှုပ်လူပွေလို့ သတင်းကြားတယ်၊ မေမေက သူ့အကြောင်း သေသေချာချာမသိဘဲနဲ့ သူ့စကားကို အရမ်းယုံနေတာပဲ၊ သူနဲ့ယူရင် သမီး ဒူးနဲ့မျက်ရည် သုတ်ရုံတင်မကဘူး၊ ဘယ်နှစ်ယောက်မြောက် နံပါတ်ပါတပ်ရမလဲ မသိဘူး'

'ဘယ်နှယ် မသိရမှာလဲ၊ မေမေတို့ ပွဲစားလောကမှာ သူက သတင်းမွှေးနေတဲ့ လူ၊ ချမ်းသာတာလည်း ကျိုကျိုတက်၊ သူက သမီးနဲ့ဆိုရင် ဂျော်ကီကောင်းကောင်းကိုင်နိုင်တဲ့ မြင်းလို ငြိမ်သွားမှာပါ၊ သူလွတ်မို့လို့ နည်းနည်းပါးပါး ရှုပ်ချင်ရှုပ်တာပါ၊ သူက သမီးကို ညှိခံပွဲမှာ မိတ်ဆက်ပေးပြီးကတည်းက မြင်မြင်ချင်း သဘောကျသွားတဲ့လူပါ၊ သမီးကို သူ တော်တော်လေးသဘောကျတဲ့အကြောင်း အောင်သွယ်တော်တွေနဲ့ နားသွင်းခိုင်းတာ အကြိမ်ကြိမ်ရှိနေပြီ၊ အခု ဘ အခြေအနေအရ မေမေတို့ဘက်က စိတ်မဝင်စားလို့ ရပေမယ့် အခုအခြေအနေအရ စိတ်ဝင်စားသင့်လာပြီလို့ မေမေ ကင်တယ်သ'

'ဘာလဲ မေမေ၊ သမီးတို့စီးပွားရေးကျဆင်းသွားတာကို အဲဒီ လက်ထပ်တာမျိုးနဲ့ အဖတ်ဆည်ပေးရမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'မေမေ့စေတနာကို သမီး နားမလည်ဘူး'

'သမီးဘက်က ခံစားမှုကိုကော မေမေ အလေးထားလို့လား'

'အလိုလိုက်ထားရတဲ့ သမီးကို ပြောဆိုနားသွင်းရတာ ခက်ခဲလိုက်တာနော်၊ ငါ့နှယ်'

'မေမေက သမီးအရင်းမဟုတ်တဲ့အတိုင်းဘဲ၊ ပြည့်စုံတဲ့ ဘဝကို ပြန်ရဖို့ သမီးကို တစ်ပါးသူနဲ့ လက်ထပ်ပေးရက်တာလား၊ တကယ်ဆို သမီးတစ်သက်လုံး ပေါင်းသင်းရမယ့်သူအတွက် သမီးရဲ့ ဆန္ဒကိုမေးပါဦးလား၊ ဘာမှမမေးဘဲ အခုမှ ဖုတ်ပူမီးတိုက် လာနားချတယ်၊ သမီးပြောတာ လွန်သလား'

'ဒီလကုန်ရင် ဒီအိမ်ကြီးပေါ်က ဆင်းပေးဖို့ ဘဏ်အကြောင်းကြားစာ ရောက်လာပြီ၊ မေမေတို့ သားအမိ ဆင်းပေးမှဖြစ်တော့မယ်၊ ဘယ်လိုသွားနေမလဲ၊ လူမြွေမပျက်အောင် တိုက်ခန်းလေးငှားနေနိုင်ပေမယ့် ဒီလိုအသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့ခဲ့တာဟာ အဲဒီလောက်လေးနဲ့'

'အို… ဘာဖြစ်လဲ၊ ဒါလည်း ဆင်းရဲသွားတာမှ မဟုတ်တာ၊ ဆင်ပိန်ပေမယ့် ကျွဲလောက်တော့ ကျန်သေးတာပဲ'

'သမီးအထင်နဲ့ ကျန်ခဲ့တဲ့ ကျွဲက သက်ရှိကျွဲမဟုတ်ဘူး၊ ကလေးဆော့စရာအရွယ် ကျွဲရုပ်ကလေးဆိုတာ သမီး ဂဃနဏ သိရဲ့လားဟင်၊ သမီး အဖေရဲ့ အမှုလိုက်ဖို့ ဘယ်လောက်ကုန်ဦးမလဲ၊ သမီးရဲ့ ရှေ့ရေး အရှည်ကြီးကျန်နေသေးတဲ့ ရှေ့ရေးအတွက်ကော မစဉ်းစားတော့ဘူးလား၊ မေမေ့ကိုယ်ကျိုးအတွက်ပြောတာ မဟုတ်ဘူး၊ အရမ်းတိုက်တွန်းနေတာ မဟုတ်ဘူးနော်'

ပွင့်လွှာ ငြိမ်သက်စွာ နားထောင်နေ၏။ ဒေါ်ခင်ခင်ကြီးက ဆက်၍

'သမီးငယ်ငယ်ကတည်းက ရွှေပေါ်မြတင် နေခဲ့တာ အခုအရွယ်ထိပဲ၊ အခု သမီးမြိုးခြံချွေတာနေရမယ်၊ ဆင်းရဲနေရမယ်ဆိုရင် သမီး နေရဲသလား၊ ပြောပါဦး မေမေ့ကို'

'ဒါတော့ ဘယ်နေ့ချင်ပါ့မလဲ၊ သမီးရင်ထဲမှာ အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းသာသာနေချင်တဲ့ ဆန္ဒက အပြည့်အဝရှိပြီးသားပါ၊ ဒါပေမဲ့ ခိုင်မာတဲ့ အိမ်ထောင်ရေးမှာ ကျဆုံးလိုက်ရမှာကိုတော့ သမီးကြောက်တယ်'

'မောင်ဘခန့်သော် ရုပ်တာပွေတာ မရှိတော့ရင် အဲဒီအကျင့်တွေကို ပြင်လိုက်တော့မယ်ဆိုရင် သမီး လက်ခံလား'

'လူတစ်ယောက်ရဲ့ အကျင့်ကို အဲဒီလို လွယ်လွယ်လေး ပြောင်းလဲနိုင်မယ်လို့ မေမေ ထင်သလား'

'အပြောင်းလဲကြီး ပြောင်းလဲသွားတဲ့လူတွေလည်း ရှိကြပါတယ်'

'သမီး သူ့ကို သိပ်မရင်းနှီးသေးလို့လား၊ ဘာလို့လဲတော့ သိပါဘူး၊ မချစ်ဘူး၊ ဒါပေမဲ့ သူ့မှာ စီးပွားရေး ကျွမ်းကျင်တဲ့ အရည်အချင်းနဲ့ မိန်းမတစ်ယောက်ကို ချမ်းချမ်းသာသာထားနိုင်မယ့် အရည်အချင်းရှိနေတာကိုတော့ တကယ်သဘောကျပါတယ်'

'သမီးမှာ ချစ်ရမယ့်သူများ ရှိနေသလားကွယ်'

'ရှိသလိုလိုပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး'

'သူက သမီးသဘောကျတဲ့ အရည်အချင်းတွေ မပြည့်စုံဘူး၊ အရမ်းအားနည်းတယ်'

'ဒီတော့ သမီး ဘယ်သူ့ကိုမှ မရွေးတော့ဘူးပေါ့'

'သမီးကို စဉ်းစားခွင့် ထပ်ပေးပါဦး'

'လကုန်ဖို့ ရက်နှစ်ဆယ်လောက်ပဲ လိုတော့တယ်၊ သမီးက မောင်ဘခန့်သော်ကို လက်ခံရင် ဒီကြားထဲမှာ မင်္ဂလာပွဲကို အားခြင်းခြင်းစီစဉ်ရမှာ၊ အောင်သွယ်ပွဲစား ဒေါ်တင်မေသီကလည်း မေမေတို့အိမ်ကို ဘဏ်ကပြန်ရအောင် ဆောင်ရွက်ပေးဖို့ မောင်ဘခန့်သော်က အဆင်သင့် စိုင်းပြင်းထားတယ်လို့ သတင်းပို့ထားပါတယ်၊ သမီးသာ သဘောတူမယ်ဆိုရင်တော့ မေမေတို့အိမ်ကို မေမေတို့ပြန်ရပြီ၊ ဒီ အသိုင်းအဝိုင်းကလည်း ထွက်ခွာစရာမလိုတော့ဘူး၊ သမီးအကြောင့် ဆိုက်သွားတဲ့ ဂုဏ်သိက္ခာကို သမီးရဲ့ သတို့သားလောင်း ဘွဲ့ထူး

www.burmeseclassic.com



ဝိသေသတွေက ပြန်ဆည်ပေးကြမှာပါ’

ပွင့်လွှာ မိခင်ရင်ခွင်ထဲကို မှီရင်း သက်ပြင်းတစ်ချက် ရှိုက်ကာ လိုက်လှဲသော အာရုံလွှာဖြင့် လက်ထပ်သင့်မသင့်ဆိုသည်ကို ဆေခွဲချင့်ချိန်နေ၏။

နှောင်ကြိုးတစ်မျှင်ဖြင့် ရစ်ပတ်တွယ်ငင်ခံသော နှလုံးသားက မျှော်လင့်ခြင်းတွေ စီးဆင်းမှုများနှင့် အာရုံတွေ ထွေပြားအောင် လှည့်စား ဆွဲငင်နေလေသည်။

မျှော်လင့်ခြင်း၏ နှောင်ကြိုးတစ်မျှင်မှာ ထင်မင်းခေါင်ဟု အလိုလိုသိချင်နေပြား ဘာမျှဖြစ်ခွင့်မရှိသေးခင် ကြိုးစားစဉ်းစားနေမိသဖြင့် သူမဘာသာ သူမ ရှက်အားဝင်ချင်လာ၏။ အကယ်၍ ဖြစ်လာမည့်ဆိုပါကလည်း အချစ်ကို လက်ထပ်ခြင်းနှင့် ညီမျှခြင်းမဆွဲနိုင်။

အချစ်စိတ် အလိုလိုပေါ်လာခြင်းကိုလည်း မချစ်ရဟု မတားဆီးနိုင်။ ထို့အတူ ကိုဘခန့်သော်ပနူသော လူကြီးကို လက်မထပ်ရဟူ၍လည်း မတားဆီးနိုင်။

သူမ တားဆီးနိုင်သည်က တွေးသင့်သည်ထက် ပို၍ မတွေးတောမိဖို့ပဲဖြစ်သည်။

●

ပွင့်လွှာ အုံ့အားသင့်သွားပုံက ခွဲခြမ်းစိတ်ဖြာ ဖော်ပြရန်ခဲယဉ်းလှ၏။ ဝမ်းနည်းမှုနှင့် ဟန်ဆောင်မှုကြားမှ ပွင့်လွှာလာသော အုံ့အားသင့်ရုံလေး သင့်သွားမှု...

‘ပျောက်နေတာ နှစ်ရက်တောင် ရှိသွားပြီလား’

‘ဟုတ်တယ်’

‘ပွင့်လွှာဆီ မလာဘူး၊ လာလို့လည်း မရဘူး၊ အိမ်မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် ခေါင်းခဲနေကြတာ’

‘ဘာအကြောင်းလဲ ပွင့်လွှာ’

‘ရှင်တို့ကို အသိပေးလို့ မဖြစ်လို့ပါ’

www.burmeseclassic.com

www.burmeseclassic.com



ပန်းရှင်မွေးက ဝင်၍...

'အခု ညီမလေး အားလား'

'အရေးကြီးမယ်ဆိုရင်တော့ အားရမှာပေါ့'

'ဖေဖေ ပျောက်နေတဲ့အကြောင်းက ညီမလေးအတွက် အရေးကြီးဘူးလား'

'ကျွတ်... ခက်လိုက်တာ၊ မပြောလည်း မပြီးပါဘူးလေ၊ ပွင့်လွှာ ဖေဖေလည်း အခု ရဲစခန်းရောက်နေတယ်၊ လောင်းကစားမှုနဲ့၊ ကဲ... ပွင့်လွှာတွက် အရေးကြီးတာတွေချည်းပဲ'

'လောင်းကစားမှုနဲ့'

'ဟုတ်တယ်၊ အခြေအနေ အတော်လေးကို ယိုင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကို ဖေဖေ လောင်းကစားပြစ်လိုက်တာလေ'

'အိုး... ဆိုးလိုက်တာ'

'မဖြစ်နိုင်ပါဘူး၊ တစ်ထိုင်တည်းနဲ့တော့ အားလုံးကုန်မှာ မဟုတ်ပါဘူး၊ ပွင့်လွှာတို့မှာ ရှိတာလည်း နည်းနည်းပါးပါးလေးမှ မဟုတ်တာ၊ တကယ်လို့ တစ်ထိုင်တည်း တစ်ဝိုင်းတည်းမှာ ကုန်သွားရင်လည်း သက်ဆိုင်ရာက စိစစ်ပြီး ပြန်အကူအညီပေးသင့်သလောက် ပေးမှာပါ'

'သုံးလေးရက်အတွင်း ကျိတ်ဝိုင်းကြီးမှာ ညှပ်ရိုက်ခံလိုက်ရတာ မကုန်ဘဲနေမလား၊ ဖေဖေက အရင်နှစ်ရက်မှာတင် အတော်ပါသွားပြီ၊ နောက်ဆုံးနေ့ အဖမ်းခံရတော့ သုံးချိုးတစ်ချိုးစာလောက်ပဲ ရှိတော့မယ်၊ အဲဒီကျိတ်ဝိုင်းလုပ်တဲ့လူက စာချုပ်စာတမ်းနဲ့ လာလာ၊ ငွေနဲ့လာလာ၊ အတွင်းပစ္စည်းနဲ့ အကုန်တရားဝင်အောင် လဲလှယ်ပေးနိုင်တဲ့ ကျယ်ကျယ်ပြန့်ပြန့်လူတွေနဲ့ မိတ်ဆွေတွေလေ၊ ဝင်ဖမ်းတော့ ဝိုင်းထိုင်တဲ့လူပဲ မိတာပေါ့'

'သက်သေခိုင်မာတဲ့လူပဲ၊ တရားစွဲလို့ရတဲ့ဥစ္စာ'

'မင်းအမေတော့ အရမ်းစိတ်ဆင်းရဲသွားမှာပဲ'

'ဒါကြောင့် ပြောတာပေါ့၊ ပွင့်လွှာတို့သားအမိမှာ ခေါင်းခဲ

www.burmeseclassic.com



တောက်နေရတယ်၊ ပွင့်လွှာ မလိုက်ရှာပေးရင်လည်း မမက ပွင့်လွှာကို အပြစ်တင်ဦးမယ်၊ ဒါကြောင့် မဖြစ်သာလို့ ဖွင့်ပြောပြလိုက်တာ၊ မပြောပြလည်း မထူးပါဘူး၊ ဆက်နွယ်ရာ အသိုင်းအဝိုင်းတွေလည်း သိနေကြပြီပဲ'

'မမ မင်းတို့အတွက် စိတ်မကောင်းပါဘူး ညီမလေးရယ်'

'မမ နားလည်ပေးနိုင်ရင်ပဲ ကျေနပ်ပါပြီ'

'ဒါဆို မမတို့ ဘာသာပဲ လိုက်ရှာတော့မယ်၊ ပြန်တွေ့တာနဲ့ ညီမလေးဆီအကြောင်းကြားလိုက်မယ်၊ ဖုန်းနံပါတ်ပေးထားပါလား'

ပွင့်လွှာ ဖုန်းနံပါတ်ကို ရေရွတ်ပြောကြားလိုက်၍ သူ လိုက်မှတ်ရပြန်၏။ ပြီးလျှင် ပွင့်လွှာက…

'ပွင့်လွှာ လာကိုင်မှ အဲဒီအကြောင်းကို ပြောနော်၊ ဘယ်သူ လာကိုင်ကိုင် ပွင့်လွှာကို ခေါ်ခိုင်း၊ မရှိရင် မပြောနဲ့'

'မမ သိပါတယ်၊ ကဲ… ညီမလည်း ညီမမေမေဆီ အမြန် ပြန်လိုက်ဦး၊ ညီမနဲ့ ကံကောင်းလို့ ဒီလမ်းထိပ်မှာ လာဆုံရတာ၊ နို့မို့ဆို ဘယ်လိုခေါ်ထုတ်ရမယ်မှန်း မသိဘူး'

ပွင့်လွှာက နှုတ်ဆက်ပြီး သူမကားလေးကို မောင်းထွက်သွား၏။

'ပွင့်လွှာအပူက ပိုပြင်းနေသေးတယ်'

ပန်းရှင်မွေးက ကားထဲပြန်ဝင်ထိုင်ပြီး…

'စာနာစိတ်နဲ့ကြည့်ရင် အားလုံးဟာ အတူတူချည်းပါပဲ'

'ဒီတစ်ခါ မတွေ့ရင်တော့ သတင်းစာထဲမှာ လူပျောက်ကြော်ငြာထည့်မှဖြစ်မယ်'

သူ ကားထဲဝင်ထိုင်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

ပန်းရှင်မွေး ဘာမှပြန်မပြော။

ဖခင်ဖြစ်သူအတွက် စိုးရိမ်သောက ရောက်ရသော ဗိုဒ်မှုအောက်မှာ နစ်ယောက်သား အသက်ရှူပင် မှားချင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၈)

သုံးခွမှာနေသော ဦးမောင်ထိုက်ထံလည်း ရောက်ခဲ့၏။ ဖခင်ဖြစ်သူကို ရှာမတွေ့။ ရန်ကုန်ပြန်ရောက်သည်နှင့် ပန်းရှင်မွေးကို အိမ်ပြန်ပို့ပေးလိုက်၏။ တစ်လမ်းလုံး ငိုမဲ့မဲ့ဖြစ်လာသော ပန်းရှင်မွေးကိုလည်း ချော့မော့ခဲ့ရသေး၏။ ကားပြန်သိမ်းပြီး အိမ်ကိုပြန်အလာ၌ စိတ်နွမ်းကိုယ်ကြေ ဝေဒနာဖြင့် မလှုပ်ချင် မသယ်ချင် ဖြစ်လာခဲ့သည်။

ညကိုးနာရီခွဲမှာ အိမ်ပြန်ရောက်တိုင်း မှောင်နှင့်မည်းမည်း အိမ်အိုကလေးက စောင့်ကြိုနေကျ။ ယခုညဖြင့် အိမ်ထဲမှာ လျှပ်စစ်မီးလုံးထွန်းညှိထားပြီး အိမ်ပြတင်းလည်းဖွင့်၍ ထား၏။

သူ အိမ်ပေါ်ကို ကသောကမျော တက်သွားသောအခါ အိမ်ဦးခန်းမှာ ဘုရားရှိခိုးနေသော ဖခင်ဖြစ်သူအား အရှင်လတ်လတ်တွေ့လိုက်ရ၏။

'အဖေ'ဟု ခေါ်မည်ပြင်လိုက်ပြီးမှ ဘုရားရှိခိုးပြီးအောင် အသာငြိမ် စောင့်နေလိုက်ရ၏။ ရင်ထဲမှာ ဝမ်းသာမှုက အတိုင်းအဆမဲ့ အဝတ်အစားတောက်ပြောင်သားနားနေသော ဖခင်ဖြစ်သူအား ငြိမ်သက်စွာ ငေးမောနေစဉ်မှာပင် ဘုရားဝတ်ပြုပြီးစီးသွားသော ဖခင်က သူ့ဘက်ကို အသာလှည့်ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'သား ရောက်လာပြီကိုး'

'ဟုတ်ကဲ့၊ ဒါနဲ့ အဖေ ဘယ်တွေလျှောက်သွားနေတာလဲဗျာ ကျွန်တော်တို့သုံးရက်လုံးလုံး စိတ်ပူပြီး လိုက်ရှာလိုက်ရတာ'

သူ့အနားမှာ ဦးရွှေမိုး အသာဝင်ထိုင်လိုက်ပြီး ရေနွေးကြမ်း တစ်ခွက်ကို အသာငှဲ့လိုက်၏။ ဦးရွှေမိုးကိုယ်တိုင် တည်ပြီး သောက် ခြင်းသာဖြစ်ပါလိမ့်မည်။ သူက ရေနွေးမကြိုက်တတ်။

'အဖေ့ရဲ့ အတိတ်ဘဝကို ပြန်ဆက်သွယ်ခွင့်ရနေတာနဲ့ သား တို့ကို အသိမပေး၊ အကြောင်းကြားချိန်မရလောက်အောင် အလုပ်ရှုပ် သွားလို့ပါ၊ သမီးနှစ်ယောက်ကော ဖေဖေ့အတွက် စိတ်ပူပြီးလိုက်ရှာ ကြသေးလား'

'ပန်းရှင်မွှေးကတော့ ကျွန်တော်နဲ့လိုက်ရှာတယ်၊ ကျွန်တော် လည်း ကားမဆွဲဖြစ်ဘူးပေါ့၊ ပွင့်လွှာကတော့ သူ့အကြောင်းနဲ့သူ ခေါင်းခဲနေတာနဲ့ လိုက်မရှာပေးနိုင်ဘူး'

'သမီးငယ်မှာ ဘာတွေခေါင်းခဲစရာရှိလို့လဲ'

ပွင့်လွှာ၏ အကြောင်းကို သူ အတိုချုံးပြီး ရှင်းပြလိုက်၏။ ဦးရွှေမိုးမှာ မေးစေ့ပွတ်ပြီး စဉ်းစားနေရာမှ…

'အင်း… လူ့ဘဝရဲ့ မတည်မြဲမှု သဘောကတော့ အချိန်တို တိုအတွင်း အံ့သြလောက်အောင် ပြောင်းလဲသွားစေနိုင်တာပဲလေ၊ သမီးငယ်တို့ခမျာ စိတ်ထိခိုက်နေရှာရော့မယ်၊ အင်း ဘယ်တတ်နိုင် မလဲ'

'ဖေဖေ့အကြောင်းကိုသာ အရင်ပြောပြပါဦး'

ဦးရွှေမိုးက အိမ်နံရံကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်း…

'အဲဒီနေ့က ဖေဖေ ဘုရားဖူးသွားရင်းနဲ့ ရင်ပြင်တော်ပေါ်မှာ ဖေဖေ့ရဲ့ အဖေ့မိသားစုလိုခင်တဲ့ ရွှေနေအိုကြီးနဲ့ သွားတွေ့တယ် အဲဒီအဘိုးကြီးပြောပြလို့ ဖေဖေ့ရဲ့အမေက လူကြီးရောဂါနဲ့ဆုံးပါး သွားတာ ဆယ်နှစ်လောက်ရှိပြီတဲ့၊ ဖေဖေ့ရဲ့ အဖေကတော့ မနှစ်က

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားရှာတယ်တဲ့၊ လူကြီးရောဂါနဲ့ပဲပေါ့'

'သူတို့က ဘယ်မှာနေကြတာလဲ'

'ဒီမှာပဲပေါ့ကွယ်၊ အရင်နေရာတော့ မဟုတ်တော့ဘူး၊ တခြားမြို့နယ်ထဲမှာ ခြံကျယ်ကျယ်ဝယ်ပြီး တခြားစီးပွားရေးပြောင်းလုပ်ပြီး စတ်မြုပ်နေကြတာကွယ့်၊ ဖေဖေ့ကြောင့် ဒီလိုဖြစ်ရတာလေ၊ မိဘတွေ မျှော်လင့်အားခဲထားတဲ့ သားလေးက ပညာတော်သင်မသွားနိုင်ဘဲ ယူမယ့်ယူတော့လည်း အိမ်ဖော်မလေးဆိုတော့ မိဘတွေရှက်ပြီး လူကုံထံဝန်းကျင်က ထွက်ခွာစတ်မြုပ်နေကြရှာတာပေါ့'

'အဲဒီခေတ်ကလည်း အဲဒီလောက်တောင် ဂုဏ်ငွေဓနနဲ့ အသက်ရှင်ချင်ကြတယ်နော်'

'ရှေးလူကြီးတွေကိုး၊ ပြီးတော့ သူ့ခေတ်နဲ့သူ့အခါလေ'

'အဲဒါနဲ့ ဘာဆက်ဖြစ်ကြသေးလဲ'

'ရှေ့နေကြီးက ဖေဖေ့ကို ခေါ်သွားတာ အကြောင်းရှိလို့ပေါ့၊ ဖေဖေ့ရဲ့ဖေဖေ မသေခင်မှာသွားတဲ့ စကားအတိုင်းလက်ကျန် အမွေအနှစ်တွေကို သူ မရှိတဲ့နောက်မှာ ဖေဖေ့ကို လိုက်ရှာပြီး ပေးပါ၊ သုံးနှစ်ရှာလို့မှ မတွေ့ရင် ပရဟိတလုပ်ငန်းတွေအတွက် လှူပေးပါတဲ့၊ အဲဒါ ဖေဖေနဲ့တွေ့တော့ တစ်နှစ်ကျော်ပဲ ရှိသေးတာမို့ ဖေဖေ့ရဲ့ ဖေဖေ သေတမ်းစာအတိုင်းဖေဖေ့ကို အမွေလွှဲပေးခဲ့တာပဲ'

'အမွေ ဘယ်လောက်ရလိုက်သလဲ ဖေဖေ'

'အတော်များတယ်၊ ရှေးလက်ဝတ်လက်စားတွေရော၊ ရွှေအင်္ဂါးတွေရော၊ ကျောက်သံပတ္တမြားတွေရော၊ ငွေသားတွေရောဆိုပါတော့၊ အခုခေတ်ကာလပေါက်ဈေးနဲ့ဆို သိန်းထောင်ဂဏန်း အထက်မှာရှိတယ်'

'အားပါး... တယ်ဟုတ်ပါလား၊ ချက်ချင်းကြီး အဖေ သူဋ္ဌေး ပေါက်စလုပ်လို့ပြီပေါ့'

ဦးရွှေမိုးက အရသာမတွေ့သလို ပြုံးရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ဖေဖေ မမက်ပါဘူး၊ ရှေ့နေနဲ့ တိုင်ပင်ပြီး အစုတွေခွဲပစ်လိုက်တယ်၊ ဘုရား၊ တရား၊ သံဃာတော်တွေ လှူတယ်၊ မိဘတွေအတွက် ရည်စူးအမျှဝေတယ်၊ ကျေးဇူးဆပ်ထိုက်သူတွေကိုလည်း လိုက်လံလှူဒါန်းတယ်၊ ဒါတောင် အဲဒီလှူဒါန်းမှုတွေကို ဖေဖေ့ဘဝရဲ့ နောက်ဆုံးအချိန်မှာ အမြန်လုပ်နေရလို့ သုံးရက်လောက်ကြာသွားတာပါကွယ်'

'နောက်ဆုံးအချိန်၊ ဖေဖေက ဘာကြောင့် ဒီလိုပြောတာလဲ'

'အဖေ ကောင်းမြတ်တာတွေအားလုံး စီစဉ်ပြီးရင် စမတောင်မှာဖြစ်ဖြစ်၊ စစ်ကိုင်းတောင်မှာဖြစ်ဖြစ် တစ်သက်လုံး တရားအားထုတ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီလေ၊ ဖေဖေ အရက်ပြတ်သွားတာ ဆရာတော်တစ်ပါးက ဆုံးမလို့ပေါ့ကွယ်၊ အဲဒီဆရာတော် ချွတ်မှ အဓိပ္ပာယ်အမှောင်က ကျွတ်ဖို့ ဖေဖေ အသိအလင်းရောင် ရခဲ့တယ်၊ ဒီအချိန်ဟာ ဖေဖေ့အတွက် နေဝင်ချိန်ရောက်နေပါပြီ၊ ဒီအချိန်မှ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်စစ်စစ်ကို ကျင့်ကြံအားမထုတ်နိုင်ရင် ဖေဖေ သံသရာဆင်းရဲထဲမှာ လွတ်လမ်းမြင်မှာ မဟုတ်တော့ဘူး'

'ကောင်းတယ်၊ ပါရမီဖြည့်ကျင့်ပြီး ဘဝပြောင်းကောင်းအောင်လုပ်တာ နတ်လူသာခုခေါ်တာပဲ၊ ဖေဖေ့ဘဝရဲ့ အမှန်တရားကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှာဖွေနိုင်ခဲ့ပြီပဲ၊ ကျွန်တော် အားပေးတယ်၊ ဒါပေမဲ့ တကယ်စိတ်ဖြောင့်နိုင်မှ လုပ်ပါ'

'ဘာလဲ ငါ့သားက ဖေဖေ့ကို မယုံလို့လား၊ အရင်လိုနေမယ်ဆိုရင် ဒီစည်းစိမ်တွေကို အဖေ ဘယ်စွန့်လွှတ်မှာလဲ'

'ယုံပါတယ်၊ ယုံပါတယ်'

'တစ်ခုထပ်ပြောရဦးမယ်၊ အဖေ့ရဲ့ ကောင်းမွေ ဆိုးမွေကို သားသမီးတွေ ရယူသင့်ကြတယ် မဟုတ်လား၊ ငါ့သားက အဖေ့ရဲ့ ဆိုးမွေကိုယူပြီး ကောင်းမွေကိုယူဖို့ပဲ ကျန်တော့တယ်၊ သမီးမယောက်ကိုလည်း သင့်တော်သလို ခွဲပေးရဦးမယ်၊ ဒါပေမဲ့ ဆိုးမွေခံယူခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ့သားအတွက်ကို အများဆုံး ဦးစားပေး စဉ်းစားတဲ့ ခွဲဝေနည်းနဲ့ အဖေ ခွဲဝေပေးမှာပါကွယ်'

'ကျွန်တော့်အတွက်တော့ မလိုပါဘူး၊ ပန်းရှင်မွှေးလည်း ထိုချင်တက်မက်မဲ့ပုံ မပေါ်ဘူး၊ ပွင့်လွှာကတော့ မပြောတတ်ဘူး၊ သူ့အဖေဟာ နံ့ချာချာသက်ကျားအိုကြီးမဟုတ်မှန်းသိရင် သူ့အဖေကို မြန်ပြီး ငမ်းငမ်းတက်ချစ်ပြချင် ချစ်ပြလာမှာ'

'သမီးငယ်ရဲ့စိတ်ဓာတ်ကို ဖေဖေ နားလည်တယ် သား၊ ဒါကြောင့် ဖေဖေ ဒီလို စဉ်းစားထားတယ်'

'ဘယ်လိုလဲ'

'အစုကြီးတစ်စုရယ်၊ အစုသေးသုံးစုရယ်၊ ဖေဖေ ထပ်ခွဲထားတယ်၊ အစုသေးက ငါ့သားတစ်စု၊ သမီးကြီးပန်းရှင်မွှေးနဲ့ သမီးငယ် ပွင့်လွှာတစ်စုပေါ့၊ အစုကြီးကိုတော့ ငါ့သားနဲ့ လက်ထပ်နိုင်မယ့် သမီးနှစ်ယောက်ထဲက တစ်ယောက်ရစေပေါ့'

'ဟာဗျာ··· ဒီလိုတော့ သွားမလုပ်လိုက်ပါနဲ့'

'မွေးဖေဖေ့ရဲ့ ဆိုးမွေကို ထုသားပေသားရအောင် ခံခဲ့တဲ့ သားအတွက် ဖေဖေ စီစဉ်ပေးတာပဲကွယ့်'

သူ ငြိမ်ရှက်နေမိ၏။ ဦးရွှေမိုးက ရေနွေးတစ်ခွက်ကို ငှဲ့သောက်ရင်း နားလည်ပြုံးပြုံး၏။

'ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာပဲ ကောင်းပါတယ်၊ ငါ့သားလိုလူကိုရတဲ့ သမီးကကော မသင့်တော်ပေဘူးတဲ့လား'

သူရှက်ပြီး ရေနွေးခွက်ကို ဟိုလှည့်သည်လှည့် လုပ်နေမိပြန်သည်။ ဦးရွှေမိုးက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး···

'ဖြေလေကွယ်'

သူ လည်ပင်းကုတ်နေမိပြန်၏။

'ပြောပါ'

သူ ပါးကုတ်ပြီး မျက်ချေးနှိုက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ဖြေကွာ၊ အိုက်တင်ချည်းပဲ၊ ဒီမှာ စိတ်တိုချင်လာပြီ'

'ဟို… ဟို… အဟဲ'

'ဘာလဲကွာ၊ ရဲရဲတင်းတင်းပြော'

သူ ခေါင်းကုတ်ပြီး ပြောမထွက်ဟန် ဖမ်းနေစဉ် ဦးရွှေမိုးက အနည်းငယ် ဒေါသထွက်ချင်ယောင်ဆောင်ပြီး…

'ပြောလေကွာ'

'အမှန်ပြောရရင် ကန်တော့နော် ဖွေးစားဖေဖေ'

'ပြော… ပြော'

'နှစ်ယောက်စလုံးကို သဘောကျတယ်'

ဦးရွှေမိုးက ဖနောင့်နှင့် လှမ်းပေါက်၏။

'ဖေဖေ'

'သမီး'

ရုပ်ရှင်တွေထဲကလို ပြေးဖက်လိုက်၏။ သူရှက်၍ မျက်နှာလွှဲနေလိုက်ရသည်။ ပန်းရှင်မွေးထံမှ ငိုသံ၊ ဦးရွှေမိုးထံမှချော့မော့ဖျောင်းဖျသော ဆက်ခါဆက်ခါစကားသံ၊ နာရီဝက်လောက် သူရှောင်ပေးလိုက်၏။ အလွမ်းခန်းပြီးလောက်ပြီထင်မှ အိမ်ပေါ်ပြန်တက်လာလိုက်သည်။ မျက်ရည်ခိုးသုတ်နေသော ဦးရွှေမိုးအား…

'အဖေ လူ့ဘောင်ကို စွန့်ခွာပြီး သာသနာပြုတရားကျင့်တော့မှာနော်၊ သံယောဇဉ်ဆိုတာ မျက်ရည်နဲ့ ဖြတ်လို့ရတာမဟုတ်ဘူး။ စိတ်နဲ့ဖြေမှပြတ်တာ'

'ငါသိတယ်'

ငိုသံပါကြီးနှင့် ပြန်ကျိတ်အော်၏။ ဦးရွှေမိုးနှင့်အတူ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ယယ်စဉ်ကတည်းက တည်လိုက်၊ တင်းလိုက်၊ စလိုက်၊ နောက်လိုက်၊ ကြေကွဲလိုက်၊ ပူပင်လိုက်၊ လှုပြဇာတ်မှာ သဘောကျသော ဇာတ်ဆောင်များ။

ပန်းရှင်မွှေးက နီရဲသော မျက်ဝန်းများ မို့အစ်နှင့် သူ့ကိုလှမ်းကြည့်ပြီး…

'ညီမလေးကို အကြောင်းကြားပြီးပြီလား'

'မနက်အစောပိုင်း ကားသွားထုတ်ရင်းနဲ့ဖုန်းနဲ့လှမ်းအကြောင်းကြားလိုက်တယ်၊ အားရင် သူလာခဲ့မယ်တဲ့'

'ဖေဖေရော ညီမလေးအကြောင်း သိပြီးပြီလား'

'သားပြောပြလို့ သိပြီးပါပြီ သမီးရယ်၊ ဘယ်တတ်နိုင်မလဲကွယ်၊ ဖေဖေတို့ဘက်က တတ်နိုင်သလောက် သမီးငယ်ကို ကူညီရမှာပေါ့'

'အဖေ့အကြောင်းတွေ ပန်းရှင်မွှေးကို အကုန်ပြောပြလိုက်ပြီလား'

'အေး'

'ပြောင်းလဲမှုကတော့ ယုံတောင်ယုံစရာမရှိဘူးနော် ပန်းရှင်မွှေး'

ပန်းရှင်မွှေး ပြန်မပြော။ (နားကတ်ကြားသဘောကို ဆောင်နေ၏။) သူက ဦးရွှေမိုးအား…

'အဖေ ဟိုအကြောင်းရော ပြောလိုက်သလား'

'ပြောတယ်၊ မေတ္တာပျက်အောင် မလုပ်နဲ့'

'ကျွန်တော် ရင်ခုန်နေလို့ပါ'

'အိမ်ရှေ့ထွက်ပြီး ကင်းမြီးကောက်ထောင်နေလိုက်ကွာ'

'ဒါဆို ပြောင်းပြန်ကြီးဖြစ်နေမှာပေါ့'

'အေး… ရင်ခုန်ရင်တုန်တာရဲ့ပြောင်းပြန်ဟာ ရင်တောင့်ရင်မခုန်တာပဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဘာမှလဲမဆိုင်ဘူး'

'ဘာမဆိုင်ရမှာလဲ၊ မင်း ရင်ခုန်နေတာက နှလုံးသွေး လည်ပတ်မှု မြန်ဆန်တာပဲ၊ ကမ္ဘာမြေရဲ့ ဆွဲအားနဲ့ ပြန်ထိန်းညှိလို့ရမရ စမ်းသပ်ကြည့်လိုက်ပါလား'

'အဲဒါ သွေးလည်ပတ်အား ပိုကောင်းတာ၊ ရင်ခုန်ရုံမကဘူး ရင်ပွင့်သွားနိုင်တယ်'

ဦးရွှေမိုး သူ့ကိုမိကျောင်းမသားဟု ထင်သွားဟန်တူ၏။ သူ လျှာဆက်မရှည်ရဲတော့။ သူ့အိမ်ပေါ်မှ ခဏရှောင်ပေးနေလိုက်၏။ သို့မှသာ သူနှင့်သက်ဆိုင်သော အကြောင်းကို သားအဖချင်းအေးအေး ဆေးဆေး ဆွေးနွေးနိုင်ပေလိမ့်မည်။ သူရှောင်ပေးချိန် မိနစ်နှစ်ဆယ် ခန့်ကြာသောအခါ…

'သားရေ… ခဏ'

ဦးရွှေမိုး ခေါ်သံကြောင့် သူ အိမ်ပေါ်ကို မျက်နှာပူပူဖြင့် ပြန်တက်လာခဲ့ရ၏။ ဦးရွှေမိုးအနီးမှာ ခေါင်းလေးငုံ့ပြီး ဆံပင်အရှည် များဖြင့် မျက်နှာကွယ်ကာ ထိုင်နေသော ပန်းရှင်မွေးအား တွေ့လိုက်ရ၏။

'သမီးကြီးက ပြောတယ်၊ သူ့မှာ ချစ်သူရှိတယ်တဲ့'

သွားပြီဟု သူ နှမြောတသသွားစဉ်မှာပင်…

တစ်ခါက ညှပ်မိခဲ့သော ဆံပင်ရှည်လေးကို သူ မှုန်ရီရီ ငေးမောနေလိုက်မိ၏။ ဦးရွှေမိုးက သူ့မျက်နှာပေါ် အရိပ်အကဲကို ဖမ်းရင်း…

'သားနဲ့သမီး လူငယ်ချင်း အေးအေးဆေးဆေး စကားပြော ကြည့်ကြဦးပေါ့ကွယ်၊ ဖေဖေလည်း ခြံထဲမှာ အညောင်းပြေ အညာ ပြေ လမ်းလျှောက်လိုက်ဦးမယ်'

အိမ်အိုလေးပေါ်မှ ဦးရွှေမိုး ဆင်းလျှောက်သွား၏။ သူက ထိုင်မြဲထိုင်နေရာမှ…

www.burmeseclassic.com

www.burmeseclassic.com



'ရှင်မွေး'

ပန်းရှင်မွေး ဆံပင်တစ်ခြမ်းကို အသာမပြီး ငဲ့ကြည့်၏။ ခေါ်သာ ခေါ်လိုက်ရသည်။ ဘယ်ကစပြီး သူ ဘာပြောရမှန်းမသိ။

'ရှင်မွေးရဲ့ ချစ်သူက ဘယ်သူလဲ၊ ဘယ်ကလဲ'

ပန်းရှင်မွေးက မျက်လုံးအနည်းငယ် ကစားလိုက်ပြီး…

'ရှင်မွေးနဲ့ ချစ်သူက ရှင်မွေးကိုသာ ချစ်နေတာပါ၊ ရှင်မွေးက အဲဒီလူကို ချစ်တယ်လို့ မတုန့်ပြန်ရသေးဘူး၊ ဝေခွဲချင့်ချိန်နေတုန်းပဲ'

'အဲဒီလူက ရှင်မွေးတို့အိမ်နားကလား'

ပန်းရှင်မွေး ခေါင်းခါပြ၏။

'ဘယ်သူလဲ ကိုယ်သိပါရစေ'

'ထင်မင်းခေါင်'

သူ အံ့ဩထိတ်လန့်သွားလွန်း၍ အသံတစပင် မထွက်လိုက်ချေ။

'ကိုယ်… ကိုယ်… ရှင်မွေးကို ချစ်နေတာ ရှင်မွေး နားလည်ဘယ်နော်'

ပန်းရှင်မွေး နွဲ့နွဲ့လေး ပြုံးပြီး ခေါင်းညိတ်ပြ၏။ သူက အပျော်လွန်သော စိတ်ခံစားမှုများနှင့်…

'ဟုတ်တယ်၊ ရှင်မွေးနဲ့ ပွင့်လှာကို ကိုယ့်ရင်ထဲက အလိုရှိပေသော့လည်း တကယ်တမ်း လိုအပ်တဲ့ နှလုံးသားဆန္ဒအရှိဆုံးသူဟာ ပန်းရှင်မွေးမှ ပန်းရှင်မွေးပါ၊ ဒါကြောင့် ရှင်မွေးကြားအောင် တစ်လောကလုံးကြားအောင် ကိုယ် အော်ပြောလိုက်တော့မယ်'

'ဘာပြောမလို့လဲ'

'ပန်းရှင်မွေးကို အသည်းအသန်ချစ်တယ်လို့'

'ရှင်မွေး ကြားပြီပဲ၊ တစ်လောကလုံးကြားစရာမလိုတော့ဘူး အော်နဲ့ ဖေဖေကြားရင် ရှက်စရာကြီး'

'မရဘူး၊ မအော်စေချင်ရင် ရှင်မွေးကလည်း ကိုယ့်လိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပေါ့'

'ရှင့်ကိုချစ်တယ်လို့လား'

သူ ခေါင်းညိတ်ပြလိုက်၏။ ပန်းရှင်မွှေးက ပန်းနုရောင်စ
အပြုံးပြရင်း…

'မအော်ချင်ပါဘူး'

'ကိုယ်ကြားလောက်ရုံပါ ကျေနပ်ပါတယ်'

'မပြောချင်ပါဘူး'

'ဒါဆို ကိုယ်အော်လိုက်မယ်'

'အော်ပေါ့'

'ကျွန်တော်… ပန်း'

သူ အော်လိုက်၍ မဆုံးခင် ပန်းရှင်မွှေးက သူ့ပါးစပ်ကို
အတင်းလှမ်းပိတ်လာ၏။ သူက ပန်းရှင်မွှေး လက်ဖဝါးလေးကို ဆုပ်
ယူနွေးထွေးရင်း ချစ်ခြင်းရသလို တပ်မက်ရှုတစွာ ခံစားနေလိုက်၏။

ဤပုံအတိုင်းသာဆို ဦးရွှေမိုး မြင်သွားလျှင် လူကြီးရှက်ရှက်
ပြီး ဣန္ဒြေပျက်သွားမှာ သေချာ၏။

ပျက်ပါစေ၊ သမီးနှင့်တိတ်တိတ်ပေါင်းပြီး သူ့ကိုလှည့်ကွက်
ဆင်ကစားသော မွေးစားအဖေအား ပြန်ကို ကျီစယ်ကစားရသည်ပင်။

'မွေးစား ဖေဖေ၊ ခဏလောက် ကျေးဇူးပြုပြီး လာပါဦး'

သူ့ခေါ်သံကြောင့် ပန်းရှင်မွှေးက လက်ကလေး အလန့်
တကြား ရုန်းခွာသွား၏။ ဦးရွှေမိုး အိမ်ပေါ်ရောက်ရုံရှိစဉ်မှာပင်…

'ရှင်မွှေးရဲ့ ချစ်သူက အရမ်းဘုန်းကံထူးတဲ့ ကျွန်တော်ဖြစ်နေ
ပြီ'

ဦးရွှေမိုး ပန်းရှင်မွှေးကို ဘယ်လိုလဲဟူသော အကြည့်မျိုး
ကြည့်၏။ ပန်းရှင်မွှေး ရှက်ပြာစိတ်နှင့် ခေါင်းလေးငုံ့လျှိုးနေ၏။ သူက
ပန်းရှင်မွှေးကို ဖွဖွလေး လှမ်းဖက်ပြရင်း…

'မင်္ဂလာပွဲကျရင် ဒီလိုလေး ဓာတ်ပုံရိုက်ပါ့မယ် မွေးစား

www.burmeseclassic.com

www.burmeseclassic.com



အဖေ'

ဦးရွှေမိုးမှာ မျက်နှာကြီးနီရဲပြီး အယောင်ဆောင်ဒေါသဖြင့် အခွီးခွီးရေရွတ်ကာ အိမ်ပေါ်မှ ပြန်ဆင်းချသွားလေတော့သည်။

●

နောက်တစ်နေ့ ညနေခင်းမှာ သူ့အိမ်သို့ ပွင့်လွှာရောက်လာ၏။ ပန်းရှင်မွေး လာလည်ပြီး ပြန်သွားချိန်နှင့် သိပ်မကွာ။ ဦးရွှေမိုးနှင့် ပွင့်လွှာတို့ တွေ့ဆုံခန်းမှာ အေးတိအေးစက်၊ ဦးရွှေမိုးက ပွင့်လွှာကို အကြောင်းအရာအတော်များများ လိပ်ပတ်လည်အောင် ရှင်းပြနေ၏။

ဦးရွှေမိုး အမွေရခဲ့သည့်အကြောင်း။

အမွေတွေကို မည်သို့မည်ပုံ ခွဲဝေမည့်အကြောင်း…။

သားနှင့်သမီးတစ်ယောက်ယောက်ကို လက်ထပ်ပေးရန် ရည်ရွယ်ထားသည့်အကြောင်း။

သားနှင့်လက်ထပ်သော သမီးအား အမွေပိုမည်မျှထပ်ပေးမည့်အကြောင်း။

'အခုတော့ ဖေဖေ့အစီအစဉ်ကို တစ်မျိုးပြောင်းရတော့မယ်ကွင်တယ်၊ သမီးနှစ်ယောက်ကို ရွေးချယ်ခွင့်ပေးချင်ပေမယ့် သားနဲ့သမီး ရှင်မွေးက လူငယ်သဘာဝ မေတ္တာမျှနေကြပြီဖြစ်တဲ့အတွက် သူတို့ကိုပဲ ရပိုင်ခွင့်တွေ လွှဲပေးလိုက်တော့မယ်၊ ဖေဖေကတော့ မင်းလာ ကို မစောင့်တော့ဘူး၊ သန်ဘက်ခါဆို ဘုန်းဘုရားက ဖေဖေ့ကို ခက်ကိုင်းတောင်ခေါ်သွားတော့မယ်၊ ဟိုမှာပဲ တရားအားထုတ်တော့မယ်၊ သမီးတို့လည်း လိမ်လိမ်မာမာနေရစ်ခဲ့ကြ၊ အမွေအစွက် ရွှေနေ ကြီး လာဆောင်ရွက်ပေးလိမ့်မယ်၊ မနက်ဖြန်ဆို ရွှေနေကြီးကို အဖေ သွားအကြောင်းကြားရမယ်လေ'

ပွင့်လွှာက စူးစူးစိုက်စိုက် နားထောင်နေရာမှ လူးလွန့်လာ၏

www.burmeseclassic.com



ဖွင့်လှစ်ချက်လုံးတွေက မတည်ငြိမ်။ ရင်ထဲမှာ စိတ်လှုပ်ရှားမှုတို့ကို ဆော်ပြနေသလိုရှိ၏။

'သမီး… ဖေဖေ့ရဲ့ သဘောထားနဲ့ ရည်ရွယ်ချက်တွေကို နားလည်သဘောပေါက်ရဲ့လား'

'ပေါက်ပါတယ်'

'သမီးကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ'

'သမီးအကြောင်းနဲ့ သမီးမို့လို့ပါ'

'သမီးရဲ့အဖေ အခြေအနေကော'

'ထောင်ဒဏ် အပြစ်ပေးခံရတယ်၊ လျော့လျော့ပေါ့ပေါ့ ခြောက်လပေါ့'

'သမီး မေမေကော'

'မေမေကတော့ ဝမ်းနည်းနေရှာကလွဲရင် ဘာတတ်နိုင်မှာမို့လဲ၊ အဲဒီဝမ်းနည်းမှုတွေကြားက သမီးရဲ့ မင်္ဂလာပွဲအတွက်လည်း အပူတပြင်း စီစဉ်ဖို့ သမီးကို နေ့တိုင်းနားပူနားဆာ လုပ်နေတယ်လေ'

'ဘယ်လို… သမီး… ဒီသမီးလေးကိုလား'

'ဟုတ်တယ်၊ သမီးကို အိမ်ထောင်ပြုပေးမလို့တဲ့၊ သမီးဆုံးဖြတ်ချက်မချရသေးဘူး၊ ဒါပေမဲ့ ဒီနေ့ ဒီကပြန်ရင်တော့ ဆုံးဖြတ်ချက်ချနိုင်ပါပြီ၊ သမီး လက်ခံလိုက်တော့မယ်'

'ဘာပဲလုပ်လုပ် စဉ်းစဉ်းစားစားလုပ်ပါ သမီးရယ်၊ ဖေဖေက မိဘအရင်းဖြစ်ပြီး သမီးလေးရဲ့ဘဝအတွက် ဘာမှဝင်မပါပေးနိုင်ဖြစ်တာ ခွင့်လွှတ်ပါကွယ်'

'ဒါလည်း တစ်မျိုးကောင်းပါတယ်၊ မင်္ဂလာပွဲဖြစ်ရင်လည်း ဖေဖေ လာလို့ရမှာမှ မဟုတ်တာ'

အပြင်မှ နားထောင်ရင်း စိတ်ထဲမှာ ပွင့်လှာကို မိုက်လွန်းသည့် မိန်းမဟု ပြစ်တင်မာန်မဲနေမိ၏။

'အားလုံးဟာ သမီးအဆင်ပြေရင် ပြီးတာပဲပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ့အကြိုက် အမွေခွဲတာကို စီစဉ်ခဲ့ပြီးပြီပဲ၊ သမီးအပိုင်းအတော့ သမီးဆန္ဒအတိုင်း စီစဉ်မှာပေါ့ မဟုတ်ဘူးလား'

'သမီးလေးရင်ထဲမှာ အမွေခွဲပေးတာနဲ့ ပတ်သက်ပြီး သိပ်အဆင်မပြေနည်းနည်းလေး ဖြစ်နေတယ်နဲ့တူတယ်'

'ကျေနပ်ပါတယ်၊ အဆင်ပြေပါတယ်၊ အားလုံးကောင်းမွကောင်းပါပဲ၊ မကျေနပ်ဘူး၊ အဆင်မပြေဘူး၊ မကောင်းဘူးပြောလို့တော့ ဖေဖေက ပြန်ပြင်ဆင်ပြောင်းလဲပေးမှာတဲ့လား၊ ဟန်ဆောင်နှစ်သိမ့်မှုတွေ လုပ်မနေပါနဲ့တော့'

သူ အိမ်ပေါ်တက်လိုက်စဉ် ဦးရွှေမိုး ခေါင်းတညိတ်ညိတ်လုပ်နေတာကို မြင်လိုက်ရ၏။ ပွင့်လွှာက သူ့ကိုမြင်သောအခါ...

'အမွေများများရတဲ့ သတို့သားလောင်းကြီးလည်း အရမ်းကိုပျော်နေမှာပဲနော်'

'အဖေ တရားအားထုတ်ခါနီးမှာ မင်္ဂလာရှိတဲ့စကားပဲ မင်းပြောသင့်ပါတယ် ပွင့်လွှာရယ်'

'သြော်... ဒီလိုလား၊ ကျွန်မ အခုပြောမယ့်စကားဟာ မင်္ဂလာရှိတဲ့ စကားပါရှင်၊ အားလုံးကြိုက်သလို စီစဉ်ကြတာ အားလုံးကောင်းပါတယ်ရှင့်၊ ကဲ... ကျွန်မ သွားမယ်'

ပြောပြီး ပွင့်လွှာ အိမ်ပေါ်မှ ခြေဆောင့်၍ ဆင်းသွား၏။ အားတံခါးကို ဒေါသဖြင့် ဆောင့်ပိတ်သံခပ်ပြင်းပြင်း မောင်းထွက်သွားသံတွေရဲ့အဆုံးမှာ ပြန်လည်ငြိမ်ကျသွားသော ပတ်ဝန်းကျင်။

'အဖေ... ပွင့်လွှာ ဘယ်သူနဲ့လက်ထပ်မှာလဲ'

'အဖေတို့လည်း အတိအကျ မပြောသွားဘူး၊ သူ့အိမ်ကသဘောတူတဲ့သူနဲ့ဖြစ်မှာပေါ့ကွယ်၊ အင်း... ဖြစ်ပျက်သမျှ အနိစ္စ၊ အနတ္တ'

'အမှန်ဆို သူ့ကို အမွေတစ်ခုတောင် ခွဲမပေးသင့်ဘူး၊ ကျွန်တော်သိက်ရမှာ၊ မွေးစားမိဘကိုပဲ မိဘရင်းထက် တန်ဖိုးထားတဲ့သူ့စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်လို့မရဘူး'

'ဒီလိုလည်း သဘောမထားပါနဲ့ကွယ်၊ ဖေဖေ့ဆီက အခွေ တစ်ခုရရင် သူ့အခက်အခဲတွေလည်း ထိုက်သင့်သလောက်တော့ ပြေ လည်သွားမှာပေါ့'

'အဖေသာမရှိရင် ပွင့်လွှာနဲ့ ကျွန်တော်ဟာ ပိုပြီး စိမ်းကား သွားမှာ သေချာတယ်၊ ကျွန်တော်က ပွင့်လွှာအကျင့်စရိုက်ကို သိလို့ ရှင်မွေးကို ရွေးလိုက်တာ၊ ပွင့်လွှာအနေနဲ့ ကျွန်တော့်လို ဂုဏ်ဒြပ်မရှိတဲ့ လူကို လက်ထပ်ဖို့လောက်အထိ စဉ်းစားမှာ မဟုတ်ဘူး၊ ကျွန်တော် ကလည်း လူသာဆင်းရဲပေမယ့် မာနကတော့ ရွှေစင်ရွှေခဲစစ်စစ်ပါ၊ သူတို့အသိုင်းအဝိုင်း၊ သူတို့ပတ်ဝန်းကျင်နဲ့ လုံးဝအရောမဝင်ချင်ဘူး၊ ပွင့်လွှာစရိုက်တွေကိုလည်း နည်းနည်းမှ မကြိုက်ဘူး'

ဦးရွှေမိုး သောကမျက်နှာကို ပြောင်းလဲပြုံးလိုက်ပြီး…

'သမီးပွင့်လွှာက ဖေဖေရဲ့ မွေးစားသားလေးကို သူ့အကျင့် စရိုက်တွေ ဖျောက်ပြီး ပြန်ကြိုက်မယ်ဆိုရင်တောင် ငါ့သားက လက်ရှိ အခြေအနေကို ဘယ်လိုပြန်ပြင်ပြောချင်သေးလဲ'

ဦးရွှေမိုး သူ့စိတ်ခတ်ကို တောက်ကြည့်သည့်အနေနှင့် ခပ် နောက်နောက်မေးလိုက်ခြင်းဖြစ်၏။ သူက…

'မျက်နှာမများချင်ဘူးကွယ်လို့ ပွင့်လွှာကို ပြန်ပြောလိုက် မယ်'

ဦးရွှေမိုး ထုံးစံအတိုင်း ရေရွက်ဆဲရေး အဝေးဖြောင့်ဖနောင့်နဲ့ လှမ်းပေါက်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

'ဒါဆို ညီမလေး အားလုံးသိသွားပြီပေါ့'

'ဟုတ်တယ် ရှင်မွေး၊ သူ သိပ်မကျေနပ်ဘူး'

'ကျွန်မတို့ မတရားသလို ဖြစ်သွားသလားဟင်'

'ဒါကတော့ ကာယကံရှင် အမွေပိုင်ဆိုင်သူရဲ့ ဆန္ဒပဲ၊ ကိုယ်တို့ရဲ့ ပယောဂမှမဟုတ်တာ'

'ကျွန်မကို ရှင် ကမ်းလှမ်းတာ မြန်သွားတယ်၊ ညီမလေးအတွက် အခွင့်မရှိသလို ဖြစ်သွားတယ်၊ တစ်မျိုးပဲ ကျွန်မ မတရားသလိုကြီး ခံစားနေရတယ်'

'ပွင့်လွှာက ကိုယ်ကမ်းလှမ်းလို့ကော သဘောကျပြီး ပြန်လက်ခံမယ် မင်းထင်သလား'

'ထင်သလောက် ပြောရရင် ညီမလေးမျက်လုံးတွေကို ကြည့်ရုံနဲ့ ရှင့်အပေါ်မှာ ယိမ်းညွှတ်မှုရှိနေတာ ကျွန်မ သိတယ်'

'ထားပါ၊ တကယ်လို့ ပွင့်လွှာနဲ့ကိုယ် ရင်ခုန်ကြမယ်၊ ပြီးရင်လက်ထပ်ဖြစ်ကြမယ်လို့ မင်း ထင်သလား'

'အရင်အခြေအနေအရ မဖြစ်နိုင်ပေမယ့် အခုလက်ရှိအခြေအနေအရ သူ ရှင့်ကို လက်ထပ်မှာ ကျိန်းသေပါတယ်၊ ကျွန်မ ပြောရဲတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ဘူး'

'ဖြစ်နိုင်လို့ ကျွန်မ ပြောနေတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မကြောင့် ညီမလေးမှာ အခွင့်အရေးဆုံးရှုံးသွားခဲ့တယ်၊ ညီမလေးကို သနားလိုက်တာနော်'

'ဒါဆိုရင်လည်း လက်ထပ်ပြီးရင်ရမယ့် အစုကြီးကို ပွင့်လွှာဆီရောက်အောင် လွှဲပေးလိုက်ပေါ့၊ ဒါမှ သူ့အခက်အခဲတွေ ပြေလည်သင့်သလောက် ပြေလည်သွားမှာပဲ'

'ရွှေငွေ စည်းစိမ်တွေကို လွှဲပေးလို့ရပေမယ့် ရှင့်ကို ဘယ်လိုလုပ် လွှဲပေးလို့ရမှာလဲ'

'ပွင့်လွှာမှာ ကိုယ့်ကို အလိုရှိနေတယ်လို့ မင်း တပ်အပ်ကို ထင်နေပါလား'

'မိန်းမချင်း နားလည်တဲ့ အာရုံသိနဲ့ ပြောနေတာပါ'

'ဒါဆို ဒီလိုလုပ်ပါလား'

'ဘာလဲ'

'အချစ်တစ်ကို ညာလက်နဲ့ သိမ်းပိုက်ပြီး အချစ်နှစ်ကို ဘယ်လက်နဲ့သိမ်းပိုက်တော်မူမယ်၊ သင့်မြတ်တော်မမူပေဘူးလား'

'ဩော်… ရှင်က အခုကတည်းက ဖောက်ပြန်နေပြီပေါ့လေ၊ ကဲဟယ်… ကဲဟယ်'

ပန်းရှင်မွေးက သူ့ကျောကုန်းကို စည်တိုပမာ နှလုံးသွင်းပြီး တရစပ် ထုနက်ပါတော့သည်။

'ကိုခန့်နဲ့ ပွင့်လွှာကြားမှာ နွေးထွေးတဲ့ ပွင့်လင်းမှုရှိလာပြီမို့ ဒီလို အေးအေးဆေးဆေး ခေါ်ခွေးနွေးရတာပါ ပွင့်လွှာ'

ဘခန့်သော်က သီးစုံကောက်တေးစားသောက်နေသည့် ပွင့်လွှာကို ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ ပွင့်လွှာက ပေါ့ပေါ့ပါးပါး ခံစားမှုရှိပုံရသော မျက်နှာဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'အရေးကြီးတယ်ဆိုတော့လည်း နားထောင်ရမှာပေါ့၊ ကဲ… ကိုခန့်သော် အနေနဲ့ ဘာတွေကို ပွင့်လင်းမလဲ ပြောပါ'

'ပွင့်လွှာကို ချစ်တဲ့စိတ်နဲ့ ကိုယ်လက်ထပ်မှာပါ'

'ဟုတ်လား၊ ဝမ်းသာပေးရမှာပေါ့'

'ပွင့်လွှာကကော ကိုယ့်ကိုချစ်တဲ့စိတ်နဲ့ လက်ထပ်မှာ သေချာရဲ့လား'

'အဲဒီပွင့်လင်းမှုက ကျွန်မရဲ့ လိုက်လျောမှုကို စော်ကားနေသလိုပဲ'

'ဒီလိုလည်း မသတ်မှတ်ပါနဲ့၊ နှစ်ဖက်စလုံးအတွက် လိုအပ်မှုရှိလို့ မေးတာပါကွာ'

'ဒီလိုဆို ကျွန်မလည်း ပြန်မေးပါရစေဦး၊ လူကြီးမင်းကတော လက်ထပ်ပြီးရင် လူပျိုဘဝက အကျင့်ဆိုးတွေ စွန့်မှာလား၊ မိန်းမတွေနဲ့ ပွေရှုပ်တာ၊ ရက်ရောတာတွေ ပျော်ပါးတာတွေကိုလေ'

'မင်းပြောပုံက နည်းနည်းလွန်တယ်၊ ကိုခန့်က မင်းပြောသလောက် ဆိုးတဲ့လူမဟုတ်ဘူး၊ မင်းပြောမှပဲ ကိုယ့်ဘာသာကိုယ် ပြန်လန့်လာတယ်'

'ကျွန်မအတွက် အရမ်းလိုအပ်လို့ မေးတာပါ၊ ရှင် ကတိပေးနိုင်ရင် ကျွန်မဘက်ကလည်း ရှင်လိုချင်တဲ့ အချစ်တွေဘဝတွေ ပြန်ဆပ်နိုင်ရမှာပေါ့'

ဘခန့်သော် ပွင့်လွှာကို ငေးရီရီလေး ကြည့်နေ၏။ ပွင့်လွှာက ခရမ်းမှ ပန်းချီကားတွေကို ပို၍ စိတ်လိုလက်ရရှိဟန် ငေးမောနေပြန်၏။ ဘခန့်သော်က ပွင့်လွှာတစ်ကိုယ်လုံး စေ့စပ်လွှမ်းခြုံကြည့်လိုက်ပြီး အံတစ်ချက်ကြိတ်လျက်…

'ပွင့်လွှာလိုချင်နေတဲ့ ကတိကို ကိုခန့်ပေးမယ်၊ ကိုခန့်လိုချင်တာကိုလည်း ပွင့်လွှာ'

ဘခန့်သော် စကားမဆုံးခင်မှာပင် ပွင့်လွှာကြားဖြတ်၍…

'မေမေ့ကို ပွင့်လွှာ ပြောလိုက်ပြီ၊ မေမေတို့သဘောတူ အရ

www.burmeseclassic.com

www.burmeseclassic.com



ကိုခန့်က ပြောလာတော့လည်း ပွင့်လွှာသဘောကို သေချာသိရပြီပေါ့တော်လား၊ ဒီတော့ လူကြီးစုံရာနဲ့ လာစေ့စပ်နိုင်ပြီပေါ့'

'မြန်မြန်စေ့စပ်ပြီး မြန်မြန်လက်ထပ်မှာနော်၊ ကိုခန့်နဲ့ပွင့်လွှာရဲ့ မေမေ ကြိုတင်တိုင်ပင်ထားခဲ့ကြပြီးပြီ'

'အကြိမ်ကြိမ် ထပ်မမေးနဲ့၊ ဒီမှာ ရှင့်သဘော လက်ခုပ်ထဲရောက်နေတဲ့ပန်းကို ဘယ်လိုနမ်းရမလဲလို့ လိုက်မေးနေတာ အဓိပ္ပာယ်ရှိလို့လား'

ဘခန့်သော်က သဘောတွေ့သလို ပြုံးရင်း ပွင့်လွှာလက်ထဲကို လက်စွပ်ဘူးလေး လှမ်းပေးလိုက်၏။

'ကျွန်မမှာ ရှိပြီးသားပါ'

'ကိုခန့်က သီးသန့်ဖြစ်စေချင်လို့ပါ'

ပွင့်လွှာ ဘာမျှပြန်မပြော။ အသာအယာပင် လှမ်းယူထားလိုက်၏။ ပွင့်လွှာ စိတ်ထဲမှာ အလိုလိုဘဝင်မကျ။ မကျေနပ်ချက်တွေများပြားနေသော ရင်ထဲက ခံစားမှုကို ဟန်ဆောင်မျက်နှာဖြင့် ဖြေသိမ့်နေခြင်းမှာ ဝေဒနာကို ပို၍ကြီးမားလာစေသလိုလို။

အမှန်အားဖြင့် ပွင့်လွှာနှင့်လိုက်ဖက်ညီမှု မရှိလှသော ဘခန့်သော်ဆိုသည့် လူကြီးကို ပွင့်လွှာ လက်မထပ်ချင်။ ချစ်၍လည်းမရ။ တစ်သက်လုံးပေါင်းရမတဲ့။

ပွင့်လွှာ သေချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာ၏။ ဘယ်လိုလုပ်ရမလဲ။ အဘက်ဘက်ကလည်း မင်္ဂလာပွဲဦးတည်စီစဉ်လေပြီ။

ဘယ်လိုမှ ပွင့်လွှာ ငြင်းခွင့်မသာတော့။

မုဆိုးကျော့ကွင်းမှာမိနေသော သမင်လေးတစ်ကောင်ရဲ့ဘဝ။ မုဆိုးရောက်ရှိလာပြီး ကျော့ကွင်းကို ဖြေနေသည်အထိ မုဆိုးယုံလောက်အောင် တကယ်အသေကောင်လို သေဆုံးနေပြမှ ဖြစ်မယ့် သမင်မလေးရဲ့ဘဝ။

သမင်အသေကောင်အထင်နှင့် မုဆိုးက သတိပေါ့လျော့စွာ ကျော့ကွင်းမှ ဖြုတ်နေစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခနဲ ထပြေးမှ အသက်နှင့်ဘဝ သေဘေးမှ လွတ်မြောက်နိုင်မည့် သမင်မလေးရဲ့ဘဝကို ပွင့်လွှာ ဆိုက်ဆိုက်မြိုက်မြိုက်ပွေ့ဖိုက်ရှိလာခဲ့လေပြီ။

ပွင့်လွှာရှေ့မှာ…

ပွင့်လွှာတစ်ကိုယ်လုံးကို လွှာကြည့်နေသော မုဆိုးက ပိုင်ဆိုင်ခွင့်ရမည့် ကာလကို စိတ်မှန်းနှင့် သဘောကျနေပုံရ၏။

ဘာပဲဖြစ်ဖြစ် ပွင့်လွှာ ငြိမ်နေလိုက်ပါသည်။

ပီဘိ သမင်မလေးလို။

သူနှင့် ပန်းရှင်မွေးအား နှုတ်ဆက်ပြီး ဘုန်းတော်ကြီးနောက်လိုက်ပါသွားသော ဖခင်ဖြစ်သူ ဦးရွှေမိုးအား ဘူတာကြီးမှာ လိုက်လံနှုတ်ဆက်ပြီး ပြန်လာခဲ့ကြ၏။

အပြန်လမ်းပေါ် ပြေးလွှားနေသည့် ကားလေးထဲမှာ နှစ်ယောက်သား ငြိမ်သက်နေကြရာမှ ပန်းရှင်မွေးက…

'ညီမလေး လိုက်မပို့လို့ ဖေဖေ ဝမ်းနည်းသွားမလား မသိဘူးနော်'

'တရားရှာဖို့ သွားတာပဲ၊ သိပ်ပြီး ခံစားရမှာ မဟုတ်ပါဘူး'

'ကျွန်မ အမေကလည်း နေမကောင်းခဏခဏဖြစ်နေတာနဲ့ လိုက်မပို့နိုင်တာ၊ မေမေကလည်း ဖေဖေ တရားရှာသွားတာကို အားကျနေတယ်၊ ရှင်နဲ့ကျွန်မကို လက်ထပ်ပေးပြီးရင် တရားအားထုတ်တော့မယ်လို့ချည်း ပြောနေတယ်'

'ကောင်းတာပေါ့၊ သူ့အတွက် သူလုပ်သင့်နေပါပြီ'

'မနေ့က ဖေဖေကိုယ်တိုင် နားလိုက်ဖောက်ပေးတာ၊ ရှင့်အွက်ထဲက လူကြီးတွေတောင် ရှင်နဲ့ကျွန်မ တော်စပ်မှုကို မျက်စိနည်းနာနိုက်ကြလို့ မနည်းပြန်ရှင်းပြရတယ်နော်၊ ဖေဖေကလည်း [illegible] ပတ်လည်အောင်ရှင်းရှင်း သူ့အကြောင်းတွေ အားလုံးကို ရင်ဖွင့်လိုက်

www.burmeseclassic.com



ရှာတော့တာပဲ'

'အဲဒီရှေ့နေကြီးက အသက်အတော်ကြီးပေမယ့် သန်မာဖျတ်လတ်နေတုန်းပါပဲ၊ အမွေကိစ္စတွေအားလုံးကို လွှဲပြီးရင် အေးအေးဆေးဆေး အနားယူတော့မယ်လို့ ပြောနေတယ်'

'အင်း… သူလည်း တရားအားထုတ်သင့်တယ်'

'ကျွန်မ အမြင်တော့ ရှင်လည်း တရားအားထုတ်သင့်တယ်'

'ဟောဒီ နောက်ဆံတစ်မျှင်လေးက တင်းခံနေလို့ပေါ့'

'လွယ်ပါတယ်၊ ဖြတ်လိုက်ပေါ့'

'မဖြတ်နိုင်သေးလို့ ခက်နေတာ'

'ရှင်မွေးကတော့ တကယ်ဖြတ်မယ်ဆိုရင် ဖြတ်ရဲတယ်'

'တကယ်ဟုတ်လို့လား'

'တကယ်ပြောတာပေါ့'

'ကဲ… ဒါဆို ဖြတ်ပြီ'

'သွား… ရှင့်ကို မုန်းတယ်၊ လက်မထပ်တော့ဘူး၊ မချစ်တော့ဘူး၊ မတွေ့ချင်တော့ဘူး'

'ကိုယ်ဖြတ်ခိုင်းတာက ကိုယ့်ရဲ့ ဆံပင်ကို'

'အယ်… ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင်မွေးဆံပင်ကိုဖြတ်ခဲ့တဲ့ လူကို ပြန်ဆုံးမရမယ့်နည်းက အဲဒီလူဆံပင်ကို ပြန်ဖြတ်ဖို့ပဲ'

ပန်းရှင်မွေးက ပြောပြီး ကားဒက်ရှ်ဘုတ်အံ့ထဲမှာ စတီးလ်ကတ်ကြေးလေးရှိလိမ့်နိုးနိုးနှင့် လိုက်ရှာနေ၏။ သူကိုင်တတ်သော ကတ်ကြေးလေးကို သွားတွေ့၏။

'ဒီကတ်ကြေးနဲ့ ရှင့်ဆံပင်ကို ပြန်ဖြတ်ရမယ်'

'စဉ်းစဉ်းစားစားလုပ်ပါ၊ ချစ်သူဆိုတဲ့ မျက်နှာလေးလည်း ထောက်ပါဦး'

'မရဘူး'

'ခဏနေဦး၊ ဖြတ်ချင်ရင် ကိုယ်တစ်နေရာမှာ ကားရပ်ပေးမယ်၊ အဲဒီကျမှဖြတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နေရာမှာရပ်မှာလဲ'

'ဆံပင်ညှပ်ဆိုင်ရှေ့မှာ၊ မင်းလက်ကလေးတွေ အသင်ပန်းခြံ ဒါနဲ့၊ ကိုယ့်ဆံပင် အရမ်းရှည်နေပြီ၊ မကြာခင် သံတို့သားလုပ်ရမှာ မို့ သေသေသပ်သပ် သွားညှပ်လိုက်မယ်'

'ဒီလိုဆိုလည်း ရတယ်လေ၊ ရတဲ့နေရာ ညှပ်မယ်'

'ဟော့… ဟော့… ဟာ… ကုန်ပါပြီ'

လီဗာနင်းထားသော သူ့ညာခြေကို မပြီး သူ့ခြေသလုံးမွေး တွေကို သူမ တစ္ဆုပ်ဆွဲနဲ့ အတင်းညှပ်လေတော့၏။

•

'ကိုထင်မင်းခေါင်ပေးတဲ့ဖုန်းနံပါတ်နဲ့လှမ်းဆက်ပြီး အကြောင်း ကြားလိုက်တာပါ၊ ဖုန်းထဲမှာ မပြောချင်လို့ အပြင်မှာ တမင်တွေ့ပြီး ပြောရတာလေ'

'ညီမလေးခေါ်တယ်ဆိုတော့ ဖြစ်နိုင်ပါ့မလားလို့၊ မမ ဘာသာ အံ့သြတောင် ဝင်မိသေးတယ်၊ ဒါနဲ့ ထင်မင်းခေါင်က ဘယ်မှာလဲ'

'သူ့ရဲ့ကားအုံမှာ နယ်ကိုဘုရားဖူးထွက်တာနဲ့ လိုက်မောင်းပို့ ရတယ်၊ သုံးလေးရက်လောက်ကြာမယ် ပြောတယ်၊ ညီမရဲ့ မင်္ဂလာ ပွဲကို သူလာနိုင်မှာ မဟုတ်တော့ဘူး'

'လာနိုင်မယ့် မမကိုပဲ မလာမဖြစ်လာအောင် အခုလို လူချင်း ဆုံဖိတ်တာ'

'ပွင့်လွှာရဲ့ မင်္ဂလာပွဲကို မမ လာရမယ် ဟုတ်လား'

'ဟုတ်တယ်၊ ဒီမှာ ဖိတ်စာ၊ သန်ဘက်ခါ မနက် ဆယ်နာရီ'

ပန်းရှင်မွေး ဖိတ်စာလှလှလေးကို အပြန်ပြန်အလှန်လှန် ကြည့် နေ်း မယုံမရဲ မျက်နှာလေးဖြင့်…

'မမကို အစ်မတစ်ယောက်လို အသိအမှတ်ပြုလို့ ဖိတ်တာ ပေါ့ ဟင်'

'အင်းပေါ့၊ ကားလွှတ်ပြီး မမကို တကူးတက လာခေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့လည်း မိတ်ဆက်ပေးရအောင်လို့ပေါ့'

'ဖြစ်ပါ့မလား၊ ညီမလေး လျှို့ဝှက်ထားတဲ့အကြောင်းတွေ ပေါ်ကုန်မှာပေါ့၊ ပြီးတော့ ညေ့ခံပွဲတက်လာတဲ့ ညီမလေးတို့ အသိုင်း အဝိုင်းကလည်း ညီမလေးနဲ့မမ ရုပ်တူလွန်းလို့ သံသယအမျိုးမျိုး ဝင်ကြမှာ ကျိန်းသေတယ်၊ မမ မလာချင်လို့ပြောကာ မဟုတ်ဘူးနော်၊ ညီမလေး အခက်တွေ့မှာစိုးလို့ပြောတာ၊ ဖြစ်နိုင်မယ်ထင်ဘူး'

'ညီမလေး ကားလွှတ်လိုက်ရင် မမ လိုက်မှာသာ လိုက်ခဲ့ စမ်းပါ၊ အားလုံး ညီမလေးတာဝန်ယူတယ်၊ ဖြေရှင်းသင့်တာတွေ ဖြေရှင်းပေးမယ်'

'လူတွေအားလုံးရှေ့မှာ မင်းရဲ့အစ်မလို့ ကြေငြာဝန်ခံမှာလား ဘုရားရေ'

'ဖြစ်သင့်တာတွေ ဖြစ်လာမှာပေါ့၊ ညီမ တာဝန်ထားပါဆိုမှ မမအတွက် ဘာမှထပ်မပြောနဲ့တော့၊ ညီမလေး စီစဉ်သလိုသာ မမ လိုက်ခဲ့ သိလား'

'မမ ရင်တုန်လိုက်တာ'

'ဘာကို ရင်တုန်ရပြန်တာလဲ'

'မမက လူကြားထဲ သိပ်ပြီး သွားဖူးတာမဟုတ်ဘူး၊ ပြီးတော့ လူအများကြီး ဝိုင်းအကြည့်ခံရရင်လည်း အသက်ရှူကျပ်ပြီး မူးလဲ လိမ့်မယ်'

'မမူးနဲ့၊ မိသားစုဆရာဝန်ကို အနားမှာခေါ်ထားတယ်'

'ခက်လိုက်တာ ညီမလေးရယ်၊ မလာလို့မရဘူးလား'

'လုံးဝ မရဘူး၊ လာကိုလာရမယ်၊ ဖေဖေ့ကို မဖိတ်နိုင်တာ စိတ်မကောင်းပါဘူး'

'ဖိတ်လည်း ဖေဖေ လာနိုင်မှာ မဟုတ်တာပဲကွယ်'

'ဖေဖေ့ကို နှုတ်ဆက်ချင်ပေမယ့် အိမ်မှာ မေမေ့ကို ပြုစုနေရ သေးတယ်လေ၊ ဒါကြောင့် မလာဖြစ်ခဲ့ရတာ၊ ဖေဖေ ဘာမှာသွား သေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လိမ်လိမ်မာမာနေရစ်ကြဖို့နဲ့ ညီမလေးအတွက် အမွေစုတို့ ရှေ့နေကြီး ဦးဘဆွေကိုယ်တိုင် သွားလွှဲပေးဖို့တွေ မှာသွားတယ်၊ ညီမလေး မင်္ဂလာပွဲမှာများ ဦးဘဆွေ လာလွှဲပေးမလား မသိဘူး'

'ဒါက အရေးမကြီးပါဘူး၊ အခုလည်း ဘော့စ်နဲ့ ညီမလေး လက်ထပ်မှာပဲ၊ အဓိကက မမ လာဖို့ပါ၊ မမ သိပ်လည်းစိုးရိမ်မနေပါနဲ့၊ မမကို ညီမလေး သီးသန့်ပြုစုချင်လို့ပါ၊ ဧည့်သည်တွေရှေ့မှာလည်း ထွက်မတွဲရပါဘူး၊ မေမေနဲ့လည်း မိတ်ဆက်မပေးပါဘူး၊ သတို့သားနဲ့လည်း မိတ်ဆက်မပေးပါဘူး၊ ညီမလေး သတို့သမီးလို အလှပြင်တဲ့အခန်းထဲကို မေမေကအစ ပေးမဝင်ဘူး၊ မမနဲ့နှစ်ယောက်တည်း ညီမလေးရဲ့ အပျိုစင်ဘဝ နောက်ဆုံးအချိန်လေးမှာ စကားတွေ တစ်ဝကြီးပြောချင်တာပါ၊ ညီမလေး အဲဒီအချိန်မှာ ဝမ်းနည်းနေမှာ ကျိန်းသေတယ်၊ မေမေကလည်း ဧည့်ခံပွဲမှာ တစ်ဖက်မိဘတွေနဲ့ စီစဉ်နေမှာမို့ ညီမလေးကို အချိန်ပြည့် ဂရုစိုက်နှစ်သိမ့်နိုင်မှာမဟုတ်ဘူး၊ အချုပ်ထဲရောက်နေတဲ့ ဖေဖေ့အတွက် ဝမ်းနည်းတာရယ်၊ ညီမလေးတို့ဇီဇ ငယ်ဘဝက မိသားစုအရင်းတွေ တစ်ကွဲတစ်ပြားဖြစ်ပြီး ကွဲပြားခဲ့ရတာရယ်၊ ပြီးတော့ ကိုယ်မချစ်တဲ့လူကို လက်ထပ်ရတာရယ်၊ အဲဒါတွေကြောင့် အရမ်းဝမ်းနည်းပြီး ငိုမိမှာ၊ မမက အနားက ချော့မော့အားပေးရင် ညီမလေးကျေနပ်တယ်၊ ညီမရဲ့ နောက်ဆုံးအားကိုးရာ အစ်မရင်းကို ကောက်ရိုးတစ်မျှင်လို အားကိုးတကြီးနဲ့ အကူအညီတောင်းချင်နေတာ မမရယ်'

'မမ စိတ်မကောင်းလိုက်တာ၊ ဒီလိုဆိုရင် မမ မဖြစ်ဖြစ်အောင် လာရမှာပေါ့ကွယ်၊ မမတို့မင်္ဂလာပွဲကလည်း နောက်တစ်ပတ်ထဲမှာ အဲဒီကျရင် ညီမလေးကို လာဖို့ ဖိတ်ပါတယ်၊ လူတွေကတော့ ရိုးရှင်းတူလွန်းလို့ အရမ်းအံ့သြမှာပဲ၊ ဒါပေမဲ့ မမတို့ဝန်းကျင်တော့ သင်းသင်းပါးစပ်ကြောင့် အားလုံးသိနေပါပြီ'

'အဲဒီအခါကျရင် ညီမလေးလာမှာပေါ့'

ပန်းရှင်မွေးက ပွင့်လှာကို ရင်ခွင်ထဲ ပွေ့ဖက်ထွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ…

'မေတို့ ညီအစ်မ ကံမကုန်လို့ ပြန်ဆုံကြပေမယ့် အတူနေခွင့်ကို ဘယ်အချိန်မှာမှ ရနိုင်လိမ့်မယ် မထင်တော့ပါဘူးကွယ်'

နှစ်ယောက်သား ရင်တွင်းမှ အလိုလိုစီးဆင်းလာသော မျက်ရည်တွေ ရောယှက်ကြွေကျလာနေကြ၏။

ထင်မင်းခေါင်၏ အိမ်အိုလေးမှာပင် တွေ့ဆုံဖြစ်ကြ၍ ဖခင်ဖြစ်သူ၏ အငွေ့အသက်ကို အရိပ်အာရုံကို ပြန်လည်တမ်းတခံ့မင်ချင်စရာပို၍ကောင်းနေဆဲ…။

မိခင်အရင်းကိုလည်း မမြင်မသိလိုက်။

မြင်သိလိုက်သော ဖခင်ဖြစ်သူနှင့်လည်း ကွေကွင်းခွဲခွာပေးလိုက်ရပြန်၏။ ပွင့်လွှာက ပန်းရှင်မွေးရင်ခွင်ကို အသာတွန်းဖယ်ပြီး မျက်ရည်သိမ်းသပ်ကာ…

'ကျွန်မတို့ သွားကြရအောင်'

'မချစ်တဲ့လူကို မယူပါနဲ့လားကွယ်'

'မဖြစ်ဘူး၊ ပွင့်လွှာ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်ဘူး၊ ပွင့်လွှာ ချမ်းသာချင်တယ်၊ တစ်သက်လုံး ချမ်းချမ်းသာသာနေချင်တယ်၊ အဲဒီလူကလည်း ပွင့်လွှာကြိုးဆွဲရာ ပါမယ့်သူပါ၊ ပွင့်လွှာက အချစ်စိတ်ကို ကြိတ်မှိတ်ပြီး ဖြေတတ်အောင် ကြိုးပြီး လက်ထပ်ရတော့မှာပါ'

'ညီမလေးမှာ ချစ်သူရှိလို့လား'

မသိချင်ယောင်ဆောင်ပြီး မေးလိုက်သော ပန်းရှင်မွေးကို ပွင့်လွှာ ပြန်၍ စူးလက်စွာ ကြည့်နေ၏။ ဘာမျှပြန်မပြော။ ပန်းရှင်မွေးက…

'မမ သိပါတယ်၊ ညီမလေးရဲ့ ရင်ထဲက လူဟာ ထင်မင်းခေါင်ပဲဖြစ်ရမယ်'

'တော်တော့ မမ'

'မမ ပြောပါရစေ၊ မမဟာ အရင်ရွေးချယ်ခံခဲ့ရတယ်၊ အဲဒီအတွက် မမကိုယ်မမ နောင်တရတယ်၊ ညီမလေးအပေါ် မသနံ့စင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ထင်နေတယ်၊ အခုအချိန်မနှောင်းသေးပါဘူး'

'တော်ပါတော့ မမရယ်၊ ပွင့်လွှာ မကြားချင်ဘူး၊ မမ ထင်ကြေးနဲ့မမဘာသာ စိတ်ကူးယဉ်ပြီး အနှစ်နာလာခံပေးမနေပါနဲ့၊ ဘာမှဟုတ်ဘူးလို့သာ သဘောထားလိုက်ပါ၊ ပွင့်လွှာ သွားတော့မယ်၊ အိမ်သော့ကို မမပဲ ယူလိုက်ပေါ့'

ပန်းရှင်မွေးက ပွင့်လွှာလက်ကို ဖမ်းဆွဲရင်း…

'ညီမလေး ဘာမှမဟုတ်စေချင်ရင်လည်း မမ မပြောတော့ပါဘူး၊ စိတ်ညစ်ပြီး တွေ့ရာလျှောက်မလုပ်ပါနဲ့နော်'

'ပွင့်လွှာ မမိုက်မဲပါဘူး'

'ဒီသော့က ထင်မင်းခေါင်ပေးခဲ့တာလား'

'ဟုတ်တယ်၊ ဒီကို ပွင့်လွှာလာတော့ ကိုထင်မင်းခေါင်က သူ့အလုပ်ကိစ္စနဲ့ ခရီးထွက်ရမှာပြောပြီး မမဖုန်းနံပါတ်နဲ့သော့ပေးပြီး အမြန်ထွက်သွားတာပဲ'

'သြော်… မမလည်း ပြန်မှာပဲ၊ အိမ်တံခါးပိတ်ပြီး အတူသွားကြတာပေါ့'

'မမကို လမ်းထိပ်မှာပဲ ချပေးခဲ့မယ်နော်၊ ကားနဲ့အိမ်လိုက်မပို့တော့ဘူး၊ ညီမလေးကို နားလည်ပေးပါ၊ မေမေ့ကို ဆေးတိုက်ချိန်ရောက်နေလို့'

'ရပါတယ်ကွယ်၊ ညီမလေးကို အမြဲတမ်း နားလည်ပေးပြီးသားပါ၊ လမ်းထိပ်အထိခေါ်တင်သွားတာပဲ မမ အားနာလှပါပြီ'

'ဒါဆိုလည်း သွားစို့'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၀)

ပွင့်လွှာ၏ မင်္ဂလာပွဲကျင်းပမည့်နေ့ကို ဆိုက်ရောက်လာခဲ့၏။ မနက်ကတည်းက သတို့သားလောင်းကြီးမှာ အိမ်ကိုချောင်းပေါက် မတတ်ရောက်၏။

မင်္ဂလာခန်းမရှိသော အလှပြင်ခန်းမှာ အလှပြင်ရန်အတွက် ပွင့်လွှာစိတ်ကြိုက် ငှားထားသော မိတ်ကပ်နှင့်အဝတ်အစားဒီဇိုင်းများ ကို မနက်ရှစ်နာရီခွဲကတည်းက ကားနှင့်ခေါ်ကာ ခန်းမပို့ပေးခဲ့၏။ မင်္ဂလာဧည့်ခံပွဲအချိန်များသောနေ့မို့ အလှကိုပြင်နိုင်ခြင်းလည်းဖြစ်ပါ လိမ့်မည်။

အလှပြင်ခန်းထဲကို ပွင့်လွှာရောက်သည်နှင့်သတို့သားလောင်း နှင့် မိခင်ဖြစ်သူအား အပြင်မှာသာ အထူးမွမ်းမံပြင်ဆင်ပုံပိုးစစ်ဆေး ကြဖို့မှာပြီး မင်္ဂလာအချိန်ကျမှ သတို့သမီးကို လာခေါ်ရန် အထပ်ထပ် မှာကြားရသေး၏။

အားလုံးသဘောတူပြီး ပြန်သွားကြသည်နှင့် ပွင့်လွှာကြို ထားသော မြတ်ရောက်လာ၏။ ကျန်သူငယ်ချင်းများကို သတို့သမီး အရန် လုပ်ရန် အခြားအလှပြင်ဆိုင်ပို့ပေးထား၏။ မြတ်ကတော့ ကိုယ်တိုင် လုပ်ပေးနေသူ။

www.burmeseclassic.com

www.burmeseclassic.com



'မြတ်… မမကို သွားခေါ်ခဲ့တော့၊ ပြီးရင် အခန်းရှေ့မှာ ခင်းစောင့်နေနော်'

'အေးပါဟာ၊ နင့်အလှပြင်ဆရာမတစ်ယောက်တည်းနဲ့ ပြင်ဆင်လို့ မြန်မြန်ပြီးပါ့မလား'

'ပြီးပါတယ်၊ အလှပြင်ရင်း မျက်ရည်ကျရင် ပိုဒုက္ခရောက်မှာ၊ အဲဒါကြောင့် မမကို အမြန်သွားခေါ်ခိုင်းနေတာပေါ့'

'နင့်မမက လူရှင်တော်မှမဟုတ်ဘဲ၊ နင်မငိုအောင် ချော့တတ်ပါ့မလား'

'ဟာ… ဘာပဲဖြစ်ဖြစ် မမရှိရင် အားရှိတယ်၊ ငါ့မှာ အားအင်တွေ ဝင်လာရင် မျက်ရည်ကျဖြစ်မှာ မဟုတ်ဘူး၊ ကဲ… သွားပါ၊ မြန်မြန် မမကိုသွားခေါ်ပါ'

မြတ်က မျက်စောင်းခဲရင်း ခန်းမထဲမှ လျှောက်ထွက်သွား၏။ ပွင့်လွှာက အခန်းတံခါးပိတ်ပြီး မိတ်ကပ်ပြင်ပေးရန် စောင့်နေသော အလှပြင်သူအား ပြုံး၍ပြောလိုက်၏။

'ကျွန်မကို အရုပ်တစ်ရုပ်လို သဘောထားပြီး အလှစပြင်နိုင်ပါပြီ'

ပွင့်လွှာမျက်နှာပေါ်မှာ အောက်ခံမိတ်ကပ်လူးပေးပြီး နာရီဝက်ခန့်အကြာမှာ အခန်းတံခါးကို မေမေ လာခေါက်၏။

မဖွင့်ရန် ပွင့်လွှာ ငြင်းဆန်သော်လည်း မေမေက အရေးကြီးသည့် စကားပြောရန်ဟု အကြောင်းပြကာ ဇွတ်အတင်းဖွင့်ခိုင်း၍ ဖွင့်ပေးလိုက်ရ၏။

မေမေက မိတ်ကပ်ဆရာမကို တောင်းပန်ရှောင်ခိုင်းပြီး ပွင့်လွှာနှင့် နှစ်ယောက်တည်း စကားပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'မေမေတို့တော့ အခုမှ အခက်ကြီးခက်ရပြီ သမီးရေ၊ ခုနက မောင်ဘခန့်သော်ရဲ့ ဟမ်းဖုန်းထမြည်လို့ စကားအတော်ပြောပြီးတာနဲ့ သူ့မိဘတွေနဲ့ ကျိတ်ပြောနေတာတွေကို မေမေနားနဲ့ ဆတ်ဆတ်ကြားခဲ့တယ်၊ မောင်ဘခန့်သော်ရဲ့ အတွင်းရေးတွေပေါ့၊ သူ့မှာအိမ်နဲ့ ကားနဲ့ အတွင်းပစ္စည်း နည်းနည်းပါးပါးကလွဲရင် မေမေတို့မျှော်လင့်ထားလောက်အောင် ဘာမှမရှိဘူးကွယ့်၊ ဟန်နဲ့အထည်ကြီးစတိုင်လ်ဖမ်းနေတာ၊ သူ့မှာလျှို့ဝှက်ထားတဲ့ အကြွေးတွေလည်း သိန်းလေးငါးရာရှိတယ်၊ အဲဒါကို ဟမ်းဖုန်းနှိပ်ပြီး လှမ်းတောင်းလို့ မောင်ဘခန့်သော်စိတ်တိုနေတာပေါ့၊ တစ်ဖက်ကလူက ငွေမပေးရင် တရားစွဲမယ်၊ မင်္ဂလာပွဲမှာ အရှက်ခွဲမယ်တွေများ ခြိမ်းခြောက်လိုက်သလားမှမသိတာ၊ အဲဒါ မောင်ဘခန့်သော် ဒေါ်ပွပြီး သူ့မိဘတွေနဲ့ အတင်းကျိတ်ပြီး ဆွေးနွေးနေကြလေရဲ့'

'သွားပါပြီ မေမေရာ၊ သမီးတော့ ရေစုန်မျောပါပြီ၊ သေသာ သေလိုက်ချင်တော့တယ်'

'မေမေလည်း အခုမှသိရတော့ ထူပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူးကွယ်၊ မင်္ဂလာပွဲကို ပြန်ဖျက်ရအောင်ကလည်း ဘယ်လိုအကြောင်းပြမလဲ၊ မောင်ဘခန့်သော် ပြောလောက်အောင် မချမ်းသာလို့ မင်္ဂလာပွဲဖျက်ပါတယ်ဆိုရင်လည်း အများကဝိုင်းကဲ့ရဲ့တာနဲ့ မေမေတို့လဲသေလိမ့်မယ်'

'သမီး ဘာမှမသိချင်တော့ဘူး၊ မသိချင်ဘူး၊ ရူးချင်လာပြီ၊ သမီး ဒါပဲသိတယ်'

ပွင့်လွှာ အော်ဟစ်ငိုယိုပြီး သတို့သမီးဝတ်စုံတွေကို ကောက်ပေါက်လွှင့်ပစ်နေမိ၏။

'သမီး... သမီးလေး စိတ်ကိုထိန်းစမ်း၊ အရမ်းလည်း ကိုယ့်ကိုယ်ကိုယ် ချမတွေးလိုက်ပါနဲ့ဦး၊ မောင်ဘခန့်သော်က လုပ်ရည်ကိုင်ရည်ကောင်းပါတယ်၊ သူ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ လက်ထပ်ပြီးရင်လည်း စီးပွားပြန်တက်လာရင်လာမှာပေါ့'

ပွင့်လွှာက မျက်ရည်ကို သိမ်းသပ်ပြီး အံတင်းတင်းကြိတ်လိုက်၏။

'တော်ပါတော့ မေမေရယ်၊ မပိုင်ဘဲ လျှာအရသာခံလိုတဲ့ သက်ဆိုင်လိုမှုတွေကို သမီးမကြားချင်တော့ဘူး၊ မေမေ ညှိခံပွဲကိုသာ ဣန္ဒြေမပျက်သွားပါ၊ မေမေဖြစ်စေချင်တဲ့ သတို့သမီးလောင်းကြီး ထွက်လာခဲ့ပါ့မယ်'

'အို... သမီးရယ်၊ ဒီလိုတော့ မပြောပါနဲ့'

'သမီး အဲဒီစကားတွေ ထပ်ကြားရင် ရူးသွားလိမ့်မယ်'

'ရူးတော့ မရူးလိုက်ပါနဲ့၊ စိတ်ငြိမ်ငြိမ်ထားပြီး ဣန္ဒြေမပျက်အောင် ဂရုစိုက်နော် သမီး၊ ကံဆိုးတာတွေ ဆက်တိုက်များလို့ ဒါဟာ နောက်ဆုံးအနေနဲ့ ပြီးလောက်ပါပြီ၊ ကံကောင်းတဲ့အရာတွေ မေမေတို့ သားအမိနှစ်ယောက်ဆီ ရောက်လာတော့မှာပါ၊ ဘယ်တော့မှ ဒုက္ခ မတွေ့ပါဘူးကွယ်၊ ကဲ... မေမေ သွားတော့မယ်'

'မေမေ'

ဒေါ်ခင်ခင်ကြီး လှည့်ကြည့်လိုက်၏။ ပွင့်လွှာက တစ်သျှူး စေပါထုတ်ပြီး ဒေါ်ခင်ခင်ကြီးကို လှမ်းပေးရင်းမှ...

'မျက်ရည်တွေ သုတ်လိုက်ပါဦး၊ သမီးကို မေမေ စိတ်ချပါ၊ မေမေ့ကိုလည်း ဣန္ဒြေ တင့်တင့်တယ်တယ်နဲ့ ညှိခံနေစေချင်တယ်'

ဒေါ်ခင်ခင်ကြီးက အားယူပြုံးပြပြီး လှမ်းယူလိုက်သော တစ်သျှူးဖြင့် မျက်ရည်စတို့ကို သိမ်းလိုက်၏။

ပြီးလျှင် ပွင့်လွှာနဖူးကို ညင်သာဖွဖွနမ်းကာ အခန်းထဲမှ လှည့်ထွက်သွားတော့၏။

www.burmeseclassic.com



'ညီမ… ခဏလာထိုင်လို့ရပြီ'

မိတ်ကပ်ပြင်ဆရာမအသံကြောင့် အတွေးဖြတ်ပြီး အသာထ ထိုင်ကာ ဆက်၍ စဉ်းစားနေလိုက်မိ၏။

'ဟုတ်တယ်၊ အဲဒီအတိုင်းကောင်းတယ်'

ပွင့်လွှာ အကြံသစ်ရလာ၍ အဖန်ဖန်ပြန်လှန်တွေးနေရာမှ အတည်ပြုချက်ကို နှုတ်မှယောင်၍ ရေရွတ်ပြောကြားမိလိုက်ခြင်းပင်။

မိတ်ကပ်ပြင်ဆရာမက အလန့်တကြားနှင့် ပြူးပြဲကြည့်နေ၏။ ပွင့်လွှာက…

'ဆရာမမှာ ဆံပင်ရှည်အတုပါလား၊ ဖြောင့်စင်းနေတဲ့ ဆံပင်မျိုးပေါ့'

'ပါတယ် ညီမ၊ ဆံထုံးအမျိုးမျိုးလည်းပါတယ်'

'အဆင်ပြေပါပြီရှင်၊ ကျွန်မကို အဲဒီဆံပင်အတုလေးယူပြီး စွပ်ပေးပါနော်၊ ပုံစံ တူမတူ ကြည့်ချင်လို့'

ဆံပင်တု စွပ်ပြီးသောအခါ…

ပွင့်လွှာ ဖြီးသင်ပြီး မျက်နှာလေး အနည်းငယ်ကျင့်လိုက်၏။

'အိုကေ၊ ဒီကမမကို အများကြီးကျေးဇူးတင်တယ်နော်'

'မင်္ဂလာသတို့သမီးက ဆံထုံးနဲ့မှ လိုက်ဘက်မှာကွယ့် ညီမရဲ့'

'ညီမ သိပါတယ်၊ မမ ညီမကို မိတ်ကပ်မလိမ်းပေးနဲ့တော့၊ ညီမ မိတ်ဆွေတစ်ယောက်ကို ခေါ်ထားတယ်၊ သူရောက်လာမှ ညီမ ဆက်လိမ်းမယ်'

အလှဖန်တီးရှင် မမမှာ ပုစွန်မျက်လုံးဖြင့်သာ ပြူးပြဲကြည့်ရင်း ပွင့်လွှာ ပဟေဠိကို အဖြေညှိနေနိုင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရှင်မွှေးနှင့်မြတ် ရောက်လာကြသည်။ အလှဖန်တီးရှင် မခမျာ ပန်းရှင်မွှေးကိုမြင်ပြီး ပိုအံ့သြသွားကာ ပွင့်လွှာ ဘက်လှည့်ကြည့်လိုက်၏။ ပွင့်လွှာက ပန်းရှင်မွှေးကို ထိုင်စရာနေရာပေးပြီးသည်နှင့် အခန်းပြင်ခဏခေါ်ထုတ်ကာ သူမ အကြံအစည်တွေကို ဖုတ်ပူမီးတိုက် ရှင်းပြလိုက်၏။

မြတ်က ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိရင်း...

'ရှင့်အကြံကလည်း လန့်ဖို့ကောင်းလိုက်တာ'

'ဘာမှလန့်မနေနဲ့ မိန်းမ၊ ရှင့်အနေနဲ့ မိတ်ကပ်ဆရာမကို ကျုပ်ထက်ပိုခင်တယ်၊ ရှင် သူ့ကိုနှုတ်လုံဖို့တာဝန်ယူရမယ်'

'သူက နှုတ်လုံပါတယ်၊ သူ့အလုပ်ကလွဲရင် တခြားဘာကိုမှ စပ်စုဘူး'

'မစပ်စုဘူးသာဆိုတာ အခုအရေးကို သူတော်တော်စိတ်ဝင်စားနေပုံရတာ ရှင်အကဲမခတ်မိဘူးလား'

'ဒါက ရှင်တို့နှစ်ယောက် ရုပ်တူလွန်းတာကို အံ့သြတာနေပါလိမ့်မယ်၊ ရှင်က အခုထိ ဘာမှမပြင်မဆင်၊ ဩော်... ဟုတ်သားပဲ၊ ရှင်ပြင်ဆင်လို့ ဘယ်ဖြစ်မလဲ၊ အခု ကိုးနာရီခွဲခါနီးပြီနော်၊ ရှင်ကြံထားသလို အားလုံးအဆင်ပြေပြေဖြစ်နိုင်ပါ့မလား'

'ဖြစ်နိုင်ပါတယ် မြတ်ရယ်၊ ကိုယ့်ရဲ့အချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့မင်းက ကျုပ်ကို ငရဲကျမယ့်အရေးက ဆွဲမပေးနိုင်ဘူးလား'

ပွင့်လွှာပြောပြီး မြတ် လက်ကို ဆွဲကာ အခန်းထဲပြန်ဝင်လာလိုက်၏။ အခန်းထဲမှာရှိသော ပန်းရှင်မွှေးလှမ်းအကြည့်မှာပင်...

'အား'

'အား... ကျွတ်... ကျွတ်'

'ဗိုက်... ဗိုက်အောင့်လို့ မမ၊ အား... နာတယ်၊ ကျွတ်... ကျွတ်'

'အို... ဒုက္ခပါပဲ၊ မင်္ဂလာပွဲကျင်းပခါနီးနေမှ ဖြစ်ရတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အစာအိမ်ရောဂါခံများ ရှိနေလို့လား ညီမလေးရယ်'

'ရှိတယ်၊ အခု အစာအိမ်ကြောင့်ဖြစ်လိမ့်မယ်'

'ဒါဆို လူကြီးတွေကို အကြောင်းကြားပြီး ဆရာဝန်ခေါ်ရ အောင်လေ'

'ဟင့်အင်း… မဖြစ်ဘူး၊ အဲဒီလိုမဖြစ်ဘူး၊ အား… ကျွတ်… ကျွတ်… မင်္ဂလာပွဲကလည်း အချိန်ကိုက်လုပ်ထားတာ၊ အား… နာလိုက်တာ'

'မမ ဘာလုပ်ပေးရမလဲ၊ မမတော့ ဆေးခန်းအမြန်ပို့ချင် တယ်ကွယ်၊ မင်္ဂလာပွဲကို တတ်နိုင်သမျှ အချိန်ဆွဲကျင်းပရတော့မှာ ပေါ့'

'မမ ညီမလေးကို ဘာပဲဖြစ်ဖြစ် ကူညီပေးပါလားဟင်'

'ပြောပါကွယ်၊ မမ ကူညီဖို့ အဆင်သင့်ပါ၊ မမတို့မှာ ဒီ ညီအစ်မနှစ်ယောက်တည်းပဲ ရှိတဲ့ဥစ္စာ'

ပွင့်လွှာက ပန်းရှင်မွေးကို အနားကပ်ရန် လက်ယပ်ခေါ်၏ ပန်းရှင်မွေး အနားတိုးကပ်သွားသောအခါ ပွင့်လွှာက နှစ်ကိုယ်ကြားရုံ စကားကို တိုးတိုးလေးပြောကြားလိုက်၏။ ပွင့်လွှာစကားကြောင့် ပန်းရှင် မွေး မျက်လုံးပြူးပြီး ထိတ်လန့်တုန်လှုပ်သွား၏။ ပြီးနောက်…

'အို… မဖြစ်နိုင်တာ ညီမလေးရယ်၊ အဲဒီလို ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွယ်၊ မမနဲ့မင်းနဲ့ ရုပ်ချင်းတူတာကို အခွင့်အရေးယူ ပြီး မဖြစ်နိုင်တဲ့ ပြောင်းလဲမှုမျိုးကို လုပ်ဖို့ဆိုတာ အန္တရာယ်ကြီးမားပါ တယ်ကွယ်'

'မမပြောတော့ ညီမလေးကို ကူညီမယ်ဆို၊ ကူညီပါမမရယ် ညီမလေး ဒီရောဂါသက်သာအောင် ဆေးမြန်မြန်ကုပြီးတာနဲ့ ပြန်လာ မှာပါ၊ မမ ဘာမှမဖြစ်စေရဘူး၊ ဘယ်သူမှလည်း မသိစေရဘူး ဘာအန္တရာယ်မှလည်း မရှိပါဘူး'

'အမိပွာယ်မရှိလိုက်တာကွာ၊ မမ နားရှက်လွန်းလို့ ထပ်မပြော

www.burmeseclassic.com



ပါနဲ့၊ ဒီကိစ္စကို မမ ဘယ်နည်းနဲ့မှ ကူညီနိုင်မှာမဟုတ်ဘူး'

'မမရယ် ညီမလေး ဒီလောက်အထိ တောင်းပန်တာတောင် ခေစိမ်းကားပယ်ချရက်တယ်နော်၊ ညီမလေး··· အား··· ကျွတ်··· ကျွတ်··· ညီမလေး အရမ်းဝမ်းနည်းတယ် သိလား'

ပွင့်လွှာ၏ ခန္ဓာကိုယ်လေးကို ပန်းရှင်မွေး အသာထွေးပိုက် ရင်း···

'ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စမို့ မမ မလိုက်လျောနိုင်တာ ခွင့်လွှတ်ပါကွယ်၊ မမ ညီမလေးကို အရမ်းချစ်ပါတယ်၊ ညီမလေး ဒုက္ခရောက်မှာ မမလည်း မကြည့်ရက်ပါဘူး၊ လူကြီးတွေနဲ့ ဖွင့်ပြော ပြီး ဆေးခန်းသွားပြချိန်လေး အချိန်ဆိုင်းရင် ရလျက်သားနဲ့ မကြံ ကောင်းမစည်အပ်တဲ့ လုပ်ရပ်အမှားမျိုး ညီမလေး မကျူးလွန်မိစေဖို့ မမ မလိုက်လျောနိုင်တာပါကွယ်'

'အို··· မမကလည်း အပျိုကြီးပီပီ ဇီဇာကြောင်တဲ့ အတွေး ဆွတွေးပြီး အကုန်လိုက်ကြောင်နေတာပဲ၊ ညီမလေး နောက်ဆုံးအဖြေ ကစ်ခုတည်းပဲ ပြတ်ပြတ်သားသားသိချင်တယ်၊ ညီမလေး ပြောသလို မမ ကူညီနိုင်မလား၊ မကူညီနိုင်ဘူးလား၊ ဒါပဲဖြေပါ'

ပန်းရှင်မွေးက ပွင့်လွှာကို ငေးကြည့်ရင်း ခေါင်းယမ်းခါပြ လိုက်၏။ ပန်းရှင်မွေး အဖြေကြောင့် ပွင့်လွှာ နှုတ်ခမ်းတွေ တင်းတင်း စေ့ပိတ်သွား၏။ နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ရင်း ပန်းရှင် မွေးကို စိုက်ကြည့်နေ၏။

အို··· မမရဲ့အသည်းကို ကိုင်ဆွဲပြီး ရဲရဲကြည့်နေသလိုမျိုး ခံစားနာကျင်နေရပါပြီကောကွယ်။

'တော်ပြီ၊ မမကို မုန်းတယ်၊ မုန်းတယ်၊ အသေမုန်းတယ်'

ပွင့်လွှာ အမုန်းကြောင့် ပန်းရှင်မွေးမှာ ဆတ်ဆတ်လူးသွား ရာ အမုန်းကို လက်မခံလိုဟန်ဖြင့် ခေါင်းကိုတွင်တွင်ခါ[illegible]

'ရှင် မပေးတဲ့ အကူအညီကို ကျွန်မ မယူပါဘူး ရှတယ်

www.burmeseclassic.com



လေ၊ ကျွန်မ ထင်သလို ဖြစ်မလာတော့လည်း ဖြစ်သလို ထင်တာ တွေကိုပဲ လုပ်ရတော့မှာပေါ့၊ ဒီနေ့မင်္ဂလာပွဲမကျင်းပမီ လူကြီးတွေ အားလုံးကို ကျွန်မတွင်တွင်ခါခါပြောဖို့ စကားတစ်လုံးပဲရှိတယ်'

'ဆေးခန်းပြဖို့လား၊ ဒါမှမဟုတ် မင်္ဂလာပွဲကို ကျန်းမာရေး အခြေအနေအရ ရွှေ့ဆိုင်းသတ်မှတ်ဖို့လားဟင်'

'သေတောင်မဟုတ်ဘူး'

'ဒါဆိုရင် ညီမ၊ ညီမလေး ပြောမယ့်စကားက'

'မင်္ဂလာပွဲကို အပြီးအပိုင်ဖျက်သိမ်းဖို့ပဲ'

မင်္ဂလာပွဲကို အမှန်တကယ်ပင် ဖျက်သိမ်းပစ်ခဲ့၏။ ပွင့်လွှာ၏ လုပ်ရပ်ကို သတို့သားလောင်းနှင့် မိဘအသိုင်းအဝိုင်းတွေလည်း နား မလည်။ ပွင့်လွှာ၏ မိဘတွေနှင့် ပန်းရှင်မွေးက ပို၍ နားမလည်နိုင်။

အမှန်တကယ် ဗိုက်အောင့် (အစာအိမ်ရောဂါ)ဖြစ်ခြင်းမရှိဘဲ နှင့် တမင်အကွက်ဆင်သလို ပုပ်ယူခဲ့သော ပွင့်လွှာ၏ လုပ်ရပ်ကြောင့် ကြေငြာလိုက်ခြင်းမှာ သက်ဆိုင်ရာလူသူအားလုံးကို ထုပူရှက်မွှန်သွား စေခဲ့၏။

ပွင့်လွှာကမူ အိမ်အမြန်ပြန်ပြီး အခန်းတံခါးအသေပိတ်ခြင်း နည်းဖြင့် မေးမြန်းစုံစမ်းလာလိုသူအပေါင်းကို စည်းခြားထားလိုက်၏။

မြတ်ကိုပင်သော်မှ တွေ့ခွင့်မပေးခဲ့။ မွေးစားမိခင်ကြီးက အကြိမ်ပေါင်းများစွာ တိုးလျှိုးတောင်းပန်သံကိုလည်း ဥပေက္ခာပြုထား ၏။ ပန်းရှင်မွေးကိုပင် အမုန်းကြီးမုန်းသူအဖြစ် သတ်မှတ်ချက်အော ကို ရင်ထဲကပဲ ထည့်လိုက်လေပြီ။

ဆင်ထားသော အကွက်ထဲသို့ ရောက်မလာသည့်ပန်းရှင်မွေး အပေါ် ဒေါသလှိုင်လှိုင်ထရင်း အကြံစုံထုတ်ကာ ရှေ့ဆက်ဘာလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကောင်းမလဲဟူသော အရေးသာ ပွင့်လွှာ ခေါင်းထဲထားတော့၏။

(ဒီတစ်ချီမှာ ကံတရားက ရှင့်ကိုဖေးမသွားပြီပေါ့ ပန်းရှင်မွေးရယ်၊ နောက်တစ်ကြိမ် အခွင့်အရေးကို အတွေးရလို့ကတော့ စိတ်ချ ပွင့်လွှာဆိုတဲ့ ကျွန်မဟာ ရှင့်ကို ဘယ်တော့မှ အလွတ်ပေးမှာ မဟုတ်ဘူးမှတ်)

ပွင့်လွှာ လှဲနေရာမှ ဆတ်ခနဲ မတ်မတ်ထိုင်လိုက်၏။

(ပန်းရှင်မွေးဆိုတာ အစ်မအရင်းအချာတစ်ယောက်ဖြစ်နေပါလား၊ ငါ ဒီလိုစိတ်သဘောထားတာ သင့်တော်ရဲ့လား၊ အို… ငါ့အတ္တအတွက် ငါ့ဆင်ခြင်တုံတရားတွေ ပွက်လောရိုက်နေလို့ အစွန်းနစ်ဖက်ဘောင်ခတ်နေတဲ့ ငါ့လုပ်ရပ်တွေကကို ဒီလိုအကောင်းမြင်စိတ်နဲ့ ပြန်လည်သုံးသပ်စဉ်းစားဖို့ မသင့်ပေဘူးလား၊ ငါ့အစ်မကို သနားညှာတာတဲ့စိတ် ငါ့မှာရှိရဲ့လား၊ ရှိတော့ရှိတယ်၊ ဒါပေမဲ့'

(အို… ဘာပဲဖြစ်ဖြစ်လေ၊ ငါ့အတွက် ကမ္ဘာမီးလောင်နေပြီ၊ သားကောင်ကို ချုန်းသင့်ရင် နင်းရတော့မယ့်အရေးမှာ ငါ့အတ္တအတွက် ငါ့ တွေးတာမှန်တယ်၊ ဒါကြောင့်…)

'ကျွန်လူတွေအားလုံး အမှားဖြစ်စေရမယ်ဟေ့'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

'ဘယ်လိုလဲ ပွင့်လွှာ၊ မင်း ကောင်းကောင်းသတိပြန်ရလာပြီ မဟုတ်လား၊ မင်း သတိရရင် မင်းနဲ့ငါကြားမှာ ကောင်းကောင်း အမှတ်ရစရာစကားတွေ အများကြီး ဆက်ပြောကြတာပေါ့'

ပန်းရှင်မွေး ခေါင်းထဲမှာ မူးဝေနောက်ကျိနေဆဲ။ သူမ ရှေ့မှ စကားပြောနေသူမှာ ဘယ်သူဘယ်ဝါရယ် မကွဲပြားချင်သေး။ ဘယ်နေရာကို ရောက်နေသည်ကိုလည်း မသိသော်လည်း သူမ အိမ်အပြန် လမ်းမှာ လူတစ်ယောက်က သူမနောက်မှ ကပ်လိုက်လာပြီး သူမ နှာခေါင်းကို လက်ကိုင်ပဝါဖြင့် အတင်းအုပ်ပိတ်ခဲ့တာ ရေးရေးပြန် တွေးမြင်လာမိ၏။

'အိမ်ထဲမှာ အောင်းနေတဲ့ မုယာမာယာရှင်ကြီးက ဘယ်လိုဖြစ် ပြီး လမ်းပေါ်မှာ တစ်ယောက်တည်း လျှောက်နေရပြန်တာတဲ့လဲ ပြောစမ်းပါဦး'

'ရှင်… ရှင်… ဘယ်သူလဲ၊ ဪ… ဂျွန်မ ...ပြီ ကိုဘခန့်သော် မဟုတ်လား'

'ကောင်းလိုက်တဲ့ သရုပ်ဆောင်ချက်၊ မင်းရဲ့သတို့သား လောင်းကြီးဘဝက အရှင်လတ်လတ် အချွတ်ခံလိုက်ရတဲ့ ဂုဏ်သရေ

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ကောင်ကြီးလို့လည်း အထင်အမြင်လွဲပြီး ခေါ်ဝေါ်သမုတ်လိုက်ပါဦးလား၊ မာယာပလိန်းနဲ့ မင်းမှာရှိသမျှ စဉ်းလဲမှုတွေ အစွမ်းကုန်ထုတ်ပြီး ငါ့ကို အရုပ်လို လှည့်စားနိုင်အောင် ထပ်ပြီးကြိုးစားကြည့်လိုက်ပါဦးလား မိပွင့်လွှာ'

ဘခန့်သော် စကားကြောင့် ပန်းရှင်မွေး ခေါင်းနပန်းကြီးသွားပါ။

'ရှင် လူမှားနေပြီ၊ မဟုတ်ဘူး၊ ကျွန်မ ပွင့်လွှာမဟုတ်ဘူး၊ ကျွန်မကို ဘာလို့ ဒီနေရာခေါ်လာရတာလဲ၊ ဒါတိုက်ခေါင်မိုးပေါ်မှာ မဟုတ်လား'

'ဟုတ်တယ်၊ ခြောက်ထပ်တိုက် ခေါင်မိုးပေါ်မှာ၊ မင်းအတွက် ပြေးစရာမြေမရှိတဲ့နေရာမှာ မင်းကို ငါစာရင်းရှင်းဖို့ ခေါ်လာတာပဲ ပွင့်လွှာ၊ မင်း အခုညာလိုက်တဲ့ မုသားက တကယ့်ကို အပျော့စား လေးပဲ၊ ငါ့ရင်ကို လေတိုးရုံလောက်တောင် မလှုပ်ခတ်ဘူး၊ လုပ်စမ်းပါဦး၊ ညာနည်းအသစ်အဆန်းလေးတွေ ခွဲခွဲခိုင်ခိုင်လေးပေါ့ကွာ'

'ကျွန်မ တကယ်ပြောတာပါ၊ ကျွန်မ နာမည် ပန်းရှင်မွေးပါ၊ ကျွန်မ ဆံပင်ကို ဘုရားလှူချင်လို့ အလှပြင်ဆိုင်မှာ သွားဖြတ်ပြီး ဘုရားမှာ ကျွန်မ ညီမလေးပွင့်လွှာအတွက် ကောင်းတဲ့ဆုတွေတောင်းပြီး ပြန်လာမှာ ရှင်တို့လူမှားပြီး ကျွန်မကို ခေါ်လာကြတာ၊ တကယ် ပြောတာ၊ ကျွန်မနဲ့ ပွင့်လွှာက ရုပ်ချင်းအရမ်းတူတဲ့ အမြွှာညီအစ်မတွေ ပါ၊ ကျွန်မကို အိမ်ပြန်ပို့ပါရှင်၊ ကျွန်မ ဒီလိုနေရာမျိုးမှာ ရှိမနေသင့် ပါဘူး၊ ပြီးတော့ ရှင့်ဆီက အရက်နံ့တွေရတယ်၊ ရှင့်ကြည့်ရတာ မိမ်းထိုးပြီး အရမ်းမူးနေသလိုပဲ၊ ဒေါသလည်း တော်တော်လေး ထွက်နေပုံရတယ်'

'ဟုတ်တယ်၊ မင်းကို အစိမ်းလိုက်ဝါးစားပစ်ချင်လောက်အောင် ဒေါသထွက်နေတာကွ၊ မင်းအသစ်အဆန်းထွင်ပြောတဲ့ မုသား စကားကတော့ ခွဲခွဲခိုင်ခိုင်လေးရှိပုံရပါတယ်၊ ခက်တာက ငါ့ဘဝကြီး

www.burmeseclassic.com



လှူးပြာသွားအောင် အညာခံလိုက်ရပြီးကတည်းက မင်းစကားကို ငါ တစ်စွန်းတစ်စတောင် ယုံကြည်လို့မရနိုင်တော့တာပဲ၊ ဝမ်းနည်းပါတယ်၊ မင်းကို ဒီရောက်အောင် ငါ့လူယုံတစ်ယောက်နဲ့ မင်းမေ့အောင် လုပ်ယူပြီး မနည်းခေါ်လာခဲ့ရတယ်၊ ဒီလိုခေါ်လာတာ မင်းပြောသမျှ ထပ်ယုံပြမယ့် လူမိုက်ကြီးလို မင်းကို လွယ်လွယ်ပြန်လွှတ်ပေးဖို့ ခေါ်လာတာ မဟုတ်ဘူးကွ၊ မင်္ဂလာပွဲကျင်းပခါနီးမှ ငါနဲ့ ငါ့အသိုင်း အဝိုင်း ဂုဏ်သိက္ခာကိုဖျက်ဆီးခဲ့တဲ့ မင်းကို လျော်ကြေး ပြန်တောင်း ယူဖို့ ငါ့ရင်ထဲခံစားရသလို မင်းရင်ထဲပြန်ခံစားရဖို့ ဖြစ်နိုင်ရင် မင်းရဲ့ ဘဝကို မရရတဲ့နည်းနဲ့ ငါ သိမ်းပိုက်ဖို့ ဒီကို ခက်ခက်ခဲခဲနဲ့ စွန့်စားပြီး ခေါ်လာရတာ'

'အို… ရှင် အရမ်းမှားနေပြီ၊ ကျွန်မ ပွင့်လွှာမှမဟုတ်ဘဲ၊ ကျွန်မ ပန်းရှင်မွှေးပါ၊ ရှင်မယုံရင် ကြိုက်သလိုစုံစမ်းပါ၊ ဒါမှမဟုတ် ပွင့်လွှာတို့အိမ်ကို လူလွှတ်ပြီး ကြည့်ခိုင်းပါ၊ ပွင့်လွှာ သူ့အိမ်မှာ ရှိ နေပါတယ်၊ ကျွန်မတို့ဟာ အမြွှာညီအစ်မတွေပါ'

'မယုံဘူး၊ မင်းလုပ်ရပ်ကို စင်းစင်းကြီးခံလိုက်ရပြီးကတည်း က မင်းအပေါ် ငါ ဘယ်လိုမှကို မယုံတော့ဘူး၊ ဘာပဲပြောပြော မင်း ငါ့ရဲ့ ဂုဏ်သိက္ခာကို ပြန်အလျှော်ပေးတဲ့အနေနဲ့ ငါ့ကိုလက်ထပ် ရမယ်၊ မဖြစ်မနေကို ပြန်ပြီးတော့ လက်ထပ်ရမယ်၊ အဲဒီလိုအခြေ အနေမျိုး မင်းကိုငါ…'

'အို… ရှင်… ရှေ့မတိုးနဲ့နော်၊ ရှင်မဟုတ်တာလုပ်ဖို့ မကြိုး စားနဲ့၊ ကျွန်မ အော်လိုက်မှာ'

ပန်းရှင်မွှေး နောက်ဆုတ်သွားရင်းနှင့် ခြောက်ထပ်တိုက်ခေါင် မိုးပေါ်မှ ပတ်လည်ကာ ဝရန်တာတစ်ဖက်နားကို ကပ်ရပ်မိသွားသည်။

ဘခန့်သော်က မခိုးမခန့်ပုံစံဖြင့် ပန်းရှင်မွှေးအနားသို့ ရဲရဲ ဆက်တိုးကပ်လာရင်း…

'အော်ချင်လည်းအော်လေ၊ လိုအပ်ရင် မင်းကိုပွေ့ခေါ်ပြီး တိုက်

www.burmeseclassic.com

www.burmeseclassic.com



အောက်ကို ခုန်ချလိုက်ဖို့ ငါ လက်နှေးနေမှာ မဟုတ်ဘူး၊ အော်ပေါ့’

‘ရှင်… ရှင်’

ဘခန့်သော် ပန်းရှင်မွှေးကို အတင်းဝင်ချုပ်ကာ မြေပေါ်လှဲချပြီး မဖွယ်မရာ ကြံစည်ဖို့ ကြိုးစားလာ၏။ ပန်းရှင်မွှေးက ရှိသမျှအားနှင့်တွန်းထိုးရုန်းကန်ပြီး ဘခန့်သော်ကို အားကုန်ဆောင့်တွန်းလိုက်၏။ အရက်မူးနေသော အရှိန်ကြောင့် ဘခန့်သော်နောက်ကို လှန်လဲကာ ပေါင်လယ်သာသာ ဝရန်တာပေါ် ပစ်ကျသွား၏။ တွန်းလိုက်သော အရှိန်ကြောင့် ဝရန်တာပေါ်ခါးဖြင့်ကျရာမှ အောက်ဖက်ကို ဇွမ်းစိုက်ပြုတ်ကျသွား၏။

‘အား’

ပန်းရှင်မွှေး မျက်လုံးနှစ်ဖက်ကို ယောင်ယမ်းပြီး မှိတ်ပစ်လိုက်၏။

ထိတ်လန့်စိတ်ဓာတ်ဖြင့် ထူပူပြီး တိတ်ငြိမ်နေစဉ်မှာပင် တိုက်အောက်ဖက်မှ ပစ်ကျလာသံကြီးကို ကြားလိုက်ရ၏။

သွားပြီ။ ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ။ ကြောက်လန့်စောဖြင့် ဝရန်တာလက်ရမ်းမှ အောက်ကို မဝံ့မရဲ လှမ်းကြည့်လိုက်မိ၏။

ရပ်ထားသော ကားတစ်စင်းပေါ် ပစ်ကျရာမှ လမ်းပေါ်တစ်ခါပြုတ်ကျဟန်တူပြီး သွေးအိုင်ထဲမှာ ကိုးယိုးကားရား လဲကျနေသော ဘခန့်သော်ကို လှမ်းတွေ့လိုက်ရ၏။ ကားအမိုးတစ်ခုလုံး ချိုင့်ဝင်နေပြီး ဘခန့်သော် ကိုယ်ပေါ်နှင့် အနီးဝန်းကျင်မှ မှန်ကွဲစတွေ ဖွေးရှနေ၏။

မြင်လိုက်ရသော မြင်ကွင်းကိုကြည့်ပြီး ပန်းရှင်မွှေး ရင်ထဲသို့ အတ်ကာ မိုက်ခနဲ မူးလဲမလို ဖြစ်သွား၏။

သတိနှင့်စိတ်ကိုထိန်းပြီး တဆတ်ဆတ်တုန်နေသော ခြေကို တစ်နှစ်ဖက်နှင့်ဖိကာ လောလောဆယ် အလိုအပ်ဆုံးသော စကားတို့ကို နှုတ်ဆိုလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'မြတ်စွာဘုရား… ကယ်တော်မူပါ'

'မမ… ဘာဖြစ်လို့ သူ့ကိုတွန်းချလိုက်ရတာလဲ'

'ပွင့်… ပွင့်လွှာ ညီမလေး၊ မမ ဒုက္ခအကြီးအကျယ် ရောက်နေပြီ၊ မမကို ကယ်ပါဦး၊ မမ ဘာလုပ်ရမလဲဟင်၊ မမသေသာသေလိုက်ချင်တော့တာပါပဲ'

'မမတို့ ပြဿနာဖြစ်နေတာ အစအဆုံး ပွင့်လွှာ အားလုံးအကုန်မြင်တယ်၊ ဒီအတိုင်းဆို လူသတ်မှုနဲ့ မမ အဖမ်းခံရမှာ ကျိန်းသေတယ်၊ မမက သူ့ကိုတွန်းချလိုက်တာကိုး'

'မဟုတ်ရပါဘူးကွယ်၊ သူနောက်ဆုတ်သွားအောင် တွန်းလိုက်တာပါ၊ အခုလိုဖြစ်သွားအောင် တမင်အကွက်ဆင်တွန်းလိုက်တာမဟုတ်ရရိုးအမှန်ပါ၊ ဘုရားရှေ့မှာ ကျိန်ဆိုဝံ့ပါတယ်ကွယ်'

'မမကို ညီမလေးနဲ့ လူမှားပြီး ဒီလူစော်ကားဖို့ ကြိုးစားနေတာ ပွင့်လွှာ တားမလို့ဘဲ၊ စိတ်က ချီတုံချတုံဖြစ်နေတာနဲ့ အချိန်လွန်မှ ဝင်တားဖြစ်လိုက်တယ်၊ မမကိုနောက်ကနေ မေ့ဆေးလက်ကိုင်ပဝါနဲ့ အုပ်ပြီး ကားပေါ်တင်သွားတာ ညီမလေး ကိုယ်တိုင်မြင်တယ်၊ စိတ်ပူပြီးရဲကို အကြောင်းကြားမလို့ဘဲ၊ အခြေအနေနဲ့ဘယ်နေရာကို ခေါ်သွားတယ်ဆိုတာ သိရအောင် သူတို့ကားနောက်က နောက်ယောင်ခံပြီး လိုက်လာခဲ့မိတာ၊ ဒီရောက်တော့ မမကို ဖမ်းခေါ်တဲ့လူဟာ ဘခန့်သော်မှန်းသိလိုက်ရတယ်၊ ဘခန့်သော်က သူ့လူယုံကို ငွေပေးပြီး ပြန်လွှတ်လိုက်တယ်၊ အဲဒီတော့မှ ဒီတိုက်ကြီးပေါ်ကို ညီမလေး တက်လိုက်လာတာ၊ ဒီတိုက်ကြီးက ဒီပတ်ဝန်းကျင်မှာ အမြင့်ဆုံးပဲ၊ တိုက်ပြန်ဖျက်ပြီး အသစ်ဆောက်ဖို့ ဘခန့်သော် ရှယ်ယာဝင်ညှိထားတဲ့ တိုက်ကြီးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးက အိမ်ထဲက အိမ်ပြင် မထွက်ဘူးဆို၊ ဘယ်လို လုပ်ပြီး...'

'ခိုးထွက်လာတာ၊ မမနဲ့ညီမလေးတို့ရဲ့ ရှေ့ရေးကို တိုင်ပင် ဆွေးနွေးဖို့ ဘယ်သူမှမသိအောင် အသာလစ်ထွက်လာတာ၊ တိုက် ချုတ်ဖို့ ပြောင်းခိုင်းထားလို့ ဒီတိုက်မှာ လူမရှိဘူး၊ ဘေးဝန်းကျင်မှာ တော့ ရှိတယ်'

ပြောပြီး ပွင့်လျှာ ဝရန်တာလက်ရန်းမှ အောက်ကိုလှမ်းကြည့် ၏။

'ဘခန့်သော် သူ့ကားပေါ် သူ ပြန်ပြုတ်ကျသွားတာပဲ၊ ဘေး အိမ်းကလူတွေ အုံကြည့်လာပြီ၊ လာ... မမ၊ ဘခန့်သော် အခြေအနေ ကို သွားကြည့်ရအောင်'

'ဟင့်အင်း... မမ ကြောက်တယ်၊ မမ အဲသလိုမျိုးမကြည့် ဘူး'

'သူ မသေနိုင်ပါဘူး၊ ကားပေါ်က တစ်ဆင့်ကျလို့ နံရိုးတွေ တစ်ချောင်းမှ ပြန်ကောင်းမှာမဟုတ်တော့ဘူး၊ သတိလစ်နေမှာ'

'သူ တကယ်မသေနိုင်ဘူးလားဟင်'

'သူ မသေနိုင်တာ သေချာတယ်၊ ညီမလေး လှမ်းကြည့် တုန်းက သူ့ညာခြေနည်းနည်းလှုပ်နေတာ လှမ်းတွေ့တယ်၊ ဒါပေမဲ့ သူ လူကောင်းတစ်ယောက်ရဲ့ ဘဝကိုတော့ ပြန်ရဖို့မလွယ်တော့ဘူး၊ ဒါလည်း ဘာဖြစ်လဲ သူ့အပြစ်သူခံရတာပဲဟာ'

'ညီမလေးသာ အချိန်မီဝင်ရှင်းပြခဲ့ရင် ဒီလိုအဖြစ်ဆိုးတွေ ဖြစ်လာမှာမဟုတ်ဘူး'

'ဖြစ်ပြီးမှတော့ ဘာမှမပြောပါနဲ့တော့ မမရယ်၊ အခု ခေ ချပ်ရမှာ တစ်ခုပဲရှိတော့တယ်'

'ဘာလဲဟင်၊ မမ ဘာဆက်လုပ်ရမှာလဲဟင်'

'ညီမလေး ပြောသမျှကို နားထောင်ပြီး လိုက်လုပ်ဖို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပန်းရှင်မွေး မျက်ဝန်းတွေ ဝေရီပိုင်းစက်သွား၏။ ပွင့်လွှာ မသိမသာ ပြုံးလိုက်၏။ ကဝေအပြုံး။

ဘခန့်သော် မသေသော်လည်း အရေးပေါ် လူနာဘဝဖြင့် ပုဂ္ဂလိက ဆေးရုံပေါ်ရောက်သွား၏။ ဘခန့်သော်ဘက်မှ ပြောရေးဆို ခွင့်ရှိသူများက ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်၏။

ဘခန့်သော် ပြန်လည် မကောင်းမွန်လာသေးသည်အထိ ပန်းရှင်မွေးကို ရဲစခန်းမှ အာမခံမပေး ချုပ်နှောင်ထားလိုက်ကြ၏။ ပန်းရှင်မွေး၏ မွေးစားအမေခမျာ မျက်ရည်နှင့်သာ ဖေးမကူနိုင်ရှာ၏။

နယ်မှပြန်ရောက်လာသော ထင်မင်းခေါင်ခမျာချစ်သူအတွက် ပူပန်သောကစိတ်ဖြင့် အနားမရရှာခဲ့။ တရားခွင်မှာ ရင်ဆိုင်နိုင်ရန် တရားခံဘက်မှာလိုက်ပါဆောင်ရွက်ရန် အကောင်းဆုံးရှေ့နေလိုက်ရှာ ငှားရမ်းရ၏။ အချုပ်ထဲရောက်ပြီး စိတ်ဓာတ်အကြီးအကျယ်ကျနေ သော ချစ်သူကို နေ့စဉ် အားပေးစကားပြောရင်း တစ်ဖက်လူ အခြေ အနေသတင်းကိုလည်း စုံစမ်းနားထောင်ရသေး၏။

ပွင့်လွှာမှာမူ ပန်းရှင်မွေးထံ ဝတ်ကျေတမ်းကျေ တစ်ခေါက် ရောက်လာ၏။ အမှုအခင်းဖြစ်ပွားစဉ်နေရာတွင် တရားခံနှင့် အတူရှိခဲ့ သော်လည်း တရားခံဖြောင့်ချက်ပေးမှုကောင်း၍ ပွင့်လွှာနှင့်မသက်ဆိုင် သလို ဖြစ်ခဲ့၏။ သို့ပြား တစ်ဦးတည်းသော မျက်မြင်သက်သေနေရာ မှာ ပွင့်လွှာ ရှိနေပြန်သည်။

တရားခွင်မှာ ရင်ဆိုင်ရမည့်နေ့။ ထိုနေ့မှာပင် ကံအားလျော်စွာ ဘခန့်သော် သတိရလာ၏။ တရားခံ၏ ဖြောင့်ချက်နှင့်တရားလို၏ ဖွင့်ဆိုချက်ကြောင့် ပွင့်လွှာမှာ မျက်မြင်သက်သေအနေအထား နေရာမယှဉ်နိုင်တော့။ ပွင့်လွှာအတွက် သက်သေမကင်းရာတွေ လုံး ကျွတ်လွတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် တရားခွင်မှာ ရင်ဆိုင်ရစဉ် တရားလိုကိုယ်စား ရှေ့နေနှင့် တရားခံကိုယ်စား ရှေ့နေတို့က အမှုဖြစ်စဉ်ကို ခင်းကျင်းပြီး အပြန်အလှန် ချေပလျှောက်လှဲကြ၏။

တရားသူကြီးက ဒုတိယအကြိမ် ရုံးပြန်ချိန်းလိုက်၏။ ဒုတိယ အကြိမ် ရုံးချိန်းကာလကို မရောက်မီစပ်ကြားမှာ တရားလိုဘခန့်သော် ကျန်းမာရေးပြန်ကောင်းလာ၏။ အသက်အန္တရာယ် စိုးရိမ်စရာမရှိတော့။ သို့ကြား နံရိုးသုံးချောင်းနှင့် ဘယ်ခြေတစ်ချောင်း ကျိုးသွားသဖြင့် လူကောင်းဘဝကို ပြန်လည်ရောက်နိုင်ဖို့ အလွန်တရာ ခဲယဉ်းသွား ၏။

လူနာအခြေအနေ ကောင်းမွန်သော်လည်း ပန်းရှင်မွှေးကို အာမခံပေးခွင့်မရ။ ထင်မင်းခေါင်မှာ ချစ်သူအတွက် လွတ်မြောက်ဖို့ အရေးသာ လိုက်လံဆောင်ရွက်လုပ်ကိုင်နေစဉ်မှာပင် ပွင့်လွှာက သူမ နှင့်တွေ့ဆုံဖို့ အခွင့်ပေးလာ၏။

'ဒီအပတ် ရောက်လာမယ့် တရားခွင်မှာ အမှုအခင်းရဲ့ တစ်ဦး တည်းသော အနီးကပ်မျက်မြင်သက်သေဖြစ်တဲ့ ပွင့်လွှာကိုယ်တိုင် အဖြစ်မှန်အတိုင်း ပိုင်ပိုင်နိုင်နိုင် လျှောက်လှဲနိုင်ရင် ရှင်မွှေး ပြန်လွတ် လာမှာပါ'

'သူက အဲဒီလို အရှုမ်းဖြစ်စေချင်နေတာကိုး'

'ဘယ်လိုပြောလိုက်တာလဲ ပွင့်လွှာရယ်၊ အဲဒီလိုဖြစ်မှ ကိုယ် တို့ရဲ့သောကနဲ့ဒုက္ခတွေ အရည်ပျော်ကျကုန်မှာမဟုတ်လား'

'ပွင့်လွှာ လက်ထပ်ပွဲကိုဖျက်ခဲ့တာ ဘာကြောင့်လဲ'

စကားကို ဆတ်ခနဲ ချိုးကွေ့မေးလိုက်၍ ထင်မင်းခေါင် အံ့ဩ သွား၏။ ပွင့်လွှာအကြောင်းကို ကြားသိပြီးခဲ့သော်လည်း [illegible] မှာ သိရဖို့ မစုံစမ်းဖြစ်ခဲ့။ သူနှင့်ပန်းရှင်မွှေးတို့ ရှေ့ရေးကိုသာ [illegible] ဆွေးတော လုပ်ဆောင်နေရ၍ လျစ်လျူရှုမြင်ခဲ့ခြင်း[illegible]

'သိပ်ရင်းနှီးတဲ့ အနေနဲ့ မေးသင့်တာပဲ၊ ဘာကြောင့် ပွင့်လွှာ

www.burmeseclassic.com



အဲဒီလိုတွေ လျှောက်လုပ်ပစ်တာလဲ၊ အဲဒီလုပ်ရပ်ရဲ့ ဘေးထွက်ဆိုးကျိုးတွေ ဘယ်လောက်ထိ ဖြစ်သွားမလဲဆိုတာကို အခုလက်တွေ့ခံစားနေပြီမဟုတ်လား၊ တွေးကြည့်ရင် ဒီအမှုအခင်းရဲ့ အရင်းအမြစ်တရားခံဟာ ပွင့်လွှာဖြစ်နေတယ်'

'ဘာဆိုင်လဲ၊ အဝေးကြီး၊ အဝေးကြီး၊ ဘခန့်သော် မှန်ထုခဲတာ ပွင့်လွှာအပြစ်လား၊ မမရှင်မွေးကတော့ လိပ်ပတ်လည်အောင်ရှင်းမပြဘဲ သူ့စကားနဲ့သူ ရှုပ်နေလို့၊ အခုလိုဖြစ်သွားတာ ပွင့်လွှာအပြစ်လား၊ သွားစမ်းပါ'

'ပွင့်လွှာက လက်ထပ်ပွဲဖျက်လိုက်လို့ ဘခန့်သော် အရူးကြီးပြီး မှန်သွားတာပေါ့၊ ရှင်မွေးက ကြားထဲက ဓားစာခံဖြစ်သွားရတယ်၊ အဲဒါဟာ ပွင့်လွှာ လက်ထပ်ပွဲကို ဖျက်ခဲ့လို့၊ ဘာကြောင့် ဒီလက်ထပ်ပွဲကို အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မတင်ပြနိုင်ဘဲ ဖျက်ခဲ့ရတာလဲ ပွင့်လွှာ၊ ကိုယ် ဘယ်လိုမှ နားလည်လို့မရဘူး'

တင်းမာနေသော မျက်နှာဖြင့် ပွင့်လွှာကြည့်နေရာမှ ဖျတ်ခနဲ အရောင်ပြောင်းပြီး ပွင့်လွှာပြုံး၏။ ရယ်၏။ အားရပါးရပြာန်ပေါ်လွင်အောင်ကို ရယ်မောပါလေတော့၏။ ထင်မင်းခေါင် ကြောင်တောင်ငေးနေစဉ်မှာပင် ပွင့်လွှာ ရယ်မောခြင်းကိုရပ်ပြီး သူ့ရင်ဘတ်နားတိုးကပ်ကာ စကားတိုးတိုး ဖေးပြောလိုက်၏။

'သူ့ကိုလက်ထပ်ဖို့ပေါ့၊ ကျွန်မဖေဖေရဲ့ အမွေအနှစ်တွေ နင့်နင့်ပိုးပိုးရထားတဲ့ သူ့ကိုဘယ်သူမှ လက်လွှတ်မခံနိုင်တဲ့အတွက် ပွင့်လွှာရဲ့ ရှေ့ခက်လမ်းကို အရောင်ပြောင်းလဲခန်းဖွင့်လိုက်ရတာပဲ'

ထင်မင်းခေါင် အံ့ဩထိတ်ပျာသွား၏။ ပွင့်လွှာက သူ့စကားလုံးများကို ပန်းပွင့်လေးများအသွင်မြင်၍ ထင်မင်းခေါင်ရင်ဘတ်ကို လှမ်းပေါက်နေ၏။ ထင်မင်းခေါင်အနေဖြင့်မူ ဓားပျံနှင့်တူသော စကားလုံးတွေ တစ်စင်းပြီးတစ်စင်း စိုက်ဝင်စွဲနစ်သွားသလို ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ပါဘူး၊ ဘယ်လိုနည်းနဲ့မှကို မဖြစ်နိုင်တာတွေ ဖွင့်လှစ်ဘာလို့လျှောက်လုပ်ရတာလဲ၊ ကိုယ်နဲ့ ရှင်မွေးက မကြာခင် လက်ထပ်တော့မှာ၊ ဘာလဲ မင်း ဒီအမှုအခင်းကို တမင်အကွက်ဆင် ဖန်တီးလိုက်တာလား ပွင့်လွှာ'

'အကွက်ဆင်တာ မဟုတ်ပါဘူး၊ သူ့ဘာသာ အလိုလိုနေရင်း အကွက်ဝင်လာကြတာပါ၊ မဟုတ်ဘူးလား၊ ပွင့်လွှာ အကွက်ဆင်နိုင်ရလောက်အောင် သူတို့နှစ်ယောက်က ကလေးလေးတွေမှ မဟုတ်ဘဲ၊ ဘာလဲ သူဇာ ပွင့်လွှာကို လက်မထပ်ချင်ဘူးလား၊ ဒါမှမဟုတ် လက်ထပ်ရဲဘူးလား'

'လက်မထပ်သင့်ဘူးထင်လို့ ပွင့်လွှာ၊ မင်းက မင်းအဖေဆေးခဲ့တဲ့ကိုယ့်အတွက် ဝေစုကို ဒီလောက်ထိတောင် တပ်မက်နေခဲ့တာလို'

'ရယ်စရာမပြောပါနဲ့၊ လူဆယ်ယောက်လောက်ကို ဘဝပုံစံပြောင်းလဲပေးနိုင်တဲ့ ဝေစုကို သူကိုယ်တိုင်ကော မမက်မောဘဲနေခဲ့လို့လား'

'ကိုယ် မမက်ဘူး'

'ဒါဆိုရင် ပွင့်လွှာကို လွှဲပေးလိုက်လေ၊ ပွင့်လွှာဖေဖေရဲ့ချည်းကို ပွင့်လွှာအပြည့်အဝ ရပိုင်သင့်တယ်၊ မမက်ရင် လွှဲပေးလိုက်ပေါ့'

'မင်းကို ငါ အရမ်းအံ့ဩသွားပြီ ပွင့်လွှာ၊ အစက ငါ ဒီလောက်ထိ မင်းကို မထင်မြင်မိခဲ့ဘူး၊ အခုမှမင်း မျက်နှာဖုံးကွာထွက်သွားတော့တယ်'

ပွင့်လွှာ မခိုးမခန့်ရယ်သံဖြင့် သူ့ရင်ကို ကလိ၏။ ပြီးမှ-

'အခုလာမယ့် ရုံးချိန်းနေ့၊ အဲဒီနေ့တရားခွင်မှာ ခေါ်ထုတ်မှုများကို လွှတ်မြောက်အောင်လုပ်နိုင်မယ့် အခွင့်အရေးအသုံးတော အထင်ကရမျက်မြင်သက်သေဖြစ်တဲ့ ပွင့်လွှာအပေါ်မှာ ရှုတည်ရေ

www.burmeseclassic.com



တယ်ဆိုတာ ထင်မင်းခေါင် သဘောပေါက်နားလည်မှာပါ'

'မင်းက မင်းအစ်မအရင်းခေါက်ခေါက်ကို ထပ်ပြီး ဒုက္ခပေးဦးမလို့လား'

'မဆိုလိုပါဘူး၊ ဒါပေမဲ့ ပွင့်လွှာက ကိုယ်ဖြစ်ချင်တာကိုတော့ ဖြစ်တဲ့နည်းနဲ့ ရအောင်လုပ်တတ်တယ်ဆိုတာ ထင်မင်းခေါင်မမေ့ပါနဲ့'

'ရှင်မွေး အမှုက ကွင်းလုံးကျွတ်လွတ်အောင် မင်းအမှန်အတိုင်း ဝန်ခံလျှောက်လဲပေးပါကွာ၊ မင်းဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ငါ လိုက်လျောပေးပါ့မယ်၊ ဒီအတိုင်း ငါလွှဲပေးလို့မဖြစ်ဘူး၊ ဖေဖေရဲ့ မှာတမ်းအရ သမီးတစ်ယောက်ယောက်နဲ့ လက်ထပ်ဖြစ်မှပဲ ငါရမယ့် ဝေစုကို ထုတ်ယူလို့ရမှာ၊ ဒါကြောင့်…'

'ပွင့်လွှာ စီစဉ်တတ်ပါတယ်၊ လာမယ့်ရုံးချိန်းနေ့က မနက် ဆယ်နာရီမဟုတ်လား၊ အဲဒီနေ့မနက် ကိုးနာရီလောက်မှာ ထင်မင်းခေါင် လက်ထပ်မယ်၊ ပြီးရင် ထင်မင်းခေါင်အလိုကျ ပွင့်လွှာ တရားခွင်မှာ အကောင်းဆုံးလျှောက်လဲပေးမယ်၊ ဒါဆိုရင် အားလုံးဟာ အစီအစဉ်တကျနဲ့ စိတ်တိုင်းကျ လှလှပပဖြစ်လာကြမှာပဲ၊ မဟုတ်ဘူးလား'

'မင်းအိမ်ကို ဘာမှမဘိုင်ပင်တော့ဘူးလား ပွင့်လွှာ'

'အရင်က သူတို့ဆန္ဒနဲ့ လက်ထပ်ခဲ့လို့ ပျက်ခဲ့ရတယ်၊ အခု ပွင့်လွှာ ဆန္ဒနဲ့ လက်ထပ်တဲ့အချိန်မှာ သူတို့ကြောင့် ပြန်ပြီး ပွဲမပျက်စေချင်ဘူး၊ ပွင့်လွှာရဲ့ အိမ်ကိုနောက်ကျမှ ဖြေရှင်းချက်ပေးလို့ရပါတယ်၊ ဒီကြားထဲမှာတော့ အိမ်ကလူတွေမသိအောင် ပွင့်လွှာနည်း ပွင့်လွှာဟန်နဲ့ လုပ်ရတော့မှာပေါ့၊ ဒီအတွက် ဘာမှမပူပါနဲ့'

'မီးတောင် တစ်လုံးလုံး မျိုချခံထားရမှတော့ ထပေါက်မှု ကိုလည်း ကြောက်မနေတော့ပါဘူး ပွင့်လွှာ၊ အားလုံး မင်းသဘောပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၂)

ပွင့်လွှာပြောသလိုပင် အားလုံး အစီအစဉ်တကျနှင့် လုပဖွာ ဖြစ်လာခဲ့ပါသည်။

ပန်းရှင်မွေး တရားရင်ဆိုင်ရမည့်နေ့။ ထိုနေ့မနက် ကိုးနာရီ ခွဲနဲ့မှာ တရားရုံး၌ အသိသက်သေအနည်းငယ်ဖြင့် ထင်မင်းခေါင်နှင့် ပွင့်လွှာတို့ လက်ထပ်စာချုပ် ချုပ်ဆိုဖြစ်ခဲ့ကြ၏။

ပွင့်လွှာဘက်မှ မြတ်နှင့်သူငယ်ချင်းမတစ်ယောက်။ ထင်မင်း ခေါင်ဘက်မှ လက်ဖော်ကိုင်ဖက် Taxi ယာဉ်မောင်းနှစ်ယောက်။ တရားသူကြီးရှေ့မှောက်မှာ နှစ်ဦးနှစ်ဖက် ချုပ်ဆိုပြီးစီးသွားသော လက် ထပ်စာချုပ်နှစ်စောင်ကို ပွင့်လွှာကပင် သိမ်းဆည်းယူဆောင်၏။

ဘာရယ်မှန်းကို ပြောရခက်သည့် လက်ထပ်စာချုပ် ချုပ်ဆိုပွဲ အတွက် အကျဉ်းရုံးကျွေးမွေးဖြစ်ကြ၏။

ပန်းရှင်မွေး တရားရင်ဆိုင်ချိန် ကျရောက်ခါနီးသောအခါ တရားရုံးတော်သို့ အချိန်မီသွားရောက်ကြ၏။ အချိန်မှီပင် ကြားနာစစ် ဆေးမှုကို သက်ဆိုင်သူ အားလုံး အသက်ရှူမှားမတတ် နားစွင့်ခံ နေကြ၏။

အထင်ကရ သက်သေအနေဖြင့် ပွင့်လွှာ အကျိုးအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှဲသွား၏။ ပွင့်လွှာနှင့်ပန်းရှင်မွေး အမြွှာညီအစ်မဖြစ်ကြောင်းကို တရားလိုဘက်မှ တအံ့တသြသိနှင့်ထားခဲ့ကြပြီမို့ အခြေအနေကောင်းလာသော လူနာကို ဖွင့်ပြောကာ လူနာသဘောထားကို တာဝန်ရှိသူများက ထပ်မံစစ်ချက်ယူပြီး ထားကြလေပြီ။

ဘခန့်သော်က သူ အမှန်တကယ် လူမှားခဲ့ခြင်းဖြစ်ကြောင်း သိ၍ အပြစ်မဲ့သော ပန်းရှင်မွေးကို ကျေအေးလက်မှတ်ထိုးကာ အမှုပြန်ရုပ်သိမ်းကြောင်း လျှောက်တင်လာ၏။

အစိုးရအနေဖြင့် ဥပဒေပုဒ်မတပ်စွဲထားခြင်းအပေါ် ပွင့်လွှာ၏ လျှောက်လှဲချက်များက ပယ်ဖျက်စွမ်းအားရှိခဲ့ရ၏။

ထိုနေ့မှာပင် ရုံးတော်မှ တရားသူကြီး ဆုံးဖြတ်မှုဖြင့် အမိန့်စာလျှင်စွာချမှတ်လိုက်၏။

'အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ ကာယိက္ကန္ဓေကို စောင့်ရှောက်ကာကွယ်ခွင့်အရ ရန်းကန်တွန်းထုတ်ခြင်း သဘောသာ သက်ရောက်သဖြင့်လည်းကောင်း တရားလိုဘက်မှ အမှုပြန်လည်ရုပ်သိမ်းပေးပါရန် တင်ပြလာခြင်းတို့ကြောင့်လည်းကောင်း၊ မျက်မြင်သက်သေထွက်ဆိုချက်အရ မရည်ရွယ်ဘဲ မတော်တဆ ဖြစ်ခဲ့ရသည်တို့ကြောင့် စသည်ဖြင့်...'

တရားရေးရာ ဥပဒေရာဇသက်ထုံးများနှင့်တကွ ပြစ်မှုထိုက်မထိုက်သည်တို့ကို ဖတ်ကြားပြီးသည်နှင့် တရားခံပန်းရှင်မွေးအား တရားသေ လွှတ်ပေးလိုက်သည်ဟု ရုံးတော်မှ အမိန့်ချမှတ်ကြေငြာလိုက်၏။

အားလုံး ဝမ်းသာပီတိဖြင့် မျက်ရည်လည်ကြရပြန်၏။ ဒဏ်ရာပြင်း၍ အိပ်ရာထဲမှ မထနိုင်သော ဘခန့်သော်အတွက် ပန်းရှင်မွေးက ဘခန့်သော် ဆွေမျိုးတွေရှေ့မှာ ဆုမွန်တွေ တတွတ်တွတ်ခြွေတောင်းပေးနေ၏။

ဘခန့်သော်တို့ဘက်မှ အားလုံး နားလည်စာနာစိတ်ဖြင့် ပန်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွှေးတို့ သားအမိကို နှုတ်ဆက်ထွက်ခွာသွားကြ၏။ မိခင်တစ်ဖက် ညီမဖြစ်သူ ပွင့်လွှာကိုတစ်ဖက် ဖက်ပြီး ဝမ်းနည်းဝမ်းသာ ရှိုက်ကြီး တငင် ငိုကြွေးနေသော ချစ်သူကို ထင်မင်းခေါင် ဘယ်လိုနှစ်သိမ့် ချော့မော့ရပါ့မလဲ။ ထင်မင်းခေါင်နှင့် ပွင့်လွှာတို့ တိတ်တိတ်ကလေး သက်ထပ်ထားခြင်းအကြောင်းကို ပန်းရှင်မွှေး နားလည်အောင် ဘယ်လို ပြန်ပြောင်းပြောရမလဲ။ ထင်မင်းခေါင်နှင့် ပန်းရှင်မွှေးတို့နှစ်ဦးသာ စကားပြောခွင့်ရစဉ်...

မျက်လုံးကွေနှင့်သာ အားရပါးရပြော၏။

နှုတ်ခမ်းပါးလေး လှုပ်ရှုပြရုံနဲ့ အသည်းနှလုံးတွေ လိုက်လံ ဘုန်ခါပြီး တစ်ဦးရင်ထဲက အသံလှိုင်း အဓိပ္ပာယ်ကို တစ်ဦးက အလို လို နားလည်နေ၏။

ယခင်ကဆိုလျှင် ထင်မင်းခေါင် ပွေ့ဖက်နွေးထွေးပစ်လိုက် ညည်းမှာမလွဲ။

ယခုဖြင့်...

ဘာရယ်လို့ ရေရေရာရာတိတိကျကျ အဓိပ္ပာယ်မရှိလှသော သက်ထပ်စာချုပ်တစ်စောင်က ထင်မင်းခေါင်ဆန္ဒကို ချုပ်နှောင်ထား ၏။ ထင်မင်းခေါင်တို့အနားမှာ ပွင့်လွှာ အပေါ်တော်မြဲနေ၏။

ကြိုးသုံးချောင်း ငြိတွယ်ရှုပ်ထွေးနေလေပြီ။

ရှုပ်နေမှာကို ရှင်းအောင်လုပ်ဖို့ ထင်မင်းခေါင် စတင်လိုက် ၏-

'ရှင်မွှေးနဲ့ ပွင့်လွှာ နှစ်ယောက်တည်းကို ကိုယ် တစ်နေရာ ခေါ်သွားချင်တယ်'

'ပွင့်လွှာ အိမ်ပြန်ရဦးမှာနော်၊ ခုလောက်ဆို အိမ်က မွေးစား မိဘတွေ ပွင့်လွှာတို့ညီအစ်မနှစ်ယောက်အကြောင်းကို သိနေလောက် ပြီ'

'ဒီအမှုဖြစ်တုန်းက မသိကြသေးဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်က နိုင်းထားတဲ့ ကောင်မလေးတွေကို ပြင်ပက ဆက်သွယ်လာသမျှ မိဘတွေနဲ့ အဆက်ဖြတ်ခိုင်းထားတာ၊ ပွင့်လွှာ အားလုံး စီစဉ်ထားခဲ့လို့ မိဘတွေ မသိခဲ့ကြတာပေါ့၊ ဒီနေ့တော့ ကိုဘခန့်သော်တို့ဘက်က အိမ်ကိုလာပြီး ပွင့်လွှာမိဘတွေ ဘာအတွက်ကြောင့် နေနိုင်ရတာလဲဆိုတာ လာစုံစမ်းရင်း မေးမြန်းကြည့်ဖို့ ဘခန့်သော်နဲ့ အမေကြီးပြောသွားသံ ကြားလိုက်တယ်'

'ဖုံးလို့မှမရတာဘဲ၊ သူတို့သိလည်း ပွင့်လွှာ စိုးရိမ်ထားသလို ဖြစ်လာမှာမဟုတ်ပါဘူးကွာ'

'အင်း… ပွင့်လွှာလည်း အဲဒီလို ထင်ထားတယ်'

'ဒါကြောင့် ကိုယ်ခေါ်တဲ့နောက်ကိုသာ လိုက်ခဲ့ကြစမ်းပါ'

ပန်းရှင်မွှေးက…

'သူက ဘယ်ခေါ်သွားမလို့လဲဟင်'

ထင်မင်းခေါင် အတွေးခပ်ကျယ်ကျယ်ဖြင့် စဉ်းစားနေရင်းမှ လွှတ်ခနဲ ပြောချလိုက်မိ၏။

'ချစ်ခြင်းရေးရာကို စီစဉ်ဆုံးဖြတ်ပေးတတ်မယ့် နှလုံးသားခုံရုံးတစ်နေရာကိုပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

ထင်မင်းခေါင်နေသော အိမ်လေးပေါ်မှာ အသင့်စောင့်နေ သော ရှေ့နေကြီး ဦးဘဆွေကို တွေ့လိုက်ရ၏။ ထင်မင်းခေါင် ကိုယ် တိုင် ရှေ့နေကြီးကို ဖိတ်ခေါ်ထားခြင်းပင်။

'ဒါ… ကိုယ်တို့ကို အမွေလွှဲပေးခဲ့တဲ့ ရှေ့နေကြီး ဦးဘဆွေ လေ'

ဦးဘဆွေက ခေါင်းညိတ်၍ ပြုံးပြနှုတ်ဆက်နေ၏။ ပန်းရှင် မွှေးက အလိုက်တသိ ရိုရိုသေသေ နှုတ်ဆက်၏။ ပွင့်လွှာမှာမူ ဘာသိ ဘာသာပင်။

'ရှင်မွှေး'

'ရှင်'

'ကိုယ်နဲ့ပွင့်လွှာတို့ ဒီနေ့မနက်ပဲ ရုံးတက်ပြီး လက်ထပ်ထား ကြတယ်'

'ရှင်'

ဒုတိယရှင်က ရင်ထဲမှ ပွင့်ထွက်လာသံ။ အံ့ဩမှုထက် ထိတ် လန့်မှုကဲနေသော မျက်နှာ။ ပွင့်လွှာကမူ အားလုံးကို စေ့စေ့ကြည့်ခတ် နေ၏။

ထင်မင်းခေါင်က…

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို ခွင့်လွှတ်ပါ ရှင်မွေး၊ ပွင့်လွှာက မင်းရဲ့အမှုအရေး အတွက် သက်သေထွက်ဆိုချက် နိုင်လုံတိကျအောင် ပေးစေချင်ရင် သူနဲ့လက်ထပ်ရမယ်ဆိုလို့ မင်းအတွက်ပူပန်စိတ်နဲ့ ဘာကိုမှ မစဉ်းစား နိုင်ဘဲ ကိုယ်လက်ထပ်ခဲ့မိတယ်'

ပန်းရှင်မွေး ယုံကြည်ရန် ခက်နေပုံရ၏။ ဝိုင်းစက်နေသော မျက်ဝန်းထဲမှာ ကြေကွဲမှုန်နေသော မျက်ရည်စတွေရယ်လေ၊ ကိုယ် ဘယ်လိုသုတ်ပေးလို့မှ ရပါတော့မလဲဟု သူ့ဘာသာ ဝမ်းနည်းဆို့နှင့် လာ၏။

'ပွင့်လွှာ'

'ပြော'

'မင်းကိုယ့်ကို လက်ထပ်တာ ကိုယ့်ဝေစုနဲ့ ကိုယ်နဲ့လက်ထပ် ရင်ရမယ့် အစုကြီးကို လိုချင်လို့မဟုတ်လား'

ပွင့်လွှာ နှုတ်ခမ်းကိုက်ပြီး ငြိမ်ဆိတ်နေ၏။ အကဲခတ်နေသော ရွှေနေကြီးကို တန်ပြန်အကဲခတ်လိုက်ပြီး…

'မမနဲ့ရှင် မခွဲနိုင်ဘူးဆိုလည်း လွယ်ပါတယ်၊ ကျွန်မကိုလွှဲ ပေးလိုက်ရင် ကျွန်မ ပြန်လည်ကွာရှင်းပေးလိုက်မှာပေါ့၊ ကျွန်မတို့က ဘာမှမကျူးရောက်သေးကြတာပဲ၊ မဟုတ်ဘူးလား ထင်မင်းခေါင်'

'လွှဲပေးချင်ပါတယ် ပွင့်လွှာ၊ ဒါပေမဲ့ ကိုယ်ပိုင်တဲ့ဝေစုကို ဒီနေ့မနက် ရှစ်နာရီလောက်ကပဲ ဘုရားလှူပစ်လိုက်ပြီ၊ ပြီးတော့ ကိုယ်နဲ့ လက်ထပ်ရင်ရမယ့် ဝေစု၊ ရှင်မွေးပိုင်ဆိုင်တဲ့ဝေစုတွေအားလုံး ဖေဖေ ဦးရွှေမိုးထံ ပြန်လွှဲပေးလိုက်ပြီ၊ မနေ့ကပဲ ဆိုပါတော့၊ ဒါကြောင့် ဖေဖေဦးရွှေမိုးကလည်း ဒီကအဖြစ်သနစ်တွေကို ကိုယ်နဲ့ရှေ့နေကြီး ရှင်းပြတာ နားလည်သွားပြီး ဘုရားတည်၊ ကျောင်းဆောက်တဲ့နေရာမှာ ပုံအောလှူဒါန်းဖို့ ဆုံးဖြတ်ပြီး အမွေတွေကို ပြန်လွှဲယူထားလိုက်ပြီလေ'

'ရှင်… ရှင် ညာတာ၊ ရှင် လိမ်တာ'

'မင်း မယုံရင် ရှေ့နေကြီး ဦးဘဆွေကိုသာ မေးကြည့်ပေ တော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကလေးမ၊ ဦးနဲ့ မောင်မင်းထင် မနေ့ကတိုင်ခင်ပြီး ကိုရွှေမိုးရှိရာကို ဖုန်းဆက်အကြောင်းကြားလိုက်ကြတာကွယ့်၊ အခုဆိုရင် မောင်ခန့် လက်ထဲမှာ အမွေနဲ့ပတ်သက်လို့ ခြူးတစ်ပြားဆောင် ရပိုင်ခွင့်မကျန်တော့ဘူး'

ပွင့်လွှာ မျက်လုံးတွေ ပြူးဝင်းစူးတောက်လာ၏။

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါထွက်ပြီး ထင်မင်းခေါင်ကို ဘီလူးသရဲစီးနေသလို လက်ညှိုးတထိုးထိုးနှင့် စိုက်ကြည့်ရင်း…

'ရှင်… လူယုတ်မာ၊ အကြံပက်စက် ယုတ်မာတဲ့ကောင်၊ ရှင့်ဉာဏ်ဒါအကုန်ပဲလား၊ ရှင် ရက်ရက်စက်စက်လုပ်ပစ်ရက်တယ်၊ ရှင်… ရှင်'

'မင်းကြိုက်သလိုပြောပါ ပွင့်လွှာ၊ ဘာမှမရှိတဲ့ ကိုယ့်လိုသူညကို မင်းဆက်ပြီး လက်ထပ်စာချုပ်အတိုင်း လက်တွဲရဲရင်တွဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ့် အစွမ်းအစပဲ ကိုယ့်မှာရှိတယ်၊ ဒါမှမဟုတ်ရင်လည်း ဘယ်သူမှမသိနိုင်သေးတဲ့ ရင်းနှီးလွန်းတဲ့ အသိသက်သေ လက်မှတ်ထိုးထားသူတွေကလွဲရင် မင်းမွေးစားမိဘဆောင်မသိနိုင်သေးတဲ့ မင်းလက်ထဲက တိတ်တိတ်ပုန်းလက်ထပ်စာချုပ်ကို ဆုတ်ဖြဲပစ်လိုက်'

ပန်းရှင်မွေးက အတင်းကာရော ဆက်စပ်ပြီး နားလည်အောင်စောင့်ကြည့်နေရှာ၏။ ရှေ့နေကြီးကမူ ပိုင်ရှင်လက်သို့ တရားဝင်ပြန်လွှဲသော စာချုပ်မိတ္တူကို ပွင့်လွှာထံ ထိုး၍ပြလိုက်၏။ ပွင့်လွှာအရူးတစ်ပိုင်းဟန်ဖြင့် စာချုပ်ကို အပြန်ပြန်အလှန်လှန် ဖတ်ကြည့်ရင်းမှ ထင်မင်းခေါင်ကို ခုန်အုပ်ကိုက်ဝါးတော့မတတ် ဆတ်ခနဲ မော်ကြည့်၏။

'နင့်ကို မုန်းတယ်၊ ရတဲ့နည်းနဲ့ သတ်ပစ်ချင်လောက်အောင်မုန်းတယ်၊ နင့်လို ဖွတ်ကျားနဲ့ ဘာအဓိပ္ပာယ်ရှိတော့မှာမို့ ငါက လက်ထပ်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လွှာပြောပြီး လက်ထပ်စာချုပ်ကို စလင်းဘတ်အိတ်ထဲမှ ဆွဲထုတ်ပြီး တစ်စစီ စိတ်ရှိလက်ရှိ ဆုတ်ဖြဲနေ၏။ ပြီးလျှင် အစုတ်အပြဲများကို လုံးချေပြီး သူ့မျက်နှာကို အားနှင့်လှမ်းပေါက်လိုက်၏။

ထင်မင်းခေါင်မျက်နှာ မရောက်ခင်မှာပင် စာရွက်အပိုင်းအစတွေ လေနှင့်ဝေ့ကွဲ လွင့်ဝဲကုန်ကြ၏။

'နင့်ကို ကမ္ဘာမကျေဘူး၊ အသေမုန်းတယ်၊ သတ်ချင်လောက်အောင်မုန်းတယ်၊ မုန်းတယ်၊ မုန်းတယ်၊ မုန်းတယ်'

ပွင့်လွှာ ပြောပြီး အိမ်ပေါ်မှ ဝုန်းဒိုင်းကျဲကာ ပြေးဆင်းသွားတော့၏။ အိမ်ရှေ့လမ်းပေါ်ရောက်လျှင်တွေ့သည့် Taxi တစ်စီးငှားကာ သူမ၏ မဟာဘုံရိပ်နန်းကို ပန်းပွင့်ပေါက်ကွဲနေသော ရင်အစုံဖြင့် မြန်းသွားပေလိမ့်မည်။

'အခြေအနေရဲ့ အဖြေကတော့ အဲဒါပါပဲ ရှင်မွေး'

ပန်းရှင်မွေးမှာ ညီမဖြစ်သူ ထွက်သွားရာလမ်းကို လှမ်းကြည့်ရင်း...

'ပွင့်လွှာ သူ့ဒဏ်သူ ပြန်ခံသွားရတယ်၊ သူ အရှုံးခံစားသွားရမှာပဲနော်'

'သူ့ရင်ထဲက ခံစားမှုတွေ ပန်းပွင့်လာရာကနေ ပေါက်ကွဲထွက်သွားတာပေါ့၊ မစစ်မှန်တဲ့ အချစ်၊ မစစ်မှန်တဲ့ လုပ်ကွက်တွေရဲ့ အဆုံးသတ်မှာ သူ့မာနနဲ့ ကောင်းစိတ်တွေ ပြတ်ထွက်သွားပြီ၊ နောင်တ ရနိုင်ပါစေလို့ ဆုတောင်းပေးကြရုံပဲပေါ့ကွာ'

ဦးဘဆွေ ခေါင်းတညိတ်ညိတ်ဖြင့်...

'လောဘ၊ ဒေါသ၊ မောဟ တရားတွေဟာ မိဘ၊ ညီအစ်မတွေရဲ့အပေါ်မှာတောင်မှ တရားမရှိနိုင်တော့ပါလားကွယ်'

'မရှိခြင်းက ပိုပြီးချမ်းသာပြည့်စုံပါတယ်၊ ဖေဖေလုပ်သားကုသိုလ်ကို ကျွန်တော်နဲ့ရှင်မွေး အားရပါးရ သာဓုခေါ်ခွင့်ရခြင်းမှာကိုပဲ ကြည်နူးကျေနပ်နေမိတယ်၊ ကိုယ်ပြောတာ ရှင်မွေးဘယ်လိုသဘောရသလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



ပန်းရှင်မွေးက တစ်စစီဖြစ်နေသော လက်ထပ်စာချုပ် အပိုင်းအစတွေကို လိုက်ကြည့်နေရင်းမှ ထင်မင်းခေါင်ရင်ခွင်ထဲ ခေါင်းမှီဝင်လာရင်း...

'ကိုယ်နဲ့ ထပ်တူထပ်မျှပါပဲကွယ်'

ရှေ့နေကြီး ဦးဘဆွေ တစ်ဖက်လှည့်ပြီး ပြုံးနေလိုက်ရ၏။

'ကိုယ်တို့ အမြန်ဆုံးလက်ထပ်ကြရအောင်'

'သိပ်မလောနဲ့လေကွာ'

'မဖြစ်ဘူး၊ အချိန်ဆွဲထားရင် ဟိုအရှုပ်တွေ လာဟာပ်ပြီး တစ်ခါထပ်ကွဲရမှာစိုးတယ်'

'ဘယ်အချိန်လဲဟင်'

'ပန်းပွင့်ပေါက်ကွဲတဲ့ အချိန်လေ'

'ခုလောက်ဆို သူ နောင်တရနေလောက်ရောပေါ့'

'ကိုယ့်ကိုသတ်ဖို့ ကြံစည်ချင် ကြံစည်နေမှာ'

'စိတ်အရမ်းဆိုးလို့ ရုက်ရမ်းပြောပြောသွားတာ၊ အမှန်မှတ်ပြီး ဗွေမယူပါနဲ့ မောင်ရာ၊ ညီမလေးက ငယ်သေးတာပဲ ဥစ္စာ၊ နောက်တော့ သူ့အမှားသူ သိလာမှာပါ'

'ဗွေမယူပါဘူးဗျာ၊ သူ့အစ်မ ပန်းရှင်မွေးကို လက်ထပ်ယူမှာပါ'

'ယူရမှာပေါ့ကွာ၊ ဒါနဲ့ ရှင်မွေးက အရမ်းအိုက်တာနဲ့ ဆံပင်ဖြတ်လိုက်လို့ ပွင့်လွှာနဲ့ အရမ်းတူနေပြီနော်၊ တကယ်လို့ ရောထွေးနေဖြစ်လာရင် သူ ဘယ်လိုခွဲမလဲ'

'အချစ်နဲ့အမုန်းနဲ့ ဆုံးဖြတ်ခွဲမှာပေါ့၊ အချစ်က ချွဲတယ်၊ အမုန်းက ပူလောင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အချစ်က ဘာလို့ နွေးထွေးတယ်လို့ ခံစားရတာလဲဟင်'

ထင်မင်းခေါင်က ပန်းရှင်မွေးကို ရင်ခွင်ထဲ သိမ်းပိုက်လိုက်ရင်း…

'အဲဒီလိုလုပ်ကြည့်လို့ သိရတာပေါ့'

ပန်းရှင်မွေးက ထင်မင်းခေါင် ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် တဘုတ်ဘုတ်ထုရင်း ရှက်ရွံ့ခြင်းဖြင့် အပူအပင်ကင်းစွာ ရယ်မောနေလေပါတော့သတည်း။

စာချစ်သူအားလုံးတို့အတွက်

နှလုံးသည်းပွတ်ထဲက ရယ်မောခြင်းတွေ ထာဝစဉ်တင်ဆက်နေမယ့်….

ချစ်မျှားရှင်

www.burmeseclassic.com